www.burmeseclassic.com



# ကျော်မြသန်း

တောင်သို့အဝင်တောင်မှအထွက်


www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၄၀၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၄၇၀၇၀၉
ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး
လာဘ်မိုးရွှေစာပေ
အမှတ် (၁၁၁)၊ ပ-ထပ်၊
၃၃-လမ်း၊
ကျောက်တံတားမြို့နယ်။
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးကျော်စိန်
(ကျောက်စိမ်းပုံနှိပ်တိုက်)
အမှတ်(၁၇၁)၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
စီစဉ်သူ - မောင်တင်ရွှေး
မျက်နှာဖုံးပန်းချီ - မောင်နေကြည်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၂၀၀ ကျပ်
ဒုတိယအကြိမ် - ဩဂုတ်လ၊ ၂၀၀၉။

ကျော်မြသန်း ၈၉၅·၈၃
ထောင်သို့အဝင် ထောင်မှအထွက် / ကျော်မြသန်း ။ – ရန်ကုန် ၊
လာဘ်မိုးရွှေစာပေ ၊ ဒုတိယအကြိမ် ၊ ၂၀၀၉ ။
၁၇၀ – စ၁ ၊ ၁၃·၂၁ × ၂၀·၈၃ စင်တီ ။
(၁) ထောင်သို့အဝင် ထောင်မှအထွက်

# ကျော်မြသန်း



# ထောင်သို့အဝင် ထောင်မှအထွက်

www.burmeseclassic.com

www.burmeseclassic.com

ဘုရား ၊ တရား ၊ သံဃာ
အမိ ၊ အဖ ၊ ဆရာသမား
အနန္တော အနန္တ ငါးပါးအား
ဦးထိပ်ထားလျက်

ရွှေပြည်သာ
စာပေ

BURMESE CLASSIC .com

## ဤဝတ္ထုနှင့်ပတ်သက်၍

အထက်တန်းလွှာ အိမ်ထောင်ရေးလောကမှ တကယ့်အဖြစ်အပျက် အံ့ဖွယ်ထူးခြားသော ဇာတ်လမ်းတစ်ပုဒ်ကို ဝတ္ထုအသွင်ဆင်၍ တင်ပြခဲ့ရာတွင် စာချစ်သူများအတွက် တစ်ချိန်တုန်းက ရှိခဲ့သော တရားရုံးဗဟုသုတနှင့် ထောင်ဗဟုသုတများကိုပါ ဖတ်ရှုနိုင်ရန်ရည်သန်၍ ဇာတ်လမ်းနှင့် အတူ သွယ်လျှားဖော်ပြထားပါသည်။

မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်စေလိုသောဆန္ဒ အလျဉ်းမပါဘဲ၊ မှုခင်းဝတ္ထုအသွင် ဇာတ်လမ်းဆင်ထားခြင်းသာ ဖြစ်ပါသည်။

ထောင်ဗဟုသုတများကို ဖော်ပြရာတွင် စံပြထောင်ခေတ်က ရန်ကုန်ထောင်တွင် တကယ်ဖြစ်ခဲ့သည့် အကြောင်းရပ်များကို ဝတ္ထုဇာတ်အိမ်တွင် သွယ်လျှားဖော်ပြထားခြင်းမျှသာ ဖြစ်ပါသည်။

ဤဇာတ်အိမ်တွင် အဓိကဖော်ကျူးလိုသော ဆန္ဒနှင့်စေတနာမှာ မိဘမေတ္တာအကြောင်းဖြစ်ပါသည်။ မိဘမေတ္တာဟူသည်ကား တုနှိုင်းယှဉ်သာမရှိရာအောင် ကြီးမားလှကြောင်းကို ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

ဆက်လက်ကြိုးစားပါဦးမည်
လေးမြတ်စွာဖြင့်

(ကျော်မြသန်း)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(တစ်)

ညဦးပိုင်းကတည်းက တစိမ့်စိမ့်၊ တသိမ့်သိမ့် လိမ့်ကာလှဲကာ ရွာနေသောမိုးမှာ မိုးလင်းသည့်တိုင် စဲမည့်ဟန်မရှိသေးဘဲ ငြီးမာန်ဖွဲ့ကာ သဲသဲမဲမဲရွာနေဆဲပင်။ ယနေ့တစ်မနက်လုံး နေခြည်ပျောက်သော်မှ မထိုးသာအောင် တစ်မိုးလုံးမှောင်ရိပ်ထိုးနေသည်။

စနေမိုး အငြိုးနှင့်ရွာတတ်သည်ဟု ဆိုစကားရှိသော်လည်း ထိုနေ့သည် စနေနေ့မဟုတ်ပါလေ။ ဗုဒ္ဓဟူးနေ့သာ ဖြစ်ပါလေ၏။

မိုးလင်း အိပ်ရာမှ အထ,တွင် အော်သံကြားရလေ့ရှိသော ဈေးသည်များ၏အသံများပင် တိတ်ဆိတ်နေသည်။

အပြင်သို့မထွက်လျှင် မဖြစ်သူများသာ အိပ်ရာထဲမှ မထ,ချင်ထ,ချင် ထ,လိုက်ရသော်လည်း၊ အပြင်မထွက်ဘဲနေနိုင်သူများမှာမူ နိုးနေသည့်တိုင် အိပ်ရာထဲမှ မထ,ကြဘဲ ကွေးကောင်းနေတုန်း၊ တွေးကောင်းနေတုန်း၊ လိမ့်ကောင်းနေတုန်း၊ လူးကောင်းနေတုန်း၊ နှပ်ကောင်းနေတုန်းရှိနေကြ၏။

နုထားရီမှာ သွယ်လျလျ သူမ၏ကိုယ်လုံးကလေးကို ဂွမ်းစောင်အိအိနှင့်ထွေးပြီး အိပ်ရာထဲမှာ နှပ်လို့ကောင်းနေဆဲ။

ခါတိုင်းဆို မနက်မိုးလင်းသည်နှင့် နုထားရီ၏မျက်နှာပေါ်မှာ အလှရောင်စုံပန်းများ ပွင့်လန်းပြီးသား။ ကြော့ကြော့တင်တင်ကလေး ရှိနေတတ်သည်သာ။

သည်နေ့တော့ အိပ်ရာထဲကထ,ရမှာ ဝန်လေးနေသည်။ နုထားရီ၏ခင်ပွန်းသည် ဦးခင်မောင်သန်းမှာမူ အိပ်ရာထဲကထသွားပြီဖြစ်၏။ နုထားရီမှာ မယားဝတ်ငါးပါးနှင့်အညီ ခင်ပွန်းဖြစ်သူ အရင်ထ,၍၊ ခင်ပွန်းဖြစ်သူ၏ဝေယျာဝစ္စများကို လုပ်ပေးစရာမလို။ အိမ်မှုကိစ္စအဝဝအတွက် အဆင်သင့်လုပ်ပေးထားမည့် အိမ်ဖော်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြီး ... သူတို့လင်မယားက မယားဝတ်ငါးဖြာ လင့်ဝတ်ငါးဖြာ ဆိုသည်ကို အလေးမူ အရေးတင်ကြသူများမဟုတ်ပါလေ။

တကယ်တော့ ဦးခင်မောင်သန်းမှာလည်း ဇနီးချောလေးဘေးတွင် အသာမှိန်းပြီး ကယုကယင်နှပ်နေချင်သေးသည်။ မယားဘေးတွင် စကားကြွယ်၍ သဲသဲမဲမဲ ရှာနေသော မိုးနှင့်အပြိုင် တသိမ့်သိမ့် တငြိမ့်ငြိမ့် လှိမ့်လှဲ့နေချင်သေးသည်။ ရုံးသွားဖို့တာဝန်ရှိသေးသမို့သာ အိပ်ရာထဲမှ မထချင်ထချင် ထလိုက်ရ၏။

သည်နေ့ အရေးကြီးသော အမှုချိန်းရှိသည်။

လွှတ်တော်ရှေ့နေကြီး ဦးခင်မောင်သန်းမှာ အလုပ်ဂုဏ်အရ ဦးတပ်ခေါ်ရသော်လည်း လူလတ်ပိုင်းမျှသာရှိသေး၏။ သို့စေကာမူ ဥပဒေ နယ်ပယ်ဝန်းကျင်တွင် နာမည်ကြီးနေသူဖြစ်၏။

အာဝဇ္ဇာန်းရွှင်သလောက် ဥပဒေအချက်အလက်များကို ကုတ်ကုတ်ခဲခဲရှာဖွေတတ်၍ မေးမြန်းလျှောက်လဲသည့်နေရာတွင် တော်သည် ထက်သည်ဟု သတင်ကြီးနေသူလည်းဖြစ်၏။

အကြောင်းကရှိနေသည်။

သည်နေ့ သူလိုက်ရမည့်အမှုတွင် သူက တရားခံရှေ့နေ၊ သူနှင့် အပြိုင်ကြဲရမည့် တရားလိုရှေ့နေကြီးမှာ နှယ်နှယ်ရရမဟုတ်။ သူ့ထက် ဝါလည်းရင့်သည်။ သညာလည်းရှိသည်။ ထိပ်ထိပ်ကြဲ လွှတ်တော်ရှေ့နေကြီး တစ်ယောက်လည်းဖြစ်သည်။ ဥပဒေနယ်ပယ်တွင် သူတို့ကိုယ်တိုင်က ဆရာ တစ်ဆူအဖြစ် သဘောထား အလေးမူရသော ပုဂ္ဂိုလ်ကြီးဖြစ်နေသည်။

BURMESE CLASSIC .com

အသေးအဖွဲ့အချက်ကလေးကအစ ပိုင်ပိုင်နိုင်နိုင် ကိုင်နိုင်စွမ်းရှိသည်ဟု ကျော်ကြားနေသူလည်းဖြစ်၏။

တရားခွင်တွင် တစ်ခါမှ မဆုံစည်းခဲ့ဖူးပေ။

သည်နေ့ ရင်ဆိုင်ရတော့မည်။

မည်သို့ပင်ဖြစ်စေ ဦးခင်မောင်သန်းမှာ အရှိန်အဝါကြောင့် အနည်းငယ်သွေးလန့်သလိုရှိနေသည်။ ရွံ့စိတ်ကလေးများလည်း ထင်နေသည်။

အမှုကလည်း ရိုးသယောင်နှင့်ဆန်းသည်။

အလှည့်အပတ်တွေများသည်။



သူ၏တရားခံဘက်ကလည်း အားနည်းချက်တွေ အတော်ရှိနေသည်။ တရားလိုဘက်က ဘယ်လောက်အထိ ပိုင်နိုင်သော ကိုင်ကွက်များ ရှိနေသည်ကိုလည်း အကဲဖမ်းရခက်လှသည်။

ယင်းအမှုတွင် ကနဦးကတည်းကပင် ဦးခင်မောင်သန်းက မလိုက်လိုကြောင့် ငြင်းခဲ့သည်။ သို့စေကာမူ ဦးခင်မောင်သန်း၏ မိဘများနှင့်ပတ်သက်ပြီး မကင်းရာမကင်းကြောင်း အကြောင်းများရှိနေသည့်ပြင် ချစ်ဇနီး ထားရီကလည်း ကိုကို သည်အမှုကို လိုက်မှဖြစ်မည်ဟု တကျည်ကျည် များပူနာဆာလုပ်ခဲ့သမို့ လက်ခံခဲ့ရခြင်းဖြစ်ပေသည်။

သူ၏တရားခံသည် ယင်းအမှုကို ကျူးလွန်ဖွယ်ရှိသည်။ ကျူးလွန်စရာအကြောင်းများရှိသည်ဟု မှုဖြစ်ကြောင်းခြင်းရာက ကြိုတင်ကောက်ချက်ဖွဲ့ရမည်သို့ရှိနေသည့်ပြင် ဦးခင်မောင်သန်း ကိုယ်တိုင်ပင် သူ၏တရားခံသည် ကျူးလွန်လိမ့်မည်ဟု သံသယရှိနေသည်။

မည်သို့ပင်ဖြစ် ကိုယ့်အမှုသည်အတွက် မိမိတွင် တာဝန်ရှိသည်ကိုတော့ ဦးခင်မောင်သန်းက မျက်ခြည်ပြတ်မခံပေ။

ခါတိုင်းလိုက်ရသော အမှုများလို စိတ်ပါလက်ပါ မရှိသည်မှာတော့အမှန်။ သူ၏တရားခံနှင့် တွေ့ဆုံရာတွင် အားရပါးရမရှိ။ သူ့အတွက် အထောက်အကူဖြစ်သည်မှာလည်း စိတ်မပါမှု၏အကြောင်းတစ်ခု ဖြစ်လိမ့်မည်ထင်သည်။

ဦးခင်မောင်သန်း၏ အတွေးစဉ်များမှာ လက်ဖက်ရည်စားပွဲမှ ထောင်သို့ ရောက်သွားသည်။

◆ → ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(နှစ်)

အမှုလက်ခံလိုက်ပြီးသည်နှင့် ဦးခင်မောင်သန်း၏ ပထမတာဝန်မှာ သူ၏အမှုသည်နှင့် တွေ့ဆုံရေးပင်ဖြစ်သည်။

လက်ရှိအားဖြင့် သူ၏အမှုသည်မှာ အကျဉ်းထောင်ထဲတွင် ရှိနေသည်။

ရှေ့နေတစ်ယောက်အဖို့ တရားခံနှင့် တွေ့ဆုံခွင့်ရရေးမှာ မခက်ခဲလှသော်လည်း တရားခံနှင့်မတွေ့ခင် တရားခံ၏မိသားစုနှင့် တွေ့ဆုံရလျှင် ကောင်းလေမလားဟု စဉ်းစားခဲ့သည်။ မိမိ၏အမှုသည်နှင့်ပတ်သက်လာလျှင် ထိုအမှုသည်၏ ငယ်စဉ်ကလေးဘဝကစတင်သော ရာဇဝင်ကို စူးစမ်းတတ်သည်မှာ ဦးခင်မောင်သန်း၏ အလေ့အထဖြစ်ပေသည်။

အမှုအတွက် အရေးပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ဒါကို ဦးခင်မောင်သန်း လုပ်လေ့လုပ်ထရှိ၏။ တစ်ခါတစ်ရံ အမှုအတွက် အထောက်အကူရခဲ့ဖူးသည်များလည်း ရှိပေသည်။

သို့သော် ယခုအမှုတွင် တရားခံကိုယ်တိုင်ပြောသည့် သူ့အတိတ်ဇာတ်ကြောင်းကို ပထမနားထောင်ကြည့်မည်ဟု ဆုံးဖြတ်ပြီး တရားခံရှိရာ အကျဉ်းထောင်သို့ ရောက်ခဲ့ရ၏။

သက်ဆိုင်ရာ ထောင်တာဝန်ခံများထံ တရားခံနှင့် တွေ့ဆုံခွင့်ရရေးကို တောင်းခံပြီးနောက် ထောင်မှူးကြီး ရုံးခန်းထဲမှ ထိုင်စောင့်နေခဲ့သည်။

မကြာမီ သူ၏အမှုသည်မှာ အစောင့်ဗာရာတစ်ယောက်နှင့် ထောင်မှူးကြီးရုံးခန်းထဲသို့ ဝင်ရောက်လာသည်။ ထောင်မှူးကြီးကို ရှော့ရဲရဲ အပြုံးဖြင့် နှုတ်ဆက်ပြီးနောက် ထောင်မှူးကြီးညွှန်ပြသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။



ဦးခင်မောင်သန်းက သူ၏တရားခံကို ထောင်မှူးကြီးရုံးခန်းဝင်လာကတည်းက လျှပ်တစ်ပြက် လေ့လာအကဲခတ်လိုက်၏။

◆ → ◆

သူ၏အမည်မှာ ဦးလွန်းဝေ။

အစိုးရဌာနတစ်ခုမှ လခတစ်ထောင်အထက်ရသော အရာရှိကြီးတစ်ဦးဖြစ်၏။

အပြင်တွင် သူ့ကို လူကိုယ်တိုင် လျှပ်တစ်ပြက် တွေ့ဖူးခဲ့၏။

ဓာတ်ပုံထဲတွင်မူ အသေအချာ တွေ့မြင်ခဲ့ဖူးပေသည်။

ဓာတ်ပုံထဲက ဦးလွန်းဝေမှာ လူချောလူခန့်တစ်ယောက်။ ဥပဓိရုပ်ခန့်ညားသည်။ လေးစားအပ်သောအသွင်ရှိသည်။

ယနေ့အမြင်နှင့်မူ တခြားစီသို့ဖြစ်နေသည်။ ဓာတ်ပုံထဲက ရုပ်ရည်ဟန်ပန်နှင့် အကွာကြီးကွာနေသည်။ ဟုတ်ပါရဲ့လားဟု ထင်မှတ်စရာဖြစ်လောက်အောင်ပင် ပြောင်းလဲနေသည်။

သူ၏အရပ်အကောင်းမှာ နဂိုအတိုင်းရှိနေစေကာမူ ပြည့်တင်းသောအသားအရေများမှာ ရှော့ရဲသည်သို့ရှိနေ၏။ မျက်နှာမှာ အတော်ကြီးချောင်ကျနေသည်။ ပြည့်ပြည့်ဝဝ အိပ်စက်ခြင်းမရှိကြောင်းကို သူ၏မျက်လုံးဝန်းကျင်မှ အသားဆိုင်များက ဖော်ပြနေသည်။ မျက်လုံးအိမ်မှာ ကြည်လင်ခြင်းမရှိဘဲ ဖရိုဖရဲဖြစ်နေသော ဆံပင်မှာ သူ၏ရုပ်ရည်ကို ပို၍ အားနည်းစေသည်ဟု ဆိုရမည်ထင်သည်။ အထူးသဖြင့် သိသာထင်ရှားသည်မှာ သူ၏မျက်နှာတစ်ပြင်လုံးတွင် ထင်ဟပ်နေသည့် ညှိုးရိပ်ပင်။

ထောင်မှူးကြီးက သူ့ကို တလေးတစားဆက်ဆံခဲ့သော်လည်း သူ၏ညှိုးရိပ်မှာ လန်းဆန်း၍မလာပေ။

"ဦးလွန်းဝေနဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့"

"ကျွန်တော် ခင်မောင်သန်းပါ၊ ဦးလွန်းဝေရဲ့ အမှုအတွက်လိုက်ဖို့ ဦးလွန်းဝေရဲ့မိခင်က ကျွန်တော့်ကို ငှားထားပါတယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com


"ဦးလွန်းဝေရဲ့ သဘောထားကို ကျွန်တော် သိပါရစေ"

"ဟုတ်"

ဦးခင်မောင်သန်း ပြောသမျှကို သူက "ဟုတ်ကဲ့"တစ်လုံး တုံ့ပြန်နေသည်။ ဝမ်းသာရိပ်လည်းမပြ၊ အားတက်ရိပ်လည်းမပြ၊ သူ့ ကောင်းသည်ဆိုးသည်ဟုလည်း စကားလုံးမှထွက်မလာ။ အမေးအဖြေနှုန်းလည်း မရှိ။ သူ၏အမူအရာမှာ အေးတိအေးစက်။

ဦးခင်မောင်သန်းနှင့် မျက်လုံးချင်းဆိုင်ရမည့်အစား သူ၏ မျက်လုံးများမှာ ရုံးခန်းနံရံများဆီသို့ ပျံ့လွင့်နေသည်။

"ဒါဖြင့် ဦးလွန်းဝေ သဘောတူတယ်ပေါ့"

သည်တော့မှ တုံ့ပြန်စကားသံထွက်လာသည်။

"ဆောရီးပဲဗျာ၊ ဘာကို သဘောတူရမှာလဲ"ဟု အမေးပု ပြန်ထုတ်ခဲ့၏။ သူ၏စိတ်များ မထိန်းနိုင်အောင် ပျံ့လွင့်နေသည်မှာ သေ သည်။

"ကျွန်တော် ဦးလွန်းဝေ အမှုအတွက်လိုက်ပါဖို့ ဦးလွန်းဝေရဲ့ဆန္ဒ မေးတာပါ"

"ဩော် ... ဟုတ်ကဲ့"

နောက်ဆက်တွဲစကား ထွက်မလာဘဲ ငေးကြည့်နေပြန်သည် ပြီး ... စားပွဲကို လက်ညှိုးနှင့် တဒေါက်ဒေါက် ခေါက်နေသည်။

ထိုမှ မေးစေ့ကို နှစ်ခါသုံးခါလောက် ပွတ်ပြီး "ဒါဆို ကျွန်တော့် ဇနီးနဲ့ တိုင်ပင်ဦးမှထင်တယ်"ဟု တစ်လုံးချင်း ဖြည်းဖြည်းလေးလေးပြောလို သော တုံ့ပြန်အဖြေထွက်လာသည်။

ဦးခင်မောင်သန်းမှာ အာမေဋိတ်သံ ထွက်မသွားအောင် မနည်း ကြီး ထိန်းလိုက်ရ၏။ ဘာဆက်ပြောရမှန်းမသိအောင် အံ့သြတကြီးဖြစ်သွား ရသည်။

ဦးခင်မောင်သန်းမှာ ဦးလွန်းဝေတို့ အိမ်ထောင်ရေးနှင့် ယ မှုခင်းဖြစ်အကြောင်းကို အကြမ်းဖျင်းသိထားရသမို့၊ ဦးလွန်းဝေ၏ အဖြေစကား ကြားရသောအခါ အံ့သြတကြီးဖြစ်သွားရသည်။ ယခု အမှုဖြစ်ခြင်းအကြောင်းရ ခံမှာ သူတို့အိမ်ထောင်ရေး အဆင်မပြေမှုမှ မြစ်ဖျားခံလာသည်မဟုတ်ပါလား

ပြီး ... သူ၏ဇနီးကိုယ်တိုင်က သူ့ကို တရားခံအဖြစ် စွပ်စွဲထားသည်ကိုမှ ဦးလွန်းဝေ သတိမမူမိပါလေစ။

"ဒါတော့ ဦးလွန်းဝေ သဘောအတိုင်းပါ"

"မဟုတ်ပါဘူး၊ ကျွန်တော်က တိုင်ပင်ဖို့ လိုမလို မေးတာပါ ခင်ဗျာ၊ ကျွန်တော့် အတွေးအခေါ်တွေ ကဘောက်တိကဘောက်ချာဖြစ်နေရင်လည်း ခွင့်လွှတ်ပါနော်"

သည်တော့မှ ဦးခင်မောင်သန်းခမျာ ဦးလွန်းဝေအပေါ် အံ့သြရသည်ထက် သနားသွားရပြန်သည်။

နောက်ဆုံးကျမှ ... "ဦးခင်မောင်သန်းကို ကျွန်တော် ယုံကြည်အားကိုးပါတယ်ဗျာ၊ ဦးခင်မောင်သန်း သဘောအတိုင်း ဆောင်ရွက်နိုင်ပါတယ်"ဟု သူ၏နှုတ်ဖျားမှ ဆိုစကားထွက်လာ၏။

"အမှုနဲ့ပတ်သက်ပြီး ဦးလွန်းဝေနဲ့ ကျွန်တော်တို့ အပေးအယူမျှတပွင့်လင်းဖို့ လိုပါလိမ့်မယ်၊ ဒါမှလည်း ကျွန်တော့်အနေနဲ့ အမှုအတွက် ပြင်ဆင်နိုင်မှာဖြစ်ပါတယ်၊ ဒီအမှုမှာ ဦးလွန်းဝေအနေနဲ့ တကယ်ကျူးလွန်၊ မကျူးလွန်ဆိုတာ သိဖို့လိုပါတယ်"

သူက အတန်ကြာ စဉ်းစားနေသည်။ ပြီးမှ ...

"ဦးခင်မောင်သန်းကကော ဘယ်လိုများ ထင်မြင်ပါသလဲ"

"ကျွန်တော့်ရဲ့ထင်မြင်ချက်က အရေးကြီးတာမဟုတ်ပါဘူးလေ၊ ဦးလွန်းဝေရဲ့ ပြောပြချက်ကသာ အရေးပါမှာပါ"

"ဟုတ်ကဲ့ ... ကျွန်တော် မကျူးလွန်ခဲ့ပါဘူး၊ ဒါပေမဲ့ ..."

"ဟုတ်ကဲ့ ... ဆိုပါဦး"

"မကျေနပ်တဲ့ ခံစားမှုရှိတာတော့ အမှန်ပါ"

"ဒါဖြင့် ..."

"သူတို့အကွက်ဆင်တဲ့ကိစ္စပဲလို့ ကျွန်တော် ပြောရမလား၊ ကျွန်တော် ကျူးလွန်ပါတယ်လို့ ဝန်ခံချက်ပေးလိုက်ရမလားဆိုတာ ခုထိ ဆုံးဖြတ်လို့မရသေးပါဘူး"

"ဒါဆို ကျွန်တော့်ဘက်က အတော်လေး အခက်အခဲတွေ ရင်ဆိုင်စရာရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ... ကျွန်တော် တောင်းပန်ပါတယ် ဦးခင်မောင်သန်း၊ ကျွန်တော့်ကိုယ်ကျွန်တော် ကာကွယ်ဖို့အတွက် တရားရုံးပေါ်မှာ ထွက်ဆိုရမယ့် ထွက်ဆိုချက်တွေဟာ မေရဲ့သိက္ခာကို အတော်လေးထိခိုက်စေရတော့မှာပါ၊ ကျွန်တော် ပွင့်ပွင့်လင်းလင်းဝန်ခံရရင် မေ့ကို ကျွန်တော် ခုထက်ထိ ချစ်နေတုန်းပဲလေ"

"ဒါဆိုလည်း ဒီအမှုမှာ ကျွန်တော်ပါဝင်ဖို့ လိုအပ်ပါဦးမလား"

"အို ... အို ... ဒီလိုလည်းမဟုတ်ပါဘူးလေ၊ ကျွန်တော့်ရဲ့ခံစားချက်ကို ဘာဖြစ်လို့များ ပြောနေမိပါလိမ့်၊ ကျွန်တော် ထပ်လောင်းတောင်းပန်ပါတယ် ဦးခင်မောင်သန်း၊ ဦးခင်မောင်သန်းရဲ့ စေတနာကို တန်ဖိုးထားလေးစားပါတယ်"

"ဦးလွန်းဝေရဲ့ခံစားချက်ကို ကျွန်တော် ကိုယ်ချင်းစာပါတယ်၊ မမေးမဖြစ်လို့ မေးရတာပါ။ နောက်ပြီး ဦးလွန်းဝေရဲ့ တိကျတဲ့ ဆုံးဖြတ်ချက်ကသာ အမှုအတွက် အထောက်အကူဖြစ်မှာမို့ပါ"

"ဦးခင်မောင်သန်း စိတ်ချလက်ချ ယုံကြည်စေချင်တာကတော့ ဒီအမှုကို ကျွန်တော် မကျူးလွန်ဘူးဆိုတာပါပဲ"

ဦးခင်မောင်သန်းမှာ သူ၏အမှုသည်နှင့် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ရာ၌ အတော်လေး ဦးနှောက်ခြောက်ခဲ့ရသည်။ စိတ်လေးခဲ့ရသည်။ ဘာမှ ရေရေရာရာမရှိဘဲ ပဟေဠိတထွေးကြီးကို ပိုက်ပြီး ပြန်ခဲ့ရသည်။

အိမ်ရောက်သည့်အခါ ချစ်ဇနီး နုထားရီကို ပြန်ပြောခဲ့ရသည်။

နုထားရီကတော့ တအံ့တသြမဖြစ်။ ဦးလွန်းဝေတို့အကြောင်းကို ဦးခင်မောင်သန်းထက် ပို၍သိထားသောကြောင့်ပင်။

"ကိုကို ဦးလွန်းဝေတို့ဇာတ်ကြောင်းကို လိပ်ပတ်မလည်သေးလို့ပါ၊ ဦးလွန်းဝေ သူ့မိန်းမအပေါ် ချစ်ပုံမျိုးကတော့ ဥပမာတင်စားစရာ မရှိလောက်အောင်ပဲဆိုပါတော့။ ယောကျ်ားတိုင်း ခွင့်မလွှတ်နိုင်တာမျိုးကို ခွင့်လွှတ်ပြီးချစ်တဲ့အချစ်ပဲ၊ တယူသန်အချစ်လို့ပဲပြောရမလား၊ တဖောက်ကန်းအချစ်လို့ပဲဆိုရမလား မသိဘူး"

ဟု နုထားရီက မှတ်ချက်ပေးခဲ့၏။



ဥပဒေရှုထောင့်က ကြည့်မြင်ရသော ဦးခင်မောင်သန်းမှာမူ ဦးလွန်းဝေ၏ သဘောထားကို လက်မခံနိုင်အောင် ဖြစ်ခဲ့ရပေသည်။

သည်အခြေအနေ၊ သည်အနေအထားမျိုးနှင့် တရားခွင်မှာ ဘယ်လိုရင်ဆိုင်ရမှာပါ။

♦ → ♦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(သုံး)

ဦးခင်မောင်သန်း ရုံးသွားဖို့ပြင်ဆင်ပြီးခါမှ နုထားရီ အိပ်ရာထဲက ကဗျာကသီထလာသည်။ ကဗျာကသီဆိုပေမင့် မျက်နှာပြောင်နှင့်တော့ မဟုတ်။ ကမန်းကတန်း ပွတ်တင်လာသော မိတ်ကပ်ရိပ်များ ထင်နေသည်။ သင်းသင်းမြမြရှိနေသည်။

နေ့စဉ်ပြုနေကြဝတ္တရားကို မပျက်စေချင်သည်ထင်ပ။ နုထားရီ အိပ်ရာထဲက ထလာရသည်။

"ကိုကိုရေ ... ဒီနေ့ ဦးလွန်းဝေ အာမခံကိစ္စ သေချာပါ့မလား"

"ကိုကိုတော့ သိပ်မထင်ဘူး၊ ကြိုးစားရမှာပဲ"

"ဦးလွန်းဝေတို့ မာမီကတော့ ပိုင်အောင်လိုက်ထားတယ်လို့ ပြောတာပဲ"

"အေးလေ အခြေအနေအရပေါ့၊ ကဲ ... ကိုကို သွားမယ်"

"ဘိုင့် ဘိုင်"

ဦးခင်မောင်သန်းမှာ ဒရိုင်ဘာမထားဘဲ ကားကို ကိုယ်ပိုင်မောင်းလေ့ရှိသည့်အတိုင်း တရားရုံးသို့ ထွက်ခဲ့ရာ၌ ခါတိုင်း မိုင်နှုန်းမျိုးမမောင်းဘဲ ခပ်မှန်မှန်သာ မောင်းခဲ့သည်။ ခါတိုင်းထက် ကားအသွားအလာ ပိုရှင်းစေကာမူ မိုးကြောင့် ပို၍ ဂရုတစိုက်သတိထားခဲ့ရသည်။ သူ၏ခေါင်းထဲမှ အတွေးစဉ်များအားလုံးကို ပယ်ထုတ်၍ စိတ်ကို အတည်ငြိမ်ဆုံးထားပြီး ခပ်မှန်မှန် မောင်းခဲ့ရာ သူ၏ရုံးခန်းသို့ ရောက်သည့်တိုင် မိုးမှာမစဲသေးပေ။

တရားရုံးသို့သွားရန် နာရီဝက်မျှ အချိန်လိုသေးသမို့ တပည့်ကျော် ထွန်းမြင့် ပြင်ဆင်ထားသည်များကို ပြန်လှန်စစ်ဆေး၍ လိုအပ်မည် ထင်သော ဥပဒေစာအုပ်အချို့ကို ခြင်းပြားလေးထဲ ထပ်ဖြည့်ထားလိုက်၏။

ဝီရိယရှိသော၊ အရာရာမျက်နှာလွှဲရသော၊ ယုံကြည်စိတ်ချရသော၊



တပည့်ကျော်တစ်ယောက် ရထားသည့်အတွက် ဦးခင်မောင်သန်းအဖို့ တအားဖြစ်နေသည်။ လုပ်ငန်းခွင်တွင်လည်း အစစအရာရာ ချောမွေ့ပြေပြစ်နေသည်။

ဆရာတပည့်နှစ်ယောက် တရားရုံးကို ထွက်ခဲ့ကြသည်အထိ မိုးအရှိန် အနည်းငယ်လျော့သွားစေကာမူ ရွာရှိန်မပျက်သေးပေ။

မိုးကောင်းနေသည်ကြောင့် မြို့ထဲမှာ အသွားအလာနည်းပါးနေသော်လည်း တရားရုံးတွင်မူ စည်ကားမြဲ စည်ကားလျက်ရှိချေ၏။

အမှုသည်များ၊ ရှေ့နေရှေ့ရပ်များ၊ တရားရုံးအမှုထမ်းများ၊ တရားခံပို့လာသည့်ရဲများ၊ တရားခံများ၊ တရားခံများ၏ မိဘဆွေမျိုး မိသင်္ဂဟများမှာ ပျားပန်းခတ်မျှ လှုပ်ရှားလျက်ရှိနေကြပေသည်။

ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီးရုံးခန်းမှာမူ အခြားသော ရုံးခန်းများထက် ကျယ်ဝန်းသလောက် သန့်ပြန့်သည်။ လူအသွားအလာရှင်းသည်။ အသံဗလံများ တိတ်တိတ်ဆိတ်ဆိတ်ရှိနေသည်။

မိုးကြောင့် ပြတင်းတံခါးများ ပိတ်ထားရသည်ဖြစ်ရာ အိုက်စပ်စပ်ရှိနေသည်။

အခန်းထဲတွင် လူအတော်များများရောက်နေကြသည်။ ရောက်နေကြသူများ၏ အဝတ်အစား အဆင်အပြင် ဟန်ပန်များကို ကြည့်ခြင်းအားဖြင့် အထက်တန်းလွှာမှ ပုဂ္ဂိုလ်များဖြစ်ဖို့ သေချာသည်ဟု အကဲဖြတ်နိုင်ရာ၏။

အားလုံးထဲတွင် တစ်ဦးသော အမျိုးသမီးကြီးမှာမူ ပို၍ ထူးခြားထင်ပေါ်နေသည်။

တစ်ဖက်လျှင် ရတီနှစ်ဆယ် အနည်းဆုံးရှိမည့် စိန်နားကပ်ကြီးနှင့် ပြူးပြောင်နေသော စိန်ခြယ်လက်စွပ်ကြီးမှာ မီးချောင်းမီးလုံးများ၏ အလင်းရောင်အောက်တွင် တဖျပ်ဖျပ် လက်နေသည်။ ပို၍တောက်ပနေသည်။

အသက်ခြောက်ဆယ်ကျော် အရွယ်လောက်ရှိမည်ဟု ခန့်မှန်းရသော်လည်း ရုပ်ရည်မှာမူ သိပ်မကျ။ အရွယ်တင်သလိုရှိနေသည်။

အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်မို့ အရွယ်တင်နေသလားမသိ။ စာတ်ထဲက မိဖုယားအခန်းတွင် ပါရသူမျိုး ဟန်ပန်အပြည့်ထင်နေသည်။

နုထွေးအိညက်သော စိန်ကတ္တီပါအင်္ကျီ ကြက်သွေးရောင်ကို ဝတ်ထားပြီး ပုလဲနှစ်ရောင် သိုးမွှေးခြုံထည်ကို ရောတိရောရဲခြုံထား၏။

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာပေါ်တွင် ဣန္ဒြေတင့်သော ဟန်ပန်ထက် မာနထယ်သေ ဟန်က ပို၍ ပေါ်လွင်ထင်ဟပ်နေသည်။

ရုံးခန်းထဲဝင်လာသမျှ အမျိုးသားရော အမျိုးသမီးများပါ၊ စိ အမျိုးသမီးကြီးကို တလေးတစား တရိုတသေ နှုတ်ဆက်ခဲ့ကြ၏။ အမျိုးသ က သူ့အား လာရောက်နှုတ်ဆက်သူများကို တုံ့ပြန်တိုင်း ခေါင်းက လှုပ်သ သလို၊ စိန်နားကပ်ရောင်ကလည်း ဖျတ်ခနဲ ဖျတ်ခနဲ လက်သွားသည်။

သူတို့၏ မျက်လုံးများမှာ မကြာခဏ အပေါက်ဝဘက် ရောက်နေသည်။

ဦးခင်မောင်သန်း ဝင်လာသောအခါ အမျိုးသမီးကြီးက အ ရိုပ်ဆင်၍ နှုတ်ဆက်လိုက်၏။ စိန်အမျိုးသမီးကြီး၏ဘေးတွင် ထိုင်နေသူတ ယောက်က ထပေးလိုက်သည့်နေရာတွင် ဦးခင်မောင်သန်းက ဝင်ထိုင်ပြ အမျိုးသမီးကြီးနှင့် နှစ်ကိုယ်ကြား စကားပြောခဲ့ကြ၏။

ဆယ်မိနစ်လောက် စကားပြောပြီး ဦးခင်မောင်သန်း ပြန်ထွ သွားသည်။ စိန်အမျိုးသမီးကြီးနှင့် ရုပ်ချင်းဆင်ဆင် အမျိုးသမီးတစ်ယော က ဦးခင်မောင်သန်း ထသွားသောနေရာတွင် ဝင်ထိုင်ပြီး၊ စိန်အမျိုးသမီးကြ နှင့် ခေါင်းချင်းဆိုင်နေကြပြန်သည်။

အမှုတစ်ခုဖြစ်ပြီဆိုလျှင် တရားလို၊ တရားခံနှင့်တကွသေ ပတ်သက်ရာ ပတ်သက်သူမှန်သမျှ စိတ်ပင်ပန်း လူပင်ပန်း ဖြစ်တတ်ကြသ မှာ ဓမ္မတာပင်ဖြစ်ပေသည်။

ရုံးချိန်းနေ့တွင် ရုံးကို အစောကြီးရောက်အောင်လာကြရသည် ထိုင်စရာရရင် တော်သေးရဲ့။ ထိုင်စရာမရှိသောနေရာမျိုးတွင်မူ၊ မိုးတိုးမ တတ်နှင့် ကသိကအောက်နေကြ၊ စောင့်ကြရ၏။

စိန်အမျိုးသမီးကြီးတို့၏အုပ်စုမှာ ပေါက်ပေါက်ရောက်ရော တတ်နိုင်သူများဖြစ်ကြသမို့ သူတို့နှင့် ပတ်သက်ရာအမှုကို စစ်မည်ဆိုသ အကြောင်းနှင့် သူတို့၏ တရားခံအား မကြာမီ ရုံးခန်းထဲသို့ ခေါ်လာမ အကြောင်းကို ကြိုတင်သိနေကြ၏။

ရဲအစောင့်အရှောက်များနှင့်အတူ တရားခံ ဦးလွန်းဝေ ရုံးခ ထဲသို့ဝင်လာသည်။



စိန်အမျိုးသမီးကြီး၏ရှေ့တွင် ရပ်၍ ...

"မာမီ နေကောင်းတယ်နော်"

"အေး ကောင်းတယ်၊ သားရော"

"ဟုတ်ကဲ့ ကောင်းပါတယ်"

"မာမီကိုယ်တိုင် ရုံးမလိုက်လာပါနဲ့၊ အိမ်မှာပဲ အေးအေးဆေးဆေးနေ ပေါ့ မာမီရယ်"

"မာမီ့မှာ အပန်းကြီးတာမှမဟုတ်ဘဲ သားရယ်၊ သားနဲ့လည်း အေးအေး ဆေးဆေး တွေ့ရတာပေါ့"

"လုပ်ငန်းကိုင်ငန်းတွေရော အဆင်ပြေရဲ့လား မာမီ"

"သား ဒါတွေစဉ်းစားမနေပါနဲ့၊ မာမီတို့မှာ အလုပ်မလုပ်ဘဲလည်း ဒီတစ်သက် ထိုင်စားနိုင်ပါတယ် သားရယ်"

စိန်အမျိုးသမီးကြီးနှင့် ဦးလွန်းဝေတို့ စကားပြောနေစဉ် အနား တွင် ရှိနေသူများက အစောင့်ပါလာသူ ရဲသားများကို အကျွေးအမွေးများဖြင့် ညှိခံနေကြ၏။

ကိုယ်နှင့်သက်ဆိုင်သူ တရားခံ သက်သောင့်သက်သာနေနိုင်ရေး မှာ သူတို့အပေါ်တွင် မူတည်နေသည်မဟုတ်ပါလား။

ဦးလွန်းဝေမှာလည်း ကုလားထိုင်နှင့် ဘာနှင့်ထိုင်၍ အေးအေး ဆေးဆေး စကားပြောခွင့်ရခဲ့၏။

အတော်ကြီးကြာမှ ,တရားသူကြီးမင်း ထွက်ချိန်နီးလာသမို့ ဦးလွန်းဝေမှာ တရားခံများထိုင်ရမည့်နေရာတွင် သွားထိုင်နေလိုက်ရသည်။

သို့သော် အခြားသောတရားခံများလို ဝက်ခြံထဲတွင် မဟုတ်။

ဝက်ခြံရှေ့တွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်ခွင့်ရခဲ့၏။ အကြောင်း ကြောင်းသော အကြောင်းကြောင်းများကြောင့် အထူးအခွင့်အရေး ပေးထားခြင်း ဖြစ်၏။

သို့စေကာမူ တရားခံအသွင်ထိုင်နေရသူအဖို့ ဘယ်သို့လျှင် ဟန်ကြော့ကြော့ မာန်မော့မော့ရှိမှာပါလိမ့်။ အလိုလိုနေရင်း ကိုယ်နေနေက ကျုံ့နေသည်။ ခေါင်းက ရှေ့ငိုက်ကျနေသည်။ မျက်နှာပေါ်တွင် စိတ်ဝေဒနာ ခံစားမှု ညှိုးရိပ်ထင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ဦးခင်မောင်သန်း ဝင်လာပြီး၊ ဦးလွန်းဝေနှ စကားပြောကြသည်။

စိန်အမျိုးသမီးကြီးမှာ သားဖြစ်သူကို ငေးစိုက်ကြည့်ရင်း မျက် ရည်ဝေ့လည်လည်ဖြစ်နေသည်။

သားဖြစ်သူ ချောင်ကျသွားသည်ကို ကြည့်ရင်း ရင်ထဲတွ တလှပ်လှပ် တဖျပ်ဖျပ်ဖြစ်နေသည်။ ငယ်ငယ်က သူမ၏ ရင်ခွင်ထဲတွ ခေါင်းခွေ့နေတတ်သည့် သားသို့ပဲထင်နေဆဲ။

မိဘ၏မေတ္တာဟူသည် သားသမီးများအပေါ်၌ ထာဝရ လွှမ်းြ လျက်သာ။

♦ → ♦

ထိုစဉ်မှာပင် တရားသူကြီးမင်း တရားခွင်ပေါ်သို့ တက်လာ သည်။

အသားဖြူဖြူဝဝ၊ အယ်(လ်)ပတ်ကား အင်္ကျီနက်ပြာ။ ပန်းရ ရောင် ခေါင်းပေါင်းနှင့် တရားသူကြီးမင်းမှာ ခန့်ညားထယ်ဝါနေသည် သူ၏အပြုံးမှာ တည်သည်။ ငြိမ်သည်။

ခန့်ညားမြင့်မားသော ကုလားထိုင်ပေါ်ထိုင်ပြီးသည်နှင့် ရုံးခန်း အတွင်းသို့ မျက်လုံးဝေ့ကြည့်လိုက်၏။

မျက်နှာချင်းဆိုင်တွင်ရှိနေသော ရှေ့နေကြီးနှစ်ယောက်က ခေါင် ညိတ် အရိုအသေပြုလိုက်ရာ တရားသူကြီးက ယဲ့ယဲ့လေးပြုံးလိုက်၏။

ထို့နောက် အားလုံး ထိုင်လိုက်ကြသည်။

တရားသူကြီးမင်းက အမှုလိုက်အရာရှိ တင်ပြသော စာရွက်များ ကို ဖတ်ပြီး ဦးခင်မောင်သန်းဘက်သို့ ခေါင်းညိတ်ပြလိုက်၏။

ဦးခင်မောင်သန်းက သူ၏နေရာမှ ခပ်လေးလေးထ,လိုက်ပြီး တရားသူကြီးမင်းကို အရိုအသေပြု၍ အာမခံအတွက် တင်ပြခွင့်ပြုပါရန် တောင်းခံလိုက်၏။

"ရုံးတော်၏ ခွင့်ပြုချက်အရ ကျွန်တော့်ရဲ့ အမှုသည်အတွက် အာမခံ လျှောက်ထားလိုပါတယ်"

ဦးခင်မောင်သန်းက စကားပြောရာတွင် တည်ငြိမ်အေးညက် သလောက် သူ၏အသံမှာ ကြည်လင်သိမ်မွေ့၏။

"ယခု ရုံးတော်ရဲ့ရှေ့မှောက်မှာ ရောက်ရှိနေတဲ့ ကျွန်တော့်ရဲ့အမှုသည် ဟာ တရားခံအဖြစ် အစွပ်စွဲခံနေရပါတယ်။ ဦးလွန်းဝေဟာ ( )ဌာနက အရာရှိကြီးတစ်ဦးဖြစ်သလို၊ ရိုးသားထင်ရှားတဲ့ မိသားစုရဲ့ အရိပ်အာဝါသ အောက်မှာ ကြီးပြင်းလာသူလည်းဖြစ်ပါတယ်၊ ငယ်စဉ်ကလေးဘဝက စပြီးတော့ ယခုထက်တိုင်၊ အမဲ့အပျောက် အစွန်းအထင်းမရှိခဲ့ပါဘူး။ ယုတ်စွအဆုံး ကလေးဘဝမှာလည်း ကလေးတို့ဘာဝ ခိုက်ရန်ဖြစ်ပွား မျိုးသော်မှ မရှိခဲ့ပါဘူး။ ကျောင်းနေစဉ်ကာလမှာလည်း မိဘများရဲ့ ထိန်းမတ်ပဲ့ပြင်မှုအောက်မှာ ပညာရေးကိုသာ အာရုံစူးစိုက်ခဲ့ပါတယ်။ ဦးလွန်းဝေရဲ့ ပညာရေးမှတ်တမ်းမှာ ထူးချွန်ထက်မြက်သူတစ်ယောက် ဖြစ်ကြောင်း မှတ်တမ်းတင်ခြင်းခံခဲ့ရပါတယ်။ နိုင်ငံ့ဝန်ထမ်း ဘဝတစ် လျှောက်လုံးမှာလည်း ထူးထူးချွန်ချွန် ရိုးရိုးသားသား ကြိုးကြိုးစားစား တာဝန်ထမ်းဆောင်ခဲ့တာကြောင့် ယခု ရောက်ဆဲရာထူးအထိ တစ်ဆင့် ပြီးတစ်ဆင့် တက်ခဲ့ပါတယ်။ အဲဒီလို ကြည့်လိုက်တဲ့အခါမှာ ဦးလွန်းဝေ ရဲ့ဘဝဟာ အဘက်ဘက်မှာ အဆင်ပြေခဲ့တယ်၊ ချောမွေ့ပြေပြစ်ခဲ့တယ် ဆိုတာကိုသာ တွေ့ရမှာဖြစ်ပါတယ်"

ဦးခင်မောင်သန်းက သူ၏ လျှောက်ထားချက်ကို တင်ပြနေရင်း ခဏရပ်လိုက်ပြီး ရုံးခန်းအတွင်းကို ဝေ့ဝိုက်ကြည့်လိုက်၏။ တစ်ဖက်သော ဥပဒေပညာရှင်ကြီးမှာမူ ဦးခင်မောင်သန်း၏ တင်ပြချက်ကို စိတ်မပါဟန်ဖြင့် နားထောင်နေ၏။ ဦးခင်မောင်သန်းက သူ၏လျှောက်ထားချက်ကို ဆက်လက် တင်ပြခဲ့ရာ ...။

"ဒါပေမဲ့ အိမ်ထောင်ကျပြီးတဲ့နောက်ပိုင်းမှာတော့ အောင်မြင်မှုတွေရှိသလို အဆင်မပြေမှုများနဲ့လည်း ကြုံတွေ့လာပါတယ်၊ စိတ်ချမ်းသာမှုထက် စိတ်ဆင်းရဲမှုကို ပိုမိုခံစားခဲ့ရပါတယ်၊ ဝမ်းသာမှုနဲ့ ဝမ်းနည်းမှုကို အမြဲတမ်း ဒွန်တွဲခံစားခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်"

"အချင်းဖြစ် မှုခင်းဟာလည်း သူတို့ရဲ့အိမ်ထောင်ရေး အဆင်မပြေမှု ကနေ မြစ်ဖျားခံလာတာဖြစ်ပါတယ်၊ ဦးလွန်းဝေဟာ သူ့ရဲ့ဘဝတစ်

www.burmeseclassic.com

www.burmeseclassic.com



သက်တာမှာ ဘယ်လိုမှ တွေ့ကြုံရလိမ့်မယ်လို့ မျှော်လင့်မထားတဲ့ ကြမ္မာဆိုးနဲ့ ထိပ်တိုက်တိုးခဲ့ရပါတယ်။ ခုတော့ လူသတ်မှုတရားခံအဖြစ် အစွပ်စွဲခံရတဲ့ဘဝကိုတောင် ရောက်နေပါပြီ။ အချုပ်ဖြစ်မှုခင်းနဲ့ ပတ်သက်လို့တော့ တရားရုံးတော်က စစ်ဆေးဆဲ အခြေအနေမှာရှိနေသေးတာမို့ ဦးလွန်းဝေဟာ ဒီအမှုမှာ တကယ်ကျူးလွန်သူ ဟုတ်မဟုတ် ငြင်းခုန်းမှုရှိမရှိအပိုင်းကိုပြောဖို့ အချိန်လိုအပ်ပါသေးတယ်လို့ ပြောရမှာဖြစ်ပါတယ်...

"အခု ကျွန်တော် အဓိက တင်ပြလိုတာကတော့ ကျွန်တော့် အမှုသည်ရဲ့ ကျန်းမာရေးအခြေအနေပဲဖြစ်ပါတယ်၊ ဦးလွန်းဝေဟာ အချင်းဖြစ် မှုခင်းမဖြစ်ခင်ကတည်းက နှလုံးရောဂါဝေဒနာကို ခံစားနေရပါတယ်၊ ယခု အကျဉ်းထောင်ထဲမှာလည်း ဆေးဝါးများ ဆက်လက်မှီဝဲကုနေရဆဲဖြစ်ပါတယ်၊ ဦးလွန်းဝေရဲ့ ရောဂါအခြေအနေဟာ အကျဉ်းထောင်ထဲမှာ ဆက်လက်နေထိုင်ရရင် ရောဂါတိုးပြီး အခြေအနေ ပို၍ဆိုးရွားလာဖို့ရှိပါတယ်"

ဦးခင်မောင်သန်းက သူ၏ လျှောက်ထားချက်များကို မနားတမ်း ပြောရင်း တရားသူကြီးမင်းကို လျှပ်တစ်ပြက် အကဲခတ်ကြည့်လိုက်၏။

တရားသူကြီးမင်းမှာ လက်ညှိုးကို မေးစေ့ပေါ်ထောက်ပြီး စိတ်ဝင်တစား နားထောင်နေသည်ကို တွေ့လိုက်ရ၏။

ဦးခင်မောင်သန်းက အသံကို ပိုမြှင့်၍ သူ၏ လျှောက်ထားချက်ကို ဆက်လက်တင်ပြခဲ့၏။

"ဦးလွန်းဝေဟာ လူကြီးလူကောင်းတစ်ယောက်ဖြစ်ပါတယ်။ ထွက်ပြေးမယ့်ပုဂ္ဂိုလ်လည်း မဟုတ်ပါဘူး။ ခိုင်မာလုံလောက်တဲ့ အာမခံလည်းပေးနိုင်သူဖြစ်ပါတယ်၊ တရားဥပဒေရှုထောင့်အရ မဟုတ်စေကာမူ၊ လူမှုရေးရှုထောင့်အရ သူ၏ ကျန်းမာရေးအတွက် ဆေးဝါးကုသဖို့ အာမခံပေးသင့်ပါတယ်လို့ လျှောက်ထားတင်ပြလိုပါတယ်။ ဦးလွန်းဝေရဲ့ ဆေးကုမှတ်တမ်းများကိုလည်း ရုံးတော်ကို တင်ပြပြီးဖြစ်ပါတယ်။ တရားရုံးတော်ရဲ့ သက်ညှာတဲ့အဆုံးအဖြတ်ကို မမာမကျန်းဖြစ်နေတဲ့ ကျွန်တော့်ရဲ့အမှုသည်ကို ခံစားပိုင်ခွင့်ပေးသင့်ကြောင်း ထပ်လောင်း၍ အလေးအမြတ်ပြု တင်ပြအပ်ပါတယ် ...



"ကျွန်တော် တင်ပြလိုတာကတော့ ဒါပါပဲခင်ဗျာ"

အမှုက လူသတ်မှု ဒီဠမျက်မြင်သက်သေမှာ တရားခံ၏ဇနီး လောလောလတ်လတ် အာမခံရနိုင်ဖွယ်မရှိသောအမှု။ ဥပဒေသဘောကို အလေးမတင်ဘဲ၊ ကျန်းမာရေးကိုရှေ့တင်ပြီး အာမခံအတွက်စွန့်၍ လျှောက်ထားတင်ပြလိုက်ရခြင်းဖြစ်ပေသည်။

ဦးခင်မောင်သန်း တင်ပြပြီးသည်နှင့် ရုံးတော်၏ ကြားနာမှုကို လက်ဖက်ရည်သောက်ချိန်အဖြစ် ခေတ္တရပ်နားလိုက်၏။

တရားသူကြီးမင်း တရားခွင်ပေါ်မှဆင်း၍ တရားခွင်နောက်ဘက်ရှိ သူ၏အခန်းထဲသို့ ဝင်သွားသည်နှင့် စကားပြောသံများ ထွက်လာသည်။ ကျယ်ကျယ်လောင်လောင်တော့မဟုတ်။ တိုးတိုးတိတ်တိတ်သာ။

စိန်အမျိုးသမီးကြီးက ဦးခင်မောင်သန်း၏ တင်ပြချက်ကို အားရကျေနပ်မှုရှိကြောင်းနှင့် ကျေးဇူးတင်ကြောင်းပြောဆိုပြီး လက်ဖက်ရည်သောက်ရန် ဖိတ်မန္တကပြုလိုက်၏။ ဦးလွန်းဝေကတော့ တုံးစံအတိုင်း နှုတ်ဆိတ်နေသည်။

ဦးခင်မောင်သန်းက စိန်အမျိုးသမီးကြီး၏ ဖိတ်ခေါ်ချက်ကို တောင်းပန်မှုပြုပြီး ရုံးခန်းထဲမှ ခပ်သွက်သွက်ကလေး ထွက်သွားသည်။

ခြင်းကြီး ခြင်းငယ်များထဲမှ ဘူးများ၊ ပန်းကန်များ ထုတ်ယူ၍ အစားအသောက် ပြင်ဆင်သူများက ပြင်ဆင်နေကြသည်။

ဦးလွန်းဝေက ထမင်းသုပ်စားချင်သည်ဆိုသောကြောင့် ပြင်ဆင်လာခြင်းဖြစ်၏။ ဦးလွန်းဝေ ထောင်ထဲရောက်ကတည်းက အိမ်ကထမင်းချိုင့် ညမနက်ပို့ပေးခဲ့၏။ ထိုစဉ်တုန်းက အကျဉ်းသားတစ်ဦးက ထောင်ထမင်းမစားလိုခဲ့သော် အပြင်မှ ထမင်းချိုင့်မှာယူစားသောက်လိုကြောင်း လျှောက်လွှာတင်ရ၏။ ထောင်ပိုင်ကြီးက မကန့်ကွက်လျှင် ထောင်ပိုင်ကြီး၏ ခွင့်ပြုချက်အရ အိမ်ကထမင်းချိုင့် မှာစားခွင့်ရှိပေသည်။

အစောင့်ရဲများနှင့် ဧည့်သည်များအတွက် ကိတ်မုန့်၊ နန်းမကင်းနှင့် လက်ဖက်ရည်ပွဲများ ပြင်ပေးထား၏။

ဦးခင်မောင်သန်းမှာ မနက်စာစားရန်နှင့် ခဏအနားယူရန် သူ၏ ရုံးခန်းရှိရာသို့ ပြန်လာခဲ့သည်။ တရားရုံးနှင့် သူ၏ရုံးခန်းမှာ လက်တပြလောက်သာ ဝေးသည်။ အရေးကြီးသော အမှုများရှိသောနေ့နှင့် တရား

www.burmeseclassic.com

www.burmeseclassic.com

ခွင် ဆက်တိုက်ဝင်နေရသော နေ့များမှာ အိမ်ပြန်လေ့မရှိပေ။ ဘားလမ်း ဒေါ်အမာ၏ စပါယ်ရှယ် အုန်းထမင်းနှင့် မနက်စာ ပြီးလေ့ရှိပေသည်။

ထမင်းသုပ်စားပြီးသည်နှင့် ဦးလွန်းဝေမှာ အိမ်က ဖုတ်ယူလာသော ပူတင်း။ ရေခဲဘူးကြီးနှင့်ထည့်လာသော ရေခဲမုန့်များစားရင်း သူ့မာမီနှင့် အေးအေးဆေးဆေး စကားပြောနေခဲ့၏။

စကားပြောနေကြစဉ် မေသခင်၏ နာမည်ပါလာတိုင်း ဦးလွန်းဝေ မျက်နှာ ကွက်ခနဲ ကွက်ခနဲ ပျက်သွားတတ်သည်။ ဤသည်ကို ဘေးမှအကဲခတ်နေသူ ညီမများက နည်းနည်းမှ မကြည်သာကြပေ။ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ပြီး မျက်လုံးစကားပြောနေခဲ့ကြ၏။

နေ့လယ်ဘက် ရုံးတော်၏ ကြားနာမှု ပြန်စချိန်နီးလာသဖြင့် ဦးခင်မောင်သန်းတို့ ရုံးခန်းထဲပြန်ဝင်လာကြပေပြီ။

တရားလို၏ရှေ့နေကြီးမှာမူ ဝဖိုင့်သော သူ၏ကိုယ်လုံးကြီးကို တလှိမ့်လှိမ့်သယ်ရင်း ခပ်ဖြည်းဖြည်းဝင်လာသည်။ ဦးခင်မောင်သန်းက ခေါင်းညိတ်နှုတ်ဆက်သည်ကို အပြုံးဖြင့် တုံ့ပြန်လိုက်၏။

တရားသူကြီးမင်း တရားခွင်ပေါ် ပြန်တက်လာသည်နှင့် တရားလိုရှေ့နေကြီးအား တင်ပြစရာရှိသည်များ တင်ပြရန် ခွင့်ပြုလိုက်၏။

တရားလိုရှေ့နေကြီး ဦးထွေးမောင်က ဖြည်းဖြည်းအေးအေးထလိုက်ပြီး ကန့်ကွက်ချက်ကို လျှောက်ထားတင်ပြခဲ့၏။

သူ၏အသံမှာ အေးသော်လည်း စူးရှသည်။

ဟန်ပန်မှာ ဣန္ဒြေရသည်။ ရင့်ကျက်သည်။ တည်ငြိမ်သည်။

အသက်အရွယ်နှင့် လှုပ်ရှားမှုဟန်ကို လိုက်ဖက်အောင် ထိန်းထားသည်။

**"အခင်းဖြစ်မှုခင်းဖြစ်ရပ်ကို ဝေ့ချန်ထားလို့ မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သေဆုံးသူရဲ့ ဝေဒနာခံစားနေရင်း ပြောသွားတဲ့စကားနဲ့ တရားခံရဲ့ ဇနီးဖြစ်သူကိုယ်တိုင်က မျက်မြင်သက်သေအဖြစ် ထွက်ဆိုအစစ်ခံထားချက်ကို မျက်ကွယ်ပြုဖို့မဖြစ်နိုင်ပါဘူး။ တရားခံကို စွဲချက်တင်တာကိုက ယင်းတို့ရဲ့ ထွက်ဆိုချက်အစစ်ခံချက်အပေါ်မှာ အခြေခံထားလို့ဖြစ်ပါတယ်"**



"ရဲဌာနမှာ အစစ်ခံစဉ်ကလည်း တရားခံကိုယ်တိုင်က ကျူးလွန်ပါတယ်လို့ အတိအလင်းဝန်မခံပေမယ့် မကျူးလွန်ပါဘူးလည်း မငြင်းဆိုခဲ့ပါဘူး။ လိုအပ်သလို စစ်ဆေးမေးမြန်းချက်များကိုလည်း မဖြေကြားခဲ့ပါဘူး။ နောက်ဆုံးသူ့ကို ဖမ်းဆီးတဲ့အထိ ဘာမှ မပြောခဲ့ပါဘူး။ ယခု ဖြစ်ပွားခဲ့တဲ့အမှုဟာ လူသတ်မှုဖြစ်ပါတယ်၊ အမှုရဲ့စစ်ဆေးမှု အတိမ်အနက်ကလည်း ဘယ်သို့ရှိသည်ကို ပြောဖို့စောသေးပါတယ် ...

"မည်သို့ဆိုစေ ...

"ဥပဒေကို ကျူးလွန်တာတော့ ကျူးလွန်တာပါပဲ"

"သည်ပုဒ်မကို ကျူးလွန်သူဖြစ်ပေမယ့် လူကြီးလူကောင်းမို့ သည်လိုစဉ်းစားသင့်ပါတယ်၊ အခြေအနေမရှိ တေလေကြမ်းပိုးလို့ သည်လိုစဉ်းစားသင့်ပါတယ်လို့ ဥပဒေမျက်နှာမှာ အလှည့်အပြောင်း မရှိသင့်ပါဘူး ...

"မည်သူမဆို ...

"ကျူးလွန်တဲ့ပြစ်မှုအတိုင်းအတာအရ တရားစွဲခြင်းကို ခံရမှာဖြစ်ပါတယ်။ တရားခံအဖြစ် စွပ်စွဲခံနေရသူကိုယ်တိုင်က ဩဇာတိက္ကမရှိရုံမက၊ ပြင်ပအသိုင်းအဝိုင်းရဲ့ ဩဇာတိက္ကမကိုလည်း ထောက်ကူရယူနိုင်သူဖြစ်ပါတယ်။ ယင်းသို့သော အခြေအနေအရ အမှုစစ်ဆေးနေစဉ်ကာလအတွင်း သက်သေများကို ဖျက်ဆီးနိုင်သောအခြေအနေရှိခြင်းနှင့် စွဲဆိုထားသော ပုဒ်မအရ အာမခံမပေးသင့်ကြောင်း တင်ပြလျှောက်ထားလိုပါတယ် ...

"ဒါပါပဲ ခင်ဗျား"

စိန်အမျိုးသမီးကြီး၏ အသိုင်းအဝိုင်းကမူ မကျေနပ်သော မျက်နှာရိပ်များဖြင့် မဲ့ကာရွဲ့ကာရှိနေကြသည်။

ဦးလွန်းဝေကမူ မတုန်မလှုပ်။

ဦးခင်မောင်သန်းက ပြုံးနေသည်။

တရားသူကြီးမင်းက နောက်တစ်ပတ်ရုံးချိန်တွင် အမိန့်ချမှတ်မည်ဖြစ်ကြောင်း အဆုံးအဖြတ်ပေးလိုက်၏။

ဦးလွန်းဝေ ထောင်သို့ပြန်ချိန်တွင် နေညိုရိပ်သန်းလာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ညှိုးရိပ်သန်းနေသော မျက်နှာပေါင်းများစွာက ဦးလွန်းဝေကို နှုတ်ဆက်ခဲ့ကြ၏။

ဦးလွန်းဝေကတော့ အားလုံးကို ခေါင်းတညိတ်ညိတ်နှုတ်ဆက်ပြီး ကားပေါ်လှမ်းတက်လိုက်သည့်နောက် ...။

♦ → ♦

## အခန်း(လေး)

အလင်းရောင် ပျောက်လုပျောက်ဆဲ အမှောင်ရိပ်သန်းစပြုသည့် ညဦး(၆)နာရီခွဲခန့်။

အိပ်တန်းတက်နေကြသော ငှက်ငယ်များ၏ နေရာလုသံပင် မပျောက်တတ်သေး။

'ဒိုင်း'ခနဲ မြည်ဟိန်းထွက်လာသော သေနတ်သံမှာ ပတ်ဝန်းကျင်တစ်ဝိုက်ဆီသို့ လွင့်ပျံသွားခဲ့သည်။ အိပ်တန်းဝင်စ ကျီးကန်းများ၏ လန့်ဖျပ်အော်သံများ ထွက်ပေါ်လာသည်။

"အမယ်လေးဗျ"ဟု အော်လိုက်သံကို ပတ်ဝန်းကျင်က ကြားလိုက်မည်မဟုတ်သလို ...။

"အမယ်လေးဗျ"အော်သံနှင့် တစ်ဆက်တည်းလိုလို ထွက်ပေါ်လာသည့် လမ်းပေါ်မှ အမျိုးသမီးတစ်ယောက်၏ စူးစူးပျပျအသံကိုလည်း ကြားလိုက်ကြမည်မဟုတ်ပေ။

ခြံဝတွင် လူတစ်ယောက် ခွေခွေကလေး လဲကျနေသည်။

လဲကျနေသူထံမှ ထွက်ပေါ်လာသော ညည်းညူသံမှာ မှိုင်မှိုင်သဲ့သဲ့မျှသာ။

ခြံအဝင်အုတ်တိုင်ပေါ်တွင် ထွန်းထားသော လေးဆယ်အားမီးလုံးမှ အလင်းရောင်မှာ လဲကျနေသူ၏ ကိုယ်ပေါ်သို့ တစ်ဝက်တစ်ပျက် ထင်ဟပ်နေသည်။ လဲကျနေသူထံမှ စီးကျလာသော သွေးများမှာ မြေနီလမ်းပေါ်သို့ စီးကျနေသည်မို့ သွေးရောင်နှင့် မြေနီရောင်မှာ ရောထွေးနေသည်။

တိုက်၏ဆင်ဝင်အောက်၌ ရပ်နေသော အမျိုးသမီးမှ တိုက်ထဲသို့ အပြေးကလေးပြန်ဝင်သွားပြီး တယ်လီဖုန်းဒိုင်ခွက်ကို ခပ်သွက်သွက်ကလေး လှည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏သဘာဝ လှုပ်ရှားမှုဟန်မှာ ပို၍ ကြည့်ကောင်းသလို ရှိနေချေ၏။

သူမ၏အသံမှာ တုန်နေသည်။

"ဟုတ်ကဲ့ ... ခြံအမှတ် (...)ကပါ"

"......"

"သေနတ်နဲ့ပစ်သွားလို့ပါ"

"......"

"ခုလေးတင်ပါပဲ"

"ဟုတ်ကဲ့ ကျွန်မ စောင့်နေပါမယ်၊ ကျွန်မနာမည် မေသဇင်ပါ"

"......"

"ဟုတ်ပါတယ် ဦးလွန်းဝေတို့ ခြံကပါ"

"......"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

ခြံဝသို့ အနီးအနားမှ လူလေးငါးယောက် စုမိလာသည်။

လုပဖြောင့်ဖြူးသော အမျိုးသမီးမှာ ဖုန်းဆက်ပြီးသည်နှင့် အနားတွင်ရှိသော ပလတ်စတစ်ကြီးတပ် ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်၍ တညှင်းညှင်း တသဲ့သဲ့ ငိုရှိုက်နေတော့၏။

သူမ၏လုပကော့သွယ်နေသော နှုတ်ခမ်းလွှာမှာ လှုပ်နေသည်။ ထွက်လာသော စကားလုံးများမှာ မပီမသ၊ ဗလုံးဗထွေးရှိနေသည်။

အိမ်ဖော်မကလေးက ရဲများရောက်လာကြောင်း လာပြောမှ ထိုင်နေရာမှထပြီး အိမ်ဖော်မလေး အကူအညီဖြင့် တိုက်အပြင်ဘက်သို့ လှမ်းထွက်ခဲ့၏။

ရဲကားမှာ ခြံထဲသို့ မောင်းဝင်ရန်မဖြစ်သောကြောင့် ခြံဝတွင်ပင် ရပ်ထားပြီး တာဝန်ရှိသူများ ကားပေါ်မှ ဆင်းလာ၍ ခွေခွေကလေးလဲကျနေသူအနားတွင် ဝိုင်းကြည့်နေကြသည်။

"အသက်ရှိသေးသလား ကြည့်ပါဦး ကိုလှမင်း"

"ဟာ ... ရှိသေးတယ် ဆရာ"



"ဒါဖြင့် ဆေးရုံမြန်မြန်ပို့ဖို့လုပ်ရမယ်"

"ဟုတ်ကဲ့ဆရာ"

"ကဲ ... ကိုလှမင်းပဲ ကျွန်တော်တို့ကားနဲ့ လိုက်ပို့ပါ။ ဆရာဝန်က စစ်ချက်ယူဖို့ လိုအပ်တယ်ဆိုရင် တရားသူကြီးကို ခေါ်ဖို့ပါ ဆက်လက်ဆောင်ရွက်ပါ။ ဆေးရုံရောက်ပြီးရင် ကားပြန်လွှတ်လိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

"လိုအပ်တာတွေလုပ်ဖို့ ကျုပ် ဆက်လုပ်လိုက်မယ်"

"ကောင်းပါပြီ ဆရာ"

ဒုရဲအုပ် ဦးလှမင်းက ဌာနအုပ်ကြီး ညွှန်ကြားသည့်အတိုင်း လဲကျနေသူကို ကားပေါ်သို့ အသာအယာမွေ့တင်၍ ခေါ်ယူသွား၏။

အမျိုးသမီးမှာ သူမ၏မျက်နှာကို တစ်ဖက်သို့ လှည့်ထားလိုက်သည်။

ဌာနအုပ်ကြီးက အမျိုးသမီးအနားလျှောက်သွားပြီး ...

"ဝမ်းနည်းပါတယ် ဒေါ်မေသဇင်၊ ကျွန်တော်တို့ လိုအပ်တာလေးတွေ မေးမြန်းဖို့ တိုက်ထဲသွားရအောင်ပါ"

"ဟုတ်ကဲ့ ကြွပါ"

ဌာနအုပ်ကြီးက သူနှင့်အတူရှိနေသူ ရဲသားအား အခင်းဖြစ်နေရာပတ်ဝန်းကျင်တွင် ရှာဖွေဖို့ အမိန့်ပေးပြီး အမျိုးသမီးကြီးနောက်မှ ဝင်လိုက်သွား၏။

တိုက်ထဲတွင် ထိုင်မိကြသောအခါ ဌာနအုပ်ကြီးက စတင်မိတ်ဆက်လိုက်၏။

"ကျွန်တော့်နာမည် ချစ်မောင်ပါ"

"ဟုတ်ကဲ့ ကျွန်မက မေသဇင်ပါ"

အိမ်ဖော်မကလေးက လိမ္မော်ရည်ဗန်းကိုင်ပြီး ရောက်လာသည်။

"သုံးဆောင်လိုက်ပါဦး ဦးချစ်မောင်၊ ကျွန်မ ခဏကလေး အထဲဝင်ပါရစေ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

♦ → ♦

www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်မောင်က လိမ္မော်ရည်သောက်ရင်း ဧည့်ခန်းကို မျက်
ကစားလိုက်၏။

လူဂုဏ်ထံများအိမ်၌ ခင်းကျင်းထားသော အခင်းအကျင်းအတိ
ပသာဒဖြစ်ဖွယ် သူ့နေရာနှင့်သူ လိုက်ဖက်အောင်ချထားသော ပစ္စည်းများ
များပြားလှသော်လည်း ရှုပ်ထွေး၍မနေ။ သူ့နေရာနှင့်သူ သန့်သန့်လှလှရှိ
သည်။

မေသဇင် ပြန်ထွက်လာသောအခါ စောစောက အဝတ်အ
များ လဲပြီးနေပြီ။ ရွှဲရွှဲစိုစို မျက်ရည်စများ မထင်ကျန်တော့။ လှပကော့သွ
နေသော နှုတ်ခမ်းလေးမှာ ပန်းနုရောင်ပြေးနေသည်။ ဝါရီသော မျက်နှာ
တွင် အသားရောင်မိတ်ကပ်ကို ပါးပါးလေး ခြယ်ထားသည်။ ရှန်းလဲ့ကြ
ဝင်းသော မျက်လုံးများမှာ စောစောကလိုမဟုတ်၊ စိုရီနေသည်။

ဆည်းဆာရိပ်ကွယ်ပေမင့် သူမ၏အလှရိပ်မှာ လမင်းနှင့်ပြိုင်မ
သို့ရှိချေ၏။

စောစောတုန်းက ဝမ်းနည်းရိပ်အသွင်များသည် သူမထံမှ
ပါးသွားလေပြီ။ ခု ဘာမှ မဖြစ်ခဲ့သည့်ပုံသို့နှယ် ရွှရွှတင်တင်လေး လှနေသ

ဦးချစ်မောင်က မှတ်စုစာအုပ်ကလေးကိုထုတ်ပြီး စတင်မေးလို
၏။

"ဟုတ်ကဲ့ ဒေါ်မေသဇင် အခင်းဖြစ်ကိစ္စ ဖြစ်ပွားပုံကို ပြောပြပေ
ပါတယ်"

မေသဇင်က ဦးချစ်မောင်၏ အမေးပုစ္ဆာကို မဖြေသေးဘဲ
က အမေးပုစ္ဆာ ပြန်ထုတ်နေသည်။

"သူ ... သူ သေများသွားပလားနော်၊ ဒဏ်ရာက တော်တော်ကြီးတ
ထင်ပါရဲ့၊ မေတော့ လိုက်သွားပြီး ကြည့်ချင်တယ်"

"ဟုတ်ကဲ့၊ အချိန်မီ ဆေးရုံပို့ထားပါတယ်လေ၊ ခုန မျက်မြင်အ
အနေနဲ့ ဒဏ်ရာအတိမ်အနက်ကိုပြောဖို့ မလွယ်သေးပါဘူး"

"ဒါဖြင့် မေ ဖုန်းဆက်ကြည့်ချင်တယ်"



"နောက်ပြီးတော့ ဆက်တာပေါ့၊ ကျွန်တော် ဒီကပြီးရင် ဆက်လက်လုပ်စရာတွေ ရှိပါသေးတယ်"

"ဆောရီးပဲ ဦးချစ်မောင်၊ မေးစရာရှိတာ မေးပါလေ"

"အဖြစ်အပျက်ကို အရင်ပြောပြစေချင်ပါတယ်"

"သူ့နာမည်က လတ်မောင်မောင်ပါ၊ ဒါပေမဲ့ မောင်မောင်လို့ပဲခေါ်ကြပါတယ်၊ ဘီအက်(စ်)စီဘွဲ့ရပြီးသား၊ စန္ဒရားလတ်မောင်မောင် တီးဝိုင်းရဲ့အဖွဲ့ခေါင်းဆောင်ပါ။ ကုန်သည်ကြီး ဦးဘခင်၊ ဒေါ်မိမိလေးတို့ရဲ့သား၊ ဗောဓိရိပ်သာ ခြံနံပါတ် (   )မှာနေပါတယ်။ မေက အဲဒီအဖွဲ့မှာ အဆိုတော်ပါ။ ဒီအပတ်အသံလွှင့်မယ့် သီချင်းတစ်ပုဒ် တိုက်ဖို့ရှိတာနဲ့ မောင်မောင် အိမ်ကိုရောက်လာခဲ့ပါတယ်၊ သီချင်းတိုက်တဲ့ကိစ္စပြီးလို့ မောင်မောင် ပြန်တော့မယ်ဆိုတာနဲ့ ဆင်ဝင်ရှေ့ကိုထွက်ပြီး လိုက်ပို့ပါတယ်၊ ခါတိုင်း သူ့မှာ ကားပါပေမယ့် ဒီနေ့တော့ ကားမပါလာပါဘူး၊ ကျွန်မလည်း တိုက်ထဲကိုပြန်မဝင်သေးဘဲ ရပ်နေပါတယ်၊ မောင်မောင် ခြံဝမရောက်တရောက်မှာ သေနတ်သံတစ်ချက်ကြားလိုက်ပါတယ်၊ မောင်မောင်လဲသွားတာကိုလည်း တွေ့လိုက်ပါတယ်၊ လူတစ်ယောက် ထွက်ပြေးသွားတာကိုလည်း တွေ့လိုက်ပါတယ်၊ မေလည်း ပထမတော့ ဘာလုပ်ရမှန်းမသိဘူး၊ မောင်မောင့်ကိုလည်း သွားမကြည့်ရဲဘူး။ ဒါနဲ့ တိုက်ထဲပြန်ဝင်ပြီး ဌာနကို ဖုန်းဆက်တာပါပဲ"

မေသဇင်က အဖြစ်အပျက် အတိုချုပ်ကို ပြန်လည်ပြောပြနေစဉ် သူမ၏မျက်နှာမှာ ညှိုးလျှနေသည်။ ဝမ်းနည်းကြေကွဲမှု အရိပ်အဆင်များ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်နေသည်။

ဦးချစ်မောင်က မေသဇင် ပြောသမျှကို နားထောင်ရင်း မေသဇင်ကို အကဲခတ်ကြည့်နေခဲ့သည်။ ရဲတို့၏အတတ်ပညာတွင် အကဲခတ်ကောင်းခြင်းမှာ အရေးပါလှ၏။

တရားလိုဖြစ်စေ တရားခံဖြစ်စေ သူ၏အကြောင်းများကို ပြောပြရာတွင် အမှန်အတိုင်းပြောနေသည် မပြောနေသည်ကို သူတို့၏မျက်နှာပေါ်တွင် ထင်ဟပ်လာတတ်သောအရိပ်ကို အကဲခတ်ကြည့်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com


အချို့က မမှန်သည်ကို အမှန်ဖြစ်အောင် ယုတ္တိယုတ္တာရှိသော ဇာတ်လမ်းများ ထည့်သွင်းပြောတတ်ကြ၏။

"ဒါဖြင့် သေနတ်နဲ့ပစ်ပြီး ထွက်ပြေးသွားတဲ့လူကိုတော့ ဒေါ်မေသဇင် သေသေချာချာ တွေ့လိုက်တာပေါ့နော်"

"တွေ့လိုက်ပါတယ်"

"ဘယ်သူဘယ်ဝါ ဆိုတာတော့ သိလိုက်ပါသလား"

မေသဇင်က ယင်းမေးခွန်း၏အဖြေကို ချက်ချင်းမပေးဘဲ ညှိခန်း အဝင်တွင် ချိတ်ဆွဲထားရှိသော နှစ်ယောက်တွဲဓာတ်ပုံကြီးကို လှမ်းကြည့်လိုက် ၏။

သူမ၏မျက်နှာမှာ တင်းမာသွားသည်။ အံကို တင်းတင်းလေး ကြိတ်လိုက်သည်။

"မောင်မောင့်ကို သေနတ်နဲ့ ဖစ်သွားသူကတော့ ကျွန်မရဲ့ခင်ပွန်း ဦးလွန်းဝေပါပဲ"

"ခင်ဗျာ"

မေသဇင်၏ ထွက်ချက်မှာ အသွယ်အဝိုက်မပါဘဲ တဲ့တိုးကြီး ပြတ်သားလွန်းသည်။

ဌာနအုပ်ကြီး ဦးချစ်မောင်၏နှုတ်ဖျားမှ အာမေဋိတ်သံ လွှတ် ခနဲထွက်သွားပြီး စကားမဆက်နိုင်ဘဲ မေသဇင်၏မျက်နှာကို စူးစူးထင်းထင်း လေးကြည့်နေမိသည်။

သည်တစ်ခါတော့ အလုကိုကြည့်ခြင်းမဟုတ်ပေ။

"ဒေါ်မေသဇင်ရဲ့စိတ်တွေ လှုပ်ရှားနေတယ်ထင်ပါရဲ့"

"ဟုတ်ကဲ့ ... နည်းနည်းပါးပါးတော့ လှုပ်ရှားပါတယ်၊ ဒါပေမဲ့ သတိ လက်လွတ်ဖြစ်လောက်အောင်တော့ မလှုပ်ရှားပါဘူး ဦးချစ်မောင်"

မေသဇင် အပြောက ပြတ်သားလွန်းသည်။

"ဒေါ်မေသဇင်ရဲ့ ထွက်ဆိုချက်က ဦးလွန်းဝေကို ထိခိုက်"

"မြင်သလားလို့မေးရင်တော့ ဒီလိုပဲဖြေရတော့မှာပေါ့"

ဦးချစ်မောင်၏ခေါင်းမှာ ဘယ်ညာယိမ်းသွားသည်။

"ထိခိုက်မှာစိုးလို့ အမှန်တရားကို ဖုံးကွယ်ပါလို့ ဆိုလိုတာများလားရှင်"

"အို ... အို ... ဒီလိုမဟုတ်ပါဘူး၊ ရုတ်တရက် ဒေါသကြောင့်ထွက် ဆိုတဲ့ ထွက်ဆိုချက်ဖြစ်မှာစိုးလို့ပါ၊ စကားနောက်တရားပါတတ်ပါတယ် ဒေါ်မေသဇင်"

"အကြောင်းလေးတော့ ဆက်စေချင်ပါသေးတယ်"

"ဘာအကြောင်းများလဲ ဦးချစ်မောင်"

"ဖြစ်ရပ်ရဲ့အခြေခံအကြောင်းပါ"

"သူက မောင်မောင့်ကို အတော်ကြီးမျက်မုန်းကျိုးနေတယ်လေ။ ဂျဲလယ်စီ ပေါ့။ တော်တော်ပြင်းထန်တဲ့ ဂျဲလယ်စီဆိုပါတော့။ သည်ကနေ ပေါက် ကွဲသွားတာပါပဲ"

"ဦးလွန်းဝေဟာ လူကြီးလူကောင်း၊ အစိုးရအရာရှိတစ်ဦးပါ ဒေါ်မေ သဇင်"

ဌာနအုပ်ကြီး ဦးချစ်မောင်က ဆွပေးလိုက်ရာ မေသဇင်က ဒေါသသံဖြင့် တုံ့ပြန်လိုက်၏။

"လူကြီးလူကောင်းမှာရော ဂျဲလယ်စီ မရှိရတော့ဘူးတဲ့လား၊ ကျွန်မ ရှင်းရှင်းပြောပါရစေ၊ ကျွန်မနဲ့ မောင်မောင့်ကို သူက ..."

"အင်း ..."

ဌာနအုပ်ကြီး ဦးချစ်မောင်က သက်ပြင်းရှည်ချလိုက်၏။

"အသေးစိတ် အကြောင်းအရာတော့ နောက်မှဆက်တာပေါ့၊ ဒေါ်သဇင် မေ မြင်ရပုံကလေးကိုသာ ..."

"သေနတ်နဲ့ပစ်လိုက်တဲ့အခါ မောင်မောင် လဲကျသွားတာ မြင်မြင်ချင်း ဌာနကို ဖုန်းဆက်လိုက်တာပါပဲ"

"ဒီအဖြစ်အပျက်အတွက် ဒေါ်မေသဇင်ကိုယ်တိုင် တိုင်ချက်ဖွင့်မယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"ဒါဆို ဌာနမှာလိုက်ပြီး တိုင်ချက်ဖွင့်စေလိုပါတယ်၊ မေးစရာတွေကတော့ အများကြီးပေါ့လေ၊ ခုတော့ ဒီလောက်ပဲမေးပါရစေဦး၊ ကျွန်တော် လောလောဆယ် လုပ်စရာလေးတွေ ရှိသေးလို့ပါ"

"ဒါနဲ့ ဦးလွန်းဝေ ဒီနေ့ ဘယ်အချိန် အိမ်ကထွက်သွားပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com

"မနက်ကတည်းကပါပဲ"

"အချိန်က"

"ဆယ့်တစ်နာရီလောက် ရှိပါလိမ့်မယ်"

"ကဲ ... ဗွာနသွားကြရအောင်ဗျာ၊ ကားလည်း ရောက်နေပါပြီ"

"ဟုတ်ကဲ့၊ ဦးချစ်မောင် သွားနှင့်ပါ၊ ကျေးဇူးတင်ပါတယ်၊ အိမ်က ကားခေါ်ပြီး ကျွန်မ လိုက်ခဲ့ပါမယ်"

ဗွာနအုပ်ကြီး ဦးချစ်မောင်မှာ ဒေါ်သဇင်မေကို နှုတ်ဆက်ပြီး လေးတွဲသော ခြေလှမ်းများဖြင့် ကားပေါ် လှမ်းတက်လိုက်၏။

သူ၏ တစ်သက်တာတွင် တစ်ခါမှမကြုံစဖူး၊ မကြားစဖူး အထူး အမှုဆန်းကြီးကို ကြုံလိုက် ကြားလိုက်ရသဖြင့် မစဉ်းစားတတ်အောင် ဖြစ်ခဲ့ရသည်။ တစ်ခေါင်းလုံးထူသွားသည်။ မူသွားသည်။

အထက်အရာရှိဖြစ်သူထံ အစီရင်ခံရန်အတွက် ကားမောင်းသူအား လမ်းညွှန်လိုက်ပြီး ချာချာလည်နေသော အတွေးများဖြင့် နဖူးလုံးရှင်း လိုက်ပါခဲ့ရ၏။

မဖြစ်ဖူးသေးသည်မှာ ဖြစ်လာသော မှုခင်းတစ်ခု။

မှုဖြစ်အကြောင်းအရာမှာ ရှင်းသလိုလိုနှင့် ရှုပ်ထွေးသည်။ မှုခင်း လမ်းကြောင်းပေါ်မှာ ဆက်လက်လျှောက်ခဲ့ရာတွင် ...။

## အခန်း(၄)

ဆေးရုံပေါ်ရောက်ကတည်းက လတ်မောင်မောင်မှာ လုံးဝ သတိ ပြန်လည်မလာတော့ပေ။ ညည်းညူသံသော်မှ ထွက်မလာ။

လက်ဝဲဘက် ရင်အုံကို ဖောက်ထွက်သွားသောကျည်ဆန်မှာ ကျောဘက်ဆီသို့ ဖောက်ထွင်းမသွားဘဲ လတ်မောင်မောင်၏ကိုယ်ထဲမှာပင် ပုန်းအောင်းနေသည်။ လတ်မောင်မောင် အသက်ရှူနေပုံမှာ လုံးဝ အားရစရာမရှိ။ ဆရာဝန်ကြီးက ချက်ချင်း အောက်စီဂျင်ပေးထားလိုက်သည်။

အောက်စီဂျင်ပေးစ တစ်ခဏတွင် အသက်ရှူမှန်လာသလိုရှိသော် လည်း အားရစရာအဆင့်ကိုမူ ရောက်မလာခဲ့ပေ။

ဆရာဝန်ကြီးက ချက်ချင်းပင် ခွဲစိတ်ဖို့ပြင်ဆင်လိုက်၏။

အောက်စီဂျင်ပေးထားသော လတ်မောင်မောင်၏ ခုတင်ဘေးတွင် ရပ်နေသူ မေသဇင်၏မျက်အိမ်တွင်းမှ မျက်ရည်များမှာ မျက်နှာပေါ်တွင် တင် ကျန်ထားသော မိတ်ကပ်ပြင်ကို စီးကြောင်းလေးပေါ်အောင် လိမ့်ဆင်းနေ၏။

သူမ၏နှုတ်ခမ်းလွှာကြားထဲမှ 'မောင်မောင်'၊ 'မောင်မောင်ရယ် လေ'ဟု တိုးတိုးညှင်းညှင်းခေါ်သံမှာ လတ်မောင်မောင်အတွက် ဘယ်လိုမှ ကြားနိုင်စွမ်းမရှိတော့ပေ။

ခွဲစိတ်ရန်ပြင်ဆင်ပြီးနောက် လူနာအခြေအနေကို တကျော့ပြန် လာကြည့်ခဲ့သော ဆရာဝန်ကြီး၏ခေါင်းမှာ သာသာလေးယမ်းခါသွားသည်။

မေသဇင်၏ရှိုက်သံသဲ့သဲ့မှာ ဆေးရုံလှေကားအဆင်း၌ ပျံ့လွင့် သွားတော့၏။

လူသားတစ်ယောက်ကို မွေးဖွားခြင်းမှာ တစ်နေ့တာ၏ တစ်ချိန် သောနာရီပိုင်းအတွင်းဖြစ်သလို သေဆုံးခြင်းမှာလည်း တစ်နေ့တာ၏ တစ်ချိန် သောနာရီပိုင်းအတွင်းတွင်သာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကားတံခါးကို ခပ်ပြင်းပြင်းကလေး ဆောင့်ပိတ်လိုက်သည် မေသဇင်၏ဒေါသကို လှစ်ထုတ်လိုက်သည့်သို့ရှိချေ၏။

ရဲဋ္ဌာနသို့အသွား၌ မေသဇင်က အံကိုတင်းတင်းရင်းရင်း ကြိ ထားလိုက်၏။

ကားရှေ့မှန်ထဲတွင် အရိပ်အကွက်များ ပေါ်လာသည်။

လတ်မောင်မောင်နှင့် ပေလီသွားတုန်းက ရေလွှာသင်ဖြူ ငါးပျံမြူးဘိသို့ ဆော့ကစားခဲ့ကြပုံတွေ။

လသာသာသောင်ပြင်ထဲမှာ ကြည်နူးနေကြစဉ် ဖိုးလမင်းကြီး ရှက်လာသဖြင့် အမှောင်ရိပ်ကျရာ အုန်းပင်များအောက်သို့ ရွှေ့ခဲ့ပုံတွေ။

တည်းခိုရိပ်သာပေါ်မှာ လတ်မောင်မောင်၏ အတွေးအပို အယုအယ၊ အချော့အမြှူ၊ အစေ့အစိုက်များ၏ ကြမ်းတမ်းပုံကလေးတွေ

အင်းလေးကန်သွားကြတုန်းက လှေမစီးရဲပါဘူးဆိုလို့ ညောင် ကလမ်းမှခွာကတည်းက ဖောင်တော်ဦးဘုရား ရေလှေခါးသို့ရောက်သည်အ လတ်မောင်မောင်၏လက်မောင်းအိုးကြားထဲမှာ လိုက်ပါခဲ့ပုံ။ တခြားလှေများ သူတို့ကို ကြည့်၍ ပြုံးသွားပုံတွေ တရိပ်ရိပ်ပေါ်လာဆဲ ရဲဋ္ဌာနသို့ ရောက်လာ ၏။

အပြုံးအလွန်လှသော လတ်မောင်မောင်၊ စကားအလွန်ပလီသော လတ်မောင်မောင်။

ခုတော့ ...။ မေသဇင်မှာ ကားပေါ်မှအဆင်း 'တောက်' ခေါ် ချက်ခေါက်လိုက်သည်။

ယင်းတောက်ခေါက်သံမှာ ဦးလွန်းဝေအတွက် ...

♦ ➙ ♦

## အခန်း(ခြောက်)

မေသဇင် ရဲဋ္ဌာနသို့ ထွက်သွားပြီး မကြာမီ ဦးလွန်းဝေ အိမ် ပြန်ရောက်လာသည်။ အိမ်မှာ မေသဇင်ကိုမတွေ့။

အိမ်တွင် မေသဇင်ကိုမတွေ့သည်မှာ ဦးလွန်းဝေအဖို့ အဆန်း မဟုတ်သမို့ အမေးအမြန်း လုပ်လေ့လုပ်ထမရှိပေ။ မေသဇင်ကို အိမ်မှာတွေ့ သည့်အခါထက် မတွေ့သည့်အခါက ပိုများသည်။ တစ်ခါတလေ စိတ်လို လက်ရရှိပါမှ ဘယ်သွားမည် ဘယ်လာမည်ကိုပြောတတ်သည်။ အများအား ဖြင့်တော့ ပြောလေ့မရှိပေ။

အိမ်ဖော်မလေး ထွေးပုနှင့် ခြံစောင့်မာလီ ကိုပြူးတို့မှာ ဦးလွန်းဝေ ကို တိတ်ခိုးကြည့်နေကြသည်။ ဦးလွန်းဝေက ဘာမှမမေးသဖြင့် စကားဦးသန်း ၍မပြောရဲကြပေ။

ဦးလွန်း၏ အင်္ကျီချွတ်ပြီး ထုံးစံအတိုင်း ပက်လက်ကုလားထိုင် ပေါ်တွင်ထိုင်ပြီး စီးကရက်တစ်လိပ် မီးညှိသောက်နေသည်။

အိမ်ဖော်မလေးထွေးပုက ဦးလွန်းဝေနားသို့ မရဲတရဲကပ်လာပြီး "အစ်ကိုကြီး လိမ္မော်ရည်ပြင်ရမလား၊ သံပရာရည်ပြင်ရမလား"ဟု မေးလိုက်၏။ ဦးလွန်းဝေ အပြင်သွားရာမှ အိမ်ပြန်လာတိုင်း တစ်ခုခုသောက်လေ့ရှိသမို့ မေးရခြင်းဖြစ်ပေသည်။

ဦးလွန်းဝေက ခေါင်းယမ်းပြလိုက်သည်။

ထိုစဉ်မှာပင် တယ်လီဖုန်းခေါ်သံ မြည်လာသည်။

"ဟုတ်ကဲ့ ကျွန်တော် လွန်းဝေပါ"

"......"

"ခင်ဗျာ ... ရဲဋ္ဌာနက"

"......"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စပါလဲ"

"……"

"ဗျာ … ကျွန်တော်လည်း ခုပဲပြန်ရောက်ပါတယ်၊ ကျွန်တော် ဘာမှ မသိရသေးပါလား"

"……"

"ကောင်းပါပြီ၊ ကျွန်တော် အခုပဲလာခဲ့ပါ့မယ်"

သည်တော့မှ ဦးလွန်းဝေက ကိုပြူးကိုခေါ်ပြီး မေးရသည်။ ကိုပြူး ပြောသမျှ နားထောင်ပြီးနောက် 'တစ်နေ့တော့ ဒီလိုအဖြစ်မျိုးတွေ တွေ့ရလိမ့်မည်လို့ ငါ ထင်သားပဲ'ဟု ပြောရင်း အဝတ်အစားလဲပြီး ထွက်သွားခဲ့၏။

ဦးလွန်းဝေ ရဲဌာနကိုရောက်သည့်အချိန်တွင် မေသဇင်ကို မတွေ့ရပေ။

ရဲဝန်ထောက် ဦးခင်မြင့်က ဆီးကြိုနေသည်။

"ကြွပါ ဦးလွန်းဝေ"

"ဟုတ်ကဲ့ ဘယ်လိုများ ဖြစ်ကြတာလဲ ဦးခင်မြင့်ရယ်"

ဦးခင်မြင့်က အဖြစ်အပျက်ကို အကျဉ်းချုံးပြောပြပြီး "ဆောရီးပဲ ဦးလွန်းဝေ၊ ဝတ္တရားရှိတဲ့အတိုင်း မေးဖို့တော့ခွင့်ပြုပါ"

"အို … မေးပါ၊ မေးပါ၊ ကျွန်တော်တို့ လူချင်းခင်တာက တခြား၊ ဝတ္တရားကတခြားပါ၊ ကျွန်တော် နားလည်ပါတယ် ဦးခင်မြင့်"

"အေးပေါ့ဗျာ၊ အသက်တစ်ရာမနေရ အမှုတစ်ရာ တွေ့ရဆိုတာမျိုး ပေါ့လေ"

"လူ့ဘဝရဲ့ သဘောလေးတွေပေါ့"

"ဦးလွန်းဝေ ထမင်းစားပြီးပြီထင်ပါရဲ့

"ကျွန်တော် မစားရသေးပါဘူး"

"အို … အားနာစရာဗျာ၊ ထမင်းလေး ဘာလေးစားပြီးမှပဲ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် မဆာလို့ပါ"

"ဒါဖြင့် ကျွန်တော် ညှော်ဝတ်ပြုပါရစေ"

"သိုင်းကျူး ဦးခင်မြင့်၊ အအေးတစ်ခုခုလောက်ရရင် တော်ပါပြီ"



"ကဲ … ကျွန်တော်တို့ စရအောင်"

"လုပ်ပါလေ"

"ဒီနေ့ ဦးလွန်းဝေရောက်ခဲ့တဲ့ နေရာများကို သိပါရစေ"

"ဒီနေ့ ဆန်းဒေးမို့ ကျွန်တော်လည်း အားတယ်လေ အိမ်မှာကတော့ ထုံးစံအတိုင်း တီးကြ မှုတ်ကြမှာမို့ ကျွန်တော် အပြင်ထွက်ပါတယ်"

"အချိန်က"

"ဆယ့်တစ်နာရီလောက် ထွက်ခဲ့ပါတယ်"

"ဟုတ်ကဲ့၊ ဦးလွန်းဝေ ရောက်ခဲ့တဲ့နေရာ"

"ပထမ ကျွန်တော် ဌာနက အရာရှိ ဦးသက်မောင်ဆီ ရောက်ပါတယ်၊ ဦးသက်မောင်ကိုခေါ်ပြီး ဦးဘလှဆီ သွားကြပါတယ်"

"ကုန်သည်ကြီးအသင်းက ဦးဘလှဆီပေါ့"

"ဟုတ်ပါတယ် … ဟုတ်ပါတယ်"

"အအေးသောက်လိုက်ပါဦး ဦးလွန်းဝေ"

"ဦးဘလှအိမ်မှာ ဘီယာသောက်ကြပါတယ်၊ နှစ်နာရီလောက် ဦးဘလှ အိမ်က ထွက်ခဲ့ကြပါတယ်၊ ဦးသက်မောင်က သွားစရာရှိတာမို့ ဦးသက်မောင်ကို ဝင်ပို့ပြီး ကျွန်တော် အိမ်ကို ဖုန်းဆက်ပါတယ်"

"အဲဒီအချိန် ဘယ်သူဖုန်းကိုင်ပါသလဲ"

"လတ်မောင်မောင်က ကိုင်ပါတယ်"

"ဒီတော့"

"ကျွန်တော် စကားမပြောတော့ပါဘူး၊ ဖုန်းပြန်ချလိုက်ပါတယ်"

"လတ်မောင်မောင်နဲ့ ဦးလွန်းဝေတော့ သိပါတယ်နော်"

"သိပြီလားဗျာ၊ ကျွန်တော် စကားကို မပြောချင်လို့ပါ"

ဦးခင်မြင့်က စီးကရက်ဘူးထဲမှ စီးကရက်ထုတ်၍ ဦးလွန်းဝေကို တစ်လိပ်မီးညှိပေးပြီး သူလည်း စီးကရက်သောက်ရင်း အမေးအဖြေကို နားထားလိုက်၏။

လတ်မောင်မောင်၏နာမည်ကို ပြောသည့်အခါတွင် ဦးလွန်းဝေ မျက်နှာထားမှာ တင်းမာ၍ အသံလည်း မာလာသည်ကို သတိပြုလိုက်မိ၏။

"ဒီနောက်တော့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မာသာကြီးဆီသွားပါတယ်၊ အဲဒီကမှ သုံးနာရီလောက် မြို့ထဲထွက်ခဲ့ပြီး ဂလုပ်မှာ ပစ်ချာဝင်ကြည့်ပါတယ်"

"ဟုတ်ကဲ့"

"ရုပ်ရှင်ကြည့်ပြီးတော့ အိမ်ကိုပြန်လာခဲ့တာမှာ မဒါးစက်ရှေ့အရောက် ကားဘီးပေါက်သွားပါတယ်"

"အချိန်က"

"ငါးနာရီလေးဆယ်လောက် ရှိပါလိမ့်မယ်"

"ဟုတ်ကဲ့၊ ကားဘီးဖာပြီးတဲ့အထိ ဦးလွန်းဝေ တာရာဆိုင်မှာပဲ ကားနဲ့ အတူရှိနေတာပေါ့"

"မရှိပါဘူး ဦးခင်မြင့်၊ တာရာဆိုင်မှာထိုင်နေဖို့ သိပ်မကောင်းတာလည်း တစ်ကြောင်း၊ ကျွန်တော့်ကားရှေ့မှာ လုပ်လက်စကားတစ်စီးလည်း ရှိနေတာကတစ်ကြောင်းမို့ ကျွန်တော် လက်ဖက်ရည်ဆိုင်မှာ သွားထိုင် နေပါတယ်"

"စိတ်တော့မရှိပါနဲ့ ဦးလွန်းဝေဆီမှာ ရုပ်ရှင်ကြည့်ခဲ့တဲ့ ဖြတ်ပိုင်းလေး များ ရှိကောင်းရှိပါရဲ့နော်၊ ဦးလွန်းဝေကို မယုံလို့မဟုတ်ပါဘူး၊ အမှု အကြောင်းမှာ ပိုပြီးခိုင်လုံမှုရှိစေချင်လို့ပါ"

ဦးလွန်းဝေက သူ၏အိတ်ကပ်ထဲ ပြန်ရှာကြည့်ရာ လက်မှတ်ဖြတ်ပိုင်းလေးထွက်လာ၏။ ဦးလွန်းဝေက လက်မှတ်ဖြတ်ပိုင်းကို ဦးခင်မြင့် အားပေးရင်း ...

"အမှုအခြေအနေက ဘယ်လိုများရှိနေလို့လဲ ဦးခင်မြင့်၊ ကျွန်တော် သိခွင့်ရမယ်ဆိုရင်တော့ သိပါရစေ"

"လောလောဆယ်တော့ အခြေအနေကို ပြောဖို့ခက်ပါသေးတယ်၊ ကျွန်တော်တို့လည်း လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေ အများကြီးလုပ် ရဦးမှာပါ၊ ခုဟာက ဦးလွန်းဝေအိမ်မှာမရှိတုန်း ဦးလွန်းဝေ ခြံထဲမှာ ဖြစ်သွားတာမို့ မေးနေရတာပါ"

ဦးခင်မြင့်က ဦးလွန်းဝေကို စစ်မေးနေရင်း ဆေးလိပ်ကို အတွင်း ဖွာ၍ မီးခိုးရိပ်များကြားထဲမှ ဦးလွန်းဝေ၏ မျက်နှာရိပ်မျက်နှာကဲကို အကဲဖမ်း



နေခဲ့၏။ ဦးလွန်းဝေမှာ မျက်နှာတစ်ချက်မပျက်။ မေးသမျှကို တည်တည်ငြိမ် ငြိမ် ဖြေကြားနေသည်ကိုသာ တွေ့ရ၏။ မသင်္ကာစရာ အရိပ်အဆင်များ ထင်ဟပ်မလာခဲ့ပေ။

ဦးခင်မြင့်၏ သဘောထားတစ်ခုတည်းအပေါ် ကောက်ချက်ဆွဲ ရလျှင် ဦးလွန်းဝေသည် အချင်းဖြစ်မှုခင်းတွင် တရားခံဖြစ်နိုင်ဖွယ်မရှိဟု ယူဆနိုင်ရာ၏။ သို့သော် အကြောင်းချင်းရာ အရပ်ရပ်က တရားခံဟုရိုးစွဲ စရာ အကြောင်းခိုင်လုံနေလျှင်မူ မိမိ၏သဘောဆန္ဒကို မျက်ကွယ်ပြုရမည်သာ ဖြစ်ပေ၏။

"ကျွန်တော်တို့ရဲ့လုပ်ငန်းက အတော်လေးခက်ပါတယ် ဦးလွန်းဝေ၊ ပုဂ္ဂိုလ်အရ ဘယ်လောက်ပဲရင်းနှီးပေမယ်လို့ မှုခင်းဖြစ်ရပ်နဲ့ပတ်သက် လာရင် ပုဂ္ဂိုလ်သဘောကိုမူတည်ပြီး ပွင့်ပွင့်လင်းလင်း ပြောလို့မဖြစ် ပါဘူး၊ ထိန်းသိမ်းရပါတယ်၊ ကိုယ့်အထင်၊ ကိုယ့်အမြင်တစ်ခုတည်းနဲ့ လည်း အဆုံးဖြတ်ပြုလို့ မရပါဘူး၊ ထို့အတူပါပဲ တရားခံမဟုတ်သူတစ် ယောက်ကို တရားခံအဖြစ် မစွပ်စွဲမိအောင်နဲ့ တရားခံဟုတ်နေပါရက်နဲ့ တရားခံအဖြစ်က ကင်းလွတ်ခွင့်ရအောင် မလုပ်မိဖို့က ကျွန်တော်တို့ စောင့်ထိန်းရမယ့်အဓိကတာဝန်ပါ။ ဒါကြောင့်လည်း ဦးလွန်းဝေကို ဒါလောက်မေးနေရတာပါ"

"ကျွန်တော် နားလည်ပါတယ်ဗျာ"

"ဒါနဲ့ ဦးလွန်းဝေတို့ရဲ့ အိမ်ထောင်ရေး အခြေအနေကကော ..."

ဦးလွန်းဝေက ဦးခင်မြင့်ကို တွေတွေလေးကြည့်နေသည်။

"ကျွန်တော်တို့ဟာ ကျွန်တော်တို့ စုံစမ်းလို့လည်းရပါတယ် ဦးလွန်းဝေ၊ အတိမ်းအစောင်းရှိသွားရင် အမှုအတွက် မလေးသင့်ပဲလေးသွားမှာစိုး လို့ပါ"

"ဒါတော့ ကျွန်တော် တောင်းပန်ပါရစေ ဦးခင်မြင့်၊ ကျွန်တော် မပြောပါရစေနဲ့၊ မေနဲ့ ကျွန်တော်နဲ့လည်း မတွေ့ရသေးပါဘူး"

"ထားပါလေ၊ နောက်မှ ဆက်ညှိနှိုင်းကြတာပေါ့၊ ခုဖြစ်ပွားခဲ့တဲ့ မှုကင်းနဲ့ပတ်သက်ပြီး ဦးလွန်းဝေရဲ့ ထင်မြင်ချက်ကို သိပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း … ပြောရတာတော့ ခက်ပါတယ်လေ၊ လူရုပ်လူပွေတစ်ယောက် သွားသွားရာလမ်းကို သွားရတာပဲဆိုတာကလွဲလို့တော့ ကျွန်တော် ပြော စရာမရှိပါဘူး"

"ဟုတ်ကဲ့ … အတော်လေးလည်း အချိန်နှောင်းသွားပြီ။ ဒီနေ့တော့ ဒါလောက်ပါပဲ၊ လိုအပ်တာလေးများရှိရင် ဆက်လက်ကူညီစေချင်ပါ တယ်"

"စိတ်ချပါ ဦးခင်မြင့်၊ အချိန်မရွေးပါပဲ"

"ကျေးဇူးတင်ပါတယ် ဦးလွန်းဝေ၊ အိမ်ပြန်ပြီး နားနေနိုင်ပါတယ်"

ဦးခင်မြင့်က ဦးလွန်းဝေကို မဖမ်းသေးဘဲ အိမ်ပြန်လွှတ်လိုက် သော်လည်း သူ့နောက်က ရှဒိုးလိုက်ရန် တာဝန်ကိုမူ ပေးထားပြီးဖြစ်၏။

အမှုနှင့်ပတ်သက်သော အစပေါ်င်းများစွာကို စုစည်းရဦးမည် ဖြစ်၏။ မှုဖြစ်အကြောင်းရင်းကို ရှာဖွေဖော်ထုတ်ရဦးမည်ဖြစ်၏။

မေသဇင်၏ ထွက်ချက်တစ်ခုတည်း နှင့် ဖမ်းဆီးရန် အထောက် အထား နိုင်လှသည်ဟု မယူဆသေးပေ။ မေသဇင်အကြောင်းကို ဦးခင်မြင့် သိထားသင့်သလောက် သိထားသည်များလည်း ရှိသေး၏။

ရဲဌာနအတွင်းမှ လေးကန်သောခြေလှမ်းများဖြင့် ထွက်သွား သော ဦးလွန်းဝေ၏ ကျောပြင်ကိုကြည့်၍ ဦးခင်မြင့်မှာ သက်ပြင်းရှည်ရှည် ကြီးမှုတ်ထုတ်လိုက်၏။

◆ ⟶ ◆

မေသဇင်၏ ထွက်ဆိုချက်များမှာ ဦးလွန်းဝေအပေါ် ထားရှိသည့် သူ၏စာနာစိတ်များကို ချေဖျက်လျက်ရှိချေ၏။

"မဖြစ်နိုင်တာ မရှိ၊ မဖြစ်ရသေးတာသာရှိသည်" ဆိုသည့် ဖြစ်ရပ် ပေါင်းများစွာကို သူ၏လုပ်သက်အတွင်း အတွေ့အကြုံ မြောက်မြားစွာ တွေ့ကြုံခဲ့သည့်အတိုင်း ဦးလွန်းဝေသည် လက်မောင်းမောင်းကို သတ်သူမဖြစ်နိုင် ပါဘူးဟု ယတိပြတ် မှတ်ချက်ချရန် မစွမ်းသာခဲ့ပေ။

သတိရစရာ အကြောင်းလေးတစ်ခု သူ၏အတွေးစဉ်ထဲသို့ တိုး ဝင်လာခဲ့၏။



ဦးခင်မြင့် ဒုရဲအုပ် ဘဝက ရန်ကုန်မြို့ ထယ်ဂီကောင်းမှာ နေ့ခင်း ကြောင်တောင် ဖြစ်ပွားခဲ့သော ဘဏ်ဓားပြမှုတစ်ခုနှင့် ပတ်သက်၍ ဆက် နွယ်နေသူများနောက်သို့ ရှဒိုးလိုက်ခဲ့ရဖူး၏။

သူ ရှဒိုးလိုက်ခဲ့ရသော ယင်းဓားပြမှုတွင် ပါဝင်သူကို အပြင်ဗန်း အမြင်အတွေ့အားဖြင့် ဆုံးဖြတ်ရလျှင် ဘယ်လိုမှ ဖြစ်နိုင်စရာမရှိ။ ကိုယ်ပိုင် ကားစီးသည်။ ကိုယ်ပိုင်တိုက်နှင့် နေသည်။ စီးပွားရေးလုပ်ငန်းကလည်း ဝင် ငွေကောင်းသော မော်တော်ထောင်သည့် လုပ်ငန်းရှိနေသည်။ မော်တော်နှစ်စီး နှင့် စီဘိတ်တွဲများ ပိုင်ဆိုင်သည်။ ထိုမှဝင်ငွေမှာ တစ်လပျမ်းမျှ သုံးထောင်ဝန်း ကျင်တွင်ရှိသည်။ သူ၏ရာဇဝင်တွင်လည်း ရာဇဝတ်ပြစ်မှုနှင့် အစွန်းအထင်း အမှဲ့အပြောက် မထင်ခဲ့စဖူး။

သည်လိုလူတစ်ယောက်ကို ဓားပြမှုတွင် ပါဝင်လိမ့်မည်ဟု ထင် မှတ်စရာမရှိ။

ဦးခင်မြင့်ကလည်း ဒုရဲအုပ်ဖြစ်စ။

သူ ရှဒိုးလိုက်ရသည့် ကိစ္စအတွက် အထက်လူကြီးများကိုပင် အထင်လွဲ အပြစ်တင်မိ၏။

ငါ့ကို သက်သက် ချောက်ချတာများလား၊ ပညာစမ်းတာများ လားဟု ထင်ခဲ့၏။

တကယ်လိုက်ကြည့်သောအခါတွင်မူ ဓားပြမှုတွင် ပါဝင်ခဲ့သည် မှာ အမှန်ဖြစ်ကြောင်း တွေ့ခဲ့ရတော့၏။

လောဘဟူသည် လူတစ်ယောက်၏ တွေးခေါ်မြော်မြင်မှုကို ဖောက်ထိုးမှိုင်းမှောင် လုပ်ပစ်နိုင်စွမ်း ရှိပေသတတ်။

နောက်တစ်မှု။

ဦးခင်မြင့် ရဲမှူးဘဝက ကိုယ်တိုင်ကိုင်တွယ်ခဲ့ရသော အမှု။

အမှု၏တရားခံမှာ လူကြီးလူကောင်း စာရင်းဝင်။ လူသိများ ထင်ရှားသူလည်း ဖြစ်၏။ ထိုစဉ်အချိန်က အာဏာရ နိုင်ငံရေးလောကတွင် ဝင်ဆန့်သူ ဖြစ်ရုံမက အားကစားလောကတွင်လည်း ထင်ရှားသူတစ်ယောက် ဖြစ်ခဲ့၏။

ကိုယ့်ဇနီး ကိုယ်တိုင်သတ်ပစ်မှု။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နိုင်စရာ မရှိဟု ထင်ရသည်မှ တကယ်ဖြစ်ခဲ့သော မှုခ… ကြီးကို ဦးခင်မြင့် ကိုယ်တိုင် ဖော်ထုတ်၍ တရားစွဲဆို တင်ပို့ခဲ့ရဖူး၏။

ယင်းတရားခံမှာ ကြိုးပေးမခံရဘဲ ထောင်ဒဏ်သာခံရပြီး လွ… မြောက်လာသည့်အခါ ဦးခင်မြင့်ကို လက်ဆွဲနှုတ်ဆက်၍ ချီးကျူးစကား… ခဲ့၏။

ယခုဖြစ်ပွားသော အမှုမှာလည်း ရှင်းမယောင်နှင့်ရှုပ်၍ တိမ်… ယောင်နှင့်နက်မည့် အမှုသွားဖြစ်နေသောကြောင့် ဖြစ်နိုင်ပါ့မလားဆိုသ… သံသယစိတ်များကို သူ၏အတွေးစဉ်ထဲမှ ပယ်ထုတ်လိုက်ပြီး အမှုမှန်… ပေါ်ရေးအတွက် သူကိုယ်တိုင် အနီးကပ်ကွပ်ကဲရန် ဆုံးဖြတ်လိုက်၏။

မှုခင်းဟူသည် အရှုပ်နှင့် စ,လာတတ်ရာ ယင်းအရှုပ်ကို ရှင်းလ… ဖြေထုတ်ရန်မှာ …။

♦ → ♦

## အခန်း(ခုနစ်)

ဦးလွန်းဝေ ရွာနားမှ ပြန်လာပြီး အိမ်ပြန်ရောက်သည့်အချိန်အထိ မေသဇင်ကို အိမ်မှာမတွေ့ရပေ။ ထွေးပုကို မေးကြည့်တော့မှ မေသဇင်၏မိဘများအိမ်တွင် အိပ်မည့်အကြောင်း သိလိုက်ရ၏။

ဦးလွန်းဝေ အတော်လေး စိတ်ပျက်သွားရသည်။ သူတို့အိမ်မှာ လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့၏။ နေ့ပင်မကူးသေး၊ ပူပူနွေးနွေး ရှိသေးသည်။ ယင်းအချိန်တွင် မေသဇင် အိမ်မှာရှိနေသင့်သည်။ ဘယ်ကစ၍ ဘယ်လိုဖြစ်ခဲ့သည်ကို သူ့အား ပြောဖို့ကောင်းသည်။ သူတို့နှစ်ဦးနှင့် မိသားစုနှစ်စုလုံး၏ သိက္ခာကို ထိန်းသိမ်းဖို့အတွက် လင်မယားနှစ်ယောက် တိုင်ပင်စရာရှိသည်များကို တိုင်ပင်ထားဖို့လိုသည်။

ခုတော့ သူ့ကိုပင် မျက်နှာချင်းမဆိုင်ဘဲ ရှောင်ထွက်သွားသည်မှာ သည်းခံနိုင်ဖွယ် မရှိအောင် ဖြစ်ခဲ့ရသည်။

ဦးလွန်းဝေ တစ်ခါမှ ဒီလောက်အထိ ဒေါသမကြီးစဖူး။ ထွေးပုနှင့် ကိုပြူးတို့မှာ ဦးလွန်းဝေကိုကြည့်၍ ကြောက်ဒူးတုန်နေကြရသည်။

ဦးလွန်းဝေက ဒေါ်ကြီးမောကြီး ဖုန်းကောက်လှည့်လိုက်သည်။

တော်တော်နှင့် ဆက်မရ။

ဆက်၍ရပြန်သောအခါတွင်လည်း ကျေနပ်ဖွယ်အဖြေကိုမရ။

မေသဇင်တို့အိမ်မှ အိမ်ဖော်မလေးကတစ်ဆင့် "မမ ခေါင်းကိုက်လို့ အိပ်နေပါတယ်"ဆိုသော အဖြေကိုသာ ရခဲ့သည်။

အကယ်၍များ ရဲဝန်ထောက် ဦးခင်မြင့် ထံတွင် မေသဇင်ထွက်ဆိုခဲ့သည့် အစစ်ခံချက်များကိုသာ ဦးလွန်းဝေ ကြားသိခဲ့သော် ဘယ်လိုများခံစားရမှာပါလိမ့်။

♦ → ♦

www.burmeseclassic.com

www.burmeseclassic.com



ဌာနာအုပ် ဦးချစ်မောင်၏ မေးမြန်းချက် မှတ်စုကိုကြည့်၍ ဦးခင်မြင့်က ထပ်ဆင့် မေးမြန်းခဲ့၏။

"ဒေါ်မေသဇင် အသက်ဘယ်လောက် ရှိပါပြီလဲ"

"ကျွန်မ ၂၉ နှစ်ထဲမှာပါ"

"အိမ်ထောင်သက်က"

"ဆယ့်တစ်နှစ်ထဲမှာပါ"

"သားသမီးတော့ မထွန်းကားဘူးပေါ့နော်"

"သားတစ်ယောက်တော့ ရှိပါတယ်။ ငယ်ငယ်ကတည်းက ဘွားအေ များနဲ့ပဲ နေပါတယ်"

"ဪ ... ဪ ... ဒါကြောင့်မို့ ကျွန်တော်တို့ မတွေ့မိတာကိုး။ ဒေါ်မေသဇင်က ဂီတဘက်မှာ ဝါသနာပါသလို ရုပ်ရှင်ဘက်မှာလည်း ဝါသနာပါတယ်လို့ သိရပါတယ်"

"ဟုတ်ပါတယ်၊ ကျွန်မ ဒုတိယမင်းသမီးအဖြစ်နဲ့ ဇာတ်ကားနှစ်ကား ရိုက်ဖူးပါတယ်"

"လတ်မောင်မောင်နဲ့ သိကျွမ်းတာ ဘယ်လောက်ကြာပါပြီလဲ"

"သုံးနှစ်လောက်တော့ ရှိပါပြီ"

"လတ်မောင်မောင်ကို သတ်သူဟာ ဦးလွန်းဝေ ဖြစ်ပါတယ်လို့ ဒေါ်မေသဇင် ထွက်ချက်မှာ ပါနေပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့"

"ကျွန်မ မျက်စိနဲ့ မြင်လိုက်တာပါ"

"ဦးလွန်းဝေ ဆိုတာတော့ သေချာတယ်ပေါ့"

"သေချာပါတယ်"

"ဒီလိုပါ ဒေါ်မေသဇင်၊ သေနတ်ပစ်မှု ဖြစ်ပွားချိန်က နေ့ရဲ့အမှောင် ရိပ်ပျောက်စ ညရဲ့အလင်းရောင်မသမ်းတသမ်း စပ်ကူးမတ်ကူးအချိန်မို့ ဒေါ်မေသဇင် ရပ်နေတဲ့နေရာကနေ ပြတ်ပြတ်သားသား မြင်နိုင်ပါ့မလား"

မေသဇင်မှာ ကိုယ်လုံးကလေး တုန်သွားသည်အထိ ဒေါသရိပ် ထင်ပြီး ခပ်ဆတ်ဆတ် အသံမာမာနှင့် အဖြေပေးခဲ့ပုံမှာ မေးသူ ရဲအရာရှိ အပေါ် မကျေနပ်ဟန် ပေါ်လွင်နေသည်။



"ဟုတ်ပါတယ်၊ ကျွန်မနဲ့ဆယ်နှစ်ကျော် ပေါင်းသင်းလာခဲ့တဲ့ ဦးလွန်း ဝေကို အလင်းရောင်မရှိတဲ့ မှောင်ထဲမှာတောင် ကျွန်မ မှတ်မိပါတယ်"

"ဒီလိုရှိပါတယ် ဒေါ်မေသဇင်။ အမှုတစ်ခု ဖြစ်ပွားလာရင် တရားခံ အစစ်ကို ဖော်ထုတ်နိုင်ဖို့က အဓိကပါ။ တရားခံ မဟုတ်သူကို ဖော် ထုတ်မိရင် တရားခံလို့ အစွပ်စွဲခံရသူမှာ နစ်နာသလို ကျွန်တော်တို့မှာ လည်း တာဝန်ရှိပါတယ်။ ဒါကြောင့် သေချာအောင် မေးရတာပါ"

"ကျွန်မ တွေ့တဲ့ မြင်တဲ့အတိုင်း ထွက်ဆိုတာပါ။ ဦးလွန်းဝေဟာ ကျွန်မရဲ့ခင်ပွန်းသည် ဆိုတာကို ကျွန်မ မမေ့ပါဘူး"

"ဒေါ်မေသဇင်တို့ရဲ့ အိမ်ထောင်ရေး အခြေအနေကကော ပြေပြေလည် လည် ရှိပါရဲ့လား"

"မပြေလည်ပါဘူး"

မေသဇင် ဖြေပုံမှာ တိုတိုတောင်းတောင်း တုံးတိတိ နိုင်သော် လည်း ပြတ်သားသည်။ မပြေလည်ပါဘူးဟု ဖြေကြားပြီး မေသဇင်က သူမ ၏ အောက်နှုတ်ခမ်းအစွန်းကို သူမ၏အပေါ်သွားနှင့် ဖိကိုက်ထား၏။

"ဘာအကြောင်းများ ရှိပါလို့လဲ"

"ကျွန်မတို့က စ,ညားကတည်းက မပြေလည်တာပါ။ ပြောရမယ်ဆို ရင်တော့ အရှည်ကြီးပါပဲ"

"ဟုတ်ကဲ့ ပြောပါ ဒေါ်မေသဇင်၊ ဒါ အမှုအတွက် အရေးကြီးပါတယ်"

မေသဇင် ပြောပြသည့် ဦးလွန်းဝေနှင့် သူမ၏ဇာတ်လမ်းမှာ စိတ်ဝင်စားစရာ အတိပြီးသလို မေသဇင် အသည်းဘယ်လောက် မာကျော သည်ကိုလည်း သိခွင့်ရလိုက်၏။ နားထောင်နေရသူ ဦးခင်မြင့်မှာ ရုပ်ရှင် ကြည့်နေရဘိသကဲ့သို့ ထင်းခနဲ၊ လင်းခနဲ၊ ကွက်ကွက်ကွင်းကွင်း မြင်နေ၏။ မေသဇင်၏ ဇာတ်လမ်းသယ်ဆောင်ရာသို့ မျောပါနေခဲ့တော့၏။

နှလုံးသားက ယိုဖိတ်လာတဲ့ မေတ္တာကို စိန်စီထားတဲ့ ရွှေခွက်နဲ့ခံယူ လို့ မရသလို၊ အဓမ္မနည်းနဲ့လည်း လုယူလို့ မရဘူးဆိုတာကို ကိုလွန်း ဝေသာ သဘောပေါက်ခဲ့မယ်ဆိုရင်"

♦ → ♦

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(ရှစ်)

မှုခင်းဟူသည် အရှုပ်နှင့် စလာတတ်၏။

တချို့မှုခင်းက ရှုပ်မယောင်နှင့် ရှင်းရလွယ်၏။

တချို့က ရှင်းမယောင်နှင့် ရှင်းရခက်၏။

ယခု အချင်းဖြစ်မှုခင်းမှာ ရှင်းမယောင်နှင့် ရှင်းရမလွယ်သော မှုခင်းမျိုး ဖြစ်နေသည်။

ဦးလွန်းဝေသည် လူသတ်မှုတရားခံ ဖြစ်ပါသည်ဟု ဇနီးဖြစ်သူ ကိုယ်တိုင်က မျက်မြင်သက်သေ ထွက်ဆိုချက် ရှိထား၏။ ယင်းထွက်ဆိုချက်အရ ဦးလွန်းဝေကို တရားခံအဖြစ် ဖမ်းဆီးလိုက်လျှင် ပြီးရောဟု ဆိုစရာရှိ၏။

သို့သော် ...

ခင်ပွန်းသည်ကို တရားခံပါဟု စွပ်စွဲသူနှင့် သေဆုံးသူ၏ ဇာတ်လမ်းကိုလည်း မျက်ကွယ်ပြုထား၍ မရသေးပေ။

မှုခင်း၏ အကျိုးဆက် အကြောင်းရပ်အရ ဖြစ်နိုင်ဖွယ်ရှိနေသည် မှန်သော်လည်း ... ဦးလွန်းဝေကို တရားခံအဖြစ် မသတ်မှတ်သေးဘဲ လိုအပ်သော အစများကို စုစည်းခဲ့၏။

လတ်မောင်မောင်၏ ရာဇဝင်ကြောင်းနောက် လိုက်နေသည့် ရဲအုပ် ဦးလှမင်းထံမှ အစီရင်ခံစာကို စောင့်ရင်း အိမ်ဖော်နှစ်ယောက်ကို စစ်ဆေးစေခဲ့၏။

သူတို့၏ထွက်ဆိုချက်မှာ အမှုအတွက် အထောက်အကူ ပြုနိုင်စရာများ ပါဝင်သော်လည်း ရပ်တည်ချက်မှာ တစ်ယောက်တစ်မျိုး ဖြစ်နေသည်။

အိမ်ဖော် ထွေးပုက ဦးလွန်းဝေဘက်မှ ရပ်သည်။

ခြံစောင့်မောင်ပြုးက မေသဇင်ဘက်မှ ရပ်သည်။

ခြံစောင့်ကိုပြုး၏ ထွက်ဆိုချက်မှာ ...



"သူသည် ဦးလွန်းဝေတို့ခြံတွင် ခြံစောင့်မာလီအဖြစ် လုပ်ကိုင်ခဲ့သည်မှာ လေးနှစ်ခန့် ရှိပြီဖြစ်၍ သူ၏ဇာတိမှာ သာယာဝတီနယ်၊ ထိန်ပင်ကြီးရွာဇာတိ ဖြစ်ကြောင်း။ ပြည်တွင်းစစ်ကြောင့် မြို့ပေါ်ပြေးလာရင်း ကြုံရာရရာ ကျဘန်းအလုပ်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေခဲ့ရာမှ ဦးလွန်းဝေတို့နှင့် ဆက်မိပြီး အလုပ်ဝင်လုပ်ခဲ့ကြောင်း။ သူ့ကို ဦးလွန်းဝေက အလုပ်ခန့်ထားခြင်း ဖြစ်သော်လည်း ဦးလွန်းဝေနှင့် အဆင်မပြေခဲ့ကြောင်း။ ဦးလွန်းဝေမှာ သူ့ဇနီးနှင့် အဆင်မပြေဖြစ်တိုင်း ဒေါသအလွန်ကြီး၍ သူတို့ကို မဲတတ်ကြောင်း။ သူ့ကို သုံးလေးကြိမ်မက ထိုးကြိတ်ရိုက်နှက် ကန်ကျောက်ဖူးကြောင်း၊ သူ အလုပ်ကထွက်မည်လုပ်တိုင်း ဒေါ်မေသဇင်က ချော့မော့တားမြစ်ခဲ့သဖြင့် အလုပ်မှ မထွက်ဖြစ်ခဲ့ကြောင်း။ ဦးလွန်းဝေ ဒေါသထန်လာသည့်အခါ ဘာကိုမှ မစဉ်းစားဘဲ လုပ်တတ်ကြောင်း။ မှုခင်းဖြစ် အချိန်တွင် ခြံထဲတွင် သူရှိနေသော်လည်း နောက်ဖေးဘက် ရောက်နေသဖြင့် ဘာမှမမြင်မတွေ့လိုက်ကြောင်း။ ထိုနေ့မနက်က ဦးလွန်းဝေ ဒေါသတကြီး ဆူပူကြိမ်းမောင်း အော်ဟစ်ပြီး အပြင်ထွက်သွားသည်ကို တွေ့လိုက်ရကြောင်းများ ထွက်ဆိုသွားခဲ့၏"

ခြံစောင့်ကိုပြုး၏ ထွက်ဆိုချက်မှာ အမှုစစ်ဆေးသူ အရာရှိအနေဖြင့် သတိမူစရာအချက်များ ပါဝင်သလို အမှုဖြစ်ကြောင်းနှင့် အကျုံးဝင်နိုင်သော အချက်အလက်များ ပါဝင်နေသည်ကိုလည်း သတိပြုတေးမှတ်ထားလိုက်ရ၏။

သို့သော် ...။

အိမ်ဖော်ထွေးပု၏ ထွက်ဆိုချက်မှာမူ ကိုပြုး၏ထွက်ဆိုချက်နှင့် ပြောင်းပြန်ဖြစ်နေပြန်သည်။

"ကျွန်မကို စော်ဘွားကြီးကုန်းမှာ မွေးပါတယ်၊ အဖေ ကျွန်မ ငယ်ငယ်လေးကတည်းက ဆုံးသွားလို့ အမေပဲ ရှိပါတယ်။ ကျွန်မတို့ ကရင်ဗမာကပြားပါ။ ကျွန်မ မမကြီးတို့အိမ်ရောက်တာ ငါးနှစ်ပါး ရှိပါပြီ။ ကျွန်မ စရောက်ကတည်းက ကိုကိုကြီးနဲ့ မမကြီးတို့ သင့်မြတ်တာ တစ်ခါမှ မတွေ့ဖူးပါဘူး။ မသင့်မြတ်တဲ့အကြောင်းကတော့

www.burmeseclassic.com

www.burmeseclassic.com

မမကြီးက သူနေချင်သလို နေတာကြောင့် ဖြစ်ပါတယ်။ အတီးအမှု ကိစ္စနဲ့ပဲ အချိန်ကုန်နေပါတယ်။ **တစ်ခါ**တလေလည်း နှစ်ရက်သုံးရ ဖဲဝိုင်းက မထပါဘူး။ ကိုကိုကြီးက အလွန်အေးပြီး အလွန်ပဲ သဘော ကောင်းပါတယ်။ မမကြီးကိုလည်း တရားလွန် အလိုလိုက်ပါတယ် **မမကြီးက**တော့ ကိုကိုကြီးကို လုံးဝဂရုမစိုက်ပါဘူး။ သူနေချင်သလို **ပါတယ်။ သေသွား**တဲ့လူကိုလည်း အလွန်ဂရုစိုက်ပါတယ်။ အရေးလည် ပေးပါတယ်။ ကိုကိုကြီး ရှေ့မှာ**တော**င် နေချင်သလို နေကြပါတယ် ဟိုလူ သေနတ်ပစ်ခံရတုန်းက ကျွန်မ မမကြီးရဲ့နောက်နားမှာ ရှိ တယ်။ သေနတ်သံ ကြားတာကလွဲလို့တော့ ဘာမှမတွေ့လိုက်ရပါဘူ ကျွန်မလည်း တခြားမှာ အလုပ်ပြောင်းလုပ်ပါတော့မယ်ဟု ထွက်ဆို အစစ်ခံသွားခဲ့၏”

ကိုပြူးက အချင်းမှုခင်း ဖြစ်ပွားစဉ် သူသည် တိုက်နောက်ဖေ ဘက် ရောက်နေသောကြောင့် မသိလိုက်ရပါဟု ထွက်ဆိုခဲ့သော်လည် ထွေးပုကမူ အချင်းဖြစ်ပွားစဉ်က ဒေါ်မေသဇင် အနားတွင် သူရှိနေပါသည် သေနတ်သံ ကြားသည်ကလွဲ၍ သေနတ်နှင့်ပစ်သူကို လုံးဝမတွေ့လိုက်ရပါ ထွက်ဆိုခဲ့ပေသည်။

ယောက်ျားအိမ်ဖော်က အိမ်ရှင်အမျိုးသမီးဘက်မှ ရပ်တည်ထွက် ဆိုခဲ့၍ မိန်းမအိမ်ဖော်က အိမ်ရှင်အမျိုးသားဘက်မှ **ရပ်တည်ထွက်ဆိုခဲ့သ** မှာလည်း စဉ်းစားစရာ ဖြစ်နေသည်။

ထွေးပုကို ထပ်မံစစ်ဆေးခဲ့ရာ၌ အချင်းဖြစ်စဉ်က ဒေါ်မေသ နှင့်အတူ ဘေးချင်းယှဉ်လျက် ရှိနေပါသည်။ သေနတ်သံကြားလိုက်သည် လွဲလို့ သေနတ်နှင့်ပစ်သူကို လုံးဝမတွေ့လိုက်ရပါဟု ထပ်မံ၍ အခိုင်အမ ထွက်ဆိုခဲ့၏။

အမှုစစ်အရာရှိများအနေဖြင့် အမှုတစ်ခုကို စစ်ဆေးရင်း ရှုပ် သွားသည်နှင့် ကြုံရသလို စစ်ရင်းဆေးရင်း ပို၍ရှုပ်ထွေးသွားသည်နှင့်လည် ကြုံရတတ်ပေရာ ယခုအပိုင်းအထိ အခြေအနေမှာမူ ရှင်းလမ်းကိုမမြင်နိုင်သေး ဘဲ ရှုပ်လမ်းပေါ်တွင် စမ်းတဝါးဝါး လှမ်းနေရဆဲဟု ဆိုရပေမည်သာပင်တည်

◆ → ◆

## အခန်း(ကိုး)

မခေါ်ဘဲရောက်လာသော သက်သေတစ်ဦး။

အမှုတစ်ခု ဖြစ်ပြီဆိုလျှင် မှုခင်းဖြစ်နေရာ ပတ်ဝန်းကျင်မှ ကြားသက်သေ၊ မြင်သက်သေများ၏ ထွက်ဆိုချက်များ ပြောပြချက်များမှာ အမှုဖော်ထုတ်ရေးတွင် အရေးပါသည်ကို အမှုစစ် အရာရှိများက ဘယ်တော့မှ မျက်ခြည်ပြတ်ခံလေ့ မရှိပေ။ အမြဲတမ်း သတိမူလေ့ ရှိပေသည်။

သို့ရာတွင် မှုခင်းဖြစ်ရပ်ဝန်းကျင်မှ မြင်ကြားသက်သေများမှာ မိမိတို့ အချင်းချင်းတွင်သာ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်၏။ **စစ်ဆေးသူ** နှင့် တွေ့လျှင်မူ ဟိုနှယ်၊ **ဒီနှယ် ဖြစ်ကုန်**ကြတော့၏။ ဌာနမှာ အစစ်ခံရ မှာကြောက်သည်။ ရုံးမှာလိုက်၍ သက်သေခံရမည်ကို **ရွံ့ကြသည်။ တွန့်**ကြ သည်။ တာဝန်သိသိ ကူညီမှုကို အမှုစစ်အရာရှိများ တွေ့ရခဲဘိ၏။

မေးသည်သော်မှ မပြောချင်ကြသော်လည်း ယခုအမှုတွင် ကိုယ် **တိုင်ခဲ့ဌာနသို့ ရောက်လာ၍ သက်သေ**ခံသူတစ်ဦး ရှိလာ၏။

သူ၏အမည်မှာ **ကိုသိန်းမြင့်**။

သူက ဦးလွန်းဝေတို့ခြံနှင့် တစ်ခြံကျော်တွင် **နေထိုင်သူ** ...... ရုံးမှ အထက်တန်းစာရေးတစ်ဦးဖြစ်၏။

မှုခင်းဖြစ်နေရာကို ရောက်လာသူများတွင် သူက ပထမဆုံး။

သေနတ်သံ ကြားကြားချင်း သူ ရောက်လာသည်။

လဲကျနေသူထံမှ ပြောလာသော စကားများကို သူ ကြားလိုက်ရ သည်။ သူ ကြားလိုက်ရသော စကားများမှာ အရှည်ကြီးမဟုတ်၊ လေးငါး ဆယ်လုံးမျှသာ။

သေဆုံးသူ၏ နှုတ်ဖျားမှ ထွက်လာသော **စကားမို့ အမှုစစ်အရာရှိ** ကလည်း အရေးတယူပင် ရေးမှတ်ယူခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ရဲများရောက်လာ၍ ဆေးရုံသို့ပို့ပြီး ဆေးရုံတွင် သေဆုံးသွ[ား]သည်အထိ လတ်မောင်မောင် နှုတ်ဖျားမှ ထွက်မလာခဲ့ပေ။

သို့မို့ကြောင့် ကိုသိန်းမြင့် ကြားလိုက်သော စကားများ[မှာ] လတ်မောင်မောင် မသေခင် နောက်ဆုံးပြောသွားသော စကားလုံးများအ[ဖြ]စ် မှတ်တမ်းတင်လိုက်ရပေသည်။

ကိုသိန်းမြင့်က လတ်မောင်မောင် လဲကျသောနေရာသို့ ... ပထမဆုံး ရောက်သွား၍ လတ်မောင်မောင်၏အနားတွင် ထိုင်လိုက်[ပြီး] လတ်မောင်မောင် နှုတ်ဖျားမှ ...

"ဦးလွန်းဝေရယ် ... ကျွန်တော့်အပေါ်မှာ ဒီလောက်ပဲ ..." [ဟု] ညည်းညည်းညူညူ ပြောနေသည်ကို ကြားလိုက်ရပါသည်လို့ ထွက်ဆိုချ[က်] ပေးခဲ့၏။

"ဦးလွန်းဝေရယ် ... ကျွန်တော့်အပေါ်မှာ ဒီလောက်ပဲ ..." [ဆို]သော စကားကို နှစ်ခါထပ်ပြောပြီး လတ်မောင်မောင် ငြိမ်ကျသွားသည်[ဟု] ဆိုခဲ့၏။

မခေါ်ဘဲ ရောက်လာသော သက်သေ၏ထွက်ဆိုချက်မှာ လူသ[တ်] တရားခံ ဖော်ထုတ်ရေးတွင် အရေးပါလောက်သည်ဟု ဆိုနိုင်ရာ၏။

မေသဇင်က ဦးလွန်းဝေ ကိုယ်တိုင် သေနတ်နှင့်ပစ်ခဲ့သည်[ကို] မြင်ပါသည်ဟု ထွက်ဆိုထား၏။

သေဆုံးသူ၏နှုတ်မှ ဦးလွန်းဝေ နာမည်ကို ထုတ်ပြောသွား၏။

"ဒီလောက်ပဲ" ဆိုသော စကား၏နောက်ကွယ်တွင် ဆက်တွဲ... စရာ စကားတွေ အများကြီး ရှိနိုင်သည်။

သို့ဆိုသော် ...။

♦ → ♦

# ⇥ အခန်း(တစ်ဆယ်) ⇤

လတ်မောင်မောင်၏ နောက်ကြောင်းရာဇဝင်မှာ မကောင်း။

မကောင်းဆိုသည်မှာ မ,ကိစ္စတွင် အလွန်ရှုပ်ရှုပ်ပွေပွေ နေခဲ့သည့် နောက်ကြောင်းခံ ရှိနေသည်။ လတ်မောင်မောင်ကို မုန်းသူနှင့် ရန်ငြိုးဖွဲ့သူများ ရှိသည်။ မ,ကိစ္စကြောင့် သူ့အပေါ် မကျေမနပ် အငြိုးထား ရန်ဖွဲ့နေသူများလည်းရှိသည်။

ထိုအထဲမှ ဖြစ်နိုင်ဖွယ်ရှိသည်ဟု ယူဆရသူများကိုလည်း ခေါ်ယူ စစ်ဆေးခဲ့သည်။

ခေါ်ယူစစ်ဆေးခြင်း ခံရသူများမှာ လတ်မောင်မောင် ပေါ်တွင် အကြိတ်အခဲ ရှိနေသည်မှာတော့ မှန်သည်။ သို့သော် ယခုဖြစ်မှုခင်းနှင့် သူတို့ မသက်ဆိုင်ကြောင်း၊ မပတ်သက်ကြောင်းကို အခိုင်အမာပင် ထွက်ဆိုကြသည်။ ခိုင်လုံသော သက်သေအထောက်အထားများလည်း ပြသနိုင်ကြသည်။

ပြီး လတ်မောင်မောင်ကို မကျေနပ်၍ အငြိုးဖွဲ့သူများမှာလည်း တေတေပေပေ၊ ကလေကချေသမားများ မဟုတ်။ လတ်မောင်မောင်လိုပင် ခနေ့ငွေကြေးပြည့်စုံသော အသိုင်းအဝိုင်းမှ ပညာတတ်ကလေးများ ဖြစ်ကြသည်။

သူတို့က ကိုယ်တိုင်မကျူးလွန်ကြစေကာမူ လူငှား၍ကောဟု စဉ်းစားစရာ ရှိသည်။ မည်သို့ပင်ဖြစ်စေ၊ တရားခံဟု စွပ်စွဲနိုင်သူကိုမူ ရှာမတွေ့သေးပေ။ စုံစမ်းမှုအပိုင်းကမူ၊ ရေဆုံးရေဖျား လိုက်ခဲ့သည်။ သဲသဲမဲမဲ ရှာခဲ့သည်။ မပြေးသော် ကန်ရာရှိနေသူမှာ ဦးလွန်းဝေသာပင်။

ဇနီးသည်ကိုယ်တိုင်က မြင်လိုက်ပါသည်ဟု ထွက်ဆိုအစစ်ခံ ထားသည့်အပြင်၊ သေဆုံးသူ၏ နောက်ဆုံးပြောသွားသော စကားလုံးများကို ကြားလိုက်ရသူ ကြားသက်သေ၏ အစစ်ခံချက်အရ တရားခံရှာဖွေရေးမြားဦးမှာ ဦးလွန်းဝေဘက်သို့ ပြန်လှည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ရှိစေကာမူ ဦးလွန်းဝေကို ပြန်လည်စစ်ဆေးရမည်ဖြစ်ပေသည်။

အချင်းမှုခင်းဖြစ်ကတည်းက ဦးလွန်းဝေမှာ ရုံးမှခွင့်ယူပြီး အိမ်မှာပင်နေခဲ့သည်။ အရက်ကို ခါတိုင်းထက် ပိုသောက်၍ ဂနာမငြိမ်သည့် လက္ခဏာများကိုလည်း အထင်အရှား တွေ့နေရသည်။

ဦးလွန်းဝေကို စောင့်ကြည့်နေသူ ရဲဒိုးထံမှ အစီရင်ခံစာအရ ပြင်ပသို့ သွားလာလှုပ်ရှားမှု မရှိသော်လည်း အိမ်တွင်နေသည့် လက္ခဏာမှာ တည်ငြိမ်မှု လုံးဝမရှိကြောင်း သိထားရသည်။

ရဲဝန်ထောက် ဦးခင်မြင့် ထံသို့လည်း အမှုအခြေအနေကို တယ်လီဖုန်းနှင့် မကြာခဏ လှမ်းမေးခဲ့သည်မှာ စဉ်းစားစရာ ဖြစ်နေသည်။

ထို့ကြောင့် ဦးလွန်းဝေကို ပြန်စစ်ဆေးခဲ့ရသည်။

ဦးလွန်းဝေကမူ လတ်မောင်မောင် သေဆုံးမှုမှာ သူနှင့်လုံးဝမပတ်သက်ပါ။ ယင်းအမှုကိုလည်း သူ မကျူးလွန်ခဲ့ရပါဟု ငြင်းကွယ်ထွက်ဆိုခဲ့၏။

ဦးခင်မြင့်က အကျိုးအကြောင်း အမျိုးမျိုးပြ၍ စစ်ဆေးခဲ့သော်လည်း ဦးလွန်းဝေထံမှ လိုချင်သောအဖြေ ထွက်ပေါ်မလာခဲ့ပေ။

နောက်ဆုံးတွင် သူ ချစ်လှပါသည်ဆိုသော ဇနီးဖြစ်သူ ဒေါ်မေသဇင်၏ အစစ်ခံချက်နှင့် သက်သေ ကိုသိန်းမြင့်တို့၏ အစစ်ခံချက်များကို ပြောပြခဲ့ရသည်။ မေသဇင်၏ အစစ်ခံချက်ကို ကြားလိုက်ရသော ဦးလွန်းဝေမှာ ငိုင်ကျသွားသည်။ ဣန္ဒြေပျက်သွားသည်။ တုန်လှုပ်သွားသည်။ စီးကရက်များကိုသာ တစ်လိပ်ပြီးတစ်လိပ် ဖွာရှိုက်ရင်း ဦးခင်မြင့်၏ နောက်ဘက်မှ ပြတင်းပေါက်ကို ငေးစိုက်ကြည့်နေသည်။

ဦးခင်မြင့်က အတော်လေး စိတ်ရှည်ရှည်ထား၍ ဦးလွန်းဝေထံမှ ထွက်လာမည့် စကားအလာကို စောင့်နေခဲ့၏။

ဦးလွန်းဝေ၏ မျက်လုံးများမှာ ရီဝေလာသည်။ သို့သော် သူ၏ နှုတ်ဖျားကမူ လှုပ်မလာခဲ့ပေ။

"အဲဒါပါပဲ ဦးလွန်းဝေ၊ အမှုအခြေအနေကတော့ ဒီလိုရှိနေပါတယ်"

"မေက ကျွန်တော် ကြိုးစင်ပေါ် တက်တာကို မြင်ချင်တာကိုး"



"ဟုတ်ကဲ့ ... ဦးလွန်းဝေရဲ့ဇနီးကတော့ ဒီအတိုင်းပဲ ထွက်ဆိုထားပါတယ်။ ဦးလွန်းဝေကသာ ..."

ဦးလွန်းဝေက သူ၏ခေါင်းကို ခပ်ဖြည်းဖြည်းလေး ယမ်းလိုက်သည်။

သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီးမှ ...

"ဒါဖြင့်လည်း ဦးခင်မြင့်တို့ လိုအပ်သလို ဆက်လုပ်ပါလေ"

"ဦးလွန်းဝေ မှားသွားတယ် ဆိုပါတော့"

"ကျွန်တော်ကတော့ ငြင်းရမှာပဲ ဦးခင်မြင့်။ ဖြစ်ချက်က ကျွန်တော့်ဘက် လှည့်နေတယ် ဆိုရင်တော့ ..."

"ဒီလိုလည်း မဟုတ်ပါဘူးလေ၊ ဦးလွန်းဝေဟာ ပညာတတ်တစ်ယောက်ပါ။ တရားဥပဒေရဲ့သက်ညှာခွင့်ကို ရဖို့အတွက် ဦးလွန်းဝေပေါ်မှာ တည်ပါတယ်လေ"

"ကျွန်တော်တို့ အတွင်းရေးတွေကို လူသိရှင်ကြား မပြောပါရစေနဲ့။ တရားရုံးမှာလည်း ကျွန်တော့်အနေနဲ့တော့ မပြောဘူး။ အပြစ်ရှိတယ်လို့ ဆုံးဖြတ်ရင်လည်း ကျွန်တော် ခံသွားမှာပါပဲ"

"တရားဥပဒေကတော့ တစ်ဘက်စောင်းနင်း မဆုံးဖြတ်ပါဘူး ဦးလွန်းဝေ"

"ကျွန်တော် ဝန်ခံရင်လည်း ခင်ဗျားတို့ ဖမ်းမှာပဲ။ ဝန်မခံရင်လည်း ဖမ်းမှာပဲ။ ဒီလိုမဟုတ်လား။ ဦးခင်မြင့်ကိုတော့ အားနာပါတယ်။ ကျွန်တော် ဝန်မခံဘဲ အဖမ်းခံပါရစေလား"

"ဒါတော့ ဦးလွန်းဝေရဲ့ဆန္ဒပါလေ။ ကျွန်တော်တို့ကတော့ အမှုနိုင်လုံမှုကို ဖော်ထုတ်ရမယ့် တာဝန်ရှိပါတယ်"

"ကျွန်တော် မာမီဆီကိုတော့ အကြောင်းကြားပါရစေ"

"ဖြစ်ပါတယ် ဦးလွန်းဝေ"

ဦးလွန်းဝေက အတိအလင်း ဝန်မခံသော်လည်း ဝန်ခံဘိသို့ စကားဆိုလာသည်။

မည်သို့ပင်ဖြစ်စေ၊ မျက်မြင်သက်သေ၊ ကြားသက်သေနှင့် ဦးလွန်းဝေတို့၏ အိမ်ထောင်ရေး အရှုပ်အထွေးက တရားခံ၏ လမ်းကြောင်းကိုညွှန်ပြနေသည့်အတိုင်း ဦးလွန်းဝေကို ဖမ်းဆီးလိုက်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ဤအခြေအနေတွင် ဦးလွန်းဝေကို တရားခံအဖြစ် စွပ်စွဲရုံမှအပ အခြားမရှိဟု ဆုံးဖြတ်လိုက်ရသည်။

မှားယွင်းသော ဆုံးဖြတ်ချက်ဟု မဆိုနိုင်ပေ။

တရားခွင်ပေါ်တွင် ဖြစ်ပေါ်လာမည့် အခြေအနေကိုမူ စောင့်ကြည့်ရပေတော့မည်သာတည်း။

♦ → ♦

## အခန်း(တစ်ဆယ့်တစ်)

ဤနေရာတွင် တရားခွင်ပေါ်မှ အဖြစ်အပျက်များကို မဆက်မီ ဦးလွန်းဝေနှင့် မေသဇင်တို့၏ အတိတ်ဖြစ်ရပ် ဇာတ်လမ်းကို ဖော်ပြရမည် ဖြစ်ပေသည်။

ဦးလွန်းဝေ၏ မိဘများနှင့် မေသဇင်၏ မိဘများမှာ လူချမ်းသာ မျိုးရိုးများ ဖြစ်ကြ၏။ နှစ်ဖက်သော မိဘများမှာ ငွေကြေးပြည့်စုံ ကုန်လုံ ကြွယ်ဝရုံသာမဟုတ် စီးပွားရေးလုပ်ငန်းကြီးများကိုလည်း ထူထောင်ပိုင်ဆိုင် ထားကြသူများလည်း ဖြစ်ကြ၏။

အထက်တန်းလွှာ လောကတွင် ရေပန်းစားကြသလို မင်းပေါက် စိုးပေါက် ခေါင်းတင်မာန်ဝင့်နိုင်သူများဖြစ်သည့်အတိုင်း သူတို့၏စီးပွားရေး လုပ်ငန်းများမှာ ကြံတိုင်းအောင်၍ လုပ်တိုင်းမြောက်နေသူများဟု အသိအမှတ်ပြု ခံထားရပေသည်။

နှစ်ဖက်မိဘများမှာ စီးပွားဖက်များ ဖြစ်ကြရာ တစ်ဦးနှင့်တစ်ဦး အမြဲတမ်း အဝင်အထွက်ရှိရုံမက ဆွေမျိုးမက ရင်းနှီးကျွမ်းဝင်ခဲ့ကြ၏။

နှစ်ဖက်စလုံး လူချမ်းသာစာရင်းဝင် ဖြစ်သော်လည်း တကယ် တမ်းတွင်မူ မေသဇင့်မိဘများထက် ဦးလွန်းဝေ၏မိဘများက ပို၍ချမ်းသာသည် ဟု ဆိုရမည်ဖြစ်၏။

ဦးလွန်းဝေ၏အဘိုး၊ အဘွားများမှာ ထိတ်ထိတ်ကြဲ မြေပိုင်ရှင်ကြီးများ ဖြစ်ခဲ့ကြသည်မှ စပါးဈေး အလွန်ကောင်းခဲ့သော ကာလတွင် ဆန်စက်ကြီးများတည်၍ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခဲ့ကြ၏။

သူဌေးဘွဲ့ခံနိုင်သည်အထိ ဝင်လာမစဲ တသဲသဲသော ငွေများကို သိမ်းဆည်းရသည်က အလုပ်ကြီးတစ်ခု ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်ခံ ဆာ ဟာကုတ်ဘတ္တလာ လက်ထက်တွင် ရန်ကု
တက္ကသိုလ်ကျောင်း အဆောက်အအုံများကို စတင်တည်ဆောက်ခဲ့ရာ အစိုး
ချည်း မတတ်နိုင်သောကြောင့် တစ်နိုင်ငံလုံးရှိ သူဌေးများထံမှ ငွေအလှူခံ
ဘွဲ့ထူး၊ ဂုဏ်ထူးများ ဖောဖောသီသီ ပေးခဲ့သည့်ခေတ်တွင် ဦးလွန်းဝေ၏အဘိုးမှ
တီပီအက်(စ်)ခေါ် တိုင်းကျိုးပြည်ကျိုးဆောင် ဘွဲ့ထူးဂုဏ်ထူးကိုပင် ရရှိခဲ့၏

စပါးဈေးကောင်းတော့ လယ်သမားတွေ ပျော်ကြသည်။ မြေပိုင်
ရှင်တွေ မော်ကြသည်။ စပါးဈေးမကောင်းသောအခါ လယ်သမားတွေ ငို
ဆင်ရသည်။ မြေပိုင်ရှင်တွေ သူဌေးဘွဲ့ရကုန်ကြသည်။

ဦးလွန်းဝေ၏အဘိုးမှာ ငွေမြှုပ်နိုင်သူ၊ ငွေလှည့်နိုင်သူဖြစ်သ
စပါးဈေးကျလေ ပို၍ချမ်းသာလေ ဖြစ်ခဲ့သည်။

အဘိုး အဘွားများ၏ အမွေအနှစ်ကို တစ်ဦးတည်းသော သမီ
ဖြစ်သူ ဦးလွန်းဝေ၏မိခင် ဒေါ်သိန်းရှင်က ဆက်ခံခွင့်ရခဲ့ရာ ဆန်စက်နှစ်လုံ
နှင့် တိုက်တာအိမ်ခြေ၊ လယ်ယာမြေတွေကို ထားဘိဦး။ စိန်ချည်းပင် ဂိုးလ
ဒင်းဘတ်မုန့်သေတ္တာပုံးနှင့်တစ်လုံး အပြည့်ရှိခဲ့သည်ဟု အဆိုရှိခဲ့၏။

ဟိုခေတ်က "စိန်ကို ပြည်တောင်းနှင့်ချင်၍" ဟူသော စကားပ
ရှိခဲ့သည် မဟုတ်ပါလား။

ဒေါ်သိန်းရှင်၏ ခင်ပွန်းမှာလည်း မျိုးတူရိုးတူ သူဌေးသား
နှစ်ယောက်ပေါင်းတော့ ဘာပြောကောင်း၊ ကျိကျိတက် ချမ်းသာသူတွေ ဖြ
လာကြသည်။

ဒေါ်သိန်းရှင်က စိန်တွေကို ညွတ်နေအောင် ဝတ်တတ်သည်
တစ်ကိုယ်လုံး တပျပ်ပျပ်လက်အောင်ကို ဝတ်လေ့ရှိသည်။ အရှည်အသွေ
ကောင်းလှသောစိန်တွေ သီးနေအောင် ဝတ်တတ်သည့် ဒေါ်သိန်းရှင်မှ
စိန်မမ ဟူသော အမည်သစ်တစ်လုံးကိုပင် ထပ်ဆင့်ရလာခဲ့၏။ နောက်က
တော့ ဒေါ်သိန်းရှင် ဆိုသည့် အမည်ထက် စိန်မမ အမည်က ပို၍လူသိမျာ
ပြီး တွင်ကျယ်ခဲ့ပေသည်။

မေသဇင်၏မိဘများမှာ လူချမ်းသာစာရင်းဝင်ပေမင့် တကယ်
တမ်းဆိုရလျှင် ဒေါ်သိန်းရှင်တို့ကိုတော့ မမီပေ။ တစ်ခါတစ်ရံ လုပ်ငန်းအတွက်
ငွေအရေးတကြီးလိုလျှင် ဒေါ်သိန်းရှင်တို့ဆီကပင် ဆွဲရလွဲရသည်။



ဦးလွန်းဝေကို မွေးပြီးနောက် နဂိုက ချမ်းသာသည့် ဒေါ်သိန်းရှင်တို့မှာ စီးပွားအဆမတန် တက်လာသမို့ သားဖြစ်သူကို ငယ်ငယ်ကတည်းက အလွန်အကျူး အလိုလိုက်ထားခဲ့သည်။ ဦးလွန်းဝေ သုံးချင်သလောက်သုံး။ ဖြုန်းချင်သလောက်ဖြုန်း။ မုန့်ဖိုးဆိုသည်ကို အကန့်အသတ်မထား။ မီးခံသေတ္တာထဲက ငွေပုံကို ပြထားသည်။

ဦးလွန်းဝေ သုံးလေ စီးပွားတက်လေ ဆိုသော အယူအဆမျိုး ရှိသောကြောင့်လည်း သုံးရမည့်သူက မသုံးလျှင် မဖြုန်းလျှင် အတင်းသုံးခိုင်းကြသည်။ အတင်းဖြုန်းခိုင်းကြသည်။

ဒါပေမင့် ဦးလွန်းဝေ ဗီဇက တစ်မျိုး။

မိဘများက အလွန်အကျွံ အလိုလိုက်ထားစေကာမူ၊ ပေါ့ပေါ့ပြိပြိ မနေတတ်။ အပျော်အပါး ဘက်မလိုက်။ သူငယ်ချင်း အပေါင်းအသင်းများ များစားစား မထား။ တစ်ယောက်တည်း တွေးငေးနေရသည်ကို ပို၍နှစ်သက်သူဖြစ်၏။

အတွေးစဉ်များအတွင်း နစ်မွန်းသွားသည့်အခါ တစ်ယောက်တည်း ပြုံးချင်ပြုံးမိသည်။ တစ်ခါတလေများ ရယ်တောင့် ရယ်လိုက်မိသည်။

မိဘများကလည်း သူ့ကို အရိပ်တကြည့်ကြည့်မို့ သူ၏အနေအထိုင်မှာ မိဘများကို မျက်ကလဲဆန်ပြာ ဖြစ်စေခဲ့သည်ထင်ပ။

သူ့ခမျာ ငယ်ငယ်ကတည်းက ဒုက္ခရောက်ခဲ့ရသည်။

ဦးလွန်းဝေကို မွေးပြီးမှ စီးပွားပိုတက်လာသည်နှင့်အတူ ဦးလွန်းဝေ၏ နေပုံထိုင်ပုံမှာ သူတို့အတွက် ဟိုနယ် ဒီနယ် တွေးစရာတွေ ဖြစ်လာသည်။

ငေးငေးငိုင်ငိုင် နေတတ်သည်။ တစ်ယောက်တည်းလည်း ပြုံးတတ် ရယ်တတ်သည်။ ကလေးပီပီ အကစားမမက်။ နေပုံထိုင်ပုံက လေးတွဲသည်။ သူ၏မျက်လုံးများမှာ အဝေးသို့ ပျံ့လွင့်ငေးငိုင်နေတတ်သည်။

အဲဒီတော့ ဆရာဆိုသူတွေဆီ ရောက်ခဲ့ရသည်။

ဆရာဆိုသူတွေကလည်း ဒါမျိုးစောင့်နေတာ။ တိုင်းယ[illegible]တဲ့ ပဏ္ဏလာ **မီးမွှာတာနဲ့** အဆင်သင့် **ဆိုဘိသို့ ဖြစ်ခဲ့ကြသည်။** တစ်[illegible]ည်းအားဖြင့် ဘုန်းကြီးရှူးနှင့် လှေလူး တွေ့**ကြသည်ဟု ဆိုရမည်သို့**[illegible]။

www.burmeseclassic.com

www.burmeseclassic.com



အသက်ကငယ်ငယ်၊ နဂိုကတည်းက အေးအေးဆေးဆေး
တတ်သည့်ကလေးမို့ လူစိမ်းသူစိမ်းများရှေ့ ရောက်သောအခါ သူ၏အ
အထိုင်မှာ ပို၍လေးတွဲ့သွားသည်။ ငေးသည်။ ငိုင်သည်။ မှိုင်သည်။ အုန်
ငှက်ပျောပွဲရှေ့မှ ဆရာဆိုသူ၏ ရှူးရှူးရဲရဲ ကြည့်သည်ကို မနေတတ် မထို
တတ် ဖြစ်ခဲ့သည်။

မောင်လွန်းဝေလေးခမျာ လက်အုပ်ကလေးချီပြီး တုန်တုန်ယ
ယင်နဲ့ ပါးစပ်ကတော့ ဘာမှမပြော အားငယ်ပြီး မျက်ရည်များ ကျလာသည်

"အဲ ... ဟုတ်ပြီ၊ ကိစ္စမရှိဘူး၊ မပြောရင်နေ ကတိသာပေး"

အသက်ကို အလှူခံသည်။

ချေးဆစ်ကြသည်။

မောင်လွန်းဝေက ဘာမှမပြောပေသိ ဆရာက သူတစ်ယော
တည်းပြော သူတစ်ယောက်တည်း ချေးဆစ်နေခြင်းဖြစ်၏။

မောင်လွန်းဝေလေးမှာ ဥစ္စာစောင့် ဝင်စားသူအဖြစ် ဆရာ
ရှေ့မှောက်သို့ မကြာခဏ ရောက်ခဲ့ရရှာသည်။

သည်တုန်းက မောင်လွန်းဝေက အသက် ၁၄ နှစ်ကျော်ကျော်

လှကောင်ကလည်း ထွားထွား။

အလေးမ,ဝါသနာထုံမွေ့နေတုန်း။

ငယ်ငယ်ကတည်းက အဲဒီလို ဗီဇမျိုးနှင့် နေထိုင်လာခဲ့သေ
ဦးလွန်းဝေမှာ ကျောင်းသားအရွယ်တွင်လည်း သူ၏ပုံစံကမပြောင်း။ အပေါ်
အသင်းများနှင့် ထွေးရောယှက်တင်နေသည်ထက် စာအုပ်ကိုသာ အဖော်လု
နေခဲ့သည်။ စာကြိုးစားသော ကျောင်းသားတစ်ယောက် ဖြစ်လာသည်။

သူ တက္ကသိုလ်ရောက်တော့ အိမ်က သူ့အတွက် ကားတစ်
သပ်သပ်ဝယ်ပေးထားခဲ့သည်။ သူ့အိတ်ထဲမှာ ငွေအထပ်လိုက် ထည့်ပေးထာ
သည်။ သို့စေကာမူ ဦးလွန်းဝေမှာ တခြားသော သုံးနိုင် ဖြုန်းနိုင်သည
ကျောင်းသားများလို မနေခဲ့။ အပေါင်းအသင်းလည်း များများမထား။ သူ
စာကြမ်းပိုးများနှင့်သာ တတွဲတွဲ နေခဲ့၏။ တက္ကသိုလ်မှာ စာကြမ်းပိုးဆိုသည်
အနည်းစု။ အများစုမှာ ကျောင်းသားဘဝကို ပျော်ပျော်ပါးပါး ကုန်လွန်စေ
သူများသာ ဖြစ်ကြ၏။



ဦးလွန်းဝေက အပျော်အပါးကို မေ့ထားသလို အချစ်ရေးကိုလည်း မျက်ကွယ်ပြုထားသည်။ သူ စိတ်ဝင်စားသည်မှာ တစ်ခုတည်းသာ။ အိုင်စီအက်(စ်)ဘဝ မျှော်မှန်းနိုင်သော အင်္ဂလိပ်စာဂုဏ်ထူးရရေးသာ ဖြစ်ပေသည်။

ထို့ကြောင့်လည်း ဦးလွန်းဝေမှာ တက္ကသိုလ်ကျောင်းသားဘဝ ရောက်သည့်တိုင် အချစ်မျက်ကန်း ဖြစ်ခဲ့ရသည်။

ကံ့ကော်ရိပ်မှ စပယ်ပွင့်ကလေးများမှာ သူ့အတွက် ရနံ့မထင်ဘဲ မွှေးနံ့ပြယ်နေသည်။ ကျောင်းသားအများစုက အလှတရားကို ရှာနေချိန်တွင် သူက မျက်ကွယ်ပြုထားသည်။

တက္ကသိုလ်ဆိုသည်က အလှပန်းတို့ ပွင့်လန်းရာနယ်မြေ။

ဖြူဖြူလေးနှင့် လှနေသူ။

ညိုညိုလေးနှင့် လှနေသူ။

ဝါရီသွေးနှင့် လှနေသူ။

မည်းမည်းလေးနှင့် လှနေသူ။

ရောင်စုံပန်းများ ဖူးပွင့်နေသည်သို့နှယ်။

ထိုထိုသော အလှများမှာ ဦးလွန်းဝေတို့လို စာဂျပိုးများကို မလှုပ်စွမ်းသာခဲ့ပါလေ။ သူတို့မျက်ဝန်းထဲတွင် မစွဲထင်ရစ်ပါလေ။

ဦးလွန်းဝေ တက္ကသိုလ် နောက်ဆုံးနှစ်တွင်မှ မေသဇင် တက္ကသိုလ် ရောက်လာသည်။

တက္ကသိုလ်ရောက်ကတည်းက မေသဇင်၏အမည်မှာ ဟိန်းထွက် လာသည်။

မေသဇင်၏ အလှဒဿနသည် ကျောင်းသားများ၏ နှုတ်များတွင် တစ်ခဏချင်း ရေပန်းစားသွားသည်။ ဖရက်ရှာဒေး၏နောက်နေ့များတွင် မေသဇင်၏အလှကိုကြည့်ဖို့ စောင့်သူတွေ တိုး၍တိုး၍ လာသည်။

သို့တိုင်အောင် ဦးလွန်းဝေက ကြား,သိမှာပဲ ထားလိုက်သည်။ မြင်တွေ့ရန်ကိုမူ မကြိုးစားခဲ့ပေ။

အလှတရားကို တရားလွန် တိမ်းမူးလွန်းသော ကျောင်းသား များအတွက်ပင် ပြုံးလိုက်မိသေးသည်။

ဒါပေသိ ထိုနေ့သို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


ဦးလွန်းဝေတို့အိမ်တွင် ဘုရားကိုးဆူကပ်သောနေ့။

ခါတိုင်းဆို အိမ်မှာ လူစည်ကားမည့်နေ့မျိုးတွင် ဦးလွန်းဝေ အိမ်မှာမရှိတတ်။

ဒီနေ့လည်း ထွက်ဖို့ပြင်ပြီးသား။

ဦးလွန်းဝေ အပြင်မထွက်ခင် တခြားဧည့်သည်များ ရောက်မလာသေးခင် မေသဇင်တို့မိသားစု ရောက်လာကြသည်။

ရွှေစကားဝါရောင် မင်းသမီးလေးမှာ ညနေဆည်းဆာနှင့် အလှချင်းပြိုင်နေသည်။ သူမ၏အလှမှာ ရက်ရက်ယိုယို လွှမ်းထင်နေသည်။

တောင်ဇွန်းကနေမှာ ဖြည်းဖြည်းသာသာ လျှောလျှောကျနေဆဲ။

"ရှုသာတင့်စနိုး၊ လှခေါင်မိုးလျှင်၊ ပြစ်မျိုးမှဲ့မထင်၊ နတ်ရုပ်သွင်သို့၊ ဖြူစင်ထွန်းရောင်ဝင်း၊ လှမှန်ကင်းကို၊ ညတွင်းဆည်းဆာတွင်၊ ကျွန်ုပ်မြင်သည်"

ဆိုသော ကဗျာရှင်၏ အဖွဲ့အနွဲ့လို ဦးလွန်းဝေ၏ မျက်ဝန်းထဲမှာလည်း ပြစ်မျိုးမှဲ့မထင်နိုင်အောင် စွဲထင်သွားခဲ့သည်။

မေသဇင်၏အလှမှာ နတ်သျှင်နောင်၊ နဝဒေး၊ ရှင်မဟာရဋ္ဌသာရစသော စာဆိုအကျော်အမော်များ ဖွဲ့ဆိုခဲ့သည့် မှတ်ကျောက်တင် အလှမျိုးထက်ပို၍ လှနေရော့သလား။ ယောက်ျားတို့ တိမ်းမူးစရာ အလှပေါင်းစုံဖွဲ့စည်းထားလေရော့သလားဟု ဆိုရမည်သို့ ရှိချေ၏။

တုပြိုင်နိုင်းကင်းရာသော အလှမျိုးဟု ဆိုရမည်ထင်သည်။

မေသဇင်၏အလှကို ထပ်ဆင့်ထားသည့်အလှမှာ နက်၍မှောင်သော ဒူးကောက်ကွေးလွန်သည့်တိုင် ကော့ပျံ့ရှည်လျားသည့် ဆံစုကြီးကို ဆည်းဆာရိပ်တွင် ဝင့်ကြွားဟန် တင်ထားခြင်းပေတည်း။

မည်သို့ပင်ဆိုစေ မေသဇင်၏ အလှကို ဒဏ္ဍာရီဆန်နေသော အလှမျိုးဟုပဲ ဆိုချင်ဆိုပါစေတော့။ မေသဇင် လှသည်မှာတော့ တကယ်လှသည်။ အလှဆိုသည်မှာ မေသဇင်။ မေသဇင် ဆိုသည်မှာ အလှဟုဆိုနိုင်ရာ၏။

ဦးလွန်းဝေက ဆည်းဆာနှင့်အတူ အလှရိပ်ကြွယ်နေသော မေသဇင်၏အလှကို တွေ့ခဲ့သည်။ တွေ့သည်မှ တိတ်တခိုးမဟုတ်၊ တဲ့တိုးတွေ့လိုက်ရသည်။



ပထမ သူ၏ရင်ထဲမှာ သဲ့သဲ့လေး လှုပ်သွားသည်။

အလှရှာန်ဝင်စားမိလာတော့ သွက်သွက်ခါအောင် လှုပ်သွားခဲ့ရသည်။

အဲဒီနေ့က အပြင်ထွက်မည့် အစီအစဉ်ကို ဖွန့်လွှတ်လိုက်၏။

မေသဇင်၏အလှက ဦးလွန်းဝေကို ဖမ်းစားလိုက်ပြီတည်း။

ခါတိုင်း ခေါင်းအုံးနှင့်ခေါင်းထိလျှင် ရိပ်ခနဲ အိပ်ပျော်သွားလေ့ရှိသော ဦးလွန်းဝေမှာ ထိုနေ့တွင်မူ တော်တော်နှင့် အိပ်မရခဲ့။ အိပ်ပျော်ပြန်တော့လည်း အိပ်မက်ထဲမှာ လှကေရီ၏ မြူဆွယ်ဆော့ကစားခြင်းကို ခံနေရပြန်၏။

အဲဒီ ထိုတစ်နေ့ကစ၍ ဦးလွန်းဝေ တစ်ယောက် မေသဇင်၏ လှကွန်ယက်တွင် လူးလွန့်အမိခံလိုက်ရတော့၏။

တက္ကသိုလ် မြကျွန်းသာတွင် သတင်းကြီးနေသည့် မင်းသမီးကလေးမှာ သူ၏စိတ်ကူးဝက်ပါထဲတွင် လှည့်ရစ်နေခဲ့၏။ သို့စေကာမူ မေသဇင်နှင့် နီးစပ်အောင် ဘာလုပ်ရမည်ကိုမူ သူ မသိခဲ့။ နေ့တိုင်း ကျောင်းတက်လာသည့် မေသဇင်၏အလှရိပ် ဘယ်လိုဆင်လာသည်ကိုသာ တိတ်တခိုးကြည့်ရသည့် အလုပ်တစ်ခု ပိုလာခဲ့သည်။

တဲ့တိုးမြင်ရစဉ်က မေသဇင်၏အလှနှင့် တိတ်တခိုးမြင်ရသော မေသဇင်၏အလှမှာ မကွဲပြားစေကာမူ ဦးလွန်းဝေ၏ မျက်စိထဲတွင် အမြင်မရှင်း ဖြစ်နေသည်။ မေသဇင်၏ဘေးတွင် တွဲဖော်လေးတစ်ယောက် အမြဲတမ်းပါနေသည်။ ဖြူဖြူချောချော နွဲ့နွဲ့နှောင်းနှောင်း လူငယ်တစ်ယောက်။

ဘယ်နေရာတွင် ဘယ်အသွင်နှင့်တွေ့တွေ့ သူတို့နှစ်ဦး၏မျက်နှာပေါ်မှာ အပြုံးရိပ်များ ယှက်သန်းလျက်သာ။

တကယ်တော့ ချစ်တတ်သူများ၏ လှုပ်ရှားဟန်မှာ ဘေးကမြင်ရသူများအတွက် ဘဝင်ငြိမ့်စရာများသာ ပြည့်ထင်နေတတ်သည်။ သူတို့အတွဲလေးမှာ လိုက်ဖက်သည်။ အတွဲညီသည်။ ကြည့်လို့ကောင်းသည်။ ပဏာတင်သည်။

သို့စေကာမူ ဦးလွန်းဝေ၏ မျက်စိထဲတွင် ထိုသို့မထင်။

မေသဇင်ဘေးက ကောင်လေးကို ဒဿဂီရိအသွင် မြင်နေသည်။

www.burmeseclassic.com

 www.burmeseclassic.com

ဟုတ်ပ။ သူက ရာမနေရာမှာ နေချင်ပြီကိုး။

ဦးလွန်းဝေက ရယူပိုင်ဆိုင်လိုသော ဆန္ဒသာရှိသည်။ ရယူပိုင်ဆိုင်နိုင်မှုအတွက် ဘယ်သို့လုပ်ရမည်ကိုမူ သူ မသိ။ ဘယ်သူ့ကိုမှလဲ ဖွင့်မတိုင်ပင်ရဲ။

မျိုသိပ်မှုကို မထိန်းနိုင်သည့်အဆုံး အရုပ်လှလှလေး လိုချင်သော ကလေးလိုပဲ လုပ်လိုက်ရသည်။

"မေမေရေ သားတော့ဖြင့်"ဟု အပူကပ်လိုက်ရတော့၏။

ဦးလွန်းဝေနှင့် မေသဇင်တို့၏ ဇာတ်လမ်းအစမှာ ဤသို့ရှိခဲ့ရာမှ ...။

♦ ➙ ♦

## အခန်း(တစ်ဆယ့်နှစ်)

ကျော်ကျော်နှင့် မေသဇင်တို့ တွေ့ကြသည်မှာ မေသဇင် ကိုးတန်းရောက်သောနှစ်တွင် ဖြစ်သည်။

မေသဇင်မှာ ငယ်ငယ်ကလေးကတည်းက အဆိုဘက်တွင် ဝါသနာထုံမွေ့ခဲ့သည်။ အနုပညာကို အလေးအမြတ် ထားသည်ထက်၊ ခေတ်ဆန်သော မြီးကောင်ပေါက် ထုံးစံအတိုင်း ကျော်ကြားမှုကို မက်မောခဲ့သည်။ တမ်းတ,ခဲ့သည်။ အဆိုတော်တစ်ယောက် ဖြစ်လာမည့် အခွင့်အရေးကို ရှာဖွေခဲ့သည်။ အခွင့်သာလျှင် ရုပ်ရှင်မင်းသမီးဖြစ်ဖို့အထိ စိတ်ကူးယဉ် အိပ်မက်များနှင့် ရူးခဲ့ဖူးသည်။

ကျော်ကျော်၏ အစ်ကိုအကြီးဆုံးမှာ ထိုစဉ်အချိန်က ကျော်ကြားသော ကာလပေါ်တီးဝိုင်းအဖွဲ့၏ ခေါင်းဆောင်ဖြစ်ရာ စန္ဒရားကျော်ဝင်းနိုင် အမည်မှာ အဆိုတော်ရူး ရူးနေသူ ကောင်မလေးများအကြားတွင် ရေပန်းစားခဲ့သည်။

ကျော်ဝင်းနိုင် စင်ပေါ်တင်ပေးလိုက်သည့် အဆိုတော်လေးများမှာ ထွန်းထွန်းပေါက်ပေါက် ရှိခဲ့သည်။ ဂီတလောကတွင် နာမည်တစ်လုံးနှင့် ခြေကျနိုင်ခဲ့ကြသည်။ စန္ဒရားကျော်ဝင်းနိုင်၏ ကာလပေါ်တီးဝိုင်းမှာ မြီးကောင်ပေါက်ကလေးများ အာရုံစူးစိုက်ရသော တီးဝိုင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

မေသဇင်တို့လို ဂီတရူး အဆိုတော်ရူးကလေးများမှာ စန္ဒရားကျော်ဝင်းနိုင်ကို မသိသူ မရှိသလောက်ပင်။ မသိသူကလည်း သိအောင်မိတ်ဖွဲ့ကြသည်။ တိုက်ရိုက်မိတ်ဖွဲ့သူရှိသလို တစ်ဆင့်ခံ မိတ်ဖွဲ့သူများလည်း ရှိကြသည်။ ထိုအထဲတွင် မေသဇင် တစ်ယောက် ပါဝင်ခဲ့သည်။

တစ်အိမ်လုံးက ကျော်ဝင်းနိုင်ကို နိုင်နိုင်ဟု ခေါ်ကြသလို ကျော်မင်းနိုင်ကိုမူ ကျော်ကျော်ဟု ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်နိုင်ကို ဂီတဆရာအဖြစ် အရှုံးအမူးဖြစ်ခဲ့သူ မေသဇင်၏ နောက်ပိုင်းတွင် ကျော်ကျော်နှင့် ပို၍အဖွဲ့ကျသည်။ ကျော်ဝင်းနိုင်မှာ အပြော အဆို သိပ်သည်းသည်။ အနေအထိုင် စည်းစနစ်ကြီးသည်။ ဗရွတ်ရွတ်တစကား မျိုးမပြော။ အနုပညာကို ခုတုံးလုပ်ပြီး အခွင့်အရေးယူတတ်သူလည်း မဟုတ်။ အနုပညာကို အလွန်အမင်း လေးစားတန်ဖိုးထားသူ ဖြစ်သည်။ သူ့ကိုဆည်း ကပ်လာသူများအပေါ် ဣန္ဒြေရရနှင့် မှန်တမ်းသာ ဆက်ဆံလေ့ရှိသည်။

ကျော်ကျော်ကတော့ သည်လိုမဟုတ်။

လူကငယ်သလောက် အပြောကချိုသည်။ နွဲ့သည်။ ပလီသည်။ တီသည်။ တာသည်။ ခယာသည်။ ကနုကယင်စကားလုံးလေးများကိုလည်း သုံးတတ်ပါပေ့။ ရုပ်ကလည်း ချောသည်။ ကောင်မလေးတွေ ကျလောက်သည်။ အမြှောက်အပင့် အချော့အတင် စကားလုံးများကိုလည်း ဝေဝေစည်စည် အလွန်ပြောတတ်သည်။

ခင်ခင်မင်မင်ရှိအောင် ဆက်ဆံတတ်သောစွမ်းအားမှာ ကျော်ကျော် တွင် အပြည့်အဝ ရှိနေသည်ဟု ဆိုရမည်။

ပထမတော့ ရင်းရင်းခင်ကြသည်။ နောက်တော့ ချစ်တတ်သူများ ဖြစ်လာကြသည်။ နှစ်မြွာတစ်သည်း ဖြစ်လာကြသည်။

ခုတော့ ကံ့ကော်လမ်းမှာ၊ အင်းလျားကန်ရိပ်မှာ၊ စိမ်းဖန့်ဖန့် မြသားရည်ရွှန်းသော ကမ္ဘလာမှာ နှစ်ယောက်အတူတွဲလျက် မေတ္တာပန်းမွှေး လန်းခွင့် ရခဲ့ပြီ။ တက္ကသိုလ်ပုရဝုဏ်တွင် မေသဇင်၏အလှကို ယစ်မူးကြရသလို သူတို့အတွဲလေးကို ကြည့်၍လည်း ကြည်နူးကြရသည်။

သူတို့၏ပျော်ရွှင်မှုမှာ အထွတ်အထိပ်သို့ ရောက်ခဲ့သည်။

မေတ္တာသည် သူ၏မူလပင်ကိုသဘောအရ အေးမြ၏။ ငြိမ်သက်၏။ အဆိပ်အတောက်ကင်းပ၏။ သို့သော် တည်ငြိမ်မှုသဘော အလွန်အား နည်း၏။ လှုပ်ရှားမှုသဘော အမြဲတမ်း သက်ဝင်နေ၏။

မေတ္တာသည် အဆိပ်အတောက် ကင်းပသည်ဟု ဆိုရသော်လည်း တစ်ခါတစ်ရံတွင်မူ အဆိပ်ပြင်းသည်။

မမျှော်လင့်ဘဲ ဝင်လာသော မုန်တိုင်းမှာ မေသဇင်၏ နှလုံးသား ကို ပြုတ်လုပြုတ်ခင်တမျှ တိုက်ခတ်သွားခဲ့၏။



ကျော်ကျော်ကို သည်အကြောင်း ပြန်ပြောတုန်းကများ သူ၏ မျက်နှာပေါ်မှာ ဘယ်တုန်းကမှ မရစ်သမ်းဖူးသည့် ညှိုးရိပ်မှာ ထင်းထင်းပပ ရစ်သမ်းသွားသည်။

မေသဇင်၏သဘောထားကို မေးခဲ့သည်။

မေသဇင်၏ အဖြေမှာ မျက်ရည်များသာတည်း။

ဘာလုပ်ကြမလဲလို့တော့ မေးတတ်သည်။

ဘာလုပ်ကြရအောင်ဆိုတော့ အဖြေဆိုင်းသွားတတ်သည်။

ပိုင်ဆိုင်လိုမှု အခြေခံမှ ပေါက်ဖွားလာသော မေတ္တာကို ရယူရန် မဟုတ်မူဘဲ ပေးဆပ်စွန့်လွှတ်ရန် ဖြစ်လာသောအခါ နှစ်ယောက်စလုံး မေတ္တာ ဆိပ်သင့်ခဲ့ရသည်။

ပို၍ခံရသူမှာ ကျော်ကျော်။

♦ → ♦

ထိုမှ ဒသဂီရိလေးအကြောင်း မေသဇင်၏မိဘများနားသို့ ပေါက်ကြားသွားခဲ့သည်။ ဦးလွန်းဝေ စနက်က အဓိကပေါ့။ လွတ်လပ်ခွင့်ကို ရုပ်သိမ်းခံလိုက်ရသည်။ ကျော်ကျော်နှင့် တွေ့ဆုံဖို့ အခွင့်အရေး နည်းလာသည်။

ကံ့ကော်ရိပ်မှာ သူ့အတွက် နေရာမရှိဘိတော့သို့။

နောက်ပိုင်းတွင် လုံးချင်းမတွေ့ခဲ့ရတော့ပေ။

မေတ္တာဆိပ် သင့်ခဲ့သည်လားမသိ။

ကျော်ကျော်တစ်ယောက် ဖျားပြီး အိပ်ရာထဲ လဲနေသည်ဆိုသော သတင်းကိုသာ ကြားရသည်။

"ကျော် ...

ဘာလို့များ ဒီလောက်တောင် စိတ်အားလျှော့ရသလဲကွယ်၊ လမ်းစရှာဖို့ အချိန်တွေ ရှိပါသေးတယ်လေ။

မေလည်း အချိန်ဆွဲလို့ရသမျှဆွဲဖို့ ကြိုးစားနေတယ်၊ မာမီတို့ အစီအစဉ်အတိုင်း သမီး နာခံပါ့မယ်၊ ဒါပေမဲ့ သမီးဘွဲ့ရတဲ့အထိတော့ ကျောင်းဆက်နေခွင့် ပြုပါလို့ ပြောထားတယ်။

မေ"

www.burmeseclassic.com

www.burmeseclassic.com

"မေ ...

စာဖတ်ရတယ်။

မေကတော့ ဆုံးစွန်သော မျှော်လင့်ချက်ကို စိတ်ကူးယဉ်နေတုန်းပဲကိုးနော်။

ကျော်ကတော့ မျှော်လင့်ချက် ဆိုတာကို စွန့်ထားပြီးသားပါလေ၊ မျှော်လင့်ချက်ဆိုတာ စွန့်စားဝံ့သူများအတွက်သာပါ။ နှစ်မြွာတစ်သည်းနဲ့ နှစ်လွှာပေါင်းရင် တစ်ရွက်ဆိုတာလည်း စွန့်စားသူများသာ ပိုင်ဆိုင်ခွင့်ရတတ်ပါတယ်လေ။

ကျော်လည်း မေ့ကို မြင်ချင်နေပါတယ်၊ တွေ့ချင်နေပါတယ်။ ဒါပေမဲ့ မေ့ကို မြင်တွေ့နေရုံနဲ့တော့ ခံစားမှုဝေဒနာက ပြေငြိမ်းမသွားပါဘူးလေ။

ကျော် ကျောင်းတော့ ဆက်တက်မှာပါ၊ မေ့ကိုတော့ မတွေ့အောင် ရှောင်နေပါရစေ။

ကျော်"

အဲဒီလို အပြန်အလှန် ပေးစာများမှာ သူတို့နှစ်ယောက်ကြားတွင် လူးလာခတ်နေသည်။

ထိုမှ ကျော်ကျော် အဖျားပျောက်သွားပြီ။ ကျောင်းလည်း ပြန်တက်ပြီ။

သို့ပေမင့် မေနှင့် ကျော်ကျော်ကတော့ မဆုံစည်းကြပါလေ။

အထူးသဖြင့် ကျော်ကျော်က ပို၍ရှောင်ခဲ့သည်။

ဘွဲ့ရသည်အထိ ကျောင်းနေပါရစေဦး ဆိုသည်ကို မေသဇင်၏ မိဘများက လိုက်လျောခဲ့ပါသည်။

သို့သော် ချွင်းချက်နှင့် ...။

မင်္ဂလာကိစ္စပြီးမှ ဘွဲ့ရသည်အထိ ကျောင်းဆက်တက်ရမည်ဟူ၍ ...။

သည်သတင်း ကျော်ကျော့်ဆီ ရောက်ခဲ့သည်မှ ကျော်ကျော့်ဆီက စာလည်း မေ့ဆီရောက်သွားသည်။

ကျော်ကျော့်ဆီကစာမှာ တိုးတိုလေး။



"မေ ...

ဆုံးဖြတ်ချက် ပြောင်းမလား။

အရင်အတိုင်းပဲလား။

စွန့်ဝံ့သူကို ကျော် စောင့်နေတုန်းပါ။

သိပါရစေ။

ကျော်"

"ကျော် ...

မဖြစ်နိုင်တဲ့အခြေအနေပါပဲ ကျော်ရယ်၊ မေ့ရဲ့နှလုံးသားမေတ္တာဟာ ကျော့်ဆီမှာပဲ ထာဝရ ရှိနေပါလိမ့်မယ်။

သူ မေ့ကို ပိုင်ဆိုင်ခွင့် ရသွားပေမယ့် မေ့ရဲ့တုံ့ပြန်မေတ္တာကိုတော့ သူ ဘယ်တော့မှ မရစေရဘူး။

ကျော် ခံစားရသလို၊ သူလည်း တစ်သက်လုံး ခံစားစေရမယ်လို့ မေ နိုင်မာတဲ့ကတိ ပေးပါတယ် ကျော်ရယ်။

ကျော် မတောင်းဖူးတဲ့ အခွင့်အရေးကို မေ ပေးပါရစေ။

မေတတ်နိုင်တာကတော့ ဒီလောက်ပါပဲနော် ကျော်ရယ်။

ခွင့်လွှတ်ပါ။

ကျော့်ရဲ့မေ"

နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်သော စွယ်တော်ရွက်ကလေးများကို ကြည့်၍ ကိုယ်တို့နှစ်ယောက်လည်း စွယ်တော်ရွက်လိုပဲနော်ဟု ဆိုခဲ့ဖူးသည်မှ ခုတော့ ...။

◆ → ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(တစ်ဆယ့်သုံး)

ဦးလွန်းဝေ ထောင်ထဲရောက်သည့်ညက အတွေးကွန်ခြာနှင့် လုံးထွေးရစ်ပတ်နေသည်။ တစ်မောင်း(ဆယ့်ငါးမိနစ်)တစ်ခါခေါက်၍ လေးမောင်း(တစ်နာရီ)နာရီကြီးပေါင်း ခေါက်သည်ကို အားလုံး ကြားနေ သိနေသည်။ သူ အိပ်မရခဲ့သည်မှာ ထောင်ထဲရောက်မှ မဟုတ်၊ အပြင်မှာကတည်းက အိပ်မရခဲ့ရာ၊ ထောင်ထဲရောက်တော့ ပိုဆိုးသည်။

တွေးလေ အိပ်မရလေ၊ အိပ်မရလေ အတွေးစဉ်များ ပျံ့လွင့်လေနှင့် သူတို့၏ မင်္ဂလာနေ့နှင့် အိမ်ထောင်ဦး ညဉ့်ဆီသို့ ရောက်သွားသည်။

သူတို့၏မင်္ဂလာပွဲမှာ ခမ်းနားလွန်းသည်။ ကြီးကျယ်လွန်းသည်။ ဝင့်ထည်လွန်းသည်။

စည်ကားလိုက်သည်မှာလည်း မပြောနှင့်တော့။ ဝက်ဝက်ကွဲအောင်ဆိုသော တင်စားစကားနှင့်ပဲ ပမာပေးရမည် ထင်သည်။

မေသဇင်၏အလှမှာ ဝင်းပလွန်းသည်။

တစ်ခုပဲ ဆိုစရာရှိသည်။

လှလွန်းသော သတို့သမီးလေး၏ မျက်နှာပေါ်တွင် ပြုံးရိပ်ထင်သည်ကို ဧည့်ပွဲလာများ မတွေ့ရခြင်းပေတည်း။

မပြုံးသော်လည်း ညှိုးရိပ်တော့မထင်။ ညှိုးရိပ်ကို တည်ခန့်လွန်းသော ဣန္ဒြေဖြင့် ဖုံးကွယ်ထားခဲ့၏။

သတို့သမီး၏ ပြုံးရိပ်မထင်သော နှုတ်ဆက်မှုကို တုံ့ပြန်ရသည့် ဧည့်ပွဲလာပရိသတ်များမှာ အတော်လေးတော့ နိုးလိုးခုလု အဖြစ်သား။ အကြောင်းရင်းမသိသူများကမူ သတို့သမီး အရှက်လွန်နေသည်လို့ပဲ ထင်ကြသည်။

သတို့သမီးက မပြုံးဘဲ သတို့သားတစ်ယောက်တည်း ပြုံးရသည်မှာလည်း အတော်လေးတော့ ကသိကအောင့် နိုင်လှသည်။



မည်သို့ပင်ဖြစ်စေ သူတို့၏မင်္ဂလာပွဲမှာ အောင်မြင်စွာ မဟုတ်သည့်တိုင် အလွန်အမင်း ရုပ်မပျက်ဘဲ ပြီးဆုံးခဲ့သည်သာ။

အဲဒီညက ဆယ်နာရီလောက်မှ ဧည့်စဲသွားသည်။

သူတို့ဇနီးမောင်နှံ နေကြမည့် တိုက်အသစ်ကလေး၌ မွမ်းမံပြင်ဆင်ထားသည့် ပစ္စည်းများမှာ အဖိုးတန် အညွန့်အလွင်များချည်းသာဖြစ်၏။

ကွယ်လွန်သူ ဘိလပ်ပြန် ပန်းချီဆရာကြီး ဦးဘဉာဏ် အပါအဝင် ပန်းချီကျော်များ ရေးဆွဲထားသည့် နှစ်ထောင်အထက် တန်ဖိုးရှိသော ပန်းချီကားချည်း ငါးကားရှိနေသည်။

ဧည့်ခန်းတစ်ခုတည်းတွင် ရှိနေသော အလှအပပစ္စည်းများ၏ တန်ဖိုးကို သင့်တွက်သည်ရှိသော်မှ သူတို့၏တိုက်တန်ဖိုးနှင့် ညီလေမလားဟု ထင်မှားလောက်စရာ ရှိချေ၏။

ထိုအထဲမှ အထင်ပေါ်ဆုံး ပစ္စည်းတစ်ခုမှာ သပြေညိုရောင်လက်လက်ထနေသည့် စန္ဒရားကြီးပါတည်း။

ဂီတရသ၊ အနုပညာရသကို အလေးမမူခဲ့ဖူးသည့် ဦးလွန်းဝေက မေသဇင်အတွက် ရည်စူးပြီး ဝယ်ပေးထားသည်မှာ ပေါ်လွင်လွန်းလှ၏။

ဧည့်စဲသွားသည်နှင့် ဧည့်ခန်းထဲမှာ တိတ်ဆိတ်သွားသည်။ ခြောက်သွေ့သွားသည်။

မေသဇင်က အလှအပပစ္စည်း အစုံအလင်နှင့် မွမ်းပျောက်ထားသော ဧည့်ခန်းအပြင်အဆင်ကို လုံးဝအရေးမထားဘဲ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဟိုလှန်သည်လှန် လှန်နေသည်။

ကိုယ်ချင်းချစ်လို့ ယူကြသူများအတွက် မင်္ဂလာဦးည၌ ပြောစရာစကားများမှာ ကုန်,ကုန်နိုင်ဖွယ်ရာ မရှိပါချေ။ ချစ်စရာ အလှအပစကားလုံးလေးများမှာ သူ့အရင် ကိုယ့်အရင် အနိုင်လု၍ပင် ပြောကြရချေ၏။

သူတို့နှစ်ယောက်မှာမူ ပြောစရာစကားကို ရှာနေရသည်။ သို့ကိုင်အောင် ဦးလွန်းဝေကချည်း ပြောရသည်။ မေသဇင်က စကားလုံးဝမဆို။ ဦးလွန်းဝေ ပြောသမျှကို ခေါင်းညိတ် ခေါင်းခါဖြင့်သာ တုံ့ပြန်ခဲ့သည်။

ခြောက်သွေ့တိတ်ဆိတ်လွန်းသော အိမ်ထောင်ဦးညမှာသည်းမခံနိုင်ဖွယ်ရာ ဖြစ်လောက်အောင် ရှိခဲ့ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့စေကာမူ ဦးလွန်းဝေမှာ စိတ်ပျက်ဟန် မပြခဲ့ပေ။ အတတ်နိုင်ဆုံးသော ချိုသာလိုက်လျောမှုဖြင့် တင်းမာလွန်းသော မေသဇင်၏စိတ်ကို ပျော့ညွတ်လာအောင် ဆွဲဆောင်ခဲ့ပါ၏။

ဒါပေသိ အရာမထင်ခဲ့ပေ။

သုံးထောင်ပြည့်ခန်းသာလယ်သို့ ဝင်သည့်တိုင် မေသဇင်ကတော့ မထုံတက်သေး။ ဦးလွန်းဝေ၏ အချော့အမြှူ အတွေးအပိုက် အယုအယများကိုမူ မငြင်း။ သို့သော် လိုက်လျောမှုပါသော တုံ့ပြန်ခြင်းဖြင့် မတုံ့ပြန်ခဲ့ပေ။

အိမ်ထောင်ဦး၏ ညဥ့်ပေါင်းများစွာမှာ အေးတိအေးစက်ဖြင့် ကုန်လွန်ခဲ့ရသည်။

မေသဇင်မှာ မနက်မိုးလင်း အိမ်ကထွက်သည်။ ညမိုးချုပ်မှ အိမ်ပြန်သည်။ အိမ်ထောင်ထိန်းသိမ်းမှု တာဝန်ကို ဘာတစ်ခုမှမလုပ်။ အိမ်ဖော်များနှင့် မျက်ကွယ်ပြုထားသည်။ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ထမင်းလက်ဆုံ စားရသည်ဟူ၍ မရှိခဲ့စဖူး။

အိမ်ထောင်သက် သုံးလလွန်မြောက်ချိန်တွင်မူ တစ်ယောက်နှင့်တစ်ယောက် အချီအတင် စကားများကြသည်။ ဦးလွန်းဝေက မေသဇင်၏ အနေအထိုင်နှင့် ပတ်သက်၍ ပြောရာမှ စကားများကြခြင်းဖြစ်၏။

ဦးလွန်းဝေက အေးအေးသက်သာ ချော့ချော့မော့မော့ ပြောခဲ့ခြင်းဖြစ်သော်လည်း မေသဇင်က ကဲကဲဆတ်ဆတ်မခံ တုံ့ပြန်ခဲ့၏။

မေသဇင်က ထိုသို့ပြောလာသည့်အခါ ဦးလွန်းဝေမှာ နာကြည်းစိတ်အပြည့် ခံစားခဲ့ရ၏။ သို့သော် မေသဇင် ပြောသလို ကွာချင် ရှင်းချင်ရှင်း အချိန်မရွေးပဲဟု ဆိုခဲ့သည်ကိုမူ ဦးလွန်းဝေ လက်မခံရဲပါလေ။

သူက မေသဇင်ကို အရူးအမူး ချစ်ခဲ့ရသလို စွဲလမ်းခဲ့ရသလို ခုလည်းစွဲလမ်းနေဆဲ၊ ချစ်နေဆဲ။

မေသဇင် အပေါ် ချစ်ရသည်ကို နာကြည်းစိတ် အမျိုးမျိုးဖြင့် ချေဖျက်ခဲ့သော်လည်း ချေဖျက်၍ မရခဲ့ပေ။ မေသဇင်က စိမ်းကားလေ သူက ပိုချစ်လေ ဖြစ်ခဲ့ရသည်။ သူ၏သည်းခံခွင့်လွှတ်မှုကြောင့်၊ တစ်နေ့နေ့တွင် မေသဇင်၏ တုံ့ပြန်မှုကို ရလိမ့်မည်ဟူသော မျှော်လင့်ချက်မှာ ထောင်ထဲရောက်ခဲ့ရသည်အထိ ရှိနေဆဲသာပင်။



ဦးလွန်းဝေနှင့် မေသဇင်တို့၏ ဇာတ်လမ်းမှာ အစမကောင်းခဲ့သလို ဇာတ်လမ်းအလယ်နှင့် အဆုံးသည်လည်း မကောင်းခဲ့ပေ။

အရုဏ်ရောင်ခြည်တန်းကလေးမှာ သံတိုင်တွေကာထားသည့် သေးသေးကွေးကွေး ပြတင်းပေါက်ကို ထိုးဖောက်ဝင်ရောက်လာပေပြီ။

ဦးလွန်းဝေ၏ မျက်လုံးများမှာ ကျယ်ရာမှ ကျဉ်းလာသည်။ အိပ်စက်ခြင်းကို စွန့်လွှတ်ရန် မတတ်နိုင်တော့ဘဲ အတွေးစဉ်များမှာ သူ၏ အာရုံထဲမှ လွင့်ပျောက်သွားပြီးနောက် တစ်မှေးတစ်ရိပ် အိပ်ပျော်သွားခဲ့၏။

အကျဉ်း၏နေ့များသည် ခန္ဓာကိုယ်ကိုသာ ပန်းရိစေသည်မဟုတ်။ စိတ်အစဉ်ကိုပါ နွမ်းချည့်ညှိုးခြောက်စေခဲ့၏။

ဆက်လက် ရင်ဆိုင်ရဦးမည့် ဘဝခရီးလမ်းမှာ ...။

◆ → ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(တစ်ဆယ့်လေး)

လတ်မောင်မောင်ကို သတ်မှုဖြင့် ဦးလွန်းဝေကို ဖမ်းဆီးခဲ့သ အချိန်မှစ၍ မိခင်ဖြစ်သူ ဒေါ်သိန်းရှင် ခေါ် ဒေါ်စိန်မမမှာ ကားတစ်စီး နေရာအနှံ့အပြားသို့ ခရီးဆန့်ခဲ့ရ၏။

ကြီးပေ့ဆိုသော အရာရှိကြီးများ အိမ်သို့လည်း ရောက်သ အာဏာအရှိဆုံးဆိုသည့် နိုင်ငံရေးသမားများ အိမ်သို့လည်း ရောက်သ ဒေါ်စိန်မမ ကိုးကွယ်သည့် ဆရာတော်ဘုရားကြီးပင် မနေသာ။

သူမတွင်ရှိသမျှ အစွမ်းအစများကို ထုတ်၍လိုက်ခဲ့သည်။ ဒေါ် မမ ကိုင်လေ့ရှိသော ဇရာမလက်ကိုင်အိတ်ကြီးကို ဖောင်းကြွနေအောင် တွေ အထပ်လိုက်ထည့်၍လည်း လိုက်ခဲ့၏။

ချက်ချင်းလက်ငင်း လွတ်မြောက်သည့် အခြေအနေထိအေ အဖြေမပေါ်ခဲ့သော်လည်း ထောင်ထဲတွင်နေရမည့် သားဖြစ်သူ၏ နေ စားရေး အဆင်ပြေဖို့ကိုမူ ဖန်တီးပေးနိုင်ခဲ့၏။

ဦးလွန်းဝေမှာ ထောင်ဆေးရုံ အပေါ်ထပ်ရှိ ဆယ်ပေပတ်လ ခန့်မျှနေရာတွင် သီးသန့်အခန်းသဖွယ် ပြင်ဆင်ပေးထားသည့် နေရာ၌ ရ၏။ အိမ်က နေ့စဉ်ပို့ပေးသော ထမင်းချိုင့်မှ စားမြိန်စာများကို စားခဲ့ရ သူ့အိပ်ရာခုတင်ဘေးရှိ စားပွဲပေါ်မှ အလှအပ ပုလင်းမျိုးစုံ တစ်ဒါဇင်လော က နေရာယူထား၏။

ဒါပေသိ ဦးလွန်းဝေက ဒါတွေကို မက်မက်မင်မင်မရှိ။ ထော အရာရှိများ လာသည့်အခါ ဧည့်ခံဖို့နှင့် ဆေးရုံပေါ်တွင်ရှိသော လူမမာများ ဝေငှပေးဖို့လောက်သာ အသုံးပြုခဲ့သည်။

ဒေါ်စိန်မမမှာ တစ်သက်လုံး ဘယ်သူ့ကိုမှ မျက်နှာအောက် ခဲ့။ သူကသာ ခေါင်းတစ်လုံး တင်ခဲ့သည်။ ယုတ်စွအဆုံး လိုင်စင်ရဖို့က



မျိုးကိုပင် မျက်နှာမချခဲ့စဖူး။ ခုတော့ နေရာတကာမှာ သူမမျက်နှာကို အောက်ချနေရသည်။ သားအတွက် သူမ၏မာနများကို ပစ်ခွာချခဲ့သည်။ ပထမအစပိုင်းက ချွေးမဖြစ်သူကိုပင်လျှင် အောက်စီးပေးပြီး စေ့စပ်ရေးလုပ်ခဲ့သေးသည်။ ချွေးမက ခါးခါးသီးသီး ငြင်းသောအခါကျမှ စည်းစိမ်ပါပြုတ်ပစေဟု မာနပြန်ကဲလိုက်သည်။ သို့စေကာမူ ခက်နေသည်က သားဖြစ်သူ ဦးလွန်းဝေ၏ မပြတ်သားသော သဘောထားပင်။

ဦးလွန်းဝေက ထောင်ထဲရောက်နေသည်အထိ မေသဇင်ကို စိတ်မနာသေး။ မက်မက်မင်မင် ရှိသေးနေသည်။ မေသဇင်ကို ထိခိုက်မည့် ထွက်ဆိုချက်မျိုးပေးဖို့ ဝန်လေးနေသည်။

ယောက်ျားထဲမှာတော့ အလွန်ရှားသည့် ယောက်ျားဟု ဆိုလောက်သည်။ မိန်းမတစ်ယောက်အပေါ်မှာ အထူးသဖြင့် ကိုယ့်အပေါ်မှာ ဘယ်လိုမှ တုံ့ပြန်မှုမကောင်းခဲ့သည့် မိန်းမအပေါ်မှာ ထူးထူးကဲကဲ ခွင့်လွှတ်စိတ်ထားနိုင်မှုပင်ဖြစ်သည်။

ကြည့် ... မေသဇင် ဗိုက်ဖုံးအကျီတကားကားနှင့် ဖြစ်လာတုန်းကလည်း သိလျက်နှင့် ခွင့်လွှတ်နိုင်ခဲ့သည်။

သည်မျိုးစေ့သည် သူ၏မျိုးစေ့ မဟုတ်မှန်း သိသည်။ ကိုယ့်အကြောင်း ကိုယ်သိသဖြင့် ဆေးပညာရှင်များနှင့် အမျိုးမျိုး စမ်းသပ်ခဲ့ဖူးပြီ၊ သူက ယောက်ျားအမြုံ။

ခု ရုံးတော်မှာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့အတွက် ထွက်ဆိုရလျှင် ညောင်မြစ်တူးရတော့မည်။ ညောင်မြစ်တူးရမည်ကို ခါးခါးသီးသီးဖြစ်နေသည်။

ပုတ်သင်ဉပေါ်လျှင် ထိခိုက်မည်က သူ မဟုတ်၊ မေသဇင်။ သို့တိုင်အောင် သူက ညောင်မြစ်မတူးနိုင်ပါဟု ဆိုနေဆဲ။ ဒေါ်စိန်မမကတော့ မနေသာ၊ သားဖြစ်သူကို နည်းအမျိုးမျိုးဖြင့် ဖျောင်းဖျနေရသည်။ သားလွတ်မြောက်ရေးအတွက်လည်း သွားသင့်သောနေရာမှန်သမျှ သွားခဲ့သည်။ ရောက်သင့်သောနေရာမှန်သမျှ ရောက်ခဲ့သည်။ တွေ့သင့်သူ မှန်သမျှ တွေ့ခဲ့သည်။

လူတွေကိုသာ တွေ့ရုံအားမရသေး။ နတ်တွေကိုပါတွေ့ဖို့ လုပ်ခဲ့ပြန်သည်။ အိမ်မှာ အကြီးအကျယ်ဆုံးသော နတ်ကနားပွဲသဘင်ကြီး ဆင်ယင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကြမ္မာကို ကိုယ်သာလျှင် ဖန်တီးနိုင်ရာ၏။ ကိုယ်၏ကောင်းကျိုး၊ ဆိုးကျိုးကို ကိုယ်ကိုယ်တိုင်သာလျှင် ပေးစွမ်းနိုင်ရာ၏။ မည်သည့်နတ်ကမှ ပေးစွမ်းနိုင်ခြင်း မရှိပါပေ။

သို့သော် ပေးစွမ်းနိုင်သူဟု ယူမှတ်မှား၍ ကိုးကွယ်ရာပျောက်ပြီး ငွေကုန်လူပန်း ဖြစ်ခဲ့စေကာမူ၊ ဖြစ်ပလေ့စီဟု လုပ်နေသူများမှာလည်း ယနေ့ထက်တိုင် ရှိနေသေး၏။

နောင်လည်း ရှိလိမ့်ဦးမည် ဖြစ်ပေသည်။

♦ → ♦

ဤနေရာတွင် ရှိပလေ့စီ ဆိုသူများအတွက် ရှိပါစေ။ မရှိပလေ့စီ ဆိုသူများအတွက် မရှိပါစေ၊ ဇဝေဇဝါ ဖြစ်နေသူများအတွက်တော့ အသျှင်မဟာသီလဝံသ၏ သံဝေဂပျို့ကို ကိုးကားရပေလိမ့်မည်။

အသျှင်မဟာသီလဝံသ၏ သံဝေဂပျို့အပိုဒ်(၅၃)မှာ ဤသို့ဆိုထား၏။

"ကာလရှည်လျား၊ လူ့နွားတို့၊ ကြီးမားယုတ်မာ၊ နတ်မိစ္ဆာကို၊ ဘိုးလာဘွားဘက်၊ မြေးသားဆက်၍၊ မပျက်ခုတိုင်၊ နတ်ခရိုင်နှင့်၊ ပန်းခိုင်ရေအိုး၊ ဆယ်စုံဖြိုး၍၊ မြတ်နိုးနှစ်သက်၊ အနက်အနီ၊ တလီခေါင်းပေါင်း၊ တင်အုပ်ဆောင်းနှင့်၊ အပေါင်းစုဝေး၊ အမွေးအကြိုင်၊ မုန့်ဆိုင်မုန့်ခဲ၊ ကြက်ဝက်လဲ၍၊ ပုံနဲ့ခရာ၊ တီးမှုတ်ကာနှင့်၊ ချမ်းသာဆင်းရဲ၊ ပေးစမြဲဟု၊ စိတ်ထဲဆင်မှတ်၊ ငါတို့နတ်ကို၊ မပြတ်ကိုးကွယ်၊ အန္တရာယ်လည်း ကိုယ်ဝယ်လွယ်ကင်း၊ မရှိလျှဉ်း"

ဆောင်းနှင်းမင်္ဂလာ၊ လျှဒါပုညာ၊ ပြုဘာဂလည်း၊ မိဘရေ့မှတ်၊ ငါတို့နတ်ကို၊ ပေးအပ်အပ်လျှင်၊ ပွဲလမ်းပြင်၍၊ အရှင်မှတ်မှတ်၊ ကိုယ်ဝတ်ကြပ်လျက်၊ မပြတ်ထင်ရှား၊ မမေ့မှားဟု၊ ဆုများရွယ်ရွယ်၊ ရှက်စဖွယ်နှင့်၊ ဘယ်ဝယ်တကာ၊ ကိုယ်တိုင်လာ၍၊ ဥစ္စာထင်ရှား၊ ဘယ်သူ့အားကို၊ နတ်များပို့လာ၊ ရှိဘူးပါအံ့။

မိစ္ဆာစွဲမှတ်၊ ဘယ်အရပ်မှာ၊ နတ်တို့နေရာ၊ အိမ်ခန်းဝါနှင့်။ သာယာခမ်းနား၊ နတ်မယားနှင့် နတ်သား နတ်လင်၊ ကြည့်မမြင်တည်း။



ငြိုငြင်စိတ်ခဲ့ [illegible] ညှိုညိုဆဲနှိပ်စက်၊ နတ်တို့လက်နှင့်၊ ထုတ်လျက်စွဲငင်၊ [illegible] မမြင်ရှုးပါ။

သည်အကျ [illegible] အယူခွ၍၊ နတ်များသခင်၊ နတ်ဘုရင်ဟု၊ [illegible] ဖမ်းဆီးတတ်ငြား၊ ငါ့မယားကို၊ ဖမ်းစား [illegible] ချေပွဲလမ်း၊ အခမ်းအနား၊ နတ်ထိန်း [illegible] တကြော်ကြော်နှင့်၊ မောင်တော်ရှင်ချစ် [illegible] အထွေထွေလျှင်၊ လူ့မြေရပ်ရွာ၊ [illegible] သဘောကပ်၏၊ နတ်လူဗြဟ္မာ၊ [illegible] ပြုစုဆင်းဟု၊ ယူလျှင်အပ်စွာ၊ ယခုမှာကား၊ ချမ်းသာ [illegible] ပေးမြဲတို့မှာ၊ ထင်မှတ်ရာသည်၊ မိစ္ဆာ [illegible]

[illegible] အကြီးအကျယ် ယုတ်မာလှတဲ့၊ [illegible] ဆက်ကာအစ၊ မြေသားတိုင်အောင် ဆက် [illegible] ၍၊ ပန်းခိုင်ရေအိုး၊ ခေါင်းပေါင်းအနီ [illegible] မကာ၊ အပေါင်းအဖော်တွေ စုဝေးပြီး၊ [illegible] ကြက်ဝက်ပါစေပြီး ပုံနဲ့ခရာတော၊ တီး [illegible] ချမ်းသာဆင်းရဲကို ပေးနိုင်တယ်၊ သူတို့ [illegible] ဘေးအန္တရာယ်များ ကင်းလွတ်လိမ့်မယ်လို့ [illegible]"

[illegible] ဖွင့်ဆို ရှင်းလင်းခဲ့၏။

[illegible] ကျူးလို့ မှုပြစ်ဖြစ်လာသည်ကို နတ်ကန္နားပွဲ [illegible] မ,မှုကို တောင်းခံခဲ့ပြန်၏။

[illegible] အာ‌ဝမခံအတွက် အယိုအပျောက်မရှိ ထောင့်စေ့ [illegible] ၏ ။ ဗေဒင်ဆရာ၊ ခတ်ဆရာ၊ နတ်ဆရာ၊ ပိ [illegible] ဘက်စုံမှ ဝန်းထား ဝိုင်းထားခဲ့၏။

[illegible] ခံအမိန့်ချမှတ်မည့်ရက် ရောက်လာသည်။

[illegible]

♦ → ♦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(တစ်ဆယ့်ငါး)

အာမခံအမိန့် ချမှတ်မည့်နေ့။

ဦးလွန်းဝေမှာ မိခင်ကြီးရှေ့မှောက်တွင် မပူရပ်ဆင်၍ အပြုံးပန်းသထားသော်လည်း အဖျွတ္တသဏ္ဍာန်မှ ခံစားမှုကိုမူ ဖုံးကွယ်ခြင်းငှာ မတတ်သာပါလေ။

သူ၏မျက်လုံးများမှာ ဂနာမငြိမ် ရုံးခန်းအဝင်ပေါက်ဆီသို့ မကြာခဏ ဝေ့သီနေသည်။

သည်ကနေ့ အာမခံအမိန့် ချမှတ်မည့်နေ့မို့ မေသဇင်များ ရောက်လာလေမလားဟု မျှော်လင့်တကြီး ရှိနေသည်။

မေသဇင်ကို မတွေ့ရသည်မှာ ကြာလေပြီ။ မတွေ့ရကြာလေ တွေ့ချင်သည့်စိတ်ဆန္ဒက ထိန်းမနိုင် သိမ်းမရ ယိုဖိတ်လာသည်။ မေသဇင် ဘယ်လိုအခြေအနေ ရှိနေသည်ကို အလွန်သိချင်နေသည်။ သူ၏မိသားစုကိုလည်း မမေးရဲ။

သည်အမျိုးသမီးကြောင့် သူ့မှာ ဒုက္ခအသွယ်သွယ် ရစ်သိုင်းနေ၏။ သူ၏မိခင်ကြီးမှာ ကြီးတောင့်ကြီးမားအရွယ် ရောက်ခါမှ သောကပွေနေရသည်။ ရတက်ဖြာနေရသည်။ ဟိုပြေးရ သည်လွှားရ ဖြစ်နေသည်။ ဒါတွေကိုလည်း သူ အားလုံးသိသည်။

သို့စေကာမူ ...

မေသဇင်ကိုတော့ သူ မေ့၍မရသေး။ စိတ်နာ၍မရသေးအောင် ဖြစ်နေသည်။

မိန်းမတစ်ယောက်အတွက် နန်းစွန့်သည့်ဘုရင်၊ မိသားစုတစ်စုလုံးကို စွန့်ခွာသည့်ယောကျ်ားတွေ အများကြီး ရှိခဲ့တာပဲဟာ၊ ဦးလွန်းဝေ ဒီလောက်ထိ ကဲကဲဆတ် ဖြစ်နေသည်ကို လွန်လွန်းသည်ဟု ဘယ်သို့ဆိုရပါ့။



ညီမဖြစ်သူက သူသိချင်သော မေသဇင့်အကြောင်းကို ဖောက်သည်ချခဲ့သည်။ တစ်ခုမှ အကောင်းမပါ။ ခု ဘယ်သူနဲ့ တွဲနေသည်။ ဘယ်လိုတွေ ဖြစ်နေသည် ဆိုသည်များကို ပြန်လည်ပြောပြခဲ့ရာတွင် ပါးစပ်သ,နသလို ဖြစ်ခဲ့ရသည်။

ပြောနေသမျှကို နားထောင်နေသည့် ဦးလွန်းဝေမှာ သက်ပြင်းတချချ ဖြစ်နေသော်လည်း သူ၏မျက်နှာပေါ်တွင် မယုံချင်ဟန် အရိပ်များ လင်းထင်နေသည်။

ထိုစဉ် သူ့ဘက်မှ လိုက်ပါဆောင်ရွက်မည့် ရှေ့နေကြီး ဦးခင်မောင်သန်း ရောက်လာသဖြင့် သူတို့စကားဝိုင်း ပြတ်သွားရသည်။ ခုထက်ထိ ရုံးတော်တွင် ဦးလွန်းဝေ မည်သို့ထွက်ဆိုမည်ကို ညှိမရသေး။ အာမခံကို ဦးခင်မောင်သန်းက လုံးဝမျှော်လင့်ချက်မထား။ အမှုရင်ဆိုင်ရမည့် အခြေအနေကိုသာ မျှော်လင့်ထားသည်။

ခက်သည်က ဦးလွန်းဝေအပေါ်တွင် လုံးဝအားမရ ဖြစ်နေခြင်းပင်။

သည်ပုံနှင့် အမှုဆိုင်ဖို့ကတော့ ဘယ်လိုမှမဖြစ်။

ခုလည်း ဦးလွန်းဝေ၏ သဘောထားကို တီးခေါက်ရပြန်သည်။ သဘောထားပြောင်းမည့်ပုံ မတွေ့ရသောကြောင့် သူ၏အမှုကိုဆက်လက်မလိုက်လိုကြောင်း အတိအလင်းပင် အသိပေးလိုက်ရ၏။

သည်အခါကျတော့လည်း ဦးလွန်းဝေမှာ ပျာပျာသလဲ ဖြစ်သွားရပြန်သည်။ သူ၏အမှားကို ထပ်ခါတလဲလဲ ဝန်ချတောင်းပန်ပြီး အမှုကိုဆက်လုပ်ဖို့ တပန်တရ တောင်းပန်ခဲ့သည်။ သူ၏သဘောထား ပြောင်းပါမည်ဟု ကတိပေးလာသည်။

တစ်ချိန်လုံး နှုတ်ဆက်လျက် သားဖြစ်သူကို တွေတွေကြီးငေးကြည့်နေသည့် မိခင်ကြီးမှာ ထိုအခါကျမှ နှုတ်စွက်လာသည်။

"သား ... မေသဇင်လို မိန်းကလေးမျိုးကို ဒါလောက် စွဲစွဲလမ်းလမ်း ဖြစ်ရပါမို့လားလို့ မေမေ အပြစ်မတင်နိုင်ပါဘူး။ သားရဲ့ဖေဖေ့မေမေ့ကိုချစ်တာ၊ သား မေသဇင့်ကို ချစ်တာမျိုးထက် မပိုတောင် လျော့တော့ မလျော့ဘူး။ ဒါဟာ ကိုယ့်မိန်းမကို ကိုယ်ချစ်တဲ့ ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com

တိုင်းလည်း သားလိုစိတ်မျိုးပဲ ရှိမှာပဲ။ ဒါပေမဲ့ တစ်ဘက်က တုံ့ပြန်
ဟာ မေသဇင်လို တုံ့ပြန်မှုမျိုးတော့ ဖြစ်မယ်မထင်ဘူး၊ အဲဒီအပေါ်
သားရဲ့အဆုံးအဖြတ်က ခိုင်မာဖို့လိုမယ်။ မေမေသာ ငယ်ငယ်ရွယ်ရွ
ဆိုရင် မေသဇင် လူ့ပြည်မှာတောင် ရှိမှာမဟုတ်တော့ဘူး၊ မေ
သားကို ဒီလောက်ပဲ ပြောပါရစေ"

ဒေါ်စိန်မမှာ မျက်ရည်စများကို တို့ကာ သုတ်ကာနှင့် သာ
ဖြစ်သူကို ဖျောင်းဖျစကား ဆိုခဲ့၏။

ထိုစဉ် ရှေ့ဖတ်စာရေးကြီး ထွက်လာပြီး တရားသူကြီးမ
တရားခွင်ပေါ်သို့ တက်တော့မည့်အကြောင်း အရိပ်အဆင်ပြ၍ အချက်ပေးလို
သည်။ ရုံးခန်းတစ်ခန်းလုံး ငြိမ်သက်သွားသည်။ တရားခွင်နောက်ဘက်
အခန်းပေါက်ဝဆီသို့ မျက်လုံးအစုံများ ရောက်သွားသည်။

တရားသူကြီးမင်း ထွက်လာသည်နှင့် အခန်းထဲတွင် ရှိနေသူမျ
အားလုံး မတ်တတ်ရပ်လိုက်ကြသည်။

တရားသူကြီးမင်းက နောက်မှီအမြင့်ကြီးနှင့် ကုလားထိုင်ပေ
ထိုင်လိုက်ခါမှ အားလုံး ကိုယ့်နေရာတွင် ကိုယ်ထိုင်လိုက်ကြရသည်။

နှစ်ဖက်သော ဥပဒေပညာရှင်ကြီးများမှာလည်း ကိုယ့်နေရာတွ
ကိုယ် အသီးသီး နေရာယူထားကြ၏။

ရှေ့ဖတ်စာရေးကြီးက လိုအပ်သည်များကို ပြောဆိုပြီးသည်နှ
တရားသူကြီးမင်းက အာမခံလျှောက်ထားမှုကို အမိန့်ချရန် သူ၏စားပွဲပေ
တွင်ရှိနေသော ဖိုင်တွဲကို လှန်လိုက်စဉ် ...။

"အမယ်လေး ... ကိုကျော်မောင်ရဲ့၊ ကျွန်မနဲ့ ကလေးတွေ ဘယ်လို
လုပ်နေရပါတော့မလဲ။ အမယ်လေး ... ဆယ်နှစ်ဆိုတော့လည်း များလှ
သတော့၊ ကျွန်မတို့ ... ကျွန်မတို့ ..."

ရှူးရှူးဝါးဝါး အော်လိုက်သော မိန်းမအသံတစ်သံမှာ ရုံးခန်းထဲ
သို့ လိမ့်ဝင်လာသည်။ အထိန်းအချုပ်မရှိ အော်လိုက်သည့်အသံမှာ ပတ်ဝန်း
ကျင်တစ်ခုလုံးသို့ ကျယ်ကျယ်လောင်လောင် ရိုက်ခတ်သွားသည်။

တစ်ဘက်သောအခန်းမှ စီရင်ချက်ချမှတ်သံ အဆုံးတွင် ထွက်
ပေါ်လာသောအသံ ဖြစ်၏။



တစ်ဘက်ကအသံများ တိတ်ဆိတ်သွားလေမှ တရားသူကြီး၏
လေးပင်သော အသံမှာ မတိုးမကျယ် ထွက်ပေါ်လာသည်။

ဥပဒေနှင့် သက်ဆိုင်ရာ ကောက်နုတ်ချက်များကို အကျယ်တဝင့်
ရှင်းပြပြီးမှ ...

"အာမခံလျှောက်ထားမှုနှင့် ပတ်သက်၍ စဉ်းစားရန် အချိန်စောသေး
သည်ဟု ယူဆသဖြင့်၊ အာမခံလျှောက်ထားမှုကို ပယ်လိုက်သည်။
တရားခံဖြစ်သူ၏ ခံစားနေရသောရောဂါမှာ ထောင်တွင်းဆေးရုံတွင်
ကုသသည်ထက် ပြင်ပဆေးရုံတွင် ကုသရန် လိုအပ်ကြောင်း အကျဉ်း
ထောင်ဆရာဝန်ကြီးနှင့် ပြင်ပသမားတော်ကြီးများ၏ ထောက်ခံချက်
အရ ရန်ကုန်ဆေးရုံကြီး အချုပ်ဆောင်သို့ ပြောင်းရွှေ့ကုသရန် အမိန့်
ချမှတ်လိုက်သည်"

တရားသူကြီး၏ စီရင်ချက်ကို ဖတ်ကြားပြီးသည်နှင့် တရား
ခွင်ပေါ်မှဆင်း၍ သူ၏အခန်းထဲသို့ ပြန်လည်ဝင်ရောက်သွားခဲ့၏။

ဒေါ်စိန်မမ၏ ဘက်စုံထောင့်စုံမှ လိုက်ထားသော လုပ်ဆောင်
ချက်မှာ လုံးဝအရေးနိမ့်သွားသည်ဟု မဆိုသာဘဲ၊ တစ်စိတ်တစ်ပိုင်း အောင်
မြင်မှု ရလိုက်သည်ဟု ဆိုရမည့်အခြေအနေသို့ ရောက်ခဲ့၏။

ဆေးရုံကြီးအချုပ်ဆောင်တွင် နေရသည်မှာ ထောင်ထဲတွင်နေ
ရသည်ထက် အဆပေါင်းများစွာ သာသည်။ အနေအထိုင်ကအစ သက်သာ
ချောင်ချိ လွတ်လပ်မှုရှိသည်။ အချုပ်အနှောင် ခံနေရသည်ဟု မဆိုသာဘဲ၊
ဆေးရုံတက်နေရသည့် သဘောမျိုး သက်ဝင်သည်။

လေးဖက်လေးတန် ကာရံထားသော အုတ်ရိုးကြီးကို မမြင်ရသည်
ကိုက စိတ်ချမ်းသာမှု အပြည့်အဝ ရစေသည်။

အသုံးအဆောင်ပစ္စည်းများနှင့် ပတ်သက်၍လည်း ကိုယ်တတ်
နိုင်လျှင် တတ်နိုင်သလို မှာယူသုံးစွဲခွင့်ရှိသည်။ နားသောတအာရုံ ခံစားဖို့
အတွက် ကိုယ်ပိုင်ရေဒီယိုကို အနားမှာထားပြီး နားထောင်နိုင်သည်။

ကြော့ကြော့မော့မော့ နေနိုင်သည်။

မည်သို့ပင်ဆိုစေ ဦးလွန်းဝေမှာ ထောင်ထဲတွင် နေရသည်ထက်
တော့ စိတ်ကြည်လင်လာ၏။ သူ၏မျှော်နေကြီး ဦးခင်မောင်သန်းနှင့် အေး

www.burmeseclassic.com

www.burmeseclassic.com

အေးဆေးဆေးတွေ့၍ သူ့အပေါ်တွင် စွဲဆိုထားသောအမှုကို ခုခံကာကွယ်ရေး အတွက် ပြင်ဆင်နိုင်ခဲ့ကြသည်။

စိတ်ကြည်လင်လာ၍လားမသိ၊ သူ၏အပြောအဆို အယူအဆ များပါ ပြောင်းလဲလာသည်။

ဒါပေသိ ...

ဦးလွန်းဝေမှာ ခုထက်တိုင် ဖြစ်ဆဲအမှုကို သူ မကျူးလွန်ပါဟု အမိုင်အမာ ဆိုနေဆဲ။

ထားပါဘိ။

သူ မကျူးလွန်သော် မည်သူကျူးလွန်သလဲ၊ ကျူးလွန်ဖွယ်ရှိသူ ကိုမူ သူလည်း ထင်မြင်ချက် မပေးတတ်။

လက်ရှိအနေအထားတွင် မပြေးသော် ကန့်ရာရှိနေသည်မှာ သူ။

မှုဖြစ်ကြောင်းခြင်း အရာအားလုံးမှာ သူ့ဆီသို့သာ မြားဦးထိုး နေသည်။

သူ၏ရှေ့နေကြီးမှာ အမှုအတွက် ကာကွယ်သူအဖြစ် ရပ်တည်နေ ရသလို၊ တရားခံအစစ် ဖော်ထုတ်ရေးအတွက်လည်း လုံးပမ်းရမလို ဖြစ်နေသည်။

စုံထောက်အလုပ်ပါ လုပ်ရမလိုလို။

မည်သို့ပင်ရှိစေ ဦးခင်မောင်သန်းမှာ သူ၏တရားခံအပေါ် စွဲဆို ထားသည့် စွဲဆိုချက်ကို ပယ်ဖျက်အောင် ကြိုးစား၍ သူ၏တရားခံကို အမှု ခွင်ထဲမှ ဆွဲထုတ်ရန် ကြိုးစားရပေတော့မည်သာ။

◆ → ◆

ပုလိပ်အရာရှိကိုယ်တိုင်က ပုတ်သင်ဥကိုဖော်ဖို့ လမ်းကြောင်း အထွေထွေ ခင်းပေးခဲ့သည်။ သွယ်ဝိုက်၍လည်း ဆိုခဲ့သည်။ တည့်တည့်လည်း ပြောခဲ့သည်။

သို့သော် ဦးလွန်းဝေက မတုန်မလှုပ်။

ပထမပိုင်းတွင် မေသဇင်က ဦးလွန်းဝေအပေါ် အစွဲ့တိုက်ရုံ သဘောမျှခဲ့သော်လည်း နောက်ပိုင်းတွင် သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ



ထားကိုရှာသော ချည်သီး ဖြစ်ခဲ့ရသည်။ ဦးလွန်းဝေမှာ နှစ်ဖက်သောမိဘများ၏ ဂုဏ်သိက္ခာ၊ သူတို့နှစ်ဦးစလုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းဖို့ ကြိုးစားရင်း မနိုင်မနင်း အခြေအနေကိုသာ ရင်ဆိုင်ခဲ့ရသည်။ နာကြည်းဖွယ်ရာ ခံစားမှု အဒနာသည်သာ ပိုပိုလာခဲ့သည်။

သူတို့အိမ်ထောင်ရေး အနေအထားမှာ မီးတောင်လို ဖြစ်ခဲ့သည်။ ပေါက်ကွဲလု ပေါက်ကွဲလုမှ ဦးလွန်းဝေ အလျှော့ပေးနိုင်လွန်းသမို့သာ၊ ဝုန်း နဲ့ ဒိုင်းခနဲ မပေါက်ကွဲခဲ့ပေ။

ပြဿနာမှာ တစ်နေ့ထက်တစ်နေ့ တစ်လထက်တစ်လ တစ်နှစ် ထက်တစ်နှစ် ပို၍ ပို၍သာ ကြီးမားခဲ့သည်။ ငယ်သွားသည်၊ လျော့သွားသည်၊ ပြေသွားသည်ဟု မရှိခဲ့ပေ။

လင်မယားရယ်လို့ ပေါင်းသင်းနေပေမယ့် တကယ့်လင်မယား သွင်မရှိ။ အများအမြင်အတွက်သာ အတူနေကြသည်။ အတွင်းရေးတွင်မူ ကိုယ့်လင် ကိုယ့်မယားရယ်လို့ သဘောမမှုကြပေ။ ကိုယ့်လင်က ကိုယ့်အပြင် အခြားရှိသည်ကို သိသည်။ ကိုယ့်မယားကလည်း ကိုယ့်အပြင် အခြားရှိသည် ကို သိသည်။

ဒါကို ရေးကြီးခွင်ကျယ် လုပ်မနေ၊ မသိကျိုးကျွင် ပြုနေကြသည်။

သူလည်း ထင်ရာစိုင်း၊ ကိုယ်လည်း ထင်ရာစိုင်း၊ စားတော့ အတူတူ၊ နေတော့အတူတူ၊ အိပ်တော့အတူတူ။ ပွဲတက်လင်နှင့် ပွဲတက်မယား သွင် ကြည်ကြည်သာသာပင် လက်တွဲမဖြုတ်ကြပေ။

အဖုံးအဖိ အလွန်ကောင်းကြသည်။ သိပ်သိပ်သည်းသည်းရှိကြ သည်။

သိက္ခာတို့၊ ဂုဏ်တို့၊ အသိုင်းအဝိုင်း အရှိန်အဝါတို့ကို အလွန် မင်း ထိန်းသိမ်းရလွန်းသမို့ ပေါက်ကွဲသည့် အခြေအနေသို့ အရောက်မခံ ကြပေ။

ခု ဦးလွန်းဝေတို့ကိစ္စမှာလည်း သည်အတိုင်း။

ဆေးရုံအချုပ်ဆောင်၌ ရှိနေစဉ် ဦးခင်မောင်သန်းနှင့် တွေ့ကြရာ၌ လွန်းဝေက ညောင်မြစ်ကို အရင်းကပေါ်အောင် တူးပစ်လိုက်သည်။ မတူး၍ လည်း မဖြစ်တော့။ မတူးရင် ညောင်ပင်က ကိုယ့်ပေါ်ပိတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ရှေ့နေကြီး ဦးခင်မောင်သန်းမှာ ဒေါ်စိန်မမနှင့် တွေ့ သည်။ မူလ အမှုကိုင်ခဲ့သူ ပုလိပ်အရာရှိနှင့် တွေ့ရသည်။

ဦးလွန်းဝေ ပြောပြချက်များအရ ကောက်ချက်ဆွဲကြည့်သ အခါ ဤအမှုတွင် တစ်စုံတစ်ဦးသော ပြစ်မှုကျူးလွန်သူ ရှိနိုင်လိမ့်ဦးမည် တွက်ဆရမလို အနေအထားကို တွေ့လာရသည်။ မည်သူ မည်ဝါဟု တ အပ်သေချာ မပြောနိုင်စေကာမူ တရားခံပွားတစ်ဦးဦး ရှိလိမ့်မည်ဟု ပြော လောက်သော အခြေခံအချက်များကို ဖော်လာနိုင်သည်။

ပုလိပ်အရာရှိကမူ ဦးခင်မောင်သန်း၏ ပြောပြချက်ကို လက် ခဲ့ပေ။

ဦးခင်မောင်သန်းက ဒေါ်စိန်မမနှင့်တွေ့ပြီး ကိုယ့်နည်းကိုယ့် ဖြင့် လုပ်သင့်သည်များကို အကြံပြု၍ တရားခွင်ပေါ်မှ အဖြေကိုထုတ်ယူ ဆုံးဖြတ်လိုက်ရတော့၏။

တရားခွင်ပေါ်တွင် ...။

♦ ➙ ♦

# အခန်း(တစ်ဆယ့်ခုနစ်)

အမှုစစ်ဆေးမည့်ရက် မတိုင်မီ နှစ်ရက်လောက် အလိုကတည်းက ဦးလွန်းဝေ၏ စိတ်အစဉ်မှာ ယောက်ယက်ခတ်လာသည်။ သူ၏ရင်ထဲမှာ တုန်ယင်သော ဝေဒနာကို ခံစားနေရသည်။ ညဘက်များတွင် အတွေးနယ်ကျွ မ့်ရသလို့ အိပ်ဆေးအကူအညီဖြင့် အိပ်စက်ခဲ့ရသည်။ တရားခွင်ပေါ်မှာ တွေ့ ရမည့် အတွေ့မြင်ကွင်းကို စိတ်ကူးနှင့် မှန်းဆကြည့်မိတိုင်း စိတ်မသက်သာ ရာများသာ ထင်လာသည်။

မေသဇင်နှင့် တွေ့ရတော့မည်။ မေသဇင်နှင့် ရင်ဆိုင်ရတော့မည်။

သူ၏စိတ်က ခိုင်ပါမည်လား။ တင်းထားနိုင်ပါမည်လား။

သည်အတွေးကလည်း သူ့ကို အတော်ကြီး ဒုက္ခပေးနေသည်။ ယောကျ်ားတစ်ယောက်မှာ ရှိအပ်သော စိတ်အစဉ်နှင့် ဆန့်ကျင်ဘက်စိတ် အစဉ်က သူ့ကို မကြာခဏ လွှမ်းရစ်နေသည်။

ဒေါ်စိန်မမ ခမျာ သားဖြစ်သူကို စိတ်မချနိုင်သမို့၊ အမှုစစ်မည့် နေ့မတိုင်မီ သားဖြစ်သူထံ အခေါက်ခေါက် အခါခါသွား၍ နားသွင်းခဲ့ရ၏။ ဖျောင်းဖျစကား ဆိုခဲ့ရ၏။

ဦးလွန်းဝေက မာမိတို့ စိတ်ချမ်းသာအောင် သား လုပ်ပါမည်။ စိတ်ချလက်ချ အေးအေးနေပါဟု ကတိစကားတွေ ဝေဝေဆာဆာပေးခဲ့၏။

သို့သော် တစ်ယောက်တည်း ရှိနေသော အချိန်တွင်မူ မိခင်ကြီး အား ပေးထားသော ကတိစကားများကို မေ့သွားတတ်၏။ ထိုအချိန်တွင် သူ့ ကို လွှမ်းမိုးထားသည်မှာ မေသဇင်၏ ရုပ်ပုံလွှာသာတည်း။

သို့မှ အမှုစစ်ဆေးမည့်နေ့သို့ ရောက်လာသည်။

မနေ့ကတည်းက မှောင်တစ်ခါ လင်းတစ်လှည့် ဖြစ်နေသော မိုး မှာ သည်နေ့မနက်ပိုင်းအထိ ဟုတ်တိ ပတ်တိ မရွာသေးစေကာမူ အချိန်မ ရွေး သဲကြီးမဲကြီး ရွာချမည့်ဟန်မှာ အထင်းသား ပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလွန်းဝေ၏ စိတ်အစဉ်မှာ မကြည်လင်။

သူ၏ လှုပ်ရှားဟန်မှာ လေးတိ လေးကန် ဖြစ်နေသည်။

ရင်ထဲမှာလည်း တလှပ်လှပ်။

ရုံးထွက်ရမည့်နေ့ ဖြစ်သောကြောင့် အဝတ်အစားများလ[illegible]
အသင့်စောင့်နေရသည်။

မာဖလာပတ်တင်ထားသည်မှလွဲ၍ ခါတိုင်း သူ ရုံးသွားသေ[illegible]
အခါ ဝတ်ဆင်သည့် အဆင်အပြင်အတိုင်း ဝတ်ထားသည်။

ခုသွားရမည့်ရုံးမှာ တရားရုံး။

သူက တရားခံ။

သို့မို့ကြောင့်လည်း ခါတိုင်းလိုတော့ ဝင့်ဝင့်ထည်ထည် မ[illegible]

ဦးလွန်းဝေ၏ မျက်နှာမှာ ထောင်ထဲရောက်စကလောက် သ[illegible]
ကျမနေသော်လည်း ယခင်ကလို ပြည့်ပြည့်ဖြိုးဖြိုး မရှိသေးပေ။

နောက်ပြီး သူက အထူးအခွင့်အရေး ရထားသော တရားခံ[illegible]
သမို့ တရားရုံးအောက်ထပ်တွင် ရှိနေသည့် ဇွတ်စိုထိုင်းမှိုင်း မှောင်မည်းနေသေ[illegible]
အချုပ်ခန်းတွင် မနေရဘဲ ရုံးရောက်သည်နှင့် အမှုစစ်ဆေးမည့် ရုံးခန်းထဲ[illegible]
တက်ရောက်နားနေခွင့် ရခဲ့၏။

ရုံးခန်းထဲတွင် မိသားစု အစုံအညီ ရောက်နေသည်။

"သား ... နေကောင်းတယ်နော်"

"ဟုတ်ကဲ့ မာမီ၊ ကောင်းပါတယ်၊ မာမီကော နေကောင်းရဲ့လာ[illegible]

"အေး ... ကောင်းပါတယ်၊ ခုတလော ပိုတောင်ကျန်းမာနေတယ်[illegible]

"ဒယ်ဒီကော မာမီ"

"သားဒယ်ဒီလည်း နေကောင်းပါတယ်၊ ဦးခင်မောင်သန်းလည်း ဒီ[illegible]
တော့ စောစောလာလိမ့်မယ်"

"ဟုတ်ကဲ့ မာမီ၊ မနေ့ကလည်း လာပါသေးတယ်"

"ကဲ ... သားကြိုက်တဲ့ အုန်းနို့ခေါက်ဆွဲ စပါယ်ရှယ် ချက်လာတ[illegible]
ပူပူလေး စားလိုက်ဦး"

"ဟုတ်ကဲ့ မာမီ"



ခေါက်ဆွဲပြင်နေစဉ် ဦးလွန်းဝေက သူ၏နှမငယ်နှင့် ရုံးခန်းထဲ
ရောက်နေသူများကို ပြုံးပြုံးရွှင်ရွှင် စကားပြောနေရာ၊ ခါတိုင်း နှုတ်ဆိတ်
သလောက် သည်တစ်ခါတွင် ဦးလွန်းဝေက အပြောသမား။ ကျန်လူများက
နားထောင်သမား ဖြစ်နေသည်။

တပြုံးပြုံး ဖြစ်နေသူမှာ ဒေါ်စိန်မမ။

ဒေါ်စိန်မမမှာ သားဖြစ်သူကိုကြည့်ပြီး သူမ၏မျက်နှာပေါ်မှာ
ပီတိရိပ်များ ဖြာဝေနေသည်။ ကြည်နူးရိပ်များ ဝင်းပနေသည်။ ကျေနပ်ရိပ်
များ ထင်းဓနေသည်။

ဦးလွန်းဝေကလည်း သူ့အထာနှင့်သူ။

တစ်ယောက်တည်းနေရလျှင် မငြိမ်မသက် လှုပ်ရှားနေတတ်သော
စိတ်အစဉ်မှာ ပို၍ယောက်ယက်ခတ်သွားမည်၊ ကခြေမွှဲသွားမည်ကို စိုးရိမ်ပြီး၊
စကားရော ဖောရော လုပ်နေခြင်း ဖြစ်ပေသည်။

ဦးလွန်းဝေ ခေါက်ဆွဲစားနေစဉ် အခန်းထဲသို့ အမျိုးသမီးနှစ်ဦး
နှင့် အမျိုးသားတစ်ဦး ဝင်လာကြသည်။

မျက်လုံးအစုံများမှာ ဝင်လာသူများဆီသို့ ဖျတ်ခနဲ ရောက်သွား
ကြသည်။ ဖျတ်ခနဲ မျက်နှာလွှဲပစ်လိုက်ကြသည်။

မျက်နှာမလွှဲနိုင်သူမှာ ဦးလွန်းဝေ တစ်ယောက်တည်းသာ။

သူ၏မျက်လုံးအစုံမှာ မေသဇင်၏ လှုပ်ရှားရာသို့ ဝဲပျံလိုက်ပါ
နေသည်။

မေသဇင်ကမူ သူတို့လူအုပ်ဆီသို့ မျက်စိတစ်ချက် ခတ်ကြည့်
လိုက်ပြီး၊ နောက်ထပ် မျက်ရိပ်မဝဲတော့ပေ။

အခန်းထဲတွင် ကြာကြာမနေဘဲ ချက်ချင်းပြန်ထွက်သွားကြသည်။

သူ၏ရင်ထဲမှာ တလှပ်လှပ်။

ညှိုးရိပ်ထင်နေသော မျက်နှာပြင်ကို ဟန်ဆောင်၍ ဖုံးဖိရန်ကြိုး
စားခဲ့သော်လည်း အရာမထင်ခဲ့ပေ။

ညီမဖြစ်သူက ဦးလွန်းဝေကို တိုးတိုးလေး ပြောလိုက်၏။

"အဲဒါပေါ့ သူ့မင်းသားလေး ဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com

သည့်တော့မှ ဦးလွန်းဝေ သတိပြန်ဝင်လာသည်။ ခေါင်းနှစ်ခါ သုံးခါ ညိတ်လိုက်ပြီး လေးပင့်သော သက်ပြင်းရှည်ကို ဟင်းခနဲ ချလိုက်သည်။

ဒေါ်စိန်မမက တရားဥပဒေဘောင်မှ လိုက်ပါဆောင်ရွက်မည့် ဥပဒေပညာရှင်ကြီးကို ငှားရမ်းထားသလို၊ လောကီရေးရာအရ ဆောင်ရွက်မည့် ဆရာကြီးကိုလည်း ရုံးတော်ပေါ်အရောက် ပင့်ဖိတ်လာခဲ့၏။

လောကီရေးရာ အကူအညီကို အရိပ်သဖွယ် အထောက်အပင့် ဖြစ်စေရန် စီစဉ်ခဲ့ခြင်း ဖြစ်မည်ထင်သည်။

မကြာမီ ပိတ်ဖြူပုဂ္ဂိုလ်ကြီးက ဒေါ်စိန်မမ လက်ထဲသို့ တစ်စုံတစ်ခု လှမ်းပေးလိုက်ပြီး တိုးတိုးလေး ပြောလိုက်သည်။

ဒေါ်စိန်မမက ပုဂ္ဂိုလ်ကြီးပေးသည် ပစ္စည်းကို ကြည့်လိုက်ရာ စံပယ်ဖြူသုံးပွင့်ကို တွေ့လိုက်ရ၏။ ယင်းစံပယ်ဖြူသုံးပွင့်ကို သားဖြစ်သူ ဝတ်ထားသော အပေါ်အင်္ကျီညာဘက်ဘေးအိတ်ထဲသို့ သူကိုယ်တိုင်ထ၍ ထည့်ပေးလိုက်၏။

ယနေ့ အမှုစစ်ဆေးရာတွင် စံပယ်ဖြူသုံးပွင့်က ဘယ်အခန်းက ဘယ်ပုံ ပါဝင်အသုံးတော်ခံမည်ကိုမူ ပိတ်ဖြူဝတ်ပုဂ္ဂိုလ်ကြီးမှတစ်ပါး မည်သူမှ သိအံ့မထင်။

ထိုစဉ်မှာပင် ဦးလွန်းဝေ၏ရှေ့နေကြီး ဦးခင်မောင်သန်း ရောက်လာသည်။ ဦးခင်မောင်သန်း ဝင်လာပြီး မရှေးမနှောင်းမှာပင် မေသဇင်နှင့် သူမ၏ရှေ့နေကြီးတို့ အတူတွဲ၍ ဝင်လာကြသည်။

မေသဇင်၏ ဟန်မှာ ထီမထင်သည့်ဟန်။ ဘယ်သူ့ကိုမှ အလေးမမူ ဂရုမထားသည့်အသွင်ဖြင့် ကြော့ကြော့မော့မော့ ရှိနေသည်။ ဆင်ယင်ထုံးဖွဲ့ပုံမှာလည်း ကြော့ပြန်နေသည်။

နုအိနေသော ရွှေဖလားရောင် ဇာပွင့်အင်္ကျီ။ အဝါခံပေါ်တွင် အနက်ပန်းခက်ကလေးများ ယှက်နွယ်နေသည့် ပိုးပျော့လုံချည်ကို ဝတ်ထား၏။ နောက်တွဲဆံထုံးမှ ဖြာကျနေသော ဆံဖျားကော့ကော့မှာ ဘယ်ဘက်ပခုံးထက်မှကျော်၍ ရှေ့ဘက်ရင်အုံပေါ်တွင် ရွရွကလေး တင်နေသည်။ ပန်းနုနှင့် အနီရောစွက်နေသော နှင်းဆီတစ်ပွင့်ကို နောက်ဆက်တွဲဆံထုံး ညာဘက်တွင် နေရာပေးထားသည်။



လက်ဝတ်လက်စား ဝတ်ထားပုံမှာလည်း ဣန္ဒြေရသည်။ စိန်ခြယ်နားကပ် သုံးတန်းသွား၊ စိန်လက်စွပ်နှင့် နာရီတစ်လုံးသာ ဝတ်ဆင်ထားသည်။

မျက်နှာပေါ်တွင်မူ ရောင်မျိုးစုံဖူးပွင့်နေသည်သို့ ခြယ်မှုန်းထားသည်။

အဖြူပေါ်တွင် ရွှေအစက်အပြောက်များ ကြဲထားသည့် လက်ကိုင်အိတ်ကို လက်မောင်းပေါ်တွင် ချိတ်တင်မထားဘဲ လက်ထဲတွင်ကိုင်၍ သွယ်ပျောင်းနွဲ့နှောင်းဟန်နှင့် လွှဲယူသွားသည်။

မေသဇင်၏ ကိုယ်လုံးအလှမှာ အရင်ကထက်ပို၍ လှနေသလိုလို။ အလှကြွယ်သူများအဖို့တော့ ဘယ်လိုဆင်ဆင်၊ ဘယ်လိုပြင်ပြင် လှနေသည်သာ။

◆ → ◆

တရားသူကြီး ထွက်လာတော့မည်မို့ ဦးလွန်းဝေမှာ သူ ထိုင်ရမည့်နေရာတွင် ထိုင်နေပြီဖြစ်၍ သူ၏နောက်ကျောဘက်တွင် ရှိနေသော မေသဇင်ကို မကြည့်သာ မမြင်သာတော့ပေ။

တရားခွင်ပေါ်တွင် တရားသူကြီးမင်း နေရာယူပြီးသည်နှင့် နှစ်ဖက်သော ရှေ့နေကြီးများလည်း သူတို့အတွက်သတ်မှတ်ပေးထားသော စားပွဲများတွင် အသင့်ရှိနေကြသည်။ စားပွဲပေါ်တွင် ရှိနေသော ကြိမ်ခြင်းပြားလေးထဲတွင် ဥပဒေစာအုပ်ထူကြီးများ အထပ်လိုက်ရှိနေသည်။

ဒေါ်စိန်မမ၏နောက်မှ ဝတ်ဖြူပုဂ္ဂိုလ်ကြီးမှာမူ တရားသူကြီးမင်းကိုတစ်လှည့် ကျောပေးထိုင်နေသော ရှေ့နေကြီးကိုတစ်လှည့် စူးစူးစိုက်စိုက်ကြည့်၍ ပါးစပ်တလှုပ်လှုပ် ရှိနေသည်။ သူကလည်း သူအားကိုးရာမန္တာန်များဖြင့် သူ၏လုပ်ငန်းစဉ်ကို စတင်လုပ်နေဟန် ရှိပေသည်။

သူ့ကိုမူ မည်သူကမှ သတိမထားမိကြပေ။

တရားခွင်စသည်နှင့် နှစ်ဖက်သော ရှေ့နေကြီးများက သက်သေစာရင်း တင်ပြကြသည်။

တရားသူကြီးက တင်ပြလာသော သက်သေစာရင်းကို ကြည့်ရှုပြီးနောက် လက်ခံကြောင်း ခေါင်းညိတ်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

တရားသူကြီးက အမှုကို ဆက်တိုက်စစ်ဆေးသွားမည်ဖြစ်သဖြင့် နှစ်ဖက်တင်ပြထားသော သက်သေများ ရက်ချိန်းအတိုင်း ရုံးတော်သို့ ရောက်ရှိစေရန် ကူညီကြဖို့ ပြောကြားပြီး တရားခွင်ကို ခေတ္တရပ်နားလိုက်၏။

တရားသူကြီးမင်းက နှစ်ဖက်သော ရှေ့နေကြီးများကို သူ့ရုံးခန်းထဲတွင် တွေ့ဆုံရန်ပြောပြီး တရားခွင်ပေါ်မှ ဆင်းသွားခဲ့ရာ ရှေ့နေကြီးနှစ်ယောက်မှာ တရားသူကြီးရုံးခန်းထဲ ဝင်သွားပြီး မရှေးမနှောင်းမှာပင် ဝင်လိုက်သွားကြ၏။

မေသဇင်နှင့် သူမ၏အဖော်နှစ်ယောက် ရုံးခန်းထဲမှ အထွက်တွင် မေသဇင်က ဦးလွန်းဝေဘက်သို့ တစ်ချက် လှည့်ကြည့်လိုက်၏။ ဦးလွန်းဝေက လှမ်းအကြည့်နှင့် ဆုံသွားရာ မေသဇင်က သူမ၏အကြည့်ကို ဖျတ်ခနဲ လွှဲပစ်လိုက်၏။ ဦးလွန်းဝေ၏ မျက်လုံးများမှာ မေသဇင်၏ ကျောပြင်ပေါ်သို့ စူးစိုက်ပါသွားသည်။

ဒေါ်စိန်မမနှင့် ဝတ်ဖြူပုဂ္ဂိုလ်ကြီးတို့မှာ ခေါင်းချင်းဆိုင်၍ တိုးတိုး ကျိတ်ကျိတ် လုပ်နေကြသည်။

ဦးလွန်းဝေမှာ သူထိုင်နေသော ကုလားထိုင်မှ တော်တော်နှင့် မထသေးဘဲ သူ၏လက်ညှိုးမှ လက်သည်းကလေးကို ကိုက်ဖြတ်ရင်း အတွေးချာန်ဝင်လျက်ရှိနေသည်။

အမှုတွင် လိုက်ပါဆောင်ရွက်မည့် ဥပဒေပညာရှင်များနှင့် အမှုကို စစ်ဆေးရမည့် တရားသူကြီးတို့မှာ မှန်ကန်ရင်းနှီးမှုကို ရယူနိုင်ကြခြင်းဖြင့် တည့်မတ်သော တရားစီရင်ရေးကို အထောက်အကူ ပြုနိုင်ပေသည်။

ယခုအမှုတွင် ပြင်ပဖိအားများလွန်းသည်မို့ အထူးသတိထား၍ ကိုင်တွယ်စစ်ဆေးရမည်ဖြစ်ရာ ဥပဒေပညာရှင်ကြီးများနှင့် ရင်းနှီးမှုကို ရယူခဲ့ခြင်း ဖြစ်ပေသည်။

တရားသူကြီးနှင့် ဥပဒေပညာရှင်ကြီးနှစ်ယောက် ညှိနှိုင်းကြပြီးနောက် အမှုကို စစ်ဆေးရာတွင် မေသဇင်ကို စတင်စစ်ဆေးရမည်ဖြစ်သည့်အတိုင်း နောက်တစ်နေ့မနက်တွင် စစ်ဆေးမှု စတင်ရန် ဦးခင်မောင်သန်း၏ တင်ပြချက်ကို တစ်ဘက်သော ရှေ့နေကြီးကပါ လက်ခံလိုက်သဖြင့် တရားသူကြီးက အတည်ပြုချက်ပေးလိုက်၏။



ဦးခင်မောင်သန်းက မေသဇင်၏အကြောင်းကို သိသည့်အတိုင်း တမင်တကာ ဆွပေးလိုက်ခြင်းဖြစ်၏။ မေသဇင်က အသည်းမာသူဖြစ်သည်။ မေသဇင်လို မိန်းကလေးမျိုးကျတော့ ဒေါသကို ဆွပေးနိုင်လေ၊ ကိုယ်လိုချင်သော ခွင်ထဲကို လှည့်ယူလို့ရလေ ဖြစ်မည်ကို ဦးခင်မောင်သန်းက သိထားသည်။ သည့်ကနေ့ စစ်လျှင်လည်း ဖြစ်လျက်သားနှင့် တမင်ပင် ရွှေ့ဆိုင်းခွင့်တောင်းလိုက်ခြင်း ဖြစ်ပေသည်။

ထင်သည့်အတိုင်းလည်း ဖြစ်ခဲ့သည်။

နေ့ခင်းဘက် အမှုစစ်ဆေးမည်အထင်နှင့် ရောက်လာသော မေသဇင်မှာ သူ၏ရှေ့နေကြီးထံမှတစ်ဆင့် အမှုရွှေ့ဆိုင်းကြောင်း သိလိုက်ရသည်နှင့် မျက်စောင်းတခဲခဲ ဖြစ်သွားသည်။

သူမ၏ မျက်စောင်းဦးတည်ရာမှာ ဦးခင်မောင်သန်း အပေါ်သို့။

ဦးခင်မောင်သန်းကမူ မေသဇင်၏ မျက်စောင်းကို မဒို့တရို့ အပြုံးဖြင့် တုံ့ပြန်လိုက်သည်။

သည်ယုန်မြင်လို့ သည်ချုံထွင်ထားပြီပဲဟာ။

တွေ့ကြသေးတာပေါ့ တရားခွင်ပေါ်မှာ ...။

◆ ➙ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်းတစ်ဆယ့်ရှစ်

ဦးလွန်းဝေ၏ မျက်နှာမှာ မနက်ပိုင်းကလို မကြည်သာတော့။ ဟန်ဆောင်အပြုံးရိပ်ကလေးများပင် ကွယ်ပျောက်နေသည်။

နှုတ်ဆိတ်နေသည်။

သူ့ကို စကားပြောနေသူများဘက်သို့ မျက်နှာမူထားသော်လည်း သောတအာရုံမှာမူ စကားပြောနေသူ၏ထံတွင် မရှိ။ သူတို့ ဘာပြောနေသည်လဲ အာရုံမထင်။ ဦးခင်မောင်သန်းနှင့် စကားပြောရာမှာပင် အယောင်ယောင်အမှားမှား ဖြစ်နေသည်။

သူ၏စိတ်အစဉ်မှာ မေသဇင်ဆီသို့ ပျံ့လွင့်ပါသွားလေသလား၊ ဒါမှမဟုတ် မေသဇင်နှင့် တွဲလာသော ဗလကောင်းကောင်း ကောင်လေးဆီသို့ပဲ လွင့်ပျံ့ပါသွားလေသလား ဆိုသည်ကိုမူ ဦးလွန်းဝေမှတစ်ပါး မည်သူမျှ မသိနိုင်ပေ။

ဒေါ်စိန်မမက သားဖြစ်သူအရိပ်အကဲကို သိသော်လည်း မသိဟန်ပြု၍ သားဖြစ်သူ၏စိတ်ကို ပြန်ထိန်းပေးလိုက်သည်။

"ရော့ ... သား၊ ကိုကိုးလေး သောက်လိုက်ဦး"

"ဟုတ်ကဲ့ မာမီ"

"သား ခံစားနေရတဲ့ ဝေဒနာကို မာမီ ကိုယ်ချင်းစာပါတယ်၊ မာမီ့မှာက သည့်ထက်ပိုတဲ့ ဝေဒနာတွေ ခံစားနေရပါတယ်ကွယ်"

"ကျွန်တော် နားလည်ပါတယ် မာမီရယ်"

"အေးပါ၊ မာမီက သား နားလည်မယ်ဆိုတာ ယုံပြီးသားပါ၊ ကဲ ... ကဲ ... သား ပြန်ပြီးတော့ အနားယူလိုက်ဦး၊ ဩော် ... ဒါထက် နက်ဖြန် သားဝတ်ဖို့ အဝတ်တွေ မာမီ ပို့ခိုင်းလိုက်မယ်"

"အို ... မာမီကလည်း သားမှာ အဝတ်အစားတွေ လေးငါးစုံ ရှိနေပါတယ်"



"မာမီ ပို့လိုက်တဲ့ အဝတ်အစားကိုသာ ဝတ်ခဲ့ပါ သားရယ်"

ခုထိ ဒေါ်စိန်မမက ဦးလွန်းဝေကို နို့သက်နံ့ မပျောက်သေးသော ကလေးသဖွယ် သဘောထားနေဆဲ။ မည်သို့ပင်ဆိုစေ မိဘမေတ္တာဟူသည် အတိုင်းအဆ နှိုင်းမရနိုင်ပါလေ။

ငယ်ငယ်က သားဖြစ်သူကို သုံးစမ်းပစေ၊ ဖြုန်းစမ်းပစေဟု အလိုလိုက်ခဲ့သော်လည်း သားဖြစ်သူက မသုံးခဲ့၊ မဖြုန်းခဲ့။ ခု သားဖြစ်သူ အရေးပေါ်လာတော့ ဒေါ်စိန်မမက ငွေကို ငွေလိုသဘောမထားခဲ့ပေ။ ကုန်ပါစေ စည်းစိမ်ပင် ပြွတ်ပါစေတော့ဟု သဘောထားခဲ့၏။

ဒေါ်စိန်မမကတော့ အိမ်မှာသမုတ်၊ ဆရာကို ရုံးပေါ်အထိခေါ်ပြီး ဓာတ်ဆင် ဓာတ်ရိုက်၊ ဂါထာမန္တာန် အမျိုးမျိုးဖြင့် လုပ်စေခဲ့ပေသည်။

♦ → ♦

ဦးလွန်းဝေမှာ တရားရုံးပေါ်တွင် မာန်တစ်လိမ်၊ ပန်တစ်လိမ် ဣန္ဒြေဆောင်ခဲ့သမျှ ဆေးရုံအချုပ် ပြန်ရောက်သည်နှင့် ဟန်ဆောင်မျက်နှာဖုံးမှာ ကျွတ်ခွာကျသွားတော့၏။

အပေါ်အင်္ကျီနှင့် ရှူးဖိနပ်ကိုချွတ်ပြီး အဝတ်အစားမှ မလဲနိုင်တော့ဘဲ ခုတင်ပေါ်သို့ လှဲချလိုက်ရ၏။

တစ်ခေါင်းလုံး မူးဝေနောက်ကျိနေသည်။ ရင်ထဲမှာ တလှပ်လှပ် ဖြစ်နေသည်။

သူ၏မျက်စိအာရုံတွင် မေသဇင်၏ရုပ်ပုံလွှာက စွဲငြိနေသလို မေသဇင်နှင့် တွဲလာသော ကောင်လေး၏ အရိပ်ကလည်း စွဲထင်နေသည်။

အသားကဖြူသည်။ ရုပ်ကချောသည်။

မပြေတပြေ လှိုင်းတွန့်ရိပ်ကလေးများ ထင်နေသော ဆံပင်ခွေကလေး နဖူးပေါ် မခို့တယို့ ခွေကျနေပုံမှာ မိန်းကလေးများ မျက်စိထဲတွင် စွဲထင်စရာအသွင် ရှိနေသည်ကို ဦးလွန်းဝေလည်း အကဲဖမ်းမိလိုက်၏။

စပို့ရှပ်အနီရောင်မှာ သူ၏ဝင်းဝါသော အသားနှင့် လိုက်ဖက်သည်။

လတ်မောင်မောင်ကို ပြန်၍သတိရစရာ ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


လတ်မောင်မောင်မှာလည်း လှချောလေး။ နွဲ့နွဲ့တင်တင် ချော သည်။ ခုတွဲလာသော ကောင်လေးက ကျားကျားယားယား ချောသည်။

မေသခင် ရုံးခန်းထဲမှ ပြန်အထွက်တွင် ကောင်လေးလက်ကိုတွဲ လျက် ...

ထိုမှ ဦးလွန်းဝေ၏ အတွေးစဉ်များမှာ ယောက်ယက်ခတ်သွား သည်။ မျက်စိကို အားပါးတရ မှိတ်မှိတ်ထားလိုက်ရသည်။

သူ၏နှုတ်ဖျားဆီမှ ပြင်းပြသော "တောက်"ခေါက်သံ ထွက်လာ သည်။

ခုတင်ဘေး စားပွဲခုံပေါ်ရှိ ပုလင်းထဲမှ ဆေးပြားတစ်ပြားကို ပါးစပ်ထဲသို့ ထည့်လိုက်ပြီးသည့်နောက် သူ၏အတွေးစဉ်များ ဝိုးတဝါးဖြစ်လာ ရာမှ လွင့်စဉ်ပျောက်ကွယ်သွားတော့၏။

♦ → ♦

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ ဆူဆူညံညံအသံများ ကြောင့် လန့်နိုးလာသည်။ သူတို့နေသော ဆေးရုံအချုပ်ဆောင်ထဲတွင် ဝရုန်း သုန်းကားဖြစ်နေသည်။ အစောင့်ရဲများလည်း အပြေးအလွှား ရောက်လာကြသည်။

ရန်ပွဲလေးတစ်ပွဲ။

တစ်ယောက်က ခါးပိုက်နှိုက်။

တစ်ယောက်က သူခိုး။

နှစ်ယောက်စလုံး ဒဏ်ရာအပြည့်နှင့် ဆေးရုံအချုပ်သို့ ရောက်နေ ကြသူများဖြစ်၏။

သူတို့နှစ်ယောက်မှာ အပြင်တွင် တစ်ယောက်ကို တစ်ယောက် မသိကြသော်လည်း ဆေးရုံအချုပ်သို့ ရောက်သည့်အခါ ခုတင်ချင်းကပ်ရပ် နေရသည်မှ ခင်မင်ခဲ့ကြသည်။ တစ်ယောက်အကြောင်း တစ်ယောက်ပြောရင်း ဒုစရိုက်လောကသား နှစ်ယောက်မှာ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြပြီး တရင်းတနှီး ခင်မင်သွားကြ၏။

နှစ်ယောက်စလုံး၏ ဒဏ်ရာများလည်း အတော်ပင် သက်သာ နေသည်။

ဒါပေသိ ဆရာဝန်"ရောင်း"လှည့်ချိန် ရောက်ပြီဆိုမှဖြင့် အမယ် လေး၊ အာဘလေး အော်ကြစမြဲ။ မျက်နှာကြီးတွေ ရှုံ့မဲ့ပြီး အမူအရာအမျိုးမျိုး လုပ်ကြစမြဲ။ အိပ်ရာထဲမှာ ခွေခွေကလေးလှဲပြီး အိုက်တင်ပေါင်းစုံ ပြကြစမြဲ။

ဒါမှလည်း ထောင်ကို တော်တော်နှင့်မပြန်ရဘဲ အနေအစားချောင် သော ဆေးရုံအချုပ်တွင် တမေ့တမော နေရသည်။ အဲ ... ဆရာဝန်တွေမလာ သည့် အချိန်များမှာတော့ စုစုဝေးဝေး စားလိုက်ကြ၊ သောက်လိုက်ကြ၊ ရယ် လိုက်ကြ၊ ဟားလိုက်ကြနှင့် တပျော်တပါးပါပဲ။

အကြံအဖန်ဆိုတာက နေရာတိုင်းမှာ ရှိကြစမြဲပေကိုး။

အဲဒီနေ့ကတော့ သူတို့နှစ်ယောက် ကိုယ့်အနီးအနားမှာ ရှိနေသည့် ခွက်တွေ၊ ပန်းကန်ပြားတွေ၊ ပုလင်းတွေနှင့် ပေါက်ကြ၊ ပစ်ကြ၊ ဖြစ်ခဲ့ကြရာ မှ ဆေးရုံအချုပ်ထဲမှာ ဆူညံသွားခဲ့သည်။

အစောင့်ရဲများ ဝင်လာပြီး တစ်ယောက်ကို နှစ်ချက် သုံးချက် လောက် တီးလိုက်မှ ငြိမ်သွားကြသည်။

သို့စေကာမူ သူတို့နှစ်ယောက်ကို ခုတင်ချင်းကပ်ရပ် အတူတူ မထားတော့ဘဲ အခန်း၏ဟိုဘက်ထိပ်နှင့် သည်ဘက်ထိပ် ခွဲထားလိုက်၏။

လှကြီးမှာ ဦးလွန်းဝေတို့ ခြေရင်းဘက်သို့ ရောက်သွားသည်။

လှကြီးတို့အကြောင်းကို သိနေသူများ တစ်ယောက်နှင့် တစ် ယောက် တရားလွန် ခင်မင်ကြရာမှ ရုတ်တရက် ရန်ဖြစ်ရသည့်အကြောင်းကို စပ်စပ်စုစု လုပ်ခဲ့ကြ၏။

ဦးလွန်းဝေ၏ ခုတင်ခြေရင်းတွင် ပြောဆိုနေကြရာ ဦးလွန်းဝေ မှာ မကြားချင်သော်လည်း မနေသာဖြစ်နေသည်။ မနေသာသည့်က အကြောင်း မဟုတ် လှကြီး ပြန်ပြောနေသည့် ဇာတ်လမ်းမှာ သူ့အတွက်ပါ အတွေးပို စရာ ဖြစ်ခဲ့ရသည်။

အဲဒီနေ့ ညဥ့်ဦးပိုင်းကတည်းက လှကြီးတို့ လေးငါးယောက်စု ပြီး ရောက်တတ်ရာရာ 'ရှေးဟောင်းနောက်ဖြစ် အကြောင်းစုံ ပြောရင်းမှ မ, ကိစ္စအကြောင်းဘက်သို့ ဦးတည်လာ၏။ တစ်ယောက်တစ်မျိုး ကိုယ်တွေ့ အကြောင်းများ ပြောကြရင်းမှ လှကြီးက သူနှင့် ကောင်မလေးတစ်ယောက် ဇာတ်လမ်းကို အားပါးတရ မှတ်တမ်းတင်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

နားထောင်နေသူများမှာ ဆေးလိပ်သောက်ဖို့ တံတွေးမျိုဖို့ မေ့ကုန်ကြသည်။

နားထောင်နေသူအားလုံး ရွှင်ရွှင်မြူးမြူး တက်တက်ကြွကြွ

ဦးလွန်းဝေလည်း အတွေးချာချာလည်ရော။

မနက်ရုံးထွက်တွင် တွေ့ရဦးမည်။

ဦးလွန်းဝေ နှုတ်ဖျားမှ သက်ပြင်းရှည် ချလိုက်သံနှင့်အတူ သံချောင်းခေါက်သံသုံးချက် ထွက်လာသည်။

ရုံးထွက်ချိန် နီးပါပကော ...။

♦ ↔ ♦

## အခန်း(တစ်ဆယ့်ကိုး)

ရုံးထွက်ရာတွင် ဝတ်ရမည့် အဝတ်များကို လက်ဖက်ရည်ပို့သာရင်း ပေးသွားခဲ့သည်။ အဝတ်လဲဖို့ အင်္ကျီလုံချည်များကို ဖြန့်လိုက်သောအခါ နံ့သာဖြူနံ့လိုလို၊ ကရမက်နံ့လိုလို အမွှေးနံ့များ ထောင်းခနဲ ထွက်လာသည်။

လက်ကိုင်ပဝါထည့်ရန် အပေါ်အင်္ကျီအိတ်ထဲသို့ လက်ရောက်သွားသည်။ သစ်သားစကလေး တစ်ခုကို စမ်းမိလိုက်သည်။ ထုတ်ကြည့်သည့်အခါ သရက်ခေါက်ဟု ထင်ရသော သစ်ခေါက်စတစ်ခု ဖြစ်နေသည်။

ရှပ်အင်္ကျီအိတ်ထဲတွင် စာရွက်တစ်ရွက် ရှိနေသည်။ လက်တစ်ဝါးသာသာ စာရွက်ပေါ်၌ ထင်နေသော မျဉ်းသားကွက်များထဲမှ စာလုံးများကိုမူ သူလည်း မဖတ်တတ်ပေ။ ကုလားစာလို အတွန့်အတက်ကလေးတွေနှင့်။

ဦးလွန်းဝေ၏ မျက်ဝန်းထဲတွင် မိခင်ကြီး၏မျက်နှာ ရိပ်ခနဲပေါ်လာသည်။

"မာမီရယ် အတော့ကို ဒုက္ခများလှပါကလားနော်"ဟု တိုးတိုးလေး ညည်းလိုက်မိ၏။

ဦးလွန်းဝေမှာ လန်းလန်းဆန်းဆန်း မရှိသော်လည်း ရုံးရောက်သောအခါတွင်မူ သူ၏မျက်နှာကို အတတ်နိုင်ဆုံး ချိုမြနေအောင် ပြုပြင်ထားရ၏။

မိခင်ဖြစ်သူက သားမျက်နှာကို အမြဲတမ်း အရိပ်တကြည့်ကြည့် ကြည့်နေတတ်သည်မို့ သူ့ကိုယ်သူ ထိန်းနေရသည်။

ဦးလွန်းဝေမှာ မိခင်ကြီးနှင့် စကားပြောတုန်း အမှတ်မထင်ရှိနေစဉ် မေသဇင်တို့ ရုံးခန်းထဲသို့ဝင်လာကြသည်။ "တို့"ဆိုသည်မှာ မေသဇင်နှင့် သူ့ကောင်လေး တွဲလျက်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလွန်းဝေက ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

မေသဇင်က ဦးလွန်းဝေတို့ဘက်သို့ မကြည့်ဘဲ ရုံးခန်းထဲ[..] ဝေ့ကြည့်လိုက်ပြီး သူတို့၏ရှေ့နေကြီးကို မတွေ့သည်နှင့် ပြန်လှည့်ထွက်သွ[..] ကြသည်။

လျှပ်တစ်ပြက် အမြင်ကြောင့် ဦးလွန်းဝေ ရင်ထဲတွင် တစ်[..] ဖြစ်သွားရသည်။ ညကပဲ ဟိုနှစ်ယောက် ချကြသည့်အကြောင်းကို သွားသ[..] ရလိုက်မိသည်။

တိုက်ဆိုင်မှုဆိုသည်မှာ ဖြစ်တတ်လွန်းပါပေ။

အမှုစစ်ဆေးတော့မည် ဖြစ်သောကြောင့် ရုံးခန်းထဲမှာ လူ[..] တက်စုံ ရှိနေကြသည်။ ကရားရုံးသတင်းထောက် လေးငါးဦးပင် ရောက်နေသ[..]

ရုံးတွင် အစစ်ခံရမည့်နေ့မို့ ထင်ပ၊ သည်နေ့ မေသဇင် ပြင်ဆ[..] လာပုံမှာ ယူကြီးဆန်သည်။ ဣန္ဒြေရသည်။

ဆံထုံးကြီးသလောက် ရှည်လျားသော ဆံနှက်ကို ဖွတ်ဖြီးကျစ်[..] ဘီးကြောပြန်ပတ်၍ ပိုက်အနက်ကို အုပ်ထား၏။ ပန်းရောင်သွေးပြေးနေသ[..] နှင်းဆီတစ်ပွင့်မှာ ကျစ်လျစ်သော ဆံထုံးပေါ်တွင် ပွင့်အာနေသည်။

အသားရောင် ပိုးပျော့အင်္ကျီလက်ရှည်နှင့် ငွေချည်ရိုပ်ကလေ[..] များ ထပ်ထားသော ခင်းမယ်လုံချည်အပြာနုကို ဝတ်ထား၏။ မျက်နှာပေ[..] တွင် ထူးထူးထယ်ထယ် ခြယ်သမထားဘဲ မိတ်ကပ်ပါးပါးလေးထင်ရုံ [..] ထား၏။ လက်ကိုင်အိတ်မှာ အပြာရောင်။

စိန်ခြယ်နားကပ်၊ စိန်လက်စွပ်အပြင် နို့နှစ်ရောင်ပုလဲလည်[..] ကို သွယ်နွဲ့သော လည်ပင်းပေါ်တွင် ဟိတိရိရိ ဆွဲထား၏။

လက်ဆွဲတော် ကောင်လေးကလည်း သူမ၏အဆင်အပြင်[..] လိုက်ဖက်အောင် မြန်မာဆန်ဆန် တိုက်ပုံအင်္ကျီနှင့် အင်းလေးလုံချည်ကို ဝ[..] ဆင်ထား၏။

မေသဇင်က ဦးလွန်းဝေရဲ့စိတ်ကို ဆွချင်၊ ကလိချင်၍လားမ[..] လက်ဆွဲတော်ကောင်လေးနှင့် တပူးတွဲတွဲ ရှိနေသည်။

ရုံးခန်းထဲသို့ ရှေ့နေကြီးနှစ်ယောက် ပြိုင်တူလိုလို ဝင်လာ[..] သည်။



တရားသူကြီးမှာလည်း သူ၏ကုလားထိုင်မြင့်မြင့်ကြီးပေါ်တွင် အခန့်သားထိုင်လျက် ရှိနေသည်။

ရှေ့ဖတ်စာရေးကြီး၏ လက်ချောင်းများမှာ လက်နှိပ်စက်ပေါ် တွင် ရွရွလေး တင်ထားသည်။

မေသဇင်က သူမအစစ်ဆေးခံမည့်နေရာသို့ ထလာရာတွင် တည်ငြိမ်လွန်းလှသည်။ သူမထံမှ ပျံ့လွင့်လာသော ယဒ်ဒလေပေါင်ဒါနှင့် ရှားနယ်(လ်)ရေမွှေးနံ့တို့မှာ မွှေးကြိုင်ထုံသင်းနေသည်။

ကျမ်းကျိန်အစစ်ခံမည် ဖြစ်သောကြောင့် ကျမ်းထုပ်ကို မေသဇင်၏ လက်နှစ်ဖက်နှင့် ကိုင်ထားစေ၍ ရှေ့ဖတ်စာရေးကြီးက ကျမ်းကျိန်လွှာကို ရှေ့မှကြောင်းပေးနေသည်။ ရှေ့ဖတ်စာရေးကြီး ကြောင်းပေးသည့်အတိုင်း မေသဇင်က တိုးတိုးလေး လိုက်ဆိုနေသည်။

"ဤအမှုတွင် အမှန်ကို အစစ်ခံပါမည်"

သူမ၏အသံမှာ ကြည်လင်နေသည်။

"ကျမ်းစူးပါစေသား"

ဤအပိုဒ်အရောက်တွင် သူ၏အသံမှာ မြင့်တက်လာသည်။

မေသဇင်က ဦးလွန်းဝေနှင့် တစောင်းအနေအထားတွင် ကိုယ်ကို မတ်မတ်ထားလျက် သူမ၏ထွက်ဆိုအစစ်ခံချက်ကို ပီပီပြတ်ပြတ် ထွက်ဆိုနေသည်။

မေသဇင်၏အသံမှာ တည်ငြိမ်သည်ဟု ဆိုနိုင်သော်လည်း တစ်ခါ တစ်ခါတွင် တုန်ယင်သော အသံလေးများ ရောစွက်ပါလာသည်။

ဦးလွန်းဝေ၏ခေါင်းမှာ မေသဇင်ဘက်ကို ကြည့်လိုက်၊ အောက်ကို ငုံ့ထားလိုက်နှင့် မတည်မငြိမ် အနေအထား ရှိနေသည်။

## (က)

မေသဇင်၏ ထွက်ဆိုအစစ်ခံချက်မှာ ...

"ကျွန်မနဲ့ ကိုလွန်းဝေတို့ဟာ လူကြီးမိဘများက နေရာချထားပေးလို့ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါတယ်။ တစ်ယောက် နှင့်တစ်ယောက် သဘာဝချင်းမတူလို့ အသွင်တူတဲ့အိမ်ထောင် မဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

ပါဘူး၊ အိမ်ထောင်စကျကတည်းက ကျွန်မတို့ရဲ့ အိမ်ထောင်ရေးဟာ အဆင်မပြေခဲ့ပါဘူး။ သို့ပေမဲ့ ကျွန်မဟာ အိမ်ထောင်ရှင်တစ်ယောက် အနေနဲ့ ထိန်းထိန်းသိမ်းသိမ်း နေထိုင်ခဲ့ပါတယ်။ ကျွန်မ ကိုလွန်းဝေနဲ့ အိမ်ထောင်မကျခင်ကတည်းက ဂီတဘက်မှာ ဝါသနာထုံခဲ့ပါတယ်၊ အဆိုအတီးသင်ရင်း ဂီတအနုပညာရှင်များနဲ့ ရင်းနှီးခဲ့ပါတယ်။ ကျွန်မ တို့ရဲ့ ရင်းနှီးမှုဟာ အနုပညာသမားချင်း တရင်းတနှီး ဆက်ဆံခဲ့တဲ့ အနေအထားထက် မပိုခဲ့ပါဘူး ...

"ကိုလွန်းဝေဟာ အင်မတန်မှ တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တ သမား ဖြစ်ပါတယ်။ ကျွန်မကို သူနဲ့မှတစ်ပါး ဘယ်သူနဲ့မှ ဆက်ဆံ ပေါင်းသင်းတာကို မနှစ်မြို့ပါဘူး၊ မကြည်ဖြူပါဘူး၊ အချိန်ရှိသရွေ့ ကျွန်မဟာ သူ့အတွက်သာ ဖြစ်စေရမယ်ဆိုတဲ့ သဘောထားကို တစ်သ မတ်တည်း ထားခဲ့ပါတယ်။ သဝန်တိုစိတ်လည်း အလွန်ပြင်းထန်သူ ဖြစ်ပါတယ်၊ သူ့မှာ ခွင့်လွှတ်တတ်တဲ့ စိတ်ထားမျိုး စိုးစဉ်းမျှ မရှိခဲ့ ပါဘူး"

မေသဇင်က ယင်းသို့ထွက်ဆိုနေစဉ် ဦးလွန်းဝေက သူ၏တစ် ဖက်တွင် ရှိနေသော ပြတင်းပေါက်ဘက်သို့ ငေးမောကြည့်နေခဲ့၏။

မေသဇင်က တရားသူကြီးဘက်သို့ မျက်နှာမူတစ်လှည့် ဦးလွန်း ဝေဘက် မျက်နှာမူတစ်လှည့်ဖြင့် သူမ၏ထွက်ဆိုချက်ကို ဆက်လက်ထွက်ဆို သွားခဲ့၏။

"သေဆုံးသူ လတ်မောင်မောင်ဟာ ကျွန်မနဲ့ အလွန်ရင်းနှီးခင်မင်သူ ဖြစ်ပါတယ်။ သူက အနုပညာရှင်တစ်ယောက်ပါ၊ ကျွန်မက အနုပညာ ကို တွယ်တာမြတ်နိုးပါတယ်၊ ဒါကြောင့် ကျွန်မတို့နှစ်ယောက်ဟာ ခင်မင်ရင်းနှီးကြပါတယ်၊ အိမ်ကို အမြဲဝင်ထွက်ပြီး ကျွန်မကို စန္ဒရား သင်ပေးခဲ့ပါတယ်၊ အဲဒီလို ကျွန်မတို့ တရင်းတနှီး ခင်ခင်မင်မင်နေ ကြတာကို ကိုလွန်းဝေက မျက်စိစပါးမွေး စူးနေပါတယ်။ သူ့ရဲ့ပါးစပ် ကလည်း အကြိမ်ကြိမ် အခါခါ ဖွင့်ပြောခဲ့ပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ကျွန်မတို့လင်မယားနှစ်ယောက်လည်း မကြာခဏ စကား များခဲ့ကြပါတယ်"



တရားသူကြီးက မေသဇင်၏ ထွက်ဆိုချက်ကို စူးစိုက်နားထောင် ရင်း လက်နှိပ်စက် ရိုက်နေသူ ရှေ့ဖတ်စာရေးကြီးအား၊ လက်နှိပ်စက်ရိုက်ရန် စကားကြောင်းပေးနေ၏။

ရှေ့နေကြီး ဦးခင်မောင်သန်းကလည်း မေသဇင်၏ ထွက်ဆို ချက်များကို မှတ်စုစာရွက်တွင် ရေးမှတ်ရင်း မေသဇင့်ကို စူးစူးစိုက်စိုက်ကြည့် နေ၏။

"ကိုလွန်းဝေက သူ့ရဲ့ထုံးစံအတိုင်း ကျွန်မနဲ့လတ်မောင်မောင်ကို မသင်္ကာ ဖြစ်ခဲ့ပါတယ်။ ကျွန်မတို့ရဲ့ ဆက်ဆံမှုကိုကြည့်ပြီး မနာလိုဝန်တို ဖြစ် နေပါတယ်။ ကျွန်မကတော့ လုံးဝဂရုမစိုက်ပါဘူး၊ ရိုးရိုးနေကြတာပဲလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပြီး ယခင်ကလိုပဲ နေထိုင်ခဲ့ပါတယ်။ လတ် မောင်မောင် ကိစ္စနဲ့ပတ်သက်ပြီး ကျွန်မနဲ့ ကိုလွန်းဝေတို့ သုံးကြိမ် အကြီးအကျယ် စကားများခဲ့ကြပါတယ်။ ကိုလွန်းဝေနဲ့ ကျွန်မ အိမ် ထောင်စကျကတည်းက သူ့ရဲ့ဝင်ငွေကို ကျွန်မ မထိကိုင်ခဲ့ပါဘူး။ အိမ်စရိတ်ကို သူ့ဟာသူပဲ ကိုင်တွယ်စီစဉ်ခဲ့ပါတယ်။ အကြောင်းက တော့ ကျွန်မ သူ့ကို မကြည်ဖြူဘဲ ယူခဲ့ရလို့ ဖြစ်ပါတယ်"

မေသဇင်က ဤသို့ထွက်ဆိုလိုက်သည့်အခါတွင် သူမ၏ရှေ့နေ ကြီးမှာ ခေါင်းကို မသိမသာလေး ခါယမ်းလိုက်၏။ သဘောမကျသည့် မျက်နှာအမူအရာဖြင့် မေသဇင်ကို လှမ်းကြည့်လိုက်၏။

ဦးခင်မောင်သန်းကမူ ယဲ့ယဲ့လေး ပြုံးနေသည်။

ဦးလွန်းဝေက မေသဇင်ကို ဖျတ်ခနဲ လှမ်းကြည့်ပြီး မျက်နှာပြန် လွှဲလိုက်၏။

"လတ်မောင်မောင် မသေမီနှစ်ရက်က ကျွန်မနဲ့ ကိုလွန်းဝေတို့ စကား များကြတဲ့အခါမှာ လတ်မောင်မောင်ရဲ့မျက်နှာကို ဝအောင်ကြည့်ထား ပေါ့လို့ ခြိမ်းခြောက်ခဲ့ပါတယ်"

ဦးလွန်းဝေက သူ၏ခေါင်းကို သွက်သွက်ကလေး ခါလိုက်၏။

"လတ်မောင်မောင် သေဆုံးတဲ့နေ့ မနက်ပိုင်းမှာ ကိုလွန်းဝေ ဒေါသ တကြီးနဲ့ အိမ်ဖော်တွေကို ဟစ်အော်ကြိမ်းမောင်းပြီး ထွက်သွားခဲ့ပါ တယ်။ ကျွန်မနဲ့ လတ်မောင်မောင်က အသံလွှင့်မယ့်သီချင်းများတိုက်

www.burmeseclassic.com

www.burmeseclassic.com



နေကြပါတယ်။ နေ့ခင်းဘက် ကျွန်မတို့ အအေးသောက်နေတုန်း တယ်လီဖုန်း လာပါတယ်။ လတ်မောင်မောင်က တယ်လီဖုန်းကိုင်ပါတယ်။ ဦးလွန်းဝေ တယ်လီဖုန်းဆက်ပြီး ဘာမှမပြောဘဲ ပြန်ချသွားတယ်လို့ လတ်မောင်မောင်က ပြန်ပြောပါတယ်။ ညနေစောင်း လတ်မောင်မောင် အိမ်ပြန်တော့"

ဤနေရာသို့အရောက်တွင် မေသဇင်က သူမ၏ထွက်ဆိုချက် ရပ်လိုက်ပြီး အောက်နှုတ်ခမ်းလေးကို ခပ်တင်းတင်း ဖိကိုက်၍ ဦးလွန်းဝေဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

ဦးလွန်းဝေက မေသဇင်ကိုမကြည့်ဘဲ ခေါင်းအောက်ငုံ့ထား၏။

ပြီးမှ မေသဇင်က ...

"ကျွန်မ ဆင်ဝင်ရှေ့အထိ လတ်မောင်မောင်ကို လိုက်ပို့ပါတယ်။ လတ်မောင်မောင် ထွက်သွားတာကို ကြည့်နေတုန်းမှာပဲ သေနတ်သံကို ကြားလိုက်ရပါတယ်။ သေနတ်နဲ့ပစ်သူကိုလည်း တွေ့လိုက်ရပါတယ်။ လတ်မောင်မောင်ကို သေနတ်နဲ့ပစ်သွားသူကတော့ ကိုလွန်းဝေပါ။ ကျွန်မ သေသေချာချာ မြင်လိုက်ပါတယ်။ ချက်ချင်းပဲ ရဲဌာနကို ဖုန်းဆက်ပါတယ်။ ဌာနာအုပ်ကြီးကိုလည်း အခု ရုံးတော်မှာ ထွက်ဆိုခဲ့တဲ့အတိုင်း အစစ်ခံခဲ့ပါတယ်။ ကျွန်မဟာ ကိုလွန်းဝေကို လင်သားတစ်ယောက်အနေနဲ့ သံယောဇဉ်ရှိပေမယ့်"

ဦးလွန်းဝေက မေသဇင်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

"အမှန်တရားအတွက် အခုလို ထွက်ဆိုအစစ်ခံရတာ ဖြစ်ပါတယ်"

မေသဇင်က သူမ၏ထွက်ဆိုချက်ကို အဆုံးသတ်လိုက်၏။

တရားသူကြီးက လက်နှိပ်စက်ရိုက်ထားသော ထွက်ဆိုချက်ကို ပြန်ဖတ်ကြည့်ပြီး တရားခွင် ခေတ္တနားကြောင်းပြော၍ ထိုင်ရာမှ ထ,လိုက်၏။

မေသဇင်က ဘယ်သူ့ကိုမှ မကြည့်ဘဲ လက်ဆွဲတော်လေး ထိုင်နေရာဆီသို့ ကြော့ကြော့လေး လျှောက်သွားသည်။

ငြိမ်သက်တိတ်ဆိတ်နေသော တရားခွင် အခန်းထဲတွင် လှုပ်ရှားသံများ ထွက်လာသည်။

ဦးလွန်းဝေ၏ မျက်နှာမှာလည်း ညှိုးရိပ်သမ်းနေသည်။



နှမများ ပြင်ဆင်ပေးလာသည့် အနောက်တိုင်း နေ့လယ်စာမှာ သူ၏လျှာပေါ်တွင်ရှိသော ရသာခံအဖုကလေးများကို မထိသည်သို့ ရှိနေသည် ထင်ပ။ ဦးလွန်းဝေမှာ တို့ကနန်း ဆိတ်ကနန်းသာ စားနေသည်။

ဒေါ်စိန်မမမှာ သားဖြစ်သူကိုကြည့်ပြီး အားမလို အားမရ စကားဆိုလာသည်။

ဦးခင်မောင်သန်း ရုံးခန်းထဲသို့ ပြန်ဝင်လာသည်။ ဦးလွန်းဝေဘေးတွင် ဝင်ထိုင်ပြီး တိုးတိုးကြိတ်ကြိတ် မေးစရာရှိသည်များကို မေးနေ၏။ နေ့လယ်ဘက် တရားခွင်ပြန်အစတွင် မေသဇင်ကို မေးခွန်းထုတ်ရမည်မို့ လိုအပ်သည်များကို ထပ်မေးရင်း အမှုအခြေအနေကောင်းသည့်အကြောင်း ဒေါ်စိန်မမဘက်သို့ လှည့်၍ပြောလိုက်၏။

"တရားကို နတ်စောင့်ပါစေလို့ ဒေါ်ဒေါ်တော့ ဆုတောင်းနေရတာပါပဲ"

"လူတွေ ဖောက်ပြန်တိုင်း တရားမစောင့်တိုင်း၊ အကျင့်သိက္ခာမဲ့တိုင်း၊ ဖြစ်ကြစတမ်း ဆိုရင်တော့ ဒေါ်ဒေါ်ရယ်၊ လောကလူသားတွေ နေစရာဘယ်ရှိပါတော့မလဲ"

"အင်း ... လူတွေဟာ မကောင်းမှုနဲ့ ကိုယ့်ကိုယ်ကိုယ် ညစ်နွမ်းအောင် ဘာလို့ လုပ်နေကြပါလိမ့်နော်"

"အခြေအနေကတော့ ဦးလွန်းဝေဘက်က အလေးသာမှာပါ ဒေါ်ဒေါ်"

"အေးကွယ် ... ဒီလိုကြားရတာ ဒေါ်ဒေါ်အတွက် တအားပါပဲ၊ မောင်ခင်မောင်သန်းကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်"

ဦးခင်မောင်သန်းနှင့် ဒေါ်စိန်မမတို့ စကားပြောနေကြစဉ် တရားခွင်ပြန်စချိန် နီးလာပြီဖြစ်သဖြင့် ရုံးခန်းထဲတွင် ပြန်လည်လှုပ်ရှားလာသည်။

တရားခွင် ပြန်လည်စတင်လိုက်၏။

(ခ)

ဦးခင်မောင်သန်းက သူ၏နေရာမှ မတ်တတ်ရပ်လိုက်ပြီး တရားသူကြီးမင်းထံ ခွင့်ပန်လိုက်၏။

ထို့နောက် မေသဇင်ရှိရာသို့ အပြုံးဆောင်သော အနေအထားနှင့် ခပ်ဖြည်းဖြည်း လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးခင်မောင်သန်းက လေအေးလေးနှင့် စတင်မိတ်ဆက်လိုက်၏။

"ဒေါ်မေသဇင်နဲ့ တက္ကသိုလ်မှာ တစ်နှစ်ဆုံပြီး ခုတော့ မမျှော်လင့်ဘဲ တရားရုံးမှာ လာဆုံရပြန်ပြီပေါ့၊ မေးစရာရှိတာတော့ အားမနာတမ်းမေးရတော့မှာပဲ"

"ဟုတ်ကဲ့ မေးပါ"

"မေးဆို ဒေါ်မေသဇင်နဲ့ ကျော်မင်းနိုင်(ခေါ်)ကျော်ကျော်တို့ရဲ့ ဇာတ်လမ်းက စရမှာပဲ၊ ဦးလွန်းဝေနဲ့ အိမ်ထောင်မကျခင်က ဒေါ်မေသဇင်နဲ့ ကျော်ကျော်တို့ ဘဝခရီးဖော်အဖြစ် လက်တွဲဖို့ ဆုံးဖြတ်ခဲ့ကြတယ်နော်"

"ဒါက ဒီအမှုနဲ့ မပတ်သက်ဖူးလို့ ထင်ပါတယ်"

"ဟုတ်ကဲ့၊ ပတ်သက်လာစရာရှိလို့ မေးတာပါ ဒေါ်မေသဇင်၊ ဖြေချင်မှဖြေပါ"

"ဟုတ်ပါတယ်၊ ကျော်ကျော်ဟာ ကျွန်မရဲ့ငယ်ချစ်ပါ"

မေသဇင် ဖြေပုံက ပြတ်သည်။

ဦးခင်မောင်သန်းပင် အံ့ဩသွားရသည်။ ဒီလိုအဖြေမျိုးထွက်လာမည်ဟု မထင်မှတ်ခဲ့။

"ကျော်ကျော်နဲ့ ကွဲခဲ့ရတာဟာ ဦးလွန်းဝေကြောင့်ပဲဆိုတဲ့ အစွဲအလမ်းဟာ ဒေါ်မေသဇင်မှာ ခိုင်ခိုင်မာမာ ရှိနေတယ်ပေါ့"

"ဟုတ်ကဲ့၊ ငြင်းစရာ မဟုတ်ပါဘူး"

"ဒီတော့ ဒေါ်မေသဇင်တို့ အိမ်ထောင်ရေး အဆင်မပြေတာဟာ ကျော်ကျော်နဲ့ လွဲခဲ့ရတဲ့အကြောင်းက စတယ်လို့ ဆိုရမှာပေါ့နော်"

ဤတွင် တစ်ဘက်ရှေ့နေကြီးက ထ၍ ကန့်ကွက်လိုက်သည်။

"ကိုယ်ရေးကိုယ်တာများထက် အမှုနဲ့သက်ဆိုင်ရာကို မေးဖို့ ကောင်းပါတယ်"

"ဟုတ်ကဲ့ ... လေးစားပါတယ်၊ ဒီအမှုနဲ့ ပတ်သက်ရာ ဖြစ်နေလို့ မေးရခြင်းကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

တရားသူကြီးက ဆက်မေးရန် ခွင့်ပြုလိုက်၏။

"ခုန ကျွန်တော်မေးတာ ဒေါ်မေသဇင် မဖြေသေးပါဘူး"

"ဒါတော့ ယူဆချင်သလို ယူဆနိုင်ပါတယ်"



"ဟုတ်တယ်ပေါ့"

"ဟုတ်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဒေါ်မေသဇင်၊ ဒေါ်မေသဇင်တို့မှာ သားလေးတစ်ယောက် ရှိတယ်နော်"

"ဟုတ်ကဲ့ ရှိပါတယ်"

"မိစုံ ဖစုံရှိရက်နဲ့ ချစ်စရာကောင်းတဲ့ တစ်ဦးတည်းသော သားကလေးကို ရင်အုပ်မကွာ မထားဘဲ ခွဲထားရတာ အကြောင်းရှိမှာပေါ့နော်"

"မရှိပါဘူး၊ သားသားက အဘိုးအဘွားတွေနဲ့မှ နေချင်လို့ပါ"

"ဒီကလေးကိစ္စနဲ့ ပတ်သက်ပြီး ဦးလွန်းဝေနဲ့ ဒေါ်မေသဇင်တို့ အကြီးအကျယ် စကားများခဲ့ကြတာ ဟုတ်ပါသလား"

မေသဇင်က ထိုမေးခွန်းကို ချက်ချင်းမဖြေဘဲ ဦးလွန်းဝေဘက်သို့ ငဲ့ကြည့်လိုက်၏။

ဦးခင်မောင်သန်းက သူ၏မေးစေ့ကို လက်ညှိုးလေးနှင့် ပွတ်ရင်း အဖြေကို စောင့်နေခဲ့၏။

"စကားများဖူးကြတယ်ပေါ့"

"ဟုတ်ပါတယ်"

"အဲဒီလို စကားများကြတဲ့အခါမှာ ဦးလွန်းဝေက ဒီကလေးဟာ သူ့ကလေး မဟုတ်လို့ မကြည့်ချင်ဘူးလို့ ပြောဖူးပါသလား"

"ကန့်ကွက်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ရုပ်သိမ်းပါမယ်"

ဦးခင်မောင်သန်းက မေသဇင် မဖြေလည်း ဖြေမယ့်လူရှိသမို့ အလွယ်တကူပင် ရုပ်သိမ်းလိုက်၏။ တရားသူကြီးမင်း သိစေချင်သည့်သဘောနှင့် ပြောလိုက်ခြင်းမျှသာ။

"ကလေးနဲ့ ပတ်သက်ပြီး စကားများရတဲ့ အကြောင်းလောက်တော့ ဒေါ်မေသဇင် ဖြေစေချင်ပါတယ်"

"ကလေးကို နာခိုနဲ့ထားတာ သူက သဘောမကျလို့ပါ"

"သူဆိုတာ ဦးလွန်းဝေပေါ့"

မေသဇင်က မဖြေ၊ ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မေသဇင်ကလည်း လွတ်လတ်မှုကို နှစ်သက်တော့ အဘိုးအဘွား တွေဆီ ပို့ထားတယ်လို့ ဆိုချင်တာပေါ့"

"ဟုတ်ပါတယ်"

"ကလေးမွေးပြီးတဲ့အထိ ဒေါ်မေသဇင်နဲ့ ကျော်ကျော်တို့ ဆက်ဆံမှု ရှိပါသလား"

"ကန့်ကွက်ပါတယ်"

တရားသူကြီးက ကန့်ကွက်ချက်ကို အတည်ပြုပေးလိုက်၏။

မှန်ပါသည်။ ယင်းမွေးခွန်းမှာ အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူ နိုင်သူသော မေးခွန်းဖြစ်နေသည်။

"ဦးလွန်းဝေနဲ့ အိမ်ထောင်ကျပြီးမှ ကျော်ကျော့်အစ်ကို တီးဝိုင်းနဲ့အသံ လွှင့်ဖြစ်ပါသေးလား"

"ဟုတ်ကဲ့၊ သီချင်းနှစ်ပုဒ် လွှင့်ခဲ့ပါတယ်"

"သီချင်းတိုက်တော့ ကျော်ကျော်တို့ အိမ်မှာပဲပေါ့နော်"

"ဟုတ်ပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဒေါ်မေသဇင်၊ ဒါနဲ့ ပီတာမျိုးမောင်နဲ့ တော်တော် ရင်းရင်းနှီးနှီး သိကြတယ် ထင်ပါရဲ့"

"သိပါတယ်"

"ရင်းရင်းနှီးနှီး သိတယ်ပေါ့"

"ဟုတ်ပါတယ်"

"ပီတာမျိုးမောင် အမျိုးသမီးကိစ္စနဲ့ ထောင်ထဲရောက်တာကော သိတယ် ပေါ့"

"ကြားလိုက်ပါတယ်"

"ပီတာမျိုးမောင်နဲ့ ဒေါ်မေသဇင်တို့ ပေလီကို သွားဖူးကြပါသလား"

"မသွားဖူးပါဘူး"

"သေချာပါတယ်နော်"

"ဟုတ်ကဲ့"

မေသဇင်၏ နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ ထင်လာသည်။ မေသဇင်၏ အဖြေမှာ လေးတွဲ့လာသည်။



"လတ်မောင်မောင်နဲ့ကော ပေလီကို သွားဖူးပါသလား"

မေသဇင်က ချက်ချင်းမဖြေဘဲ သူမ၏ရှေ့နေကြီးကို လှမ်းကြည့် လိုက်၏။

မေသဇင်၏ ရှေ့နေကြီးက ထိုင်ရာမှထပြီး ...

"တရားသူကြီးမင်းခင်ဗျာ၊ အမှုဖြစ်ကြောင်းနဲ့ တိုက်ရိုက်မသက်ဆိုင်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေ မေးမြန်းနေတာ အချိန်အတော်လေးကုန် သွားပါပြီ။ အချိန်ကို လေးစားဖို့ မေတ္တာရပ်ခံပါရစေ"

ဟု ထပြောလိုက်၏။

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ မေးသင့် မေးထိုက်တာများမေးဖို့ အချိန်ယူ ပါရစေလို့ တင်ပြလိုပါတယ် ခင်ဗျာ"

ဦးခင်မောင်သန်းက ထပ်ဆင့်တင်ပြလိုက်၏။

တရားသူကြီး တစ်ဘက်သောရှေ့နေကြီးကို အင်္ဂလိပ်လို လှမ်း ပြောပြီး ဦးခင်မောင်သန်းကို ဆက်မေးခွင့်ပြုလိုက်၏။

"ခုနေမေးခွန်း ဒေါ်မေသဇင် ဖြေဖို့"

"ဟုတ်ကဲ့ ... သွားဖူးပါတယ်"

"ကောင်းပါပြီ၊ လတ်မောင်မောင်နဲ့ မန္တလေးထွန်းလှဟိုတယ်မှာ"

"ဒီမေးခွန်း ကျွန်မ မဖြေနိုင်ပါဘူး"

"ငြင်းတော့ မငြင်းဘူးပေါ့"

"ငြင်းပါတယ်"

"ငြင်းတယ်ဆိုတာ မသွားဘူးလို့ ငြင်းတာလား"

"မဟုတ်ပါဘူး"

"ဒါဖြင့်"

"သွားဖူးပါတယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

"လတ်မောင်မောင် သေနတ်နဲ့ပစ်ခံရတဲ့ အချိန်က မှောင်ရီသမ်းနေတဲ့ အချိန်ပါ။ ခြံဝက အလင်းရောင်အားနဲ့ လူတစ်ယောက်ကို ဘယ်သူ ဘယ်ဝါဆိုတာ သဲသဲကွဲကွဲ မြင်နိုင်တယ်လို့ ဒေါ်မေသဇင် ဆိုချင်ပါ သလား"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ မြင်နိုင်ပါတယ်"

"သဲသဲကွဲကွဲ မြင်နိုင်တယ်ပေါ့နော်"

"ဟုတ်ကဲ့"

"မျက်နှာကိုပါ သဲသဲကွဲကွဲ မြင်နိုင်တယ်လို့ ဆိုချင်ပါသလား"

"ဟုတ်ကဲ့"

"သေနတ်နဲ့ပစ်တဲ့လူဟာ အဲဒီအချိန်က အင်္ကျီဘာအရောင် ဝတ်ထား ပါသလဲ"

"အဖြူရောင်ပါ"

"ဒေါ်မေသဇင် မြင်လိုက်တုန်းက မတ်တတ်ရပ်နေတုန်းပေါ့"

"ဟုတ်ပါတယ်"

"အကယ်၍ ထိုင်နေရင်ကော မြင်နိုင်ပါ့မလား"

"မမြင်နိုင်ပါဘူး"

"အကယ်၍ သေနတ်နဲ့ပစ်သူက ဦးထုပ်ဆောင်းထားမယ်၊ ဒါမှမဟုတ် သူ့မျက်နှာကို တစ်စုံတစ်ခုနဲ့ အကာအကွယ် ပြုထားရင်ကော သဲသဲ ကွဲကွဲ မြင်နိုင်ပါ့မလား"

"မမြင်နိုင်ပါဘူး"

"သေနတ်သံကြားတဲ့အချိန်မှာ သေနတ်နဲ့ ပစ်သူဟာ ထွက်ပြေးသွား တယ်လို့ ဒေါ်မေသဇင် ထွက်ဆိုခဲ့ပါတယ်၊ အဲဒီတော့ သေနတ်နဲ့ပစ်သူ ဟာ ဘယ်ဘက်ကို ထွက်ပြေးသွားပါသလဲ"

"နောက်ကြောင်း ပြန်လှည့်ပြေးတာ မြင်လိုက်ရပါတယ်"

"ဒါဖြင့် လူအသွားအလာ ကားအသွားအလာရှိတဲ့ လမ်းဘက်ကို ပြေး တာပေါ့"

"ဟုတ်ပါတယ်"

"ဒေါ်မေသဇင် ရဲဌာနကို တယ်လီဖုန်းဆက်တုန်းက ဦးလွန်းဝေက သေနတ်နဲ့ ပစ်သွားပါတယ်လို့ ထည့်ပြောခဲ့ပါသေးသလား"

"မပြောခဲ့ပါဘူး"

"ဘာပြုလို့ပါလဲ ဒေါ်မေသဇင်"

"ကျွန်မလည်း ကြောက်လန့်နေလို့ပါ"



"အဲဒီအခင်းဖြစ်စဉ်က ဒေါ်မေသဇင် အနားမှာ ဘယ်သူရှိပါသလဲ"

"အိမ်ဖော်ကောင်မလေး ရှိပါတယ်"

"ကောင်မလေးရဲ့အသက်က"

"ဆယ့်ရှစ်၊ ဆယ့်ကိုးလောက် ရှိမှာပါ"

"ဒါဆို သူက မျက်လုံးအား ပိုကောင်းမှာပေါ့"

"ဒါတော့ မသိပါဘူး"

"သူက မမြင်လိုက်ရဘူးလို့ အစစ်ခံထားပါတယ်"

"ကန့်ကွက်ပါတယ်"

တစ်ဘက်သော ရှေ့နေကြီး၏ ကန့်ကွက်သံနှင့် မေသဇင်ဖြေ သံမှာ တစ်ချိန်တည်း ထွက်လာသဖြင့် ရှေ့နေကြီးလည်း ဆက်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

"ကောင်မလေးက တခြားနေရာ ကြည့်နေရင် ဘယ်မြင်ပါ့မလဲ"

"ရဲဌာနကို မသွားခင် ဒေါ်မေသဇင် လတ်မောင်မောင်ကို ဆေးရုံမှာ ဝင်တွေ့ခဲ့တာ ဟုတ်ပါသလား"

"ရဲဌာနက ပြန်ကတည်းက ဒေါ်မေသဇင် အိမ်ကိုပြန်ပါသေးသလား"

"မပြန်ပါဘူး၊ မာမီတို့အိမ်မှာ သွားနေပါတယ်"

"ဦးလွန်းဝေ အဖမ်းခံနေရစဉ်မှာ ဒေါ်မေသဇင် ရပ်ရှင်ရိုက်ဖို့ စီစဉ်နေ တယ်နော်"

"ဟုတ်ပါတယ်၊ စီစဉ်တာပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဒေါ်မေသဇင်၊ ဒီလောက်ပါပဲ"

ဦးခင်မောင်သန်းက တရားသူကြီးကို အရိုအသေပြုပြီးနောက် သူ၏နေရာသို့ ခပ်ဖြည်းဖြည်း လျှောက်သွားပြီး ငြိမ်ငြိမ်သက်သက်လေး ထိုင်ချလိုက်၏။

(၈)

တရားလို၏ရှေ့နေကြီးမှာ သူ၏နေရာမှ ဟန်ပါပါ ထလာသော် လည်း သူ၏အမူအရာမှာ အေးတိအေးစက် နိုင်လှ၏ဟု ဆိုရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


"အခု ရုံးတော်မှာ တရားခံအဖြစ်ရောက်နေတဲ့ ဦးလွန်းဝေနဲ့ မေသ တို့ အိမ်ထောင်ကျကတည်းက မသင့်မြတ်ဘူးဆိုတဲ့ အကြောင်း ဘာလဲ"

"သူ့ရဲ့တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်ထားကြောင့်ပါ"

"မေသဇင်ရဲ့မေတ္တာကို အနိုင်ကျင့်ယူတယ်လို့ ထင်တယ်ပေါ့"

"ဟုတ်ပါတယ်၊ လူကြီးချင်း စကားပြောကြတော့ ကျွန်မ ကိုလွန်း ကိုတွေ့ပြီး ကျွန်မတို့ချစ်ခြင်းကို မခွဲဖို့နဲ့ ကိုလွန်းဝေကို နောက်ဆု ပေးဖို့ တောင်းပန်ခဲ့ပါသေးတယ်"

"အဲဒီတော့ ..."

"သူက ဖွတ်တစွတ် တင်းခံပါတယ်၊ မေတ္တာလိုချင်ရင် မေတ္တာနဲ့မ ဘဲ တုံ့ပြန်မေတ္တာမရနိုင်ဘူးလို့ အဲဒီကတည်းက ပြောခဲ့ပါတယ်"

အဲဒီမေးခွန်းကြောင့် ဦးခင်မောင်သန်း အတော်ကလေး အံ့အ သင့်သွားခဲ့ရ၏။

"မေသဇင်က ယောက်ျားလေးမိတ်ဆွေများနဲ့ တရင်းတနှီး နေထိုင် တာများ မရှိသားဘူးလို့ ထောက်ပြနိုင်တဲ့ အချက်အလက်တွေ တရားခံဖြစ်သူက ဂဃနဏ စွပ်စွဲခဲ့ဖူးသလား"

"မရှိခဲ့ပါဘူး"

"ဦးလွန်းဝေနဲ့ ပေါင်းသင်းနေတဲ့ ကာလအတွင်းမှာ သူ့ရဲ့စိတ်ထား ဘယ်လိုအခြေအနေမျိုး ရှိနေသလဲ"

"ပုံမှန်အနေအထားမျိုး မရှိတာ တွေ့ရပါတယ်၊ နူးညံ့ရင် သိပ်ပြီးနူး သလောက်၊ ကြမ်းတမ်းပြီဆိုရင်လည်း အလွန်အကျူး ကြမ်းတမ်းတ ပါတယ်၊ သူ့အလိုမပြည့်ရင် ဒေါသကို မထိန်းသိမ်းနိုင်တဲ့ လူမျိုးမ

"အဖြစ်အပျက် တစ်ခုလောက် ပြောပြစမ်းပါ"

"ကျွန်မ ပေလီသွားတုန်းက ကိုလွန်းဝေကိုလည်း ခေါ်ပါတယ်၊ အ အိမ်ထောင်သည်တွေလည်း ပါ,ပါတယ်။ သူက မလိုက်ဘဲ အ အသာပဲ ကျွန်မလိုက်သွားဖို့ တိုက်တွန်းခဲ့ပါတယ်။ ပေလီက ပြန်လာ ညနေမှာလည်းအကြည်အသာပါပဲ၊ ညဘက်လည်းရောက်ရော ယော တန်မဲ့ မပြောအပ်တဲ့ စကားတွေပြောပြီး ကျွန်မလည်ပင်းကို ညှစ် အထိ လုပ်လာပါတယ်။ ကျွန်မကို မလုပ်ရတော့ မဆီမဆိုင် ခြံစောင့် ကိုပြူးကို ကန်ကျောက်ရိုက်နှက်ခဲ့ပါတယ်။ သူ့စိတ်က တစ်ခဏချင်း အပြောင်းအလဲဖြစ်တဲ့ စိတ်မျိုးပါ"

မေသဇင်က ဤသို့ပြောနေစဉ် ဦးခင်မောင်သန်းက ဦးလွန်းဝေကိုကြည့်လိုက်၏။

ဦးလွန်းဝေက မဲ့ပြုံးပြုံးပြီး မေသဇင်ကို ကြည့်နေသည်။

"ကောင်လေး သေနတ်ပစ်မခံရမီ နှစ်ရက်လောက်က ကြိမ်းမောင်း ခြိမ်းခြောက်တယ်ဆိုတာ ဘယ်လိုအသုံးအနှုန်းမျိုးကို သုံးခဲ့သလဲ"

"လတ်မောင်မောင် မျက်နှာကို သေသေချာချာ ကြည့်ထား။ မင်း အကောင် လူ့ပြည်မှာ နေရက်သိပ်မရှိတော့ဘူးလို့ ပြောခဲ့ပါတယ်"

"အဲသလို ပြောတုန်းက မေသဇင် အပြင် တခြားကြားလိုက်သူ ရှိသလား"

"ဟုတ်ကဲ့ ရှိပါတယ်"

ရှေ့နေကြီးက ဦးခင်မောင်သန်းကို ခပ်ပြုံးပြုံး လှမ်းကြည့်လိုက်၏။ ပြီးမှ ဦးလွန်းဝေကို ကြည့်လိုက်သည်။ နောက်တော့ သူ၏မျက်လုံးအစုံမှာ ရုံးခန်းထဲသို့ ဝေ့ပျံ့သွားခဲ့၏။

"အဲဒီနေ့က သေဆုံးသူကို ဦးလွန်းဝေက သေနတ်နဲ့ပစ်လိုက်တာကို သေသေချာချာ မြင်တယ်နော်"

"ဟုတ်ကဲ့၊ မြင်ပါတယ်"

"ရဲစခန်းကို ဟယ်လီဖုန်းနဲ့ အကြောင်းကြားစဉ်က ဒီအကြောင်းထည့် မပြောပေမယ့် အိမ်မှာစစ်ဆေးတဲ့အခါကျတော့ ပြောတယ် မဟုတ်လား"

"ပြောပါတယ်၊ ကျွန်မကို စစ်ဆေးတဲ့ ရဲအရာရှိ ဦးချစ်မောင်ကတောင် ကျွန်မ စိတ်လှုပ်ရှားနေလို့ ပြောတာပဲဆိုပြီး ထပ်ခါတလဲလဲ မေးပါတယ်"

"အဲဒီတော့"

"ကျွန်မအမြင်ကို အမြင်အတိုင်းပဲ ပြောခဲ့ပါတယ်"

"သေဆုံးသူကို ဆေးရုံမှာ သွားကြည့်သေးသလား"

"ကြည့်ပါတယ်၊ လူလူချင်း စာနာတဲ့သဘောနဲ့ သွားကြည့်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီးက တရားသူကြီးဘက်လှည့်၍ ခေါင်းညိတ်အရိုအသေပေးပြီး သူ၏မေးခွန်း ပြီးဆုံးကြောင်း အထိမ်းအမှတ် ပြုလိုက်၏။ တရားသူကြီးက နာရီကိုကြည့်ပြီး အမှုစစ်ဆေးခြင်းကို ရပ်နား၍ ရက်ချိန်းပေးလိုက်၏။

မေသဇင် တရားခွင်မှ ပြန်အထွက်တွင် တရားခွင်အဝင်တုန်းကလောက် သွက်သွက်လက်လက် မရှိတော့ပေ။

ဦးခင်မောင်သန်းက ဦးလွန်းဝေနှင့် စကားခဏပြောပြီး နှစ်ယောက်အတူ ဒေါ်စိန်မမတို့ ထိုင်နေရာသို့ လျှောက်လာခဲ့ကြ၏။

ဦးခင်မောင်သန်း၏ မျက်နှာပေါ်တွင် အပြုံးရိပ်များ ဝေ့သီနေသည်။ အာရွှင်နေသည်။ ဦးခင်မောင်သန်း၏ အနေအထားကြောင့် ဒေါ်စိန်မမလည်း ကြည်ကြည်ရွှင်ရွှင် ရှိနေသည်။

ထိုစဉ် လိမ္မော်ရည်ဖန်ခွက်များ အဆင်သင့် ရောက်လာသည်။

ဦးလွန်းဝေပင်လျှင် ခါတိုင်းလောက် ထုံထုံထိုင်းထိုင်း လေးတွဲ့မနေ။

"အချစ်ကြီးတော့ အမျက်ကြီးသည်"ဟု ဆိုစကားရှိသည်။

မေသဇင့် သဘောထားကိုတော့ ...

"အမုန်းကြီး၍ အမျက်သိုသည်"ဟု ဆိုရမည်လား မသိ။

♦ → ♦

## အခန်း(နှစ်ဆယ်)

ဦးလွန်းဝေ ဆေးရုံအချုပ်သို့ ပြန်ခဲ့ရာတွင် နွမ်းနယ်နေသော်လည်း ခါတိုင်းလောက် စိတ်ပင်ပန်းရိပ် မထင်တော့ပေ။ သူ၏စိတ်အစဉ်မှာ တည်ငြိမ်လာသည်ဟု ဆိုရလေမလား။ မထူးတော့ပါဘူး ဖြစ်သမျှအကြောင်း အကောင်းပဲဆိုသော စိတ်ထားမျိုး မွေးလိုက်သည်ဟု ဆိုရလေမလားမသိ။ သူ၏ဟန်ပန်မှာ အများကြီး တည်ငြိမ်လာသည်ဟုတော့ ပြောနိုင်ရာ၏။

ခုတလော သူ၏ရောဂါမှာလည်း အတော်လေး ကောင်းမွန်သက်သာနေသည်။

အဲဒီနေ့ည အိပ်ရာအဝင်တွင် ထောင်ဆေးရုံ၌ တွေ့ခဲ့ရသော လူသတ်မှုတရားခံ ကိုစိုးသိန်း အကြောင်းမှာ သူ၏အတွေးစဉ်ထဲသို့ တိုးဝင်လာခဲ့၏။

သူ၏မိန်းမကြောင့် လူသတ်မှုတရားခံအဖြစ် အမှုဆိုင်နေရ၏။

ကိုစိုးသိန်းမှာလည်း မိန်းမကြောင့်ပင် လူသတ်မှုတရားခံ ဖြစ်ခဲ့၏။

သို့သော် ...

အဖြစ်အပျက်ချင်းက မတူပါလေ။

သူ့မိန်းမက သူ့ကို မုန်းလွန်း၍ သူ လူသတ်မှုတရားခံ ဖြစ်ရသည်။ ဦးလွန်းဝေက ကိုယ်ချစ်ကို ရှာခဲ့သူ။

ကိုစိုးသိန်းမိန်းမက ကိုစိုးသိန်းကို ချစ်လွန်း၍ ကိုစိုးသိန်း လူသတ်မှုတရားခံ ဖြစ်ရသည်။

ကိုစိုးသိန်းက သူချစ်ကိုရခဲ့သူ၊ ကိုယ်က ချစ်ရတာထက် အချစ်ခံရသည့်ဘဝကို ပို၍မွတ်သိပ်စရာကောင်းသည်ဟု ဆိုကြသော်လည်း ...

ကိုစိုးသိန်းမှာ သူ့လိုပညာတတ်တစ်ယောက် မဟုတ်။ သူများအိမ်တွင် ကားမောင်းရသည့် ဒရိုင်ဘာ။ ပညာအခြေခံလေးတော့ အသင့်အတင့်

www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ ရုပ်ကလည်း သာမန်ရွက်ကြမ်းရေကျို။ ဒါပေသိ သူက တစ်ဦးတည်းသော သူဌေးသမီးကိုရခဲ့သည်။ မေတ္တာ၏ အလှအပ မြှူးကြွသည့် သက်တံပေါ်တွင် ကစားခဲ့ရသည်။

သို့သော် မေတ္တာ၏ အလှတရားကို သူက မထိန်းနိုင်ခဲ့။

ထိုမှ ကိုယ့်မိန်းမကို ကိုယ်ပြန်သတ်မိသည့်အဖြစ်နှင့် တိုးခဲ့ရသည်။

ကိုစိုးသိန်းမှာ မယ်ဒလင်အတီးကောင်းသလို သူ၏အသံဝါကြီးမှာလည်း ဆွဲဆောင်မှုအား ပြည့်ထင်သည်။

သနပ်ဖက်ကုန်သည်ကြီး သူဌေးဦးဘအေး၏အိမ်တွင် ကားဒရိုင်ဘာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ရာ တစ်ကိုယ်ရေ တစ်ကာယသမားဖြစ်သမို့ ကားရုံအပေါ်ထပ်ကလေးတွင် နေခွင့်ရခဲ့သည်။

သူဌေးဦးဘအေး၏ တစ်ဦးတည်းသောသမီး ရှယ်လီဘအေးခေါ် စိမ်းနွဲ့အေး အိပ်သောအခန်းမှာ ကိုစိုးသိန်း နေသော ကားရုံဘက်တွင်ရှိသဖြင့် ညကျ ဘယ်သီချင်းဆိုရမည်ကို စိမ်းနွဲ့အေးက ညနေကတည်းက မှာထားလေ့ရှိ၏။ ကြာတော့လည်း ကိုစိုးသိန်းမှာ စိမ်းနွဲ့အေး၏ အသိပ်တော် ဖြစ်လာရသည်။ မဖုရားလေး အိပ်စက်ပျော်ဖို့အတွက် ကိုစိုးသိန်းမှာ သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် သီကျူးခဲ့ရ၏။

ကိုစိုးသိန်းကြီး ... ကိုစိုးသိန်းကြီးနဲ့ ပရောပရည် နေတတ်သည်။ ကျောင်းကြို ကျောင်းပို့ သွားရာတွင်လည်း ကိုစိုးသိန်းနှင့် သူနဲ့ နှစ်ယောက်တည်း။

ကိုစိုးသိန်းသည် မတတ်နိုင်တော့၊ သားရေပေါ်အိပ် သားရေနားစား ဘဝသို့ပင် ခွတ်တိုးဝင်လိုက်ရတော့၏။

ပထမတော့ သူဌေးကြီးက ပစ်ပစ်ခါခါ။ ပြာပုံတိုးချင်တဲ့သမီး ပြာပုံထဲမှာ နေပလေ့စေတော့ဟု ပစ်ထားလိုက်သည်။

နောက်ပိုင်းကျတော့ မိဘမေတ္တာ ယိုဖိတ်ခဲ့ရပြန်သည်။

ကိုစိုးသိန်းက အနေအထိုင်မပြောင်း၊ သူဌေးသမက်ဂိုက် မဖမ်းဘဲ ဒရိုင်ဘာဘဝတုန်းကလိုပင် ကျိုးကျိုးနွံနွံ နေထိုင်ခဲ့သောကြောင့် ရွှေရေးပုဂံတက်အဖြစ် မရောက်ဘဲ တဖြည်းဖြည်း နေရာပိုပေးခြင်း ခံခဲ့ရသည်။



စိမ်းနွဲ့အေးကလည်း ကိုစိုးသိန်းကို သိပ်ချစ်၊ အလွန်ချစ်။

သည်အိမ်ထောင်မျိုးဟာ သေတပန်သက်တစ်ဆုံး ပျော်ရွှင်စွာပေါင်းဖက်ကြလေသည်သတည်းဟု ဇာတ်သိမ်းဖို့ ကောင်းလွန်းလှသော်လည်း ဖြစ်ချင်တာမဖြစ်ရသော လောကဓမ္မတာလမ်းကြောင်းပေါ်သို့ ...။

သူဌေး ဦးဘအေး နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။

သူဌေးသမက်က သူဌေးဖြစ်လာသည်။

ငွေကို လက်လွှတ်စပယ်သုံးနိုင်သည့် အဆင့်ရောက်ပြီမို့ ငယ်၍လှသော၊ ဖြောင့်၍တောင့်သော ရမ္မက်ဇကရီလေးများ၏ အညှို၊ အတာ၊ အခရာဝဲထဲမှာ ကိုစိုးသိန်းတစ်ယောက် တဟားဟားရယ်မောရင်း နစ်ပြီးရင်းနစ်ခဲ့တော့၏။

စိမ်းနွဲ့အေးနှင့် တကျက်ကျက်။

ဘဝကို မေ့လေပြီ။

စိမ်းနွဲ့အေးက ဘဏ်အပ်ငွေအားလုံးကို ပြန်ထိန်းလိုက်သည်။ လုပ်ငန်းခွင်မှာ လည်ပတ်နေသော ငွေများကိုလည်း လက်လှမ်းမီသမျှ သိမ်းလိုက်သည်။

လင်မယားတွေ အကြီးအကျယ် စကားများကြသည်။

ကိုစိုးသိန်းက စိမ်းနွဲ့အေး မခံမရပ်နိုင်လောက်အောင် အရွဲ့တိုက်ပြလိုက်သည်။

ရမ္မက်ဇကရီလေးတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်ပြီး စိမ်းနွဲ့အေးရှေ့မှာ ...။

စိမ်းနွဲ့အေး မျက်လုံးတွေ ပြာဝေသွားသည်။

သတိအစဉ်ကင်းလွတ်သွားသည်။

ဒေါသရိပ်လွှမ်းထင်သွားသည်။

မှန်တင်ခုံပေါ်တွင်ရှိနေသော ကတ်ကြေးမှာ စိမ်းနွဲ့အေးလက်ထဲသို့ ရောက်သွားပြီးနောက် ...

ကိုစိုးသိန်း၏ အားခနဲ အော်သံနှင့်အတူ ဝုန်းဝုန်းဒိုင်းဒိုင်းဖြစ်သွားပြီး စိမ်းနွဲ့အေးမှာလည်း ထိုကတ်ကြေးဒဏ်နှင့်ပင် လဲကျသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

လောဘ၊ ဒေါသ၊ မောဟ၏ သားကောင်လူသားများမှာ လောဘကိုဖြစ်စေ၊ ဒေါသကိုဖြစ်စေ၊ ထိန်းသိမ်းနိုင်စွမ်းမရှိသောအခါတွင် မေတ္တာနှင့် သစ္စာတရားကို မျက်ကွယ်ပြုသည့် ပြင်၍မရသော အမှားကို ကျူးလွန်တတ်ကြ၏။

'နှစ်ကိုယ်သစ္စာ ... အဆိုမေတ္တာ ... မသွေတမ်း ရွေကျမ်းကို' ဆိုသည့် သစ္စာတိုင်ပတ်ပျိုးမှာ ဘယ်ဆီသို့ လွင့်ပျောက်သွားပြီမသိ။ တစ်ဦးကိုတစ်ဦး သွေးထွက်သံယိုအမှုကို ကျူးလွန်ခဲ့ပြီးနောက် ကိုစိုးသိန်းတစ်ယောက် အကျဉ်းခံဘဝမှ ကြိုးစင်နှင့် ကြိုးကွင်းကို လှမ်းမျှော်ကြည့်နေရသည့် လူသတ်မှုတရားခံအဖြစ် ရပ်တည်နေရပေပြီတည်း။

◆ ➙ ◆

## အခန်း(နှစ်ဆယ့်တစ်)

မေသဇင်ကို စစ်ဆေးပြီး ကျန်တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးရန် နှစ်ရက်ကွာ၍ ချိန်းဆိုလိုက်၏။

နှစ်ရက်နားပြီး နောက်တစ်နေ့မှာ ရုံးထွက်နေ့ဖြစ်၏။

ထိုနေ့မှာ ရုံးထွက်နေ့ဖြစ်သလို ထောင်ထဲသို့ ပြန်ရမည့်နေ့လည်း ဖြစ်ပေသည်။

ဦးလွန်းဝေ၏ ရောဂါမှာ ထောင်ဆေးရုံတွင် ဆက်လက်ကုသရန် အနေထားရှိနေပြီဟု ဆရာဝန်ကြီးများ၏ မှတ်ချက်အရ ထိုနေ့ ရုံးထွက်မှ အပြန်တွင် ဆေးရုံအချုပ်တွင် မနေရတော့ဘဲ ထောင်ဆေးရုံသို့ ပြန်ရတော့မည်ဖြစ်၏။

ဦးလွန်းဝေကိုယ်တိုင်က ဆေးရုံအချုပ်တွင် နေရသည်ကို ငြီးငွေ့လာပြန်သောကြောင့် ဆရာဝန်ကြီးများအား တင်ပြခဲ့ရာမှ အဆုံးအဖြတ်ပေးလိုက်ခြင်းဖြစ်ရာ ဒေါ်စိန်မမမှာ ရင်ဘတ်စည်တီးဖြစ်သွားခဲ့ရသည်။ သားဖြစ်သူ ဆေးရုံအချုပ်မှာနေဖို့အတွက် သူ့မှာ ကြိုးစားလိုက်ရသည့်ဖြစ်ခြင်း။ ခု သားဖြစ်သူကိုယ်တိုင်က ထောင်ထဲပြန်ချင်ပြန်ပြီဆိုတော့ အခက်သား။

ပွင့်ပွင့်လင်းလင်း ဆက်ဆံတတ်သော အပေါင်းအသင်းအသစ်များကို ခင်မင်ခဲ့ရသည်မှ သူ့အတွက် ဘဝအတွေ့အကြုံ အသစ်အဆန်းများ တထွေးတစ်ပိုက်ကြီးရလိုက်၏။

ဆေးရုံအချုပ်ထက် ပို၍လူများသော ထောင်ထဲတွင် ထို့ထက်မကသော အတွေ့အကြုံများ ပို၍ရလိမ့်မည်ထင်ပြီး၊ ထောင်ထဲသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပေသည်။

ရုံးချိန်းနေ့တွင် ဦးလွန်းဝေ၏စိတ်မှာ ခါတိုင်းထက် ပို၍ပေါ့ပါးသလိုရှိနေသည်။ ခါတိုင်း အပြင်မှာ သူ ရုံးတက်သွားရသည့်သဘောမျိုးသို့ပဲ သဘောမှုလိုက်သည်။

www.burmeseclassic.com

 www.burmeseclassic.com

ရုံးသို့ရောက်သည့်အခါတွင်လည်း သူ၏အမှုအရာမှာ အေးအေးဆေးဆေး။ ဒေါ်စိန်မမ၏ စိတ်ထဲတွင် သားဖြစ်သူ၏ အပြောင်းအလဲကို အံ့သြတကြီး ဖြစ်ခဲ့ရသည်။ ထို့ထက်ပို၍ အံ့သြရသည်မှာ သားဖြစ်သူ၏ ပါးစပ်ဖျားမှ ထွက်လာသော စကားလုံးများကြောင့်ပင်တည်း။

"မာမီ တရားဓမ္မနဲ့ပတ်သက်တဲ့ စာအုပ်တွေ ကျွန်တော် လိုချင်တယ်"

"သားက တရားနဲ့ပတ်သက်တဲ့ စာအုပ်တွေလိုချင်တယ်နော်၊ သား အတွက်လား၊ သည့်ပြင်လူအတွက်လား"

"ကျွန်တော့်အတွက်ပါ မာမီရဲ့"

"သည်လိုဆိုရင် မာမီ နက်ဖြန်ပဲ ပို့ပေးပါ့မယ်"

"ကျွန်တော် ထောင်ထဲမှာ အေးအေးဆေးဆေး လေ့လာချင်လို့ပါ"

"သားက အမှုအတွက် စိတ်လျှော့လိုက်ပြီလား"

"ကျွန်တော် ဥပေက္ခာပြုထားလိုက်ပါပြီ"

"သား လွတ်မှာပါ"

သားအမိနှစ်ယောက် စကားကောင်းနေစဉ် ရှေ့နေကြီး ဦးခင်မောင်သန်း ရောက်လာပြီး ဦးလွန်းဝေကို တစ်နေရာသို့ခေါ်၍ တိုးတိုးကျိတ်ကျိတ် ပြောကြဆိုကြပြန်၏။

ထိုစဉ်မှာပင် ရှေ့ဖတ်စာရေးကြီး ထွက်လာပြီး တရားခွင်စတော့မည့်အကြောင်း သတိပေးလိုက်၏။

ယာဒ်ဒလီပေါင်ဒါနံ့နှင့် ရှာနယ်(လ်)ရေမွှေးနံ့ လှိုင်လာသည်၊ မေသဇင် ရောက်လာသည့် အမှတ်အသား။

တရားလိုပြသက်သေ ကိုသိန်းမြင့်ကို စတင်စစ်ဆေးခဲ့၏။

ကိုသိန်းမြင့်က ရဲဌာနတွင် အစစ်ခံခဲ့သည့်အတိုင်းပင် သူ ကြားခဲ့သည်များကို အစစ်ခံသွား၏။

ဦးခင်မောင်သန်းက မေးခွန်းအနည်းငယ်သာ မေးခဲ့သည်။

"ကိုသိန်းမြင့် (......)ရုံးမှာ လုပ်တယ်နော်"

"ဟုတ်ပါတယ်"

"ဦးလွန်းဝေတို့ မိသားစုနဲ့ အရင်က သိခဲ့ဘူးသလား"

"ရင်းရင်းနှီးနှီး မသိပါဘူး၊ မြင်ဖူး တွေ့ဖူးရုံလောက်ပါပဲ"



"မှုခင်းဖြစ်နေရာကို ရဲတွေရောက်လာတုန်းက ကိုသိန်းမြင့် ရှိတယ်နော်"

"ဟုတ်ကဲ့ ရှိပါတယ်"

"အဲဒီတုန်းက ကိုသိန်းမြင့် ကြားခဲ့တာကို အစစ်မခံခဲ့ဘူးနော်"

"ဟုတ်ပါတယ်"

"နောက်မှ အစစ်ဆေးခံတယ်ဆိုတော့ တစ်စုံတစ်ဦးရဲ့ တိုက်တွန်းမှုကြောင့်များ ဖြစ်မလားလို့"

"ဟုတ်ပါတယ်"

"ဘယ်လိုပါလဲ ကိုသိန်းမြင့်"

"ကျွန်တော် ကြားခဲ့တာကို ပထမတော့ ရင်းနှီးသူများကို ပြောခဲ့ပါတယ်၊ နောက် ဒေါ်မေသဇင် ကျွန်တော့်ဆီလာပြီး ရဲဌာနမှာ ထွက်ဆိုချက်ပေးဖို့ တိုက်တွန်းခဲ့ပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဒီလောက်ပါပဲ"

ဦးခင်မောင်သန်း၏မျက်နှာပေါ်တွင် အပြုံးရိပ်များ သိသိသာသာ ယှက်သန်းသွားသည်။

တစ်ဖက်သော ရှေ့နေကြီးကမူ ကိုသိန်းမြင့် ကြားလိုက်ရသည် ဆိုသော စကားလုံးများကိုသာ မပေါ်လွင် ပေါ်လွင်အောင် အသေးစိတ်မေးမြန်းခဲ့သည်မှအပ ထူးထူးခြားခြား မေးခွန်းမထုတ်ခဲ့ပေ။

နောက်တစ်ဦးမှာ ခြံစောင့် ကိုပြုံး။

ကိုပြုံးကို ဦးခင်မောင်သန်း မေးခဲ့သည့်မေးခွန်းမှာ ...

"ခင်ဗျား အိမ်က ပစ္စည်းခိုးလို့ ဦးလွန်းဝေက ကြိမ်းမောင်းဖူးတယ်ဆိုတာ ဟုတ်သလား"

"မဟုတ်ပါဘူး"

"ခင်ဗျား တစ်ကြိမ်တစ်ခါမှ ခိုးမှုမကျူးလွန်ခဲ့ဘူးလား"

"စွပ်စွဲခံရတာပါ"

"အဲဒီပစ္စည်းကို ပြန်ပေးပြီး ခိုးမှုကို ဝန်ခံတောင်းပန်လို့ ဦးလွန်းဝေက ခင်ဗျားကို ရဲဌာနမပို့တော့ဘဲ တစ်နှစ်နှစ်ချက် ရိုက်ခဲ့ဖူးတာ ဟုတ်သလား"

"မဟုတ်ပါဘူး"

www.burmeseclassic.com

 www.burmeseclassic.com

"ဒါဖြင့် 'ဘာကြောင့်ရိုက်ဖူးတယ်လို့ ထွက်ဆိုခဲ့သလဲ"

"အကြောင်းမဲ့ရိုက်လို့ပါ"

"ခင်ဗျားကို ဦးလွန်းဝေက အကြောင်းမဲ့ရိုက်တယ်ပေါ့"

"ဟုတ်ပါတယ်"

"ခင်ဗျား အရက်သောက်တတ်တယ်နော်"

"ဟုတ်ကဲ့ တစ်ခါတစ်ရံပါ"

"ခင်ဗျား အရက်မူးပြီး ဆူဆူညံညံလုပ်လို့ ဦးလွန်းဝေက အလုပ်ထု ပစ်မယ်လုပ်တော့ ဒေါ်မေသဇင်က ခင်ဗျားဘက်က အကာအကွယ်ပေး တာမဟုတ်လား"

"မတရားထုတ်တာမို့ အကာအကွယ်ပေးတာပါ"

"ခင်ဗျား ထောင်ပြန်တုန်းက ဒေါ်မေသဇင်က အဝတ်အစား အထုပ်တစ်ထုပ်ပေးလိုက်တာ ဟုတ်သလား"

"ဟုတ်ပါတယ်"

ခြံစောင့် ကိုပြူးကို တရားလိုပြသက်သေအဖြစ် တင်ပြ လည်း အိမ်ဖော်ထွေးပုကိုမူ တရားလိုပြသက်သေစာရင်းတွင် မထည့်သွင်းခဲ့

ကျန်တရားလိုပြသက်သေများမှာ ထူးထူးခြားခြား မေးစရာ သဖြင့် ဦးခင်မောင်သန်းက အနည်းအကျဉ်းသာ မေးခဲ့၏။

အမှုစစ်အရာရှိကို စစ်ဆေးသည့်အခါတွင်မူ ...

လတ်မောင်မောင်နှင့်ပတ်သက်၍ စုံစမ်းခဲ့ပုံများ၊ လတ်မောင်မော မိန်းမမှုပွေခဲ့ ရှုပ်ခဲ့ပုံများ၊ မိန်းမမှု ရှုပ်ပွေလွန်းသဖြင့် လတ်မောင်မောင်အ တွင် ရန်ငြိုးဖွဲ့သူများကြောင့် ဦးလွန်းဝေကို တရားခံအဖြစ် စွဲချက်တင် တွင် မည်သည့်အထောက်အထား၊ မည်သည့်အချက်အလက်များအပေါ် မူတ ခဲ့ပုံများကို မှုခင်းအစတွင် ဖော်ပြခဲ့သလို၊ အသေးစိတ်မေးမြန်းခဲ့ပေသည်

တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက် အမှုစစ်ဆေ ခြင်းကို ရပ်နား၍ ရက်ချိန်းပေးလိုက်၏။

မည်သို့ပင်ဆိုစေ ဦးခင်မောင်သန်း၏ အဆိုအရ အမှုအခြေအ မှာ သူတို့ဘက်တွင် ခုနစ်ဆယ့်ငါးရာခိုင်နှုန်း အလေးသာနေပြီဟု ဆိုခဲ့သ ဦးလွန်းဝေ၏ မိသားစုအားလုံးမှာ တပြုံးပြုံးဖြစ်နေကြပေသည်။



ဦးလွန်းဝေမှာ သူနေထိုင်ခဲ့ရာ ထောင်ဆေးရုံသို့ ပြန်အရောက်တွင် ယခင် သူနှင့်အတူ နေခဲ့ဖူးသူများမှာ ထောင်ဆေးရုံ၌ မရှိကြတော့ပေ။

ကတ်ကြေးဆရာ ကိုစိုးသိန်းပင် အချုပ်ဆောင်သို့ ပြောင်းရွှေ့ခဲ့ရပြီဖြစ်သည်။

မိတ်ဆွေအသစ်များနှင့် ပေါင်းရသင်းရမည်။ ဆေးရုံတန်းစီးမှာလည်း လူသစ်။ ထောင်ထဲမှာက နေတတ်ထိုင်တတ်မှ၊ အထာကိုင်နေလို့မဖြစ်။

ကိုယ်က အပြင်မှာဘာကြီးဖြစ်ခဲ့သည်။ ဘယ်လိုလူတန်းစားဖြစ်ခဲ့သည်။ ဘယ်လိုအနေအထိုင်မျိုးနှင့် နေထိုင်ခဲ့သည်များကို ထောင်ထဲရောက်သည်နှင့် မေ့ပစ်လိုက်။ အပြင်က အရေကို ခွာချပစ်လိုက်၊ အပြင်က ဟန်တွေ၊ မာန်တွေကို ယူဆောင်မသွားလေနှင့် မောကြောဆိုက်သွားမည်။ ထောင်ထဲမှာက ဒါတွေကို အသိအမှတ်ပြုသည်မဟုတ်။ ရောမရောက်လျှင် ရောမသားလိုကျင့်ပါဆိုသောထုံးကို နှလုံးမူနိုင်မှပါ။ နို့မဟုတ်ရင် မလွယ်ကြော။

◆ → ◆

ဥပမာဆောင်ပြစရာ အဖြစ်အပျက်တစ်ခု ရှိခဲ့ဖူးသည်။

ဌာနတစ်ခုမှ မင်းကြီးတစ်ယောက်။

စ,သုံးလုံးအဖွဲ့ကြီး ပေါ်ခါစ။ စသုံးလုံးမှ ဖမ်းသောအမှုနှင့် ထောင်ထဲရောက်လာသည်။

အဆိုပါ မင်းကြီးမှာ အပြင်ကတည်းက အလွန်မာနကြီးသည်။ ဝင့်ကြွားသည်။ မောက်မာသည်။

ထောင်ထဲကို ရွှေထီးဆောင်းပုံစံနှင့် ဝင်ခဲ့သည်။ အတိတ်၏ အရိပ်များကို သူနှင့်အတူ ကပ်ယူလာခဲ့သည်။ ငွေကို လမ်းခင်းပြီး ထောင်ထဲ ဝင်လာသူမို့ မကင်းနိုင်သူများက ဝိုင်းပင့်ကြသည်။ မိုးထိအောင် မြှောက်ကြသည်။

ဝင်လာကတည်းက ခပ်ကြွားကြွား။ ထောင်မှူးကြီးကိုယ်တိုင် တလေးတစား ဆက်ဆံခဲ့သမို့၊ ထောင်မှူးလေးအစ ရှိန်တိန်တိန်ဖြစ်ခဲ့ရသည်။

အကျဉ်းသားတွေကတော့ ဘာပြောကောင်း။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ရန်ကုန်ထောင်မှာ စံပြထောင်စနစ်ကျင့်သုံးခါ စံပြပုံစံတည်ဆောက်ခါစ။ ထောင်သည် ထောင်နှင့် လုံးဝမတူတော့ စည်းလွတ်ဝါးလွတ် ဖြစ်ချင်တိုင်းဖြစ်နေသည့်အချိန်။

အနီ မင်းကြီးမှာ ထီးမိုးရသူ၊ ရေလဲလုံချည်၊ မျက်နှာသုတ်ပ ကိုင်ရသူ၊ အနှိပ်ဆက်ရသူ၊ ယပ်ခတ်ပေးရသူ၊ ထမင်းပွဲပြင်ပေးရသူ စသ စသည့် အခြေအရံတွေ အနားမှာ ဝိုင်းဝိုင်းလည်အောင်ထားပြီး အခန့်သ အစန့်သား နေထိုင်ခဲ့၏။

ပေးနိုင် ကမ်းနိုင်၊ ကျွေးနိုင် မွေးနိုင်ဇ်မို့ လုပ်ပေးချင်သူတွေ များမှများဘိခြင်း။

ထောင်ထဲရောက်နေပါကလားဆိုသည့် အသိမျိုး နည်းနည မမွေး။ ဟန်တစ်ကွဲသား၊ မာန်တစ်ခွဲသားနှင့် မင်းကြီးဖြစ်စဉ်က အချိုးအဝ နေထိုင်ခဲ့သည်။

ဖိနပ်ကိုပင် သုံးလေးမျိုးထားစီးသည်။

အဆောင်မှာ နေ့စဉ်စီးသည့် ဖိနပ်။

ရေချိုးသည့်အခါစီးသည့် ဖိနပ်။

အိမ်သာတက်စီးသည့် ဖိနပ်။

ရုံးထွက်လျှင်စီးသည့် ဖိနပ်။

ဇိဇာကလည်းကြောင်ပါပေ့။ တစ်နေ့ကို အဝတ်အစား သုံ လောက်လဲသည်။ အိပ်ရာခင်း နှစ်ခါလောက်လဲသည်။

ပေးနိုင် ကမ်းနိုင်သမို့လည်း သူလုပ်လိုသမျှ ဖြစ်နေသည် ပြီး ... သူက အထူးတန်း အကျဉ်းသမား။

မင်းကြီးဆိုသည့် အရှိန်အဝါကို နည်းနည်းမှမလျှော့။

ထောင်ထဲရောက်နေသည့်တိုင် မင်းကြီးဟု ခေါ်လျှင် သဘော မနောတွေ့ တပြုံးပြုံးနှင့်။

အကျဉ်းသားများထဲတွင် သူ့အလိုသို့ပါသူရှိသလို၊ သူ့အဝ မပါသူတွေလည်းရှိသည်။ အမြင်ကတ်နေသူတွေလည်းရှိသည်။

တစ်နေ့တော့ သူ့ကို အမြင်ကတ်နေသူ အကျဉ်းသားတစ် အတိုင်အပင်ပြုကြသည်။



"သည်နေ့ကြီးကို ချွတ်ရအောင်"ဟု။

သူက မနက်တိုင်း ဆေးရုံသွားလေ့ရှိရာ ဆေးရုံဆောင်အကွေ့မှာ လူပြတ်သောကြောင့် အကြံသမားများက ထိုနေရာကို ရွေးထားကြ၏။

သူ ဆေးရုံမှအပြန်တွင် ရပ်ဖျက်စောင့်နေသူများက သူနှင့်တကွ နောက်တော်ပါ အကျဉ်းသားထီးတော်မိုးတစ်ဦး၏ မျက်နှာကို ငရုတ်ရည်နှင့် ပက်၍ လုခဲ့ကြ၏။

သူ၏ပက်ကားဖောင်တိန်နှင့် အိုမီဂါနာရီကြီးပါသွားရုံမက လေးငါးချက်လောက် အထုအထောင်းခံလိုက်ရ၏။

နောက် သူတို့က ပြောသွားကြသေးသည်။

"ထောင်ထဲမှာ ထောင့်အထာအတိုင်းနေပါ၊ ဟန်တစ်လုံး ပန်တစ်လုံး နေရင် ဒီထက်ပိုမိုးမယ်ဆိုတာ မှတ်ထားပါ"တဲ့။

ယင်းအဖြစ်အပျက်မှာ ထောင်ထဲရောက်လာသူများကို ရောမ ရောက်လျှင် ရောမသားလိုကျင့်ပါဟု သတိပေးနေသည်သို့ရှိခဲ့ချေ၏။

ထို့ကြောင့် ဦးလွန်းဝေက သူ အပြင်မှာ ဘာကြီးဖြစ်ခဲ့သည်ကို ထောင်ထဲမှာ ဘယ်တော့မှပြောလေ့မရှိ။ မည်သူ့ကိုမဆို တည့်အောင်ပေါင်း၍ သင့်သလိုနေထိုင်ခဲ့၏။

သူ၏အမှုစစ်ဆေးခြင်းမှာလည်း ပြီးဆုံးခြင်းသို့ရောက်တော့မည်။

ယခုတစ်ပတ်ရုံးထွက်နေ့မှာ သူကိုယ်တိုင် အစစ်ခံရမည့်နေ့ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(နှစ်ဆယ့်နှစ်)

ဦးလွန်းဝေ အစစ်ခံမည့်နေ့က မေသဇင် ရုံးသို့လာရာတွင် ရုပ်ရှင်မင်းသမီးရှုံးလောက်အောင် ပြင်ဆင်လာ၏။ သူမ၏အသက်ပင် ငယ်သွားသယောင်ထင်ရသည်။ မြို့ကောင်ပေါက်မလေးတို့၏ အဆင်အပြင်အတိုင်း ဆင်ယင်ခြယ်သထုံးဖွဲ့လာ၏။

ဟန်ပန်အမူအရာမှာလည်း သွယ်နွဲ့နေသည်။ ငယ်မူပြန်နေဘိသို့ရှိချေ၏။

ထုံးစံအတိုင်း သူမ၏ တွဲဖော်လေးမှာ ကပ်လျက်ပါနေသည်။

ဦးလွန်းဝေ အစစ်ဆေးခံမည့်နေရာကို ရှင်းရှင်းထင်းထင်း မြင်နိုင်မည့်နေရာမှ စောစောစီးစီးယူထားသည်။ တရားခွင်စသည်နှင့် မေသဇင်ဘက်သို့ လုံးဝ မျက်နှာမငဲ့တော့ဘဲ တရားသူကြီးကို မျက်နှာမူလျက် အစစ်ဆေးခံသွားခဲ့၏။

ယင်းသို့ အစစ်ခံနေစဉ် ဦးလွန်းဝေ ဟန်ပန်အမူအရာမှာ တည်တည်ငြိမ်ငြိမ်ပင် ရှိနေသည်။

ဦးလွန်းဝေ၏ ထွက်ဆိုချက်မှာ ရိုးရိုးလေးပင်ဖြစ်၏။

"လေးစားအပ်တဲ့ တရားသူကြီးမင်းခင်ဗျား

"ကျွန်တော်ဟာ မေသဇင့်ကို အတော်စွဲလမ်းနှစ်သက် ချစ်ခင်မြတ်နိုးခဲ့တာမှန်ပါတယ်၊ ဒါကြောင့်လည်း မိသားဖသားပီပီ လူကြီးစုံရာနဲ့ ကြောင်းလမ်း တောင်းရမ်းခဲ့ပါတယ်။ အဲဒီတုန်းက သူဟာ ငြင်းပယ်နိုင်တဲ့ အခွင့်အရေးရှိပေမယ်လို့ မငြင်းပယ်ခဲ့ပါဘူး။ သူနဲ့ ကျော်ကျော်အကြောင်း ကျွန်တော့်ကို ပြောတယ်ဆိုတာလည်း မမှန်ပါဘူး။ ကျောင်းသူနဲ့ ကျောင်းသားတွဲတယ်ဆိုတာ မဆန်းပါဘူး။ ကျွန်တော်လည်း ဒီလောက်ပဲသိပါတယ်။ ကျွန်တော်နဲ့ အိမ်ထောင်ကျပြီးမှပဲ မေသဇင်ရဲ့သဘောထားနဲ့ ဗီဇကို နားလည်ခွင့်လွှတ်ခဲ့ပါတယ်၊ လူကြီးမိဘတွေပေးစားပြီးမှ ချစ်ချစ်ခင်ခင် ရာသက်ပန် ရိုးမြေကျပေါင်းသင်းခဲ့ကြတဲ့ အိမ်ထောင်တွေ အများကြီးရှိပါတယ်၊ ကျွန်တော်လည်း အဲဒီအတိုင်းအတာကို မျှော်လင့်ပြီး သူ့အပေါ်မှာ သည်းခံခွင့်လွှတ်ခဲ့ပါတယ်၊ ဒါပေမဲ့ ဗီဇကပါလာတဲ့ ဇာတကိုတော့ မြင်လို့မရနိုင်အောင် ဖြစ်ခဲ့ရပါတယ်ခင်ဗျား ...

"မေသဇင်ရဲ့ အရှုပ်တော်ပုံဇာတ်လမ်းတွေကိုတော့ အကြောင်းကြောင်းကိုငဲ့ပြီး အသေးစိတ်အစစ်မခံလိုတော့ပါဘူး။ မပြောမဖြစ်တဲ့ ကြောင်းလောက်ကိုသာ ကျွန်တော် ထွက်ဆိုအစစ်ခံသွားပါမယ်ခင်ဗျား...

"ကျွန်တော်နဲ့ ပေါင်းသင်းနေတဲ့ကာလအတွင်း အိမ်ထောင်ရေးဖောက်ပြားမှု၊ ငါးကြိမ်ဖြစ်ခဲ့ပါတယ်၊ သေဆုံးသူ လတ်မောင်မောင်အပါအဝင်ပါ။ ယခုလက်ရှိကလေးဟာလည်း ကျွန်တော်နဲ့ရတဲ့ကလေး မဟုတ်ပါဘူး၊ ကျွန်တော်နဲ့ ကလေးမရနိုင်ကြောင်းကို တိကျတဲ့ အထောက်အထား စာရွက်စာတမ်းများ တင်ပြထားပြီးဖြစ်ပါတယ် ခင်ဗျား ...

"အဲဒီလို မနှစ်မြို့စရာ သူ့ရဲ့အမူအကျင့်တွေကို သိနေပါရက်နဲ့ သူ့ကို ကွာရှင်းပြတ်ရှင်းတဲ့ အနေအထားကို မရောက်စေတာကတော့ ကျွန်တော် သူ့အပေါ် စွဲလမ်းနှစ်သက်မှုကို မဖျောက်နိုင်တာနဲ့ နှစ်ဖက်မိဘများရဲ့ ဂုဏ်သိက္ခာနဲ့ ကျွန်တော့်ရဲ့ဂုဏ်သိက္ခာကို ငဲ့ညှာခဲ့ရလို့ ဖြစ်ပါတယ်။ အဲဒီငဲ့ညှာမှုက အခုလို ကျွန်တော့်ကို တရားခံဘဝရောက်စေခဲ့ပါတယ် ....

"လတ်မောင်မောင် သေဆုံးမှုမှာ ကျွန်တော်၏ပယောဂသော်လည်းကောင်း၊ ကျွန်တော်ကိုယ်တိုင်သော်လည်းကောင်း လုံးဝ ပါဝင်ပတ်သက်ခြင်း မရှိခဲ့ပါဘူးခင်ဗျား၊ သူ့ရဲ့ အိမ်ထောင်ရေးဖောက်ပြားမှုကြောင့် ကျွန်တော်သာ လူသတ်မှုကျူးလွန်ရမယ်ဆိုရင် လတ်မောင်မောင်ကို သတ်စရာမလိုပါဘူးခင်ဗျား၊ လတ်မောင်မောင်အရင် သတ်ရမယ့်လူတွေရှိနေလို့ပဲ ဖြစ်ပါတယ် ...

"ကျွန်တော်ဟာ ပညာတတ်တစ်ယောက်ဖြစ်ပါတယ်၊ ဥပဒေရဲ့ သဘောတွေကိုလည်း နားလည်သူတစ်ယောက် ဖြစ်ပါတယ်၊ ရှေ့နောက်

www.burmeseclassic.com

www.burmeseclassic.com

အတိုင်းအဆမရှိ၊ အစဉ်းစားဆင်ခြင်မှုကင်းမဲ့တဲ့ ခုလို လက်လွှတ်စပယ် ကျူးလွန်တဲ့ အနေအထားမျိုးနဲ့ ကျူးလွန်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်စကောင်းပါဘူးခင်ဗျာ၊ အချင်းဖြစ်နေ့က ကျွန်တော် ဘယ်မှာရှိနေတယ်ဆိုတာကိုလည်း အရိုးသားဆုံး တင်ပြခဲ့ပါတယ်။ ရဲဌာနမှာ ကျွန်တော်ရဲ့အိမ်တွင်းရေး အခြေအနေတွေ ပြောမပြတာကတော့ ဒီအဆင့်အထိ ရောက်မယ်လို့ မထင်လို့ ထိန်းသိမ်းခဲ့တာပဲဖြစ်ပါတယ် ခင်ဗျား ...

"ကျွန်တော်ဟာ တစ်သက်နဲ့တစ်ကိုယ် သေနတ်ဆိုတဲ့လက်နက်မျိုးကို လုံးဝ မကိုင်တွယ်ခဲ့ဘူးပါ။ တစ်ခါမှလည်း စမ်းသပ်ပစ်ခတ်ခြင်းမလုပ်ခဲ့ဘူးပါ။ လိုင်စင်နဲ့ ကိုင်ဆောင်ခွင့်ရခဲ့တာတောင် ကျွန်တော် လုံးဝ မကိုင်ခဲ့ပါဘူးခင်ဗျား။ ကျွန်တော့်ရဲ့လက်နဲ့ သေနတ်တစ်လက်ကို မိနစ်ပိုင်းမျှသော်မှ ကိုင်တွယ်မကြည့်ခဲ့ဘူးပါ၊ မှောင်ရိပ်သမ်းချိန်မှာ လူတစ်ယောက်ကို တစ်ချက်တည်းနဲ့ ချက်ကောင်းမှ ထိမှန်အောင် ပစ်ခတ်နိုင်ဖို့ဆိုတာ သေနတ်နဲ့ အမြဲတမ်းယဉ်ပါးနေသူသာ ဖြစ်နိုင်ပါလိမ့်မယ်ခင်ဗျား ...

"ကျွန်တော့်ရဲ့ ခြံထဲမှာ အခုလို လာဖြစ်တာကတော့ ကျွန်တော်တို့ရဲ့ အတွင်းရေးကိုသိနေသူ လူသတ်သမားက သို့မဟုတ် တစ်စုံတစ်ဦးက ကျွန်တော်တို့အပေါ်မှာ အထူးသဖြင့် ကျွန်တော့်ရဲ့အပေါ်မှာ မပြေးသော်ကံရာရှိဆိုသလိုဖြစ်အောင် ဖန်တီးသွားခြင်းသာဖြစ်လိမ့်မယ်လို့ ယူဆရန်မှတစ်ပါး အခြားမရှိနိုင်ပါခင်ဗျား ...

"အခုလို တရားခံအဖြစ် အစွပ်စွဲခံနေရတာကလည်း ကျွန်တော့်ရဲ့ဘဝဝဋ်ကြွေးမကင်းလို့ပဲလို့ ယူဆရန်မှတစ်ပါး အခြားမရှိပါခင်ဗျား ...

"ကျွန်တော်ဟာ ဒီအမှုနဲ့ပတ်သက်၍ ယှက်နွယ်ခြင်းသော်လည်းကောင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ခြင်းသော်လည်းကောင်း၊ လုံးဝ မရှိကြောင်းကို ရိုးသားစွာ တင်ပြအစစ်ခံရပါတယ်ခင်ဗျား"

ဦးလွန်းဝေမှာ သူ၏ ထွက်ဆိုချက် ပြီးဆုံးသည်နှင့် ကုလားထိုင်တွင် ထိုင်ချလိုက်ပြီး ချွေးစို့နေသော သူ၏မျက်နှာကို လက်ကိုင်ပဝါနှင့် သုတ်နေ၏။

လက်ကိုင်ပဝါက အဖြူ ...။



သို့သော် ...

မူလအဖြူအတိုင်း ရှိနေသော လက်ကိုင်ပဝါတော့ မဟုတ်ပေ။

ဖြူစွတ်နေသော လက်ကိုင်ပဝါပေါ်တွင် မျဉ်းကြောင်းအနက်များနှင့် အက္ခရာစာလုံးများ ထင်နေသည်။ ဒေါ်စိန်မမ အစီအစဉ်အရ စီစဉ်ထားသော လက်ကိုင်ပဝါပါတည်း။

ဦးလွန်းဝေမှာ ဦးခင်မောင်သန်းနှင့် ကြိုတင်ညှိထားသည့်အတိုင်း ရိုးရိုးလေးပင် အစစ်ခံခဲ့ခြင်းပင်ဖြစ်ပေသည်။

တရားလိုရှေ့နေကြီးမှာ ဦးလွန်းဝေကို ဤသို့မေးခွန်းများ ထုတ်ခဲ့၏။

"ကိုလွန်းဝေရဲ့စိတ်ထား ပုံမှန်အနေအထားမရှိဘူးဆိုတာ ငြင်းမလား"

"ငြင်းပါတယ်၊ ကျွန်တော့်ရဲ့စိတ်ထားသာ ပုံမှန်အနေအထားမရှိခဲ့ရင် ကျွန်တော့်အလုပ်ခွင်မှာ ကမောက်ကမ ဖြစ်ကုန်မှပါ။ တစ်ခါမှ မဖြစ်ခဲ့ပါဘူး။ အမှားအယွင်းလည်း မရှိခဲ့ပါဘူး"

ဦးလွန်းဝေ ထိုသို့ဖြေဆိုလိုက်စဉ် တရားသူကြီး၏မျက်နှာပေါ်တွင် အပြုံးရိပ်သန်းသွားသည်။

"ကိုလွန်းဝေဟာ တစ်ခါတစ်ရံမှာ သတိလက်လွှတ် ဒေါသကြီးတယ်ဆိုတာကော ငြင်းမလား"

"ဒေါသကြီးတယ်ဆိုတာကတော့ မငြင်းပါဘူး၊ သတိလက်လွှတ်တော့ မဖြစ်ဖူးပါဘူး၊ ကျွန်တော့်နေရာမျိုးမှာနေရတဲ့ ယောကျ်ားတိုင်းဟာ ကျွန်တော့်ထက်ပိုပြီး ဒေါသကြီးကြမှာပါ"

"အိမ်စောင့် မောင်ပြူးကို ရိုက်နှက်ထိုးကြိတ်ခဲ့တယ်ဆိုတာ မှန်သလား"

"မှန်ပါတယ်၊ အိမ်ကပစ္စည်းခိုးလို့ လက်သီးနဲ့ထိုးတာပါ"

"မေသဇင်က သူနဲ့ကွာရှင်းဖို့ ပြောခဲ့ပါရက်နဲ့ မကွာရှင်းတာက"

"အမှန်အတိုင်းပြောရင် ကျွန်တော် သူ့ကို မစွန့်လွှတ်နိုင်လို့ပါပဲ"

"မိန်းမတစ်ယောက်ကို အထောက်အထားမပြနိုင်ဘဲ စွပ်စွဲချက်အမျိုးမျိုးလုပ်နေတာ ပညာရှိနှိပ်စက်တာမျိုး ဖြစ်မနေဘူးလား"

"ငြင်းပါတယ်"

"ငြင်းပါတယ်ဆိုတာက ဒီလိုမပြောဘူးလို့ ငြင်းတာလား"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ပါတယ်ခင်ဗျား"

"ဒါဖြင့် ဘယ်လိုများပြောခဲ့သလဲ"

"လတ်မောင်မောင်နဲ့ အနေအထိုင် အလွန်အကျွံဖြစ်လာလို့ သတိပေး စကားလောက်ပဲပြောဖူးပါတယ်"

"မှုခင်းဖြစ်အချိန်က ကိုလွန်းဝေ ဘယ်မှာရှိတယ်ဆိုတာကို ခိုင်လုံတဲ့ သက်သေ မပြနိုင်တာနဲ့ပတ်သက်ပြီး ဘာပြောချင်သလဲ"

"ကျွန်တော် ကားဘီးပေါက်တဲ့နေရာမှာရှိကြောင်း သက်သေပြထားပါ တယ်"

"ဒါက ခိုင်မှ မခိုင်လုံဘဲ"

"ဒီအမှု ဒီအချိန်မှာ ဒီလိုဖြစ်မယ်ဆိုတာ သိရင်တော့ ကျွန်တော် မိနစ် ပိုင်းနဲ့ သက်သေပြနိုင်ပါလိမ့်မယ်"

ဒီတစ်ခါတော့ တရားသူကြီးရော မေးခွန်းရှင် ရှေ့နေကြီးပါ ပြုံးသွားသည်။

"အဲဒီလိုဖြစ်ပြီးတဲ့နောက် ကိုလွန်းဝေဟာ အရက်တွေ အလွန်အကျွံ သောက်ပြီး ဂနာမငြိမ်ဖြစ်နေတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်"

"အမှုအတွက် စိုးရိမ်ပူပန်နေလို့ပေါ့"

"မဟုတ်ပါဘူး၊ ကျွန်တော့်ခြံထဲမှာ လူသတ်မှု ဖြစ်ပွားခဲ့ပါကယ်၊ ကျွန်တော် ကိုယ်တိုင်လည်း အစစ်ဆေးခံနေရပါတယ်၊ မေသဇင်က အိမ်ကထွက်သွားပါတယ်၊ ဒါတွေကြောင့် စိတ်လှုပ်ရှားနေလို့ပါ"

"ဒါဖြင့် ဒီအမှုမှာ ငါ့ကို ပတ်သက်တော့မှာပဲလို့ ကြိုတွက်နေတယ် ဆိုပါတော့"

"ကျွန်တော် ဒီလို လုံးဝမတွက်မိပါဘူး"

"စိုးရိမ်စိတ်တော့ ရှိနေတယ်ပေါ့"

"မေသဇင်ရဲ့ထွက်ချက်ကို သိပြီးချိန်မှာတော့ စိုးရိမ်စိတ်ဖြစ်မိပါတယ်"

"ရဲဌာနက ကိုလွန်းဝေကို ဖမ်းစဉ်တုန်းက အကြောက်အကန်မငြင်းခဲ့ ဘူးပေါ့"

"ကျွန်တော် ဒီအမှုကို မကျူးလွန်ကြောင်း အတိအလင်းငြင်းဆိုခဲ့ပါတယ်"

"လတ်မောင်မောင် သေခါနီး ကိုလွန်းဝေ နာမည်ကို တ,ပြီးပြောဆို သွားတာနဲ့ပတ်သက်လို့ ဘယ်လိုပြောချင်သလဲ"

"သေခါနီး သွေးရူးသွေးတန်း ကယောင်ကတန်းပြောသွားတယ်လို့ပဲ ပြောချင်ပါတယ်"

"လတ်မောင်မောင်က သေခါနီး ကိုလွန်းဝေကို တွေ့လိုက်လို့"

"ကျွန်တော် ကန့်ကွက်ပါရစေ" ဦးခင်မောင်သန်းက ထိုမေး ခွန်းကို ထ၍ ကန့်ကွက်လိုက်သည်။

တရားသူကြီးက ကန့်ကွက်ချက်ကို လက်မခံဘဲ ဆက်မေးခွင့် ပြုသည်။

"အစွဲအလမ်းအရပြောတယ်ဆိုတာ မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ပါဘူးလို့ပဲ ဖြေပါ့မယ်"

"ဒီအရင်က လတ်မောင်မောင်နဲ့ စကားများဖူးသလား"

"မျက်နှာချင်းဆိုင်တောင်မှ စကားမပြောဖူးပါဘူး"

"ဒါဖြင့် လတ်မောင်မောင် သေခါနီး ပြောသွားတာ အကြောင်းမဲ့ ပြောသွားတာလို့ ဆိုချင်တာပေါ့"

"ဟုတ်ပါတယ်"

"ကိုလွန်းဝေနဲ့ တစ်ခါမှ ဘာမှ မဖြစ်ဘူးဘဲ လတ်မောင်မောင်က အကြောင်းမဲ့ ပြောတယ်ဆိုတာ အဓိပ္ပာယ်ရှိပါ့မလား"

"ဟုတ်ကဲ့ မှန်ပါတယ်၊ အဓိပ္ပာယ်မရှိဘူးလို့ ယူဆစရာရှိပါတယ်၊ ဒါပေမဲ့ ..."

"ယူဆစရာရှိတယ်ပေါ့"

"ကျွန်တော် ဒီလိုမဆိုပါဘူးခင်ဗျား"

"ဒါဖြင့် ..."

"မေသဇင်က ကျွန်တော်နဲ့ပတ်သက်ပြီး ပြောထားချက်အရ ပြောသွား တာပဲ ဖြစ်နိုင်ပါလိမ့်မယ်"

"သြော် ... ဒါဖြင့် မေသဇင်က လတ်မောင်မောင်ကို ကိုလွန်းဝေ တစ်နေ့နေ့ ရန်ပြုလိမ့်မယ်လို့ ပြောထားတယ်လို့ ဆိုချင်တာပေါ့"

"ဖြစ်ကောင်း ဖြစ်နိုင်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

"ကိုလွန်းဝေကလည်း ပြောဖူးတယ်ပေါ့"

"ကျွန်တော် မပြောဖူးပါဘူး"

"ဒါဖြင့် မေသဇင်က အကြောင်းမဲ့ပြောတယ်လို့ ဆိုချင်တာလား"

"ဟုတ်ပါတယ်"

"လူတစ်ယောက်ဟာ တစ်စုံတစ်ရာသော အခြေခံအကြောင်းမရှိဘဲ ပြောတယ်ဆိုတာမျိုး ကိုလွန်းဝေ လက်ခံသလား"

"ကျွန်တော် လက်မခံပါဘူး"

"အကြောင်းရှိရမယ်ပေါ့"

"ဟုတ်ပါတယ်"

"ဒီလိုကြားလိုက်ပါတယ်လို့ ထွက်ဆိုခဲ့တဲ့ ကိုသိန်းမြင့်ကို ကိုလွန်းဝေ သိသလား"

"မသိပါဘူး"

"သူက သူ့သဘောဆန္ဒအလျောက် အစစ်ခံတယ်ဆိုတာကိုသော သိသလား"

"ပထမတော့ ဒီလိုပဲ ထင်ပါတယ်၊ နောက်မှ မေသဇင် တိုက်တွန်းချက် အရလို့ သိရပါတယ်"

"ကိုသိန်းမြင့်ဟာ ကိုလွန်းဝေနဲ့လည်း မသိဘူး၊ ရန်ဘက်လည်း မဟုတ်ဘူး၊ မေသဇင်နဲ့လည်း မိတ်ဆွေမဟုတ်ဘူး၊ ဒီတော့ ကိုသိန်းမြင့်ရဲ့ထွက်ဆိုချက်ဟာ ရိုးရိုးသားသား ထွက်ဆိုချက်လို့ မယူဆထိုက်ဘူးလား"

"ဟုတ်ကဲ့ ... ယူဆထိုက်ပါတယ်"

"အမှုဖြစ်ကြောင်း တစ်ခုလုံးကို ခြုံငုံသုံးသပ်လိုက်ရင် ကိုလွန်းဝေကို တရားခံအဖြစ် စွပ်စွဲလေပါက်အောင် အချက်အလက် ပြည့်စုံနေတာကို ငြင်းမလား"

"ဟုတ်ကဲ့ ... ငြင်းပါတယ်"

"အချင်းလူသတ်မှု ကျူးလွန်စဉ်က ကိုင်တွယ်အသုံးပြုခဲ့တဲ့ သေနတ်ကို ဖော်ထုတ်ပေးဖို့လည်း ငြင်းတယ်ပေါ့"

"ကန့်ကွက်ပါတယ်"



ဦးခင်မောင်သန်းက ကန့်ကွက်လိုက်၏။

တရားသူကြီးက ကန့်ကွက်ချက်ကို လက်ခံလိုက်သည်။

ရှေ့နေကြီးက ခပ်ပြုံးပြုံး မျက်နှာထားနှင့် တရားသူကြီးမင်းကို အရိုအသေပြုပြီး သူ၏နေရာသို့ သွားရောက်ထိုင်လိုက်၏။

မေးခွန်းမေးမြန်းခြင်း ပြီးသွားသောကြောင့် ဦးလွန်းဝေလည်း သူ၏ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည်။

ဦးလွန်းဝေ အစစ်အဆေး ခံနေချိန်နှင့် တစ်ဘက်သော ရှေ့နေကြီး၏ မေးခွန်းများကို ဖြေကြားနေချိန် တစ်ချိန်လုံး ဒေါ်စိန်မမမှာ သားဖြစ်သူကိုကြည့်၍ မချိတင်ကဲ ဖြစ်နေရှာသည်။

ယင်းမှုခင်း မဖြစ်ခင် ဦးလွန်းဝေ ရုံးထိုင်ခဲ့သည့် ရုံးခန်းမှာ ယခု တရားခွင်ရုံးခန်း တစ်ဝက်နီးပါးမျှရှိ၏။ ကော်ဇောအကြမ်းခင်းထားသည့် ရုံးခန်းထဲတွင် ရောမစားပွဲကြီးမှာ ပေါလစ်ရောင် ပြောင်လက်နေ၏။ စားပွဲပေါ်တွင် တယ်လီဖုန်းက နှစ်လုံး၊ သူထိုင်သည့် ကုလားထိုင်မှာ နောက်သို့ မှီချလို့ရသော ဆုံလည်ကုလားထိုင်။ ရေနွေးဓာတ်ဘူး။ လက်ဖက်ရည်ဓာတ်ဘူးနှင့် လှပသော ပန်းကန်စုံများမှာ စားပွဲဘေးရှိ သီးသန့်ခုံပေါ်တွင် အစီအရီ ရှိနေသည်။ ဦးလွန်းဝေက ဆုံလည်ကုလားထိုင်ကြီးပေါ်တွင် အခန့်သားထိုင်ပြီး ဘယ်စောင်း၊ ညာလှည့်၊ နောက်သို့လှန်၍ အေးငြိမ့်သက်သာ ရုံးထိုင်ခဲ့သည်။

ခုတော့ လက်တန်းမပါသော ကုလားထိုင်တစ်ပတ်နွမ်းပေါ်မှာ ဒူးပေါ် လက်ကလေးနှစ်ဖက်တင်ပြီး တစ်နေကုန် တစ်နေခန်း ထိုင်ခဲ့ရ၏။ အဲဒီနေ့ကဆိုလျှင် နားချိန်မှအပ တစ်ချိန်လုံးနီးပါး မတ်တတ်ရပ်လျက် အစစ်ဆေးခံခဲ့ရ၏။

ယခင်နှင့် ယခု မြင်ကွင်းနှစ်ခု၏ ကွာဟလွန်းသည်ကြောင့် ဒေါ်စိန်မမမှာ မချိတင်ကဲ ယူကျုံးမရ ဖြစ်နေရှာ၏။

အလှမပျက် မျက်နှာပြောင်တိုက်နိုင်လွန်းသော မေသဇင်ကို စိတ်ရှိလက်ရှိ လုပ်ချင်စိတ် ပေါက်လာ၏။

ဤသည်မှာ ဒေါ်စိန်မမသာ မဟုတ်၊ တရားရုံးသို့ အမှုအမျိုးမျိုးနှင့် ရောက်နေကြသော သားများ၏မိခင်တိုင်း မချိတင်ကဲ ယူကျုံးမရဖြစ်ကြရသည်သာ။

www.burmeseclassic.com

 www.burmeseclassic.com

တရားရုံး ရပ်နားချိန် ပေးလိုက်သဖြင့် ထောင်သို့ပြန်ရမည့် ဦးလွန်းဝေ လက်ထဲတွင် ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ တရားစာအုပ်များ တစ်ထွေ့တစ် ပိုက်ကြီး ပါသွားခဲ့၏။

ဦးလွန်းဝေမှာ အကျဉ်း၏နေ့များကို တရားစာအုပ်များနှင့် ကုန်လွန်စေရန် တာစူခဲ့ပေပြီတည်း။

◆ ➙ ◆

## အခန်း(နှစ်ဆယ့်သုံး)

ထိုနေ့က ထောင်ထဲကို အစောကြီး ပြန်ရောက်ခဲ့သည်။

အကျဉ်းသားများမှာ ဟိုနားတစ်စု သည်နားတစ်စု တိုးတိုးကျိတ်ကျိတ် ဖြစ်နေကြသည်။ အကျဉ်းသားများ၏ လှုပ်ရှားပုံကိုကြည့်၍ ထောင်ထဲမှာ ပြဿနာတစ်ခုခုများ ပေါ်နေပြီလားဟု ထင်မှတ်လိုက်မိ၏။

အကြောင်းရင်းကို သိသောအခါတွင်မူ အကျဉ်းသားများအပေါ်မှာ ကြင်နာသနားစိတ်နှင့် ထောက်ထားညှာတာစိတ်များ ဖြစ်ပေါ်ခဲ့ရပြန်သည်။

ဦးလွန်းဝေမှာ ယနေ့အထိ ထောင်ထမင်း ထောင်ဟင်းကို မစားဘူးသေးပေ။ လုံးတီးထမင်းနှင့် သူတို့စားနေရသော ဟင်းအရသာကိုသိအောင်တော့ အနည်းငယ် မြီးစမ်းကြည့်ဖူးသည်။

သူ့အဖို့ အိမ်ကနေ့စဉ်ပို့ပေးနေသော ထမင်းချိုင့်ထဲမှ စားကောင်းသောက်ဖွယ်များကို စားနေရစဉ် အကျဉ်းသားအများစုမှာ နီကျင့်ကျင့် မာဆတ်ဆတ် လုံးတီးထမင်းနှင့် ငါးပိလက်တစ်သက်ကို စားမြိန်စာလုပ်ပြီး ဝမ်းတစ်ထွာကို ဖြည့်တင်းနေကြရ၏။

ဦးလွန်းဝေ အိမ်မှ ဟင်းအမယ်မယ်ကို စားချင့်စဖွယ် ချက်ပြုတ်ပေးရုံမက တရုတ်စာ၊ ကုလားစာ၊ ဘိုစာများအပြင် ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ ဒန်ပေါက်၊ ထောပတ်ထမင်းများကို တစ်လှည့်စီ ပို့ပေးခဲ့သော်။

ဟိုတုန်းက အုတ်ရိုးလေးဖက် ကာရံထားသည့် အကျဉ်းထောင်များတွင် အဆင့်အတန်းလေးမျိုး ခွဲခြားထားသည်။

အေကလပ်(စ်)ခေါ် "က"တန်း။

ဘီကလပ်(စ်)ခေါ် "ခ"တန်း။

စပါယ်ရှယ်ကလစ်(စ်)ခေါ် "ကြား"တန်း

စီကလပ်(စ်)ခေါ် "ဂ"တန်းဟူ၍ ဖြစ်၏။

အေကလပ်(စ်)ရသူမှာ တော်တော့်ကို ရှားသည်။

www.burmeseclassic.com

www.burmeseclassic.com

(ကြားဖူးသည်မှာ ပါလီမန်အမတ်များ၊ အတွင်းဝန်များ၊ ဝန်ကြီးများကို အေးကလပ်(စ်)ပေးသည်ဟု အဆိုရှိ၏။)

ဘီကလပ်(စ်)ခေါ် “ခ” တန်းရသူများမှာမူ အတော်ကိုများသည်။ အလွှာစုံမှ လူမျိုးစုံပါသည်။

(တစ်ချိန်က ရန်ကုန်ထောင်မှာ ဘီကလပ်(စ်)ရသူ အချုပ်သမား၊ အကျဉ်းသမားဦးရေ (၄၀၀)နီးပါးခန့်ပင် ရှိခဲ့ဖူးသည်။)

ဘီကလပ်(စ်)ရသူများကို ဆန်ဖြူထမင်း၊ အသားဟင်း၊ ပေါင်မုန့်၊ လက်ဖက်ရည်များ ပေးခဲ့သည်။ တစ်နေ့အတွက် အသားမှာ အရိုးလွတ် ဆယ်အောင်စ၊ အရိုးပါအသားဆိုလျှင် တစ်ပေါင်ပေးသည်။ အေကလပ်(စ်)ဆိုတော့ သူ့ထက် နှစ်ဆများ ရမလားမသိ။

စပါယ်ရှယ်ကလပ်(စ်)ရသူများမှာမူ နေ့စဉ် အသားတစ်နပ်စားရသည်။ (၄ အောင်စအသားတစ်တုံး)၊ ဘီကလပ်(စ်)လောက်မများ၊ ထမင်းမှာ လုံးတီးထမင်းပင်ဖြစ်၍ ကျန်တစ်နပ်စာမှာမူ စီကလပ်(စ်)အကျဉ်းသားများ၏ အစားအသောက်အတိုင်း စားရ၏။ စပါယ်ရှယ်ကလပ်(စ်)ကို ဆေးလိပ်မီး တစ်နေ့တစ်မတ်ပေးသည်။

စီကလပ်(စ်)အကျဉ်းသားများမှာမူ တစ်ပတ်မှာ တစ်ခါသာ အသားစားရ၍ တစ်ခါမှာ တစ်နပ်သာလျှင် အသားစားရပေသည်။

ဦးလွန်းဝေက ဘီကလပ်(စ်)ရထားသူ။ ဒါပေသိ ထောင်ထမင်း ထောင်ဟင်း မစားဘဲ ထောင်မှ သူ့အတွက် ရိက္ခာထုတ်မယူဘဲ အိမ်ကထမင်းချိုင့်ကို အမြဲတမ်း မှာယူစားသောက်ခွင့်ရသောကြောင့် သူရထားသောအဆင့်ကို “စပါယ်ရှယ့် စပါယ်ရှယ်ကလပ်(စ်)”ဟု ခေါ်ရမလား မသိ။

ထားဘိတော့။

ထိုနေ့က အကျဉ်းသားများ စုဝေးပြောဆိုနေကြသည့်အကြောင်းမှာ သူတို့ထောင်သက်တမ်းအတွင်း တစ်ခါမှ မကြားဘူးသော သတင်းအဆန်း တစ်ခုကို ကြားလိုက်ရသောကြောင့် ဖြစ်ပေသည်။

သတင်းအဆိုက ...

“နက်ဖြန် တစ်ထောင်လုံးရှိ အကျဉ်းသားများအား စပါယ်ရှယ် ထောပတ်ထမင်းကို အဝအပြဲ ကျွေးမည်”ဟူ၍ပါတည်း။



အနှီသတင်းထက်ဆန်းသော ထူးခြားသော သတင်းမှာ ထောင်ထဲတွင် တစ်ခါမှ မကြားဖူးခဲ့ပေ။

ဘယ်သူကများ ကျွေးမှာလဲ။

ထောင်ကတော့ မကျွေးသည်မှာ သေချာသည်။

သို့ဆိုသော် အဘယ်မည်သော သူဌေးသားကများ ကျွေးမှာပါလိမ့်။ ဘာအတွက် ကျွေးမှာပါလိမ့်။ မည်သည့်ကို အကြောင်းပြု၍ ကျွေးမှာပါလိမ့်။

အကြောင်းပြသည်က ဒေဝါလီ။

ကျွေးမည့်သူများက မာရဝါရီကုလားသူဌေးများ ဖြစ်ပါသတည်း။

ဒေဝါလီ ဆိုသည်မှာ ဟင်ဒူသီတင်းကျွတ်ပွဲဟော်။

ထောင်ထဲရောက်နေသူ အကျဉ်းသားများမှာ တစ်နှစ်တစ်ခါ ကျင်းပမြဲ ဒေဝါလီပွဲတော်ကို တစ်ခါမှ သတိမမူခဲ့ကြပေ။

သည်တစ်ခါတော့ ထူးထူးခြားခြားကို ပြောစမှတ်ပြုရလောက်အောင် သတိမူမိနေကြ၏။ ပို့နေရမှာလည်း သည်သတင်း၊ သည်စကား သည့်နေရာမှာလည်း သည့်သတင်း သည့်စကား။

ထိုအချိန်က မာရဝါရီ သူဌေးအတော်များများမှာ နရသိန်ဘဝ ထဲကျသိုလ်သို့ ရောက်နေခဲ့ကြ၏။

နိုင်ငံခြားသို့ ငွေများလိမ်လည်ပို့ခဲ့သည့်အတွက် မာရဝါရီသူဌေးများ ထောင်ကြီးပျော် ဖြစ်နေချိန်။

သူတို့က ထောင်ထဲတွင် ဒေဝါလီပွဲတော် ကျင်းပမည်။ သို့အတွက် တစ်ထောင်လုံးကို စပါယ်ရှယ်ထောပတ်ထမင်း သက်သတ်လွတ်သီးစုံဟင်းလျာ အဖြာဖြာနှင့် ဒါနပြုကြမည်။

ထို့ကြောင့်လည်း “နက်ဖြန်တော့ကွာ၊ မှတ်လောက် သားလောက်အောင်ကို တွယ်ပစ်လိုက်မယ်ဟေ့”ဟု ကြုံးဝါးနေကြခြင်း ဖြစ်ပေသည်။

ဒါကိုကြည့်၍ ဦးလွန်းဝေက စာနာစိတ် ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ အချို့များဆိုလျှင် မရှက်မကြောက် မေးကြသည်။

“ထောပတ်ထမင်းဆိုတာ ဘယ်လိုထမင်းမျိုးလဲ”ဟူ၍။

www.burmeseclassic.com

www.burmeseclassic.com


ဦးလွန်းဝေမှာ သူ၏ထွက်ဆိုချက်ကို ထွက်ဆိုပြီးသွားပြီဖြစ်သဖြင့် ရင်ထဲတွင် ပေါ့ပါးသွားသည်။ စိတ်လန်းသွားသည်။ ပေါ့ပေါ့ပါးပါး ရှိနေသည်။

သူ၏ထွက်ချက်ထက် အိမ်ဖော်ထွေးပု၏ ထွက်ဆိုချက်မှာ ပို၍ စိတ်ဝင်စားစရာ ကောင်းလှ၏ဟု ဆိုရမည်ထင်သည်။

မှောက်ထားသောခွက်ကို လှန်လိုက်ဘိသို့။

ကာထားသော ကန့်လန့်ကာကို ဖယ်လိုက်ဘိသို့။

လုံလုံခြုံခြုံ ဖုံးအုပ်ထားသည့် အဖုံးကို ဖွင့်လိုက်ဘိသို့။

သိုသိုသိပ်သိပ် ထုပ်ပိုးထားသော အထုပ်ကို ဖြေချလိုက်ဘိသို့၊ ရှင်းကနဲ လင်းခနဲ ရှိခဲ့ချေ၏။

သူတို့ ဖုံးဖုံးဖိဖိ လုပ်ထားသမျှ အိမ်တွင်းရေး အရှုပ်တော်ပုံကြီးကို အိတ်သွန်ဖာမှောက် ဖွင့်ချလိုက်သည်သို့ ရှိခဲ့ချေ၏။

မေသဇင်နှင့် လတ်မောင်မောင်။

လတ်မောင်မောင် အရင်အတွဲများ။

မေသဇင်တို့ ဘယ်လို ပရောပရည် နေထိုင်ကြသည်၊ ဘယ်လို လင်းကြသည်၊ ဘယ်လိုဇာတ်ခင်းကြသည်များကို ထွက်ဆိုရာတွင် တစ်တစ်ခွခွ ရှိပါပေ့။

ထွေးပုမှာ ကရင်အမျိုးသမီးလေး ဖြစ်သည့်အတိုင်း ရိုးသားသည်၊ ပွင့်လင်းသည်၊ မဟုတ်မခံစိတ်ဓာတ်ကလေးရှိသည်။

စကားကို သွယ်သွယ် ဝိုက်ဝိုက်မပြော၊ ပြောပြီဆိုမှဖြင့် တဲ့တိုး၊ ပွင့်ပွင့်လင်းလင်းကြီး။

နားနဲ့မနာ ဖဝါးနဲ့နာပါ ဆိုတာမျိုးကို အလေးမတင်။

သူ တွေ့သမျှများကို ပြောရာတွင် တရားသူကြီးမင်းပင် မျက်နှာမထားတတ်အောင် ရှိခဲ့သည်။

ထွေးပုက အပြောသာမဟုတ်၊ ခြေဟန်လက်ဟန်များပါ ပါလာတတ်သမို့ ကွက်ကွက်ကွင်းကွင်း ရှိလှ၏။

တရားလိုရှေ့နေကြီး၏ အလှည့်အပြန် မေးခွန်းများမှာ ထွေးပု၏ တဲ့တိုးပွင့်လင်းသည့် အဖြေများကြောင့် တရားခွင်ခန်းမထဲတွင် ခပ်အုပ်အုပ် ရယ်သံလေးများ မကြာခဏ ထွက်ပေါ်လာရသည်။

ထွေးပု၏ ထွက်ဆိုချက်များ၊ မေးခွန်းများနှင့် အဖြေများမှာ ရေးသားရန် မသင့်သော အကြောင်းရပ်များ ပါဝင်နေသဖြင့် ချန်ထားရပါမည်။ စာဖတ်သူများအနေနှင့် အမှုတစ်ခုလုံး ခြုံမိလောက်ပြီဖြစ်ရာ ဘယ်လိုထွက်ဆိုချက်မျိုး ပေးလိမ့်မည်ကို မဖော်ပြသည့်တိုင် အတွေးဖြင့် ဇာတ်လမ်းသွယ်ယူလိုက်ကြပါဟူ၍သာ ...။

ဦးခင်မောင်သန်းက ထွေးပုကို မေးခွန်းအနည်းငယ်သာ မေးခဲ့သည်။ ဦးလွန်းဝေတို့၏ အိမ်တွင်းရေးဇာတ်ကြောင်းမှာ တစ်ဘက်သောရှေ့နေကြီး၏ မေးခွန်းများနှင့် လုံလောက်နေပြီ ဖြစ်သောကြောင့် ထပ်ဆင့်မမေးခဲ့ပေ။

"အဲဒီနေ့ သေနတ်ပစ်မှု ဖြစ်တုန်းက မထွေးပု ဒေါ်မေသဇင် အနားမှာ ရှိတယ်နော်"

"ဟုတ်ကဲ့ ရှိပါတယ်၊ ဘေးချင်းယှဉ်ရက်ပါ"

"မထွေးပုက အဲဒီအချိန် ဘယ်ကိုများ ကြည့်နေသလဲ"

"ခြံဝကိုပဲ ကြည့်နေပါတယ်၊ တခြားကြည့်စရာလည်း မရှိပါဘူး"

"မထွေးပု သဘောနဲ့ မထွေးပု အပြင်ထွက်လာတာလား"

"မဟုတ်ပါဘူး၊ ကျွန်မတို့က အိမ်စေဆိုပေမယ့် ကိုယ့်စည်းနဲ့ကိုယ် နေပါတယ်။ ဒေါ်မေသဇင်က ခေါ်လို့ပါ"

"ဘယ်လိုခေါ်ပါသလဲ၊ ခေါ်ပုံလေး ပြောစမ်းပါဦး"

"ငါ့ရင်တွေ နည်းနည်းတုန်နေလို့ ငါ့နားမှာ နေစမ်းပါတဲ့"

"ရင်တွေတုန်လို့လို့ ပြောတယ်ပေါ့"

"ဟုတ်ပါတယ်။ အဲဒီအတိုင်းကို ပြောတာပါ။ ပြောတာက ဧည့်ခန်းထဲမှာပါ။ အပြင်ထွက်တာက လတ်မောင်မောင် ထွက်သွားပြီးမှ နောက်ကလိုက်ထွက်လာတာပါ"

"သေနတ်သံကြားတော့ မထွေးပုက ဘာကိုမြင်လိုက်သလဲ"

www.burmeseclassic.com

www.burmeseclassic.com


"သေနတ်သံကြားတာပဲ ရှိပါတယ်၊ လတ်ဟောင်မောင် လဲသွားတာကို လည်း သဲသဲကွဲကွဲ မမြင်ရပါတယ်၊ သေနတ်နဲ့ ပစ်သွားတဲ့လူကိုလည်း မမြင်ရပါဘူး"

"သေနတ်သံကြားတော့ ဒေါ်မေသဇင် ဘယ်လိုဖြစ်သွားသလဲ"

"ဘယ်လိုမှ မဖြစ်ပါဘူး၊ ဟဲ့ ... သေနတ်သံပါလားတဲ့၊ ဒါပဲ ပြောပါတယ်၊ ပြီးတော့ တိုက်ထဲဝင်သွားလို့ ကျွန်မလည်း လိုက်သွားပါတယ်"

"တိုက်ထဲရောက်တော့ ရဲဌာနကို ဖုန်းဆက်တယ်ပေါ့"

"မဆက်သေးပါဘူး"

"ဘာလုပ်သလဲ"

"ကုလားထိုင်မှာ ထိုင်ပြီးတော့ စဉ်းစားနေပါတယ်"

"နောက်တော့"

"ကိုပြုံးက လာပြောတာပါ"

"ဘယ်လိုပြောသလဲ"

"လတ်မောင်မောင် သေနတ်ပစ်ခံရတယ် မမလို့ ပြောပါတယ်"

"အဲဒီတော့ ဒေါ်မေသဇင်က ..."

"မင်း နောက်ဖေးဘက် သွားနေချည်၊ ဒီအကြောင်းနဲ့ ပက်သက်ပြီး ဘာမှမပြောနဲ့လို့ ပြောပါတယ်"

"အဲဒီတော့ ဘယ်သီဖုန်းဆက်ရော ဆိုပါတော့"

"မဆက်သေးပါဘူး၊ စန္ဒရားနား သွားလိုက် ပြန်လိုက် နှစ်ခေါက်လောက် လမ်းလျှောက်ပြီးမှ စန္ဒရားခလုတ်တွေကို လက်နဲ့ဆွဲခါလိုက်ပါတယ်"

"ပြီးတော့ ..."

"ကျွန်မကိုလည်း နောက်ဖေးသွားနေလို့ ပြောပါတယ်။ ဖုန်းဆက်တာ တော့ ကျွန်မလည်း မမြင်ရပါဘူး"

"နောက်တော့ ဘာဖြစ်သလဲ"

"ရဲတွေရောက်လာခင် ကျွန်မဆီ ဝင်လာပြီး ကိုလွန်းဝေ သေနတ်နဲ့ပစ်သွား တာ ညည်းလည်း မြင်လိုက်တယ် မဟုတ်လားလို့ ပြောပါတယ်။ ကျွန်မ ဘာမှမမြင်လိုက်ဘူး မမလို့ ပြန်ပြောတော့ အေး ... ဒါဖြင့် ပြီးရောဆိုပြီး ပြန်ထွက်သွားပါတယ်"

"နောက်ထပ် ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘာမှ မပြောတော့ဘူး ပေါ့"

"ဟုတ်ကဲ့ ... ပြောပါတယ်"

"ဘယ်လိုပြောသလဲ"

"ဒေါ်မေသဇင်က မပြောပါဘူး၊ တစ်ဆင့်လူက ပြောတာပါ"

"တစ်ဆင့်လူ ဆိုတာက ..."

"ကျွန်မရဲ့ အစ်ကိုဝမ်းကွဲပါ"

"သူက ဘာပြောသလဲ"

"ဦးလွန်းဝေကို တွေ့လိုက်တဲ့အကြောင်း ပြောရမယ်၊ မပြောရင် နင် လည်းအလုပ်ပြုတ်မယ်၊ နင့်အမေလည်း ဒုက္ခရောက်မယ်လို့ ပြောပြီး၊ နင် အမိုးနဲ့ သွားတွေ့လို့ လာပြောပါတယ်"

"သွားတွေ့တယ်ပေါ့"

"ဟုတ်ကဲ့ ... တွေ့ပါတယ်၊ ဒါပေမဲ့ ကျွန်မ ဒီလိုမပြောနိုင်ဘူးလို့ ပြောခဲ့ပါတယ်"

"ဒီအကြောင်းတွေ ဦးလွန်းဝေကို ပြောဖူးသလား"

"မပြောဖူးပါဘူး"

"ရဲဌာနမှာ အစစ်ခံတုန်းကကော"

"မမကြီးနဲ့ အတူတူ ရှိနေပါတယ်၊ ဘာမှမတွေ့ပါဘူးလို့ပဲ အစစ်ခံခဲ့ ပါတယ်"

ထွေးပုက ဦးခင်မောင်သန်း၏ မေးခွန်းများကို ဤသို့ပင် အစစ်ခံခဲ့၏။

အမှုစစ်ဆေးသည့် အခြေအနေမှာ ပြီးဆုံးတော့မည့် အဆင့်သို့ ရောက်ခဲ့ပြီ။ သက်သေများ၊ ပြန်ခေါ်သက်သေများကို စစ်ဆေးခဲ့ပြီးဖြစ်ရာ နှစ်ဖက်သော ရှေ့နေကြီးများ၏ လျှောက်လဲချက်ပေးရမည့် အဆင့်သို့ပင် ရောက်လာခဲ့ပေပြီ။

ဦးလွန်းဝေမှာလည်း လုံးဝနီးပါး တည်ငြိမ်နေပြီ ဖြစ်၍မြတ်စွာဘုရား ရှင်တော်ဗုဒ္ဓ၏ တရားမွမ်းများကို နက်နက်နည်းနည်း လေ့လာ၍ ဖွားများအား ထုတ်သည့် အဆင့်သို့တိုင် ရောက်ရှိနေပြီ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com


ထောင်ထဲသို့ ရောက်နေသူ ဦးလွန်းဝေက တည်ငြိမ်သလောက်၊ မတည်ငြိမ်နိုင်အောင် ရှိနေသူမှာ မိခင်ကြီး ဒေါ်စိန်မမပင်တည်း။

လျှောက်လဲချက်နှင့် တစ်ပါတည်း တွဲလာမည့် စီရင်ချက်အတွက် သောကဗျာပါဒကို ရင်ဝယ်ပိုက်လျက် နေမထိ ထိုင်မသာ ဖြစ်နေ၏။

အိမ်ဦးခန်းတွင် ဟီးထနေသော ရွှေအုန်းပွဲ ငှက်ပျောပွဲများ၊ အငွေ့တလူလူ တက်နေသော အမွှေးနံ့သာတိုင်များ၊ မီးညွန့်အားကောင်းလှသည့် တစ်တောင်နီးပါး ဖယောင်းတိုင်ကြီးများရှေ့တွင် အလုပ်မအားအောင် ရှိနေသည်။

စားချိန်၊ အိပ်ချိန်ပင် မမှန်တော့။

သမ္ဗုဒ္ဓေဂါထာ၊ တစ်နေ့ ပုတီးပတ်တစ်ထောင်ပြည့်ဆောင် စိပ်ရေးအတွက်သာ စိတ်စောနေရှာသည်။

ဩဝိဿမေတ္တာ၊ အနောဓိဿမေတ္တာ၊ ပို့သရသည်ပင် တစ်နာရီခန့် အချိန်ယူရ၏။

ထောင်ထဲတွင် ဤသို့လုပ်ခွင့်မရနိုင်သော ဦးလွန်းဝေ ကိုယ်စား မိခင်ကြီး ဒေါ်စိန်မမက ကိုယ်စားလုပ်ပေးနေရခြင်းဖြစ်၏။

စာကလေးသက်စေ့ ...

ငါးသက်စေ့ ...

ကြက်၊ ဘဲ၊ သက်စေ့ လွှတ်ပြီးရုံနှင့် အားမရသေး။ ဆောမဲခြံတွင် ဆိတ်သက်စေ့ လွှတ်သည်အထိသို့တိုင် လုပ်ခဲ့၏။

ဒေါ်စိန်မမ အဓိဋ္ဌာန်စဝင်သည့်နေ့မှစ၍ ဦးလွန်းဝေထံသို့ ပေးနေသည့် ထမင်းချိုင့်မှာ သားငါးဟူ၍ လုံးဝမပါဝင်တော့ဘဲ သက်သတ်လွတ်အစားအစာများသာ ပါလာတော့၏။

ဦးလွန်းဝေကား အင ့ ရာကို ဥပေက္ခာပြုထားပြီးဖြစ်ရာ၊ သူ့အတွက် အရသာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ စားချိန်တွင်စား၍ အိပ်ချိန်တွင်အိပ်သည်မှတစ်ပါး၊ အကောင်းအဆိုးကို ပိုင်းခြားမဝေခွဲတော့ပေ။ အသက်ပါသည်ဖြစ်စေ၊ အသက်လွတ်သည်ဖြစ်စေ၊ ရသာတဏှာမက်ခြင်းကို တတ်နိုင်သမျှ သတိသမ္ပဇဉ်ဖြင့် ဖြတ်ရောက်ရန် ကြိုးစားနေသည့်အတိုင်း သူ့အတွက် ဘယ်သို့မှ မထိခိုက်ခဲ့ပေ။

ရန်ကုန်ထောင်တွင် ထောပတ်ရန့်သင်းပျံ့လှိုင်ကြွယ်သွားသော နေ့မှ ဆယ့်နှစ်ရက်မြောက်သည့်နေ့သည် သူ၏အမှုအတွက် လျှောက်လဲချက် ပေးမည့်နေ့ပေတည်း။

◆ → ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(နှစ်ဆယ့်လေး)

ဦးလွန်းဝေမှာ မနက်အစောကြီးကတည်းက ရုံးထွက်ရန် အဆင်သင့် ပြင်ဆင်ပြီး ဖြစ်နေသည်။ ရုံးထွက်လာခါမည့် ဘုရားကိုစောင့်ရင်း ဓမ္မစက္ကပဝတ္တနသုတ်မှ ခန္ဓာရနေသမျှ ဒုက္ခအတုံးအခဲကြီးပါကလားဆိုသည့်....

"ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊
ဗျာဓိပိ ဒုက္ခာ၊ မရဏမ္ပိဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံနလဘတိတမ္ပိ ဒုက္ခံ၊ သခိတ္တေန
ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

အပိုဒ်ကို အနုလုံပဋိလုံ အပြန်ပြန် အဖန်ဖန် ဆင်ခြင်နေခဲ့၏။

ထို့ကြောင့်လည်း ဒီနေ့ လျှောက်လဲချက် ဟန်မှဟန်ပါ့မလားဆိုသည့် ပူပင်စိုက်များ ကင်းပျောက်၍ ငြိမ်သက်တည်ကြည်သော စိတ်အစဉ်ကသာ သူ့ကို လွှမ်းရစ်ထားခဲ့၏။

အမှုဟူသမျှတွင် လျှောက်လဲချက်အခန်းမှာ အလွန်အရေးပါ၏။ အဆုံးအဖြတ်၏ တံခါးဝဟုလည်း ဆိုနိုင်ရာ၏။

လျှောက်လဲချက်ပေးမည့်နေ့ ရောက်ပြီဆိုလျှင် တရားခံတိုင်း ရင်တုန်ကြသည်။ နှလုံးခုန်ကြသည်။ ကိုယ့်ဘက်က လိုက်ပါဆောင်ရွက်မည့် ရှေ့နေကြီး၏ လျှောက်လဲချက်မှာ ပိုင်ပိုင်နိုင်နိုင် ရှိပါ့မလားဆိုသည်ကို တွေးပူရစမြဲ။ ဦးလွန်းဝေမှာ ထိုအထဲတွင် သူ့ကိုယ်သူ မပါဝင်အောင် တရားသဘောကို အထောက်အခံပြု၍ ထိန်းထားလိုက်နိုင်သည်။

ထုံးစံအတိုင်း သူ ရုံးခန်းရောက်သွားသည်နှင့် မိခင်ကြီးက အပြုံးဖြင့် ဆီးကြိုနေသည်။ သားဖြစ်သူ၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်နေသည်။

ဦးလွန်းဝေက အမှုကိစ္စကို စကားမစဘဲ၊ ထောင်အတွေ့အကြုံကလေးများကို ရယ်စရာ မောစရာ သဖွယ် စကားဆင်၍ ပြောပြနေခဲ့၏။



ဦးလွန်းဝေ ပြောပြသည့်အထဲမှ ထောင်ဟဲက ကြက်ပြိုင်ပွဲအကြောင်းမှာ နားထောင်နေသူများ နှုတ်ဖျားမှ ကြိကြိဖန်ဖန် လုပ်တတ်ကြပလေဟု ပြောယူကြရ၏။

ထောင်ထဲတွင် တစ်ပတ်တစ်ခါ ကြက်ပြိုင်ပွဲ လုပ်ကြသည်။
လောင်းကြေးမှာ ငွေမဟုတ်၊ ဆေးလိပ်။

ကြက်ပြိုင်ပွဲမှာ ဆေးလိပ်ကို ရာစီးအလိုက် လောင်းသူရှိသလို၊ တစ်ပတ်မှာ တစ်နပ်သာ စားရသည့် အသားတုံးကြေးလည်း လောင်းကြသည်။ ယင်းပြိုင်ပွဲမှာ အတော်အလင်း လုပ်ကြသည်တော့ မဟုတ်၊ ခိုးတိုးကိုက် လက်ကျိတ်ထိုး လုပ်ကြခြင်းဖြစ်၏။

အပြင်မှာ မြင်းပွဲမသွားနိုင်သူက မြင်းပွဲသွားသူကို လောင်းကြေးပေးလိုက်သလို၊ ထောင်ထဲမှာလည်း ကြက်ပြိုင်ပွဲသို့ သွားခွင့်မရသူများက သွားခွင့်ရသူများကို လောင်းကြေးပေးလိုက်ကြရ၏။ ထောင်ထဲမှာ လူအများကြီးနဲ့ တရုန်းရုန်းလုပ်၍ ရသည်မဟုတ်၊ ဒိုင်လူကြီးလုပ်သူများကအစောင်ဝါဒါကို လာဘ်ထိုးပြီးမှ လူဦးရေ အကန့်အသတ်နှင့် လုပ်ရခြင်းဖြစ်၏။

ကြက်ပြိုင်ပွဲကို လူတိုင်းသွားခွင့်မရ။ ကြေးကြီး (ဆေးလိပ်ရာချီလောင်းနိုင်သူ)လောင်းနိုင်သူကိုသာ ကန့်သတ်ခေါ်၏။ ဘိုင်ပွတ်သမားများမှာမူ သွားခွင့်ရသူများကို လက်ကမ်းလိုက်ကြရ၏။

ဘယ်သူ့ကြက်ကို ထိုးခဲ့ပါ၊ ဘယ်ဝါကြက်ကို ထိုးပေးပါဟု ကြက်ကိုင်သူ နာမည်တတ်ပြီး ပေးလိုက်ရ၏။

ကြက်က မြင်းသဘော။ ကြက်ကိုင်သူက ဂျော်ကီသဘောဆောင်လေ၏။

ဘယ်သူက ကြက်ကိုင်ကောင်းသည်၊ ဘယ်သူက ဘာလွှတ်ကောင်းသည်၊ စသည်များလည်း ရှိသေးသည်။ ကြက်ပြိုင်ပွဲ ကျင်းပုံမှာ ...

မြေကြီးပေါ်တွင် အလျားပေနှစ်ဆယ်လောက် ကြက်တစ်ကိုယ်က မြေမြောင်းကလေးများကို ခပ်နက်နက် သူးထားရ၏။ ထိုကဲ့သို့ လိုင်းငါးလိုင်း တူးထား၏။ ပြိုင်ပွဲဝင်မည့်ကြက်က ငါးကောင်။

ကြက်ကိုင်သူများက ကြက်ကို ပြိုင်ပွဲဝင်မည့်နေရာသို့ ကြိုးသည့်နည်းဖြင့် ယူလာခွင့်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲကျင်းပတော့မည် ဆိုသည်နှင့် ကြွက်ကိုင်သူများက မိမိတို့ ကြွက်များကို လက်နှင့်ဆုပ်ကိုင်၍ဖြစ်စေ၊ အမြီးမှကိုင်၍ဖြစ်စေ ကြိုက်သလို ကိုင်ထားပြီး မြေတွင်းလမ်းကြောင်းထိပ်တွင် တာစူပေးထားရသည်။

ပြိုင်ပွဲဝင်ကြွက်များမှာ အလတ်စား ဖြစ်ရမည်။ ပြိုင်ပွဲဝင်ကြွက် အရွယ်အစားကို ဒိုင်လူကြီးများက သုံးလေးရက်ကပင် ကြိုတင်စစ်ဆေးပြီး ဖြစ်ပေသည်။

ဒိုင်လူကြီးလုပ်သူက တာလွှတ်ရန် အချက်ပေးလိုက်သည်နှင့် မိမိတို့၏ ကြွက်များကို ကိုယ့်လမ်းကြောင်းနှင့်ကိုယ် လွှတ်ပေးလိုက်ရ၏။

ကြွက်က မြေတွင်းမြောင်းအတိုင်း မပြေးဘဲ နောက်လှည့်၍ဖြစ်စေ၊ သေးကိုကျော်တက်၍ဖြစ်စေ စည်းဖောက်ပြေးခဲ့သော် အရှုံး။

လမ်းကြောင်းအတိုင်းပြေးသည့် ကြွက်ထဲမှ ပထမနှင့် ဒုတိယ ရသော အကောင်ကို နိုင်ကောင်အဖြစ် သတ်မှတ်၍ ကြေးအလျော်အစား လုပ်သည်။ မြင်းပွဲမှာ ဝင်း ပလေး လျော်သည့်သဘော။

အလျော်အစားနှုန်းထားနှင့် ပတ်သက်၍ မှုသေသတ်မှတ်ချက် မရှိ။ ထိုသောကြေးပေါ်တွင် ဒိုင်လုပ်သူများအတွက် နုတ်ပြီး ကျန်သည့် ကြေးကို ဘယ်နှဆဟု သတ်မှတ်၍ အလျော်အစားလုပ်သည်။ အလေးတူလည်း ရှိသည်။ နှစ်လေး၊ သုံးလေး၊ လေးလေး၊ ငါးလေး စသဖြင့်လည်း ရှိသည်။

တစ်ပတ် တစ်ပတ် ကွဲသူတွေကွဲ၊ ပွသူတွေပွ။

ကဲ ... ကြကြဖန်ဖန် လုပ်တတ်ရန်ကောဟု မဆိုသာဘူးလား။

ဦးလွန်းဝေက ဤသို့သော အထူးအဆန်း ဖြစ်ရပ်ကလေးများ ကို ပြောပြနေခဲ့ရာ တရားခွင်မစမီ လှုပ်ရှားနေသော မိခင်ကြီး၏ စိတ်အစုံ ကို ငြိမ်းအေးစေခဲ့၏။ တရားခွင် စတင်ချိန် ကပ်လာပေပြီ။

ထူးခြားသည်မှာ တရားလိုရှေ့နေကြီး ရုံးခန်းထဲသို့ ဝင်လာသည့် တိုင် ယာဒ်ဒလီပေါင်ဒါနှင့် ရှာနယ်(လ်)ရေမွှေးနံ့ မသင်းပျံ့သေးခြင်းပင်။

တရားခွင် စသည့်တိုင် မေသဇင်တို့ ရောက်မလာခဲ့ပေ။

ဦးခင်မောင်သန်းက ဟိတ်ဟန်ပါသော ခန့်ညားလွန်းသော အသွင် ကိုမဆောင်ဘဲ၊ တည်ငြိမ်အေးဆေးသောဟန်ဖြင့် တရားသူကြီးကို အရိုအသေ ပြုပြီး သူ၏လျှောက်လဲချက်ကို စတင်ခဲ့၏။



"လေးမြတ်သော တရားသူကြီးမင်းနှင့် လေးစားအပ်သော ဥပဒေပညာ ရှင်များခင်ဗျား ...

"ယခု တရားရုံးတော်မှာ စစ်ဆေးဆဲအမှုကို ခြုံငုံပြီး သုံးသပ် ကြည့်လိုက်တဲ့အခါမှာ မှုဖြစ်ကြောင်းဟာ အတော်လေး ထူးခြားနေတာ ကို တွေ့ရပါလိမ့်မယ်။ အပေါ်ယံအားဖြင့်ကြည့်ရင် ကျွန်တော့်အမှုသည် ရဲ့ အိမ်ထောင်ရေး အရှုပ်တော်ပုံကစခဲ့တဲ့ မှုခင်းလို့ ဆိုနိုင်ပါလိမ့်မယ်၊ ဒါပေမဲ့ အတိမ်အနက်ရှိသလောက် နှိုက်ကြည့်လိုက်တဲ့ အခါမှာတော့ သေဆုံးသူရဲ့ လူမှုရေးအကျင့်ဖောက်ပြားမှု အရှုပ်တော်ပုံကို သူတို့နည်း နဲ့ သူတို့ ရှင်းရာမှာ ကျွန်တော်ရဲ့အမှုသည်ဟာ အဖျားခတ်ခံလိုက်ရ တယ်လို့ ဆိုရမှာပဲ ဖြစ်ပါတယ် ...

"ပထမဆုံး သေသူ လတ်မောင်မောင်ရဲ့ အကြောင်းကို ဆန်း စစ် သုံးသပ်ကြည့်သင့်တယ်လို့ ယူဆမိပါတယ်။ ဘာကြောင့်လဲဆိုရင် သေဆုံးသူဟာ လူမှုရေးအကျင့်ဖောက်ပြားမှုကို ဘယ်လိုနည်းနဲ့မဆို ကျူးလွန်ဖို့ ဝန်မလေးသူတစ်ယောက် ဖြစ်နေတာကို တွေ့ရလို့ဖြစ်ပါ တယ်။ ယင်းကိစ္စနှင့် ပတ်သက်ပြီးတော့ ရဲဌာနရဲ့ စုံစမ်းရရှိချက်များ မှာ အထင်အရှား ပေါ်လွင်နေပါတယ်။ ဒေါ်မေသဇင်နဲ့ ဖြစ်ပျက်ခဲ့ပုံ ကိုဖယ်ပြီး သည့်အရင်က ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကို ကြည့်လိုက် တဲ့အခါ ယင်းသို့သော လူမှုရေးအကျင့်ဖောက်ပြားမှုများကြောင့် သေ ဆုံးသူအပေါ်မှာ မကျေနပ်သူတွေ မခံမရပ်နိုင်အောင် ဖြစ်နေသူတွေ ရှိနေတယ်ဆိုတာကို မငြင်းသာအောင် တွေ့ရမှာ ဖြစ်ပါတယ်"

ဦးခင်မောင်သန်းက မေသဇင်ကိုများ တွေ့ရလေမလားလို့ ရုံး ခန်းတွင်းသို့ ဝေ့ဝိုက်အကဲခတ်ကြည့်လိုက်၏။

မရှိပါ။

မေသဇင်တို့ ရောက်မလာပါ။

"သူတို့ပြဿနာကို သူတို့ဘာသာ ရှင်းတဲ့အခါမှာ အိမ်ထောင်ရေး မပြေမလည် ဖြစ်နေတဲ့ ကျွန်တော့်ရဲ့အမှုသည်နဲ့ ပတ်သက်လာရပါ တယ်။ ထန်းသီးကြွေခိုက် ကျီးနားခိုက်ဆိုတဲ့ ပမာစကားလို ကျွန်တော့် ရဲ့အမှုသည်ဟာ ထန်းသီးပေါ်မှာ နားမိတဲ့ကျီး ဖြစ်ခဲ့ရပါတယ်။ တစ်

www.burmeseclassic.com

www.burmeseclassic.com



နည်းအားဖြင့် ဆိုရရင် မစွန်းရင်းကလည်းရှိ ကန့်ဖွန်းခင်းကလည်းပြီ ဆိုသလို ဖြစ်ရ သဘောပါပဲ။ မပြေးသော် ကံရာရှိနိုင်ဘည်ကို အခွင့်ကောင်းအဖြစ် အသုံးချခဲ့တာကြောင့် ကျွန်တော့်ရဲ့အမှုသည်မှာ ကြိုတင်ကြံစည်ထားသူများရဲ့ ကွင်းထဲမှာ ပိတ်မိခဲ့ရပါတယ် ...

"ဒါဖြင့်ရင် ဒီလူသတ်မှုရဲ့တရားခံဟာ ဘယ်သူလဲ ဆိုတာကို မေးရပါတော့မယ်။ ဒါပေမဲ့ ခုထိမဖော်ထုတ်နိုင်သေးပါဘူး၊ ဒါကြောင့်လည်း ကျွန်တော့်ရဲ့အမှုသည်ဟာ တရားခံအဖြစ် အစွပ်အစွဲ ခံရအောင် ကံဆိုးသူအဖြစ် ကြားဝင်ခဲ့ရကယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အမှုသည် ကြမ္မာဆိုးနဲ့ တိုးရတာကတော့ သူ အင်မတန် ချစ်ခင်နှစ်သက် မြတ်နိုးခဲ့ရတဲ့ ဇနီးသည်ကိုယ်တိုင်က သူ့အပေါ်မှာ တရားခံအဖြစ် စွဲဆိုခဲ့တာဟာ အဓိကအကြောင်းပဲ ဖြစ်ပါတယ် ...

"ဒေါ်မေသဇင်ဟာ ဦးလွန်းဝေ အပေါ်မှာ အငြိုးတင်ခဲ့ပါတယ်။ ဒီအငြိုးကို ခုထက်တိုင်လည်း မဖြေလျော့ဘူးဆိုတာ သူမကိုယ်တိုင်ရဲ့ ထွက်ဆိုချက်များအရ လယ်ပြင်မှာ ဆင်သွားဘိသကဲ့သို့ ထင်ရှားခဲ့ပြီမို့ အထူးတလည် ထပ်မံမတင်ပြလိုတော့ပါ။ ပထမတော့ ဒေါ်မေသဇင်က သူ အလွန်နှစ်သက် ချစ်မြတ်နိုးခဲ့တဲ့ ငယ်ချစ်နဲ့ ကွဲအောင်လုပ်ရပါမို့လား့လို့ အငြိုးလေး ထားခဲ့တာ ဖြစ်ပါတယ်။ ဒါက ဖြစ်ရိုးဖြစ်စဉ်လို့လည်း ဆိုနိုင်ပါတယ်။ ဖြစ်သင့်ဖြစ်ထိုက်လို့လည်း ယူဆရမှာ ဖြစ်ပါတယ် ...

"ဒါပေမဲ့ ...

"အိမ်ထောင်သည်ဘဝ ရောက်လာပြီးနောက် ဒီအငြိုးအထုံးဟာ ပြေလျော့သွားရမှာ ဖြစ်ပေမယ့်လို့ ခန့်မှန်းတွက်ချက်ရန် ခက်ခဲလှတဲ့ ဒေါ်မေသဇင်ရဲ့ ပုံမှန်မဟုတ်တဲ့ စိတ်ဓာတ်ကြောင့် တစ်ကြောင်း၊ နောက်ပိုင်းမှာ ဖြစ်လာတဲ့ အကြောင်းရပ် အခွေထွေတွေကြောင့် တစ်ကြောင်း ဒီအငြိုးအထုံးကို ပိုမိုကျစ်လစ်စေရုံမက ခိုင်မာစွဲမြဲအောင် ဖွဲ့နှောင်ချည်ထုံးလာတာကို တွေ့ရပါတယ်၊ အခု အမှုဖြစ်ပွားချိန်မှာတော့ ဒီအထုံးကို ဖြတ်တင်လိုက်တာပါပဲ ...

"သို့သော် ...

"ကျွန်တော့်ရဲ့အမှုသည်က သေနတ်နဲ့ပစ်တာကို ကိုယ်တိုင်မြင်လိုက်ရပါတယ်လို့ ဒေါ်မေသဇင်က ထွက်ဆိုထားပါတယ်၊ ဒါပေမဲ့ အဲဒီနေရာမှာ ဒေါ်မေသဇင်နဲ့ အတူရှိနေဟဲ့ တစ်ယောက်သောသူကတော့ သေနတ်သံ ကြားလိုက်တာကလွဲလို့ ဘာကိုမှ မမြင်လိုက်ရပါဘူးလို့ ထွက်ဆိုထားပါတယ်။ လူနှစ်ယောက်ဟာ တစ်နေရာတည်းမှာ အတူရှိနေပါလျက် အချင်းဖြစ်နေရာကို အတူတူမြင်နိုင်ပါလျက် တစ်ယောက်က မြင်တယ်၊ တစ်ယောက်က မမြင်ဘူးဆိုတာဟာ အတော်ကြီး စဉ်းစားစရာ ဖြစ်နေသလို အတော်ကြီးလည်း ထူးဆန်းနေပါတယ်၊ နောက်တစ်ခုက အချိန်ဖြစ်ပါတယ် ...

"အခင်းဖြစ်အချိန်ဟာ မှောင်ရီပျိုးစအချိန် ဖြစ်ပါတယ်၊ ဒေါ်မေသဇင်တို့ ရပ်နေတဲ့နေရာကနေ အခင်းဖြစ်နေရာကို လှမ်းမြင်နိုင်တယ်ဆိုတာ အငြင်းပွားစရာ မရှိပါဘူး၊ သို့သော် သဲသဲကွဲကွဲ မြင်နိုင်တယ်ဆိုတာကိုတော့ အငြင်းပွားရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုရင် အချိန်ကာလကြောင့်ပဲ ဖြစ်ပါတယ်၊ တကယ်ကတော့ အငြင်းပွားစရာ မရှိဘူးလို့ပဲ ပြောသင့်ပါတယ်၊ ဘယ်လိုမှ သဲသဲကွဲကွဲ မမြင်နိုင်ဘူးလို့ အခိုင်အမာ ပြောရမှာ ဖြစ်ပါတယ် ...

"နောက်တစ်ချက်က သေနတ်နဲ့ပစ်သူရဲ့ အနေအထားပါ။ လူတစ်ယောက်ကို တိတ်တဆိတ် လုပ်ကြံရာမှာ လုပ်ကြံတဲ့လူဟာ သူ့ကိုယ်သူ အကာအကွယ်မယူဘဲ ဗြောင်လုပ်လေ့မရှိပါဘူး။ ဒေါသအလျှောက် ဖြုန်းဒိုင်း စိတ်လိုက်မာန်ပါ လုပ်တဲ့အခါမျိုးမှာသာ အကာအကွယ်မယူဘဲ ဗြောင်လုပ်လေ့လုပ်ထ ရှိပါတယ်။ ကြိုတင်ကြံစည်ပြီး လုပ်တဲ့လူများဟာ သူတို့ ထင်သာမြင်သာတဲ့ အနေအထားကနေ ကျူးလွန်ရိုးထုံးစံ မရှိပါဘူး။ ကျွန်တော့်ရဲ့အမှုသည်ဟာ ပညာတတ်တစ်ယောက် ဖြစ်ပါတယ်။ ဗဟုသုတ ပြည့်ဝသူတစ်ယောက်လည်း ဖြစ်ပါတယ်။ အကယ်၍များ သူသာ ဒီအမှုကို ကျူးလွန်မယ်ဆိုရင် ခုလို ပြောင်ပြောင်ကြီး လုပ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့ဘက်က အခိုင်နှုန်း အပြည့် ရှိပါလိမ့်မယ် ...

www.burmeseclassic.com

www.burmeseclassic.com



"**အခင်းဖြစ် လူသတ်မှုမှာ အရေးအကြီးဆုံးဖြစ်တဲ့ သေနတ်ကို** ခုထက်ထိ မတွေ့ရှိရသေးပါဘူး၊ ရုံးတော်မှာလည်း **သက်သေခံအဖြစ်** တင်ပြနိုင်ခြင်း မရှိသေးပါဘူး၊ ဒီသေနတ်ကို တွေ့ရှိရင် **အတော်လုံ လောက်တဲ့အဖြေ ထွက်လာမယ်လို့** ယူဆရမယ် ဖြစ်ပါ**တယ်။ ဒါကို** လည်း ထည့်သွင်းစဉ်းစားရမယ့် **အကြောင်းတစ်ရပ် ဖြစ်တယ်လို့** ယူဆမိပါတယ် ...

"ကျွန်တော့်ရဲ့အမြင်ဟာ သေနတ်နဲ့ယှဉ်ပါးခဲ့တဲ့သူတစ်ဦး မဟုတ်ပါဘူး။ ဒါကိုလည်း ခိုင်လုံတဲ့ ခံပြသက်သေများရဲ့ ထွက်ဆို ချက်အရ ထင်ရှားစေခဲ့ပြီ ဖြစ်ပါတယ်။ သေနတ်နဲ့ လုံးဝမယှဉ်ပါးသူ တစ်ယောက်ဟာ အလွန်အကျွံ စိတ်လှုပ်ရှားနေတဲ့ အနေအထားမျိုးမှာ လူတစ်ယောက်ကို တစ်ချက်တည်းနဲ့ ထိမှန်အောင် ပစ်ဖို့ဆိုတာ မိုး ပေါ်ကအပ်တစ်စင်းနဲ့ လူပြည်က အပ်တစ်ဆင်းဆိုတဲ့ ပမာစကားလိုပဲ ခက်ခဲမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့အမြင်ဟာ ကိုယ်ပိုင်သေနတ် ကိုင်ခွင့် ရခဲ့ပေမယ့် သေနတ်ကို လုံးဝမကိုင်ခဲ့ပါဘူး ...

"နောက် လိုပြသက်သေ(၃)မောင်ပြူးရဲ့ ထွက်ဆိုချက်များဟာ ကွဲလွဲချက်များ ရှိနေရုံမက ယုတ္တိယုတ္တာ ကင်းမဲ့တာကိုလည်း တွေ့ရ ပါတယ်။ သက်သေဖြစ်သူရဲ့ အကျင့်စာရိတ္တနဲ့ ပတ်သက်ပြီးတော့လည်း ထည့်သွင်းစဉ်းစားသင့်တယ်လို့ ယူဆမိပါတယ်။ ဒီနေရာမှာတော့ အခင်းဖြစ်အချိန်က **အိမ်ဖော်နှစ်ယောက်**စလုံး အတူတကွ ရှိနေပါလျက် တစ်ယောက်ကို လိုပြသက်သေအဖြစ် အသုံးပြုပြီး တစ်ယောက်ကိုတော့ လိုပြသက်သေအဖြစ်က ဖယ်ထုတ်ထားတာကို ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ် ...

"လိုပြသက်သေ(၂) ကိုသိန်းမြင့်ရဲ့ ထွက်ဆိုချက်ဟာ အမှန်အတိုင်း ထွက်ဆိုတယ်လို့ လက်ခံရမှာ ဖြစ်ပါတယ်။ သို့သော် သေဆုံးသူက သူ့ကို ဦးလွန်းဝေက သေနတ်နဲ့ပစ်သွားပါတယ်လို့ မထွက်ဆိုခဲ့ပါဘူး။ ဦးလွန်းဝေ နာမည် ပါလာတာပဲ ရှိပါတယ်။ ဒါဟာလည်း သေဆုံးသူ နဲ့ ဒေါ်မေသဇင်တို့ မရှုပ်မရှင်းလို့ ယူဆနိုင်တဲ့ အကြောင်းကို ဦးလွန်း ဝေက မကျေမနပ် ဖြစ်ခဲ့ပါတယ်။ ဒါကိုသိထားတဲ့အတွက် သူ့ရဲ့ခြံ



ထဲမှာတင် သေနတ်နဲ့ အပစ်ခံရတဲ့အခါ သေဆုံးသူဟာ ဖြေအနာအပြင်း အထန် ခံစားနေရစဉ် ကယောင်ကတမ်းနဲ့ ဦးလွန်းဝေရဲ့အမည်ကို အစွဲပြု ပြောသွားတယ်လို့ တွက်ဆနိုင်ပါတယ် ...

"ဒေါ်မေသဇင်ရဲ့ ထွက်ဆိုချက်အတိုင်း ကျွန်တော့်ရဲ့အမြင်က သေနတ်နဲ့ ပစ်သွားတာကို တကယ်မြင်လိုက်မယ်ဆိုရင် မိန်းမသား သဘာဝအရ လန့်ဖျပ်ပြီး ယောင်ယမ်းအော်လိုက်မိမှာ ဖြစ်ပါတယ်။ ခု ဒေါ်မေသဇင်က သေနတ်သံကြားတာနဲ့ အပစ်ခံရတာ ဘယ်သူ ဘယ်ဝါလို့ မသိခင် တိုက်ထဲပြန်ဝင်သွားခဲ့ပါတယ်။ နောက်မှ မောင်ပြူး လာပြောမှ ဘယ်သူသေနတ်နဲ့ ပစ်ခံရတယ်ဆိုတာကို သိကြောင်း ထွက်ဆိုချက်များ ရှိနေပါတယ် ...

"ခံပြသက်သေ မထွေးပုရဲ့ ထွက်ဆိုချက်မှာ ဒွန်နာကို ချက်ချင်း ဖုန်းမဆက်သေးဘဲ အကြာကြီး စဉ်းစားပြီးမှ ဖုန်းဆက်တဲ့ ထွက်ဆို ချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ် ...

"နောက်ဆုံးအနေနဲ့ ဒေါ်မေသဇင်ရဲ့ ထွက်ဆိုချက်နဲ့ မေးခွန်းများ ကို ပြန်လည်ဖြေကြားတဲ့အထဲမှာ ကွဲလွဲချက်များ ပါဝင်နေတာတို့ တွေ့ရပါတယ်။ "လတ်မောင်မောင်ကို သေနတ်နဲ့ ပစ်သွားသူဟာ ဦးလွန်းဝေပါ ကျွန်မ သေသေချာချာ မြင်လိုက်ရပါတယ်"လို့ ထွက် ဆိုခဲ့ပါတယ်။ တကယ်ကတော့ ဒေါ်မေသဇင်ဟာ တိုက်ထဲပြန်ဝင်သွား တဲ့အထိ ဘယ်သူ သေနတ်နဲ့ အပစ်ခံရတယ်ဆိုတာ မသိသေးပါဘူး။ နောက်ပြီး လတ်မောင်မောင်နဲ့ မန္တလေး ထွန်းလှဟိုတယ်မှာ နေဖူးတာ ကို ဒေါ်မေသဇင်က ငြင်းကွယ်ပြီးမှ ဝန်ခံခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အကြောင်းရပ်တွေ ဘယ်လောက်ရှိမယ်ဆိုတာကိုလဲ ထည့်သွင်းစဉ်းစား သင့်ပါတယ် ...

"ကျွန်တော်ရဲ့အမြင်ဟာ အခင်းဖြစ် မှုခင်းမှာ ကျူးလွန်သူ တရားခံ ဖြစ်လိမ့်မယ်၊ ဖြစ်နိုင်ဖွယ်ရာရှိတယ်ဆိုတဲ့ အကြောင်းတရား ကို အခြေခံပြီး တရားခံအဖြစ် အစွပ်စွဲခံရခြင်းသာ ဖြစ်ပါတယ်။ ဖြစ်ပါ ပါတယ်လို့ ခိုင်လုံတိကျတဲ့ အထောက်အထားများ အမှုစစ်ဆေးပြီးတဲ့ အချိန်အထိ ပေါ်လွင်လာတာကို မတွေ့ရပါဘူး။ အမှုစစ်ဆေးနိုင် ဖော်

www.burmeseclassic.com



ဆေးပြီးတဲ့အခါမှာ ကျွန်တော်ရဲ့အမှုသည်ဟာ ထန်းသီးပေါ် နားမိတဲ့ ကျီးအဖြစ်သောက်ပဲ ပေါ်လွင်ခဲ့ပါတယ်။ သဲသဲကွဲကွဲ မမြင်နိုင်တဲ့နေရာက သဲသဲကွဲကွဲ မြင်လိုက်ရပါတယ်လို့ ထွက်ဆိုထားတဲ့ ထွက်ဆိုချက်တစ်ခုတည်းအပေါ်မှာ အခြေခံပြီး တရားခံအဖြစ် အစွပ်စွဲခံခဲ့ရတဲ့အတွက် ကျွန်တော့်ရဲ့အမှုသည်မှာ မဖော်ပြနိုင်လောက်တဲ့ အတိုင်းအတာအထိ လူမှုရေးထိခိုက်မှုကို ခံခဲ့ရပြီး ဖြစ်ပါတယ် ...

"အမှုတစ်ခုလုံး ခြုံငုံသုံးသပ်လိုက်တဲ့အခါမှာ ပေါ်လာတဲ့ မြောက်မြားလှစွာသော သံသယအချက်အလက်များကို မျက်ကွယ်ပြုပြီး အဆုံးအဖြတ်ခံရမည်ဆိုပါက ကျွန်တော်ရဲ့အမှုသည်မှာ ရင်နင့်စရာ၊ ကြေကွဲစရာ၊ ခံစားချက်ကို တစ်သက်ပန်လုံး ခံစားသွားရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် သံသယရဲ့အကျိုးဆက်အားလုံးကို ကျွန်တော့်ရဲ့အမှုသည်ကို ခံစားခွင့် ပေးထိုက်ပါကြောင်း ရုံးတော်ကို လေးမြတ်စွာ အစီရင်ခံရင်း ကျွန်တော်ရဲ့လျှောက်ထားချက်ကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား"

(ဦးခင်မောင်သန်း၏ လျှောက်လဲချက်တွင် ထည့်သွင်းဖော်ပြခဲ့သော အကိုးအကား စီရင်ထုံးများနှင့် ဥပဒေအချက်အလက်များကိုမူ အသေးစိတ် မဖော်ပြတော့ဘဲ ချန်လှန်ထားခဲ့ပါသည်။ "စာရေးသူ၏စကားချပ်")

ဦးခင်မောင်သန်း လျှောက်လဲပြီးသည်နှင့် တရားခွင်ကို ခေတ္တရပ်နားလိုက်၏။

ဒေါ်စိန်မမက ဦးခင်မောင်သန်း၏ လျှောက်လဲချက်ကို အလွန်အားရကျေနပ်ကြောင်း ရွှန်းရွှန်းဝေအောင် ချီးကျူးစကားများ ပြောခဲ့သလို ဦးလွန်းဝေကလည်း ကျေးဇူးတင်စကားပြော၍ အားပါးတရ လက်ဆွဲနှုတ်ဆက်ခဲ့၏။

ပိတ်ဖြူဝတ် ပုဂ္ဂိုလ်ကြီးမှာမူ သူ၏လုပ်ငန်းကို လုပ်မြဲလုပ်လျက်။

နေ့လယ်ပိုင်း တရားခွင် ပြန်စံသောအခါ တစ်ဘက်သောရှေ့နေကြီးက အာဝဇ္ဇန်းရွှင်ရွှင် ဥပဒေအချက်အလက် အကိုးအကား စုံစုံလင်လင်နှင့် လျှောက်လဲချက်ပေးခဲ့ရာတွင် ဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသော ဦးလွန်းဝေကဲ့သို့ ပညာတတ် ပုဂ္ဂိုလ်တစ်ယောက်က ဥပဒေကို

ကျောခိုင်းခဲ့သည့်အတွက် ကြီးလေးသော အပြစ်ပေးထိုက်ကြောင်း လျှောက်လဲသွားခဲ့၏။

သူ၏လျှောက်လဲချက်မှာ ဦးခင်မောင်သန်း၏ လျှောက်လဲချက်လောက် မပိုင်နိုင်သော်လည်း ထိထိမိမိ ရှိအောင်တော့ လျှောက်လဲသွားခဲ့ပေသည်။

ထိုနေ့တစ်နေ့လုံး ယာဒ်ဒလီပေါင်ဒါနံ့နှင့် ရှာနယ်(လ်)ရေမွှေးနံ့ မသင်းပျံ့ခဲ့ပေ။

တရားသူကြီးက စီရင်ချက်ချမှတ်မည့်နေ့ကို ရက်ချိန်းပေးပြီး တရားခွင်ကို ရုပ်သိမ်းခဲ့ပေသည်။

ဥပဒေပညာရှင်ကြီးနှစ်ဦးမှာ ပြုံးပြုံးရွှင်ရွှင် စကားပြောရင်း အတူတကွ ထွက်သွားကြ၏။

သူတို့နှစ်ဦးစလုံးမှာ မိမိတို့၏ အမှုသည်များအတွက် တာဝန်ကျေပွန်စွာ ဆောင်ရွက်ပြီးသလို စီရင်ချက်ချရမည့် တရားသူကြီးအတွက်လည်း ဥပဒေရေးရာ အကူအညီများ ပေးနိုင်ခဲ့ကြပြီမို့ ထမ်းရွက်ထားရသော ဝန်ထုပ်ဝန်ပိုးကြီး ပေါ့ကျသွားခဲ့ပေပြီ။

စီရင်ချက်ကို ရင်တမမနှင့် စောင့်ကြည့်ရဦးမည့် တရားခံနှင့်ပတ်သက်ရာ မိသားစုများမှာမူ ရုံးခန်းထဲတွင် ကျန်ရစ်ခဲ့ကြသည်။

ဦးလွန်းဝေကမူ ,အပြုံးမပျက်။

အကျဉ်းထောင်သို့ ပြန်ကာနီးတွင် မိခင်ကြီးအား စိတ်အေးချမ်းသာ နေဖို့အတွက် တရားဓမ္မနှင့်ယှဉ်သော နှစ်သိမ့်စကားပြော၍ ကားပေါ်သို့ တည်ငြိမ်စွာတက်ပြီး ထောင်ဘက်သို့ မျက်နှာမူလိုက်၏။

မိခင်ကြီးရှေ့တွင် အပြုံးပန်းဆင်၍ နှစ်သိမ့်စကားပြောထားခဲ့သော်လည်း ထောင်သို့အပြန်တွင်မူ သူ၏စိတ်အစဉ်မှာ လှုပ်ရှားလျက် ရှိချေ၏။

မည်သို့သောအဖြေ ထွက်လာမည်ကို သိနိုင်စွမ်းမရှိသည့် စီရင်ချက်က ခြောက်လှန့်လျက် ရှိချေပြီတည်း။

ပုထုဇဉ် လူသားမျှသာဖြစ်သော ဦးလွန်းဝေကို ...။

♦ ↔ ♦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(နှစ်ဆယ့်ငါး)

စီရင်ချက်ချမည့်ရက်ကို စောင့်ရင်း ဦးလွန်းဝေ စိတ်အစဉ်မှာ လှုပ်ရှားတစ်ခါ တည်ငြိမ်တစ်လှည့်ဖြင့် ဘောင်ဘင်ခတ်နေသည်။

ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းရင်း လှုပ်ရှားနေသော စိတ်အစဉ်ကို ငြိမ်အောင် ကြိုးစားခါမှ စိတ်အစဉ်မှာ ပို၍ပျံ့လွင့်နေသည်။ ထိန်းသိမ်းခြင်းငှာ **မစွမ်း**သာအောင် ဖြစ်နေသည်။

ဦးလွန်းဝေမှာ စိတ်ယောက်ယက်ခတ်နေသော်လည်း **လူကမူ ယောက်**ယက်ခတ်၍ မရပေ။ ထောင်ဆိုသည်မှာ စိတ်လှုပ်ရှားခွင့်ရသော်လည်း **ကိုယ်**လှုပ်ရှားခွင့် မရသော နေရာပါတည်း။

ဒေါ်စိန်မမမှာမူ **စိတ်**လည်း ယောက်ယီးယောက်ယက် ဖြစ်နေသည်။ လူလည်း ယောက်ယက်ခတ်နေသည်။ ဝတ်ဖြူပုဂ္ဂိုလ်ကြီး ညွှန်ကြားသမျှကို **မ**ရပ်မနား ဒလက်လည်သည်သို့ လုပ်နေရသလို၊ ဟိုလူ့ဆီပြေးရ ဒီလူ့ဆီပြေးရနှင့် အကူအညီ ရနိုင်မည်ထင်သမျှ ပုဂ္ဂိုလ်များဆီသို့လည်း **မ**ရောက်မရှိအောင် သွားခဲ့ရသေး၏။

စီရင်ချက်မှာ သားဖြစ်သူအတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေသဖြင့် ဒေါ်စိန်မမမှာ အသက်အရွယ်နှင့်မလိုက်အောင် **မော**သည်၊ ပန်းသည်ဟု သဘောမမူနိုင်ရှာဘဲ အချိန်နှင့်အမျှ လုပ်ရှားခဲ့ရပေသည်။

ကားတစ်စီးနှင့် ပြေးလွှားနေရသည်မှာ တစ်နေကုန်၊ တစ်နေခန်း၊ တစ်ရက်လည်းမဟုတ်၊ **နှစ်**ရက်လည်းမဟုတ်၊ **နေ့ရှိ**သရွေ့ လှုပ်ရှားခဲ့ရပေသည်။ အိပ်ချိန်သို့ရောက်သည့်တိုင် စိတ်ကို အနားမပေးနိုင်သည်အထိ သောကဗျာပါဒများနှင့် လုံးထွေးနေခဲ့၏။

မိဘမေတ္တာကား ကြီးမားလွန်းလှပေစွ။

**ဦး**လွန်းဝေက **သူ၏မာမီ** အပြင်မှာ ဘယ်လောက်များ ယောက်ယက်ခတ် လှုပ်ရှား**နေမည်ကို မှန်းဆ**ကြည့်မိသည်အခါ သူ၏စိတ်ကို ဘယ်လိုမှ တည်ငြိမ်အောင် ထိန်း၍မရတော့ပေ။ အတွေးများသည် တစ်ထပ်ပြီး တစ်ထပ် ပိုပိနေခဲ့၏။

စီရင်ချက်ချမည့် နေ့မှာလည်း တစ်နေ့တစ်နေ့ နီးကပ်လာပေပြီ။

◆ → ◆

ရုံးထွက်ရက် မတိုင်မီ နှစ်ရက်က စိတ်ထိခိုက်စရာ ဖြစ်ရပ်တစ်ခုကို အမှတ်မထင် တွေ့လိုက်ရ၏။

ထိုနေ့မနက်ပိုင်းတွင် အသက်နှစ်ဆယ်လောက်သာ ရှိဦးမည့် လူငယ်လေးတစ်ယောက်ကို အကျဉ်းသားနှစ်ယောက်က တွဲခေါ်လာ၏။ လူငယ်ကလေး၏ မျက်နှာမှာ ရှုံ့မဲ့နေသည်။ သူ့လက်တစ်ဖက်က ဝတ်ထားသော လုံချည်ကို အပေါ်သို့ မ,တင်ယားပြီး လက်တစ်ဖက်က တွဲခေါ်လာသူ တစ်ဦး၏ ပခုံးကို ဖေးကိုင်ထား၏။ တွဲခေါ်လာသူများကြားထဲမှ အားခဲ၍ လျှောက်နေရသည့်ဟန်မှာ အဝေးကပင် မြင်သာအောင် အထင်းသား ပေါ်လွင်နေပေသည်။

ဆေးရုံအပေါ်ထပ် ပြတင်းတွင် ရပ်နေသူ ဦးလွန်းဝေ၏ မျက်လုံးအစုံမှာ လူငယ်လေးဆီသို့ ကျရောက်သွားခဲ့၏။ တဖြည်းဖြည်း သူ ရပ်နေသော နေရာနှင့် နီးလာသည်နှင့်အမျှ စူးစူးစိုက်စိုက်ကလေး ကြည့်လိုက်မိ၏။

ဦးလွန်းဝေမှာ ဆေးရုံအပေါ်ထပ်က လှမ်းကြည့်နေရာမှ အောက်ထပ်သို့ ဆင်းလာခဲ့၏။

ကောင်လေး၏ ကိုယ်လုံးကိုယ်ထည်မှာ ပိန်သည်ဟု မဆိုသာသော်လည်း ဝဝဖြိုးဖြိုးတော့ မရှိပေ။ သူ၏မျက်နှာလေးမှာ သွယ်ကျနေသည်။ ပျို့မြစ်နုနယ်ရိပ်မှာမူ ကောင်လေး၏ မျက်နှာပေါ်တွင် ထင်းထင်းလင်းလင်း ပေါ်လွင်နေသည်။

ဦးလွန်းဝေ၏ မျက်လုံးများမှာ ကောင်လေး၏ တင်ပါးဆီသို့ ရောက်သွားရာ သူ၏မျက်လုံးများမှာ ပြူးကျယ်သွားရသည်။ အံ့ဩနိုင်မှုလည်း မျက်နှာပေါ်တွင် လက်ခနဲ ထင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


တင်ပါးပေါ်တွင် ကန့်လန့်ဖြတ် ထင်းနေသော သဲပြေသီးမှည့်ရောင် အရိုးကြီးများမှာ တစ်ခုပေါ်တစ်ခုထပ်လျက် ဖူးထနေသည်။ ကောင်လေးမှာ ဝတ်ထားသော လုံချည်နှင့် သဲပြေသီးမှည့်ရောင် အရိုးကြီးကို မထိအောင် လုံချည်ကို တင်ပါးတစ်ခုလုံး ပေါ်သည်အထိ မ,တင်ထားရ၏။ ကောင်လေး၏ မျက်နှာမှာ ရှုံ့မဲ့နေရုံမက ပါးစပ်မှလည်း တရှီးရှီးတရှဲရှဲ အသံများ ထွက်နေသည်။

သူ ခံစားနေရသော ဝေဒနာ မည်မျှပြင်းထန်ကြောင်း သူ၏မျက်နှာရိပ်တွင် တိတိပပ ထင်ရစ်နေသည်။

ဦးလွန်းဝေမှာ ကောင်လေးကိုကြည့်၍ သူ၏ခေါင်းကို အသာအယာ ယမ်းလိုက်မိရင်း ဆေးရုံဗာရာကို အဖြစ်အပျက် လှမ်းမေးလိုက်မိ၏။

"ကြိမ်ဒဏ်ရိုက်ခံရတဲ့ ကောင်လေးပါ"

"ဗျာ"

"သူက ခိုးမှုနဲ့ ကြိမ်ဒဏ်အချက်သုံးဆယ် အရိုက်ခံရတာပါ"

"အို ... ဖြစ်မှ ဖြစ်ရလေဗျာ"

ဆေးခန်းထဲမှ ဘာဆေးများ ထည့်လိုက်သည်မသိ ရှူးရှူးဝါးဝါး အော်ဟစ်သံ ထွက်လာသည်။

ဦးလွန်းဝေသည် ဆက်မကြည့်လိုတော့သည်ကြောင့် ဆေးရုံအပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။

မင်္ဂလာနှင့် မပြည့်ဝသော နံနက်ခင်းပါတကား။

နေ့လယ်ကျမှ ကြိမ်ဒဏ်ရိုက်ပုံရိုက်နည်းကို မေးကြည့်ခဲ့ရသည်။

တရားရုံးက ကြိမ်ဒဏ်ချမှတ် အပြစ်ပေးခံရသူအား နောက်တစ်နေ့မနက်တွင် ကြိမ်ဒဏ်ရိုက်ရ၏။

ကြိမ်ဒဏ်ရိုက်မည့်နေရာတွင် ထောင်မှူးကြီးနှင့်တကွ ထောင်ဆရာဝန် ထောင်ဝါဒါများ အသင့်ရှိနေရသည်။

ကြိမ်ဒဏ်အရိုက်ခံရမည့်သူကို ခေါ်လာသည့်အခါ သူ၏ကိုယ်ပေါ်မှ အဝတ်အစားများကိုချွတ်၍ ထောင်ဆရာဝန်က စစ်ဆေးရ၏။ ယင်းသို့စစ်ဆေးပြီး ရိုက်နိုင်ကြောင်း အချက်ပြလိုက်သည်နှင့် သုံးချောင်းထောက်စင်မှာ ပန်းချီဆရာများ ပန်းချီဆွဲရာတွင် အသုံးပြုသည့်စင်နှင့် တူပေသည်။

ဒေါက်စင်၏အောက်ခြေ တစ်ပေခန့်အမြင့်တွင်ရှိသော ခြေနင်းပြားပေါ်သို့ ကြိမ်ဒဏ်အရိုက်ခံရမည့်သူကို တင်လိုက်၏။ ခြေနှစ်ဖက်ကို ကားထားရပြီး လက်နှစ်ဖက်က အပေါ်ကိုမြှောက်၍ ဒေါက်စင်နှင့် ကပ်ထားရ၏။ ခြေထောက်နှင့် လက်များကို ခြေထိပ် လက်ထိပ် ခတ်လိုက်သောအခါ ဒေါက်စင်ပေါ်မှ ကြိမ်ရိုက်ခံရမည့်သူမှာ လှုပ်ရှား၍ မရတော့ပေ။

အလျားတစ်လန်ခန့်ရှည်၍ လက်ညှိုးသာသာခန့် အလုံးရှိသော ကြိမ်လုံးများမှာ အဆင်သင့်။

ကြိမ်ရိုက်မည့်သူများက ကြိမ်တစ်ချောင်းစီကိုယူ၍ အလျားနှစ်ဖက်မှကိုင်ပြီး ကွေးချည်ဆန့်ချည် စမ်းသပ်ကြည့်ပြီးမှ လေထဲတွင်ဝှေ့ကာဝှေ့ကာ တရွှမ်းရွှမ်းမြည်အောင် ကြိမ်ရေးပြနေကြ၏။ ဒေါက်စင်ပေါ်တွင် ရှိနေသူမှာ ခွီးခနဲ၊ ခွီးခနဲ အသံကို ကြားရုံနှင့် အသားတွေ တဆတ်ဆတ် ပေါ့နေသည်။

ထောင်ဆရာဝန်နှင့် အတူပါလာသော ဗာရာက ဆေးရည်စိမ်ထားသည့် ပိတ်စမ်းပါးလေးကို ကြိမ်ရိုက်ခံရမည့်သူ၏ တင်ပါးပေါ်သို့ကပ်ပြီး ခါးတွင် ကြိုးနှင့်ချည်ပေးလိုက်၏။

ပြင်ဆင်မှုပြီးပြီ။ ရိုက်တော့မည်။

ကြိမ်ရိုက်မည့်သူ နှစ်ယောက်က ဘယ်တစ်ယောက် ညာတစ်ယောက်ရပ်၍ ကြိမ်လုံးများကို အားပါပါ ဆုပ်ကိုင်လျက် ဆရာဝန်ကိုလှမ်းကြည့်လိုက်၏။ ဆရာဝန်က သူ၏လက်ပတ်နာရီကိုကြည့်ပြီး လက်မြှောက်လိုက်သည်နှင့် တရွှမ်းရွှမ်းအသံများ ထွက်လာ၏။ ဘယ်တစ်ချက်၊ ညာတစ်ချက် မှန်မှန်ကြီး ရိုက်နေရာ ကြိမ်သံနှင့် တစ်ထပ်တည်း အမေလေးဗျ၊ အဘလေးဗျ အသံမှာလည်း မရပ်မနား ထွက်လာတော့၏။

တရွှမ်းရွှမ်းနှင့် ဖြန်းခနဲ ဖြန်းခနဲ ထွက်ပေါ်နေသော ကြိမ်သံက အချက်မှန်မှန် ထွက်ပေါ်နေသော်လည်း အော်သံမှာမူ ကျယ်ရာမှတိုး၍ တဖြည်းဖြည်း တိမ်ဝင်သွားတော့၏။

ရိုက်စက ကျော၊ ခါး၊ တင်တို့မှာ ကြိမ်ချက်နှင့်အတူ တွန့်ခနဲ လိမ်ခနဲ ဖြစ်နေသော်လည်း ကြိမ်ချက်အကျများလာသောအခါ တွန့်အားလိမ်အား မရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

ကြိမ်ရိုက် ရပ်လိုက်သည်နှင့် အနားတွင်ရှိနေသော အကျဉ်းသားများက ကြိမ်ရိုက်ခံရသူအား ဒေါက်စင်ပေါ်မှ တွဲချပေးခဲ့ရာ ကြိမ်ရိုက်ခံရသူမှာ ကိုယ့်အားနှင့်ကိုယ် ရပ်တည်ရန် မတတ်နိုင်တော့ပေ။ တွဲထားသူများကြားတွင် ပျော့ခွေနေသည်။ တင်ပါးတဝိုက်မှာ တဆတ်ဆတ် တုန်နေသည်။

ကြိမ်ရိုက်သည့်နေရာတွင်လည်း အကြိမ်အဖန် ရှိပြန်သည်။

ပိုက်ဆံပေးထားလျှင် ကြိမ်ရိုက်သူက ကြိမ်လုံးကို လက်ငါးချောင်းနှင့် ဆုပ်ထားသော်လည်း ရိုက်သည့်အခါတွင် လက်ချောင်းများကို တစ်ချောင်းလွှတ် နှစ်ချောင်းလွှတ် လွှတ်ပြီးမှ ရိုက်သည်။ လက်ချောင်းများလွှတ်၍ ရိုက်သဖြင့် ရိုက်ဟန်ပြင်သော်လည်း ရိုက်အားမှာမူ မပြင်းထန်တော့ပေ။

တစ်ချောင်းလွှတ်လျှင် တစ်ဆယ်။ သုံးချောင်းလွှတ်ပေးနိုင်လျှင် အနည်းငယ် နာကျင်ရုံမှတစ်ပါး ခံရချက် မဆိုးတော့ပေ။

ယခုအခါတွင်မူ လူလူချင်း ညှဉ်းပန်းနှိပ်စက်သည့် ကြိမ်ဒဏ်စနစ်ကို လုံးဝဖျက်သိမ်းခဲ့ပေပြီတည်း။

ကိုယ်ကာယနှင့် စိတ်ဓာတ်ကိုပါ ထိခိုက်စေရုံမက လူ့သိက္ခာကိုပါ အကြီးအကျယ် ထိခိုက်စေသည့် စနစ်ကို ဖျက်သိမ်းလိုက်သည်မှာ လူကိုလူလိုမြင်ရမည်ဆိုသည့် သဘောကို ဆောင်သည်ဟု ဆိုရမည်ပင် ဖြစ်ပေသည်။

ဦးလွန်းဝေမှာ ကြိမ်ဒဏ်ရိုက်ပုံကို နားထောင်ပြီး ရင်ခုန်သွားရသည်။ တင်ပါးတဆတ်ဆတ် တုန်သွားရသည်။ တစ်ကိုယ်လုံး တဖြန်းဖြန်း ကြက်သီးမွေးညင်း ထသွားရသည်။

အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ တွေ့ရသည်ဟူသော ပမာစကားမှာ မှန်လှဘိဟု ဆင်ခြင်လိုက်မိ၏။

ကောင်လေးအတွက် စိတ်မကောင်း ဖြစ်ရသလို သူ့အကြောင်းကို ပြန်ပြောင်းဆင်ခြင်လိုက်သည့်အခါ ...။

♦ → ♦

ရုံးထွက်ရမည့်နေ့။

ညက အိပ်ရေးမဝသဖြင့် မနက်အစောကြီးထ၍ ရေချိုးလိုက်ရသည်။ စိတ်ရောကိုယ်ပါ ခါတိုင်းလို မလန်းဆန်း။ ထုံထိုင်းလေးဖင့်နေသည်။



အိမ်ကပို့သော အပေါ်အင်္ကျီကို ဝတ်လိုက်သောအခါ ဘယ်ဘက်ညာဘက်အိတ်များတွင် ပစ္စည်းစုံ တွေ့ရသည်။ ထိုအထဲမှာ ထူးထူးဆန်းဆန်း မိန်းမဆံညှပ်လေးများပင် ပါသေးသည်။ ဘာတွေမှန်းတော့ မသိ။ သူ့အတိုင်း ရှိပစေဟု ထားလိုက်ရသည်။

ရုံးထွက်ကား အခေါ်နောက်ကျသောကြောင့် ဦးလွန်းဝေ ရုံးခန်းထဲ ရောက်သည့်အခါ ရုံးခန်းထဲ၌ လူအတော်လေး စုံစုံလင်လင် ရောက်နေသည်ကို တွေ့လိုက်ရ၏။

သူ၏မိခင်ကြီးမှာ မျက်တွင်းချိုင့်၍ ပါးနှစ်ဖက်မှာ သိသိသာသာပင် သွယ်ကျနေသည်။

ယာဒ်လီပေါင်ဒါနှင့် ရှာနယ်(လ်)ရေမွှေးနံ့မှာ သင်းပျံ့ပျံ့ ထွက်နေသည်။

မေသဇင်မှာ နိုင်လွန်အဖြူပေါ်တွင် အစိမ်းပွင့်ကလေးများ ရက်ဖော်ထားသည့် အင်္ကျီလက်ရှည်၊ ဒေါင်းမြီးကွက်များဖော်ထားသည့် ကန့်လန့်စင်း အစိမ်းရင့် အင်းလေးလုံချည်ကို ဝတ်ထား၏။ သူမခေါင်းပေါ်မှ စပယ်ဖြူပွင့်လေးများမှာ လှုပ်လီလှုပ်လဲ့ရှိနေသည်။

စကားတပြောပြောနှင့် ရှေ့နေကြီးနှစ်ယောက် အတူတွဲဝင်လာ၏။

မကြာမီ တရားသူကြီးလည်း တရားခွင်ပေါ် ရောက်လာသည်။

တစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ်နေသည်။

တရားသူကြီးမင်း၏ မတိုးမကျယ်အသံမှာ တည်ငြိမ်သည်။ ကျွန်ရသည်။

တရားသူကြီးမှာ တစ်ခါတစ်ခါတွင် ရှေ့နေကြီးများအား လှမ်းကြည့်ရုံမှတစ်ပါး သူ၏မျက်လုံးအစုံမှာ စားပွဲပေါ်ရှိ စာရွက်များပေါ်တွင်သာ ဖြန့်ကျက်နေသည်။

ဥပဒေအချက်အလက်များ၊ အင်္ကျီအကားစီရင်ထုံးများ၊ သက်သေထွက်ချက်အပေါ် အယူအဆများကို ဖတ်ကြားဖော်ပြပြီးနောက် စီရင်ချက်ကို ဖတ်ကြားရာတွင် သူ၏အသံကို အနည်းငယ်မြှင့်တင်လိုက်သည်။

"ဤအမှုကို အဘက်ဘက်မှ ထောင့်အမျိုးမျိုးမှ သုံးသပ်ကြည့်ခဲ့ရာတွင် ဒွိဟသံသယဖြစ်စရာ အချက်အလက် မြောက်မြားစွာကို တွေ့ရှိခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



ပေသည်။ အထက်တွင် ဖော်ပြခဲ့သော သံသယအကြောင်းဆက်များမှာ ရုံးတော်ရှေ့မှောက်တွင်ရောက်ရှိနေသော တရားခံဦးလွန်းဝေသည် အခင်းဖြစ်အမှုကို ကျူးလွန်သူဟု မဖော်ညွှန်းနိုင်သလို၊ မကျူးလွန်ပါဟုလည်း မဆိုသာအောင်ရှိနေသည်။ မှုဖြစ်အခြေအနေနှင့် သက်သေများ၏ ထွက်ဆိုချက်များမှာ သံသယဝက်ပါထဲတွင်သာ ချာချာလည်နေသည့် ကျွန်ုပ် အထင်အရှားတွေ့ရှိခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ သံသယအကျိုးဆက်ကို တရားခံဖြစ်သူအား ခံစားပိုင်ခွင့်ပေးရမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် အဖ ဦးဘဝေ၏သား တရားခံ ဦးလွန်းဝေအား ရာဇဝတ်ကြီး ပုဒ်မ ၃၀၂(၁)အရ စွဲဆိုထားသောအမှုမှ တရားရှင်လွှတ်ကြောင်း စီရင်ချက်ချလိုက်သည်”

တရားသူကြီးက စီရင်ချက်ကိုဖတ်ကြားပြီး တရားခွင်ပေါ်မှ ဆင်းသွားသည်။ ဦးလွန်းဝေမှာ တရားခွင်ပေါ်မှ ဆင်းသွားသော တရားသူကြီးကို မလှုပ်မယှက်ကြည့်နေသည်။

ဒေါ်စိန်မမမှာ စိန်နားကပ်ကြီး တုန်ခါအောင် လှုပ်ယမ်းရင်း သားဖြစ်သူအနားသို့ ရောက်လာသည်။

မေသဇင် ရုံးခန်းထဲမှ ဘယ်အချိန်တွက်သွားလိုက်သည်ကို မည်သူမှ သတိမထားလိုက်မိပေ။

ဦးခင်မောင်သန်းက တစ်ဖက်သောရှေ့နေကြီးထံ သွားရောက် အရိအသေပြုလိုက်၏။

တစ်ဖက်သောရှေ့နေကြီးက ဦးခင်မောင်သန်း၏ ပခုံးကိုပုတ် လျက်။

♦ ↔ ♦

တရားခွင်ခန်းမထဲတွင် ရှိနေကြသူများ၏ မျက်နှာပေါ်၌ အပြုံးရိပ်များ ဖြတ်သန်းပြေးလွှားလျက်ရှိချေ၏။ အထူးသဖြင့် ဒေါ်စိန်မမ၏ အပြုံးမှာ ပို၍ ဝင့်ထယ် ထင်ပလျက်ရှိနေသည်။ ဤတရားခွင်ခန်းမထဲသို့ ဒေါ်စိန်မမ ရောက်ခဲ့သော အခေါက်ပေါင်းမှာ မရေမတွက်နိုင်ခဲ့ပေ။ ထိုနေ့က အပြုံးရိပ်များမှာမူ သူမ၏မျက်နှာပေါ်တွင် တစ်ခါဖူးမျှ မထင်ရစ်ခဲ့ပါလေ။



သားဖြစ်သူကို ထောင်ထဲမှ ဆွဲထုတ်ရေးအတွက် သူမ၏ ကြိုးပန်းချက်မှာ အရာထင်ခဲ့ပြီဟု ဆိုရချေမည်သာ။

ဒေါ်စိန်မမနည်းတူ တရားခွင်ခန်းမထဲတွင် ရှိနေကြသူများ၏ မျက်နှာပေါ်တွင် အပြုံးရိပ်များ ဖြတ်သန်းလှုပ်ရှားလျက်ရှိသော်လည်း ဦးလွန်းဝေ၏ မျက်နှာပေါ်တွင်မူ အပြုံးရိပ်များ မြူးဝင့်လာခြင်းမရှိပေ။ အောင်နိုင်သူ၏ ဟန်ဝင့်ခြင်းမျိုးလည်း အရိပ်မထင်ခဲ့ပေ။

ဦးလွန်းဝေ၏ အမူအရာမှာ တည်ငြိမ်လွန်းနေသည်။ ဣန္ဒြေရလွန်းသည်ဟု ဆိုရမည်လား။ သို့မဟုတ် တဒင်္ဂဟန် အချိန်ကလေးအတွင်း သတိလက်လွတ် မေ့မူးနေသည်ဟု ဆိုရမည်လားမသိ။ ဦးလွန်းဝေ၏ လည်တိုင်မှာ လှုပ်ရှားလာခြင်းမရှိသလို မည်သူ့ကိုမှလည်း မကြည့်ဘဲ၊ တရားသူကြီးမင်း ထိုင်သွားသော ကုလားထိုင်မြင့်မြင့်ကြီးဆီသို့သာ သူ၏မျက်လုံးများ စူးရောက်နေခဲ့၏။

မိခင်ဖြစ်သူ ဒေါ်စိန်မမမှာ သားဖြစ်သူ၏ အမူအရာကိုကြည့်၍ အားမလိုအားမရဟန် သက်ပြင်းသဲ့သဲ့ချလိုက်သည်။

ဦးလွန်းဝေ၏ မျက်လုံးများမှာ ရီဝေနေသည်။ အကောင်းအဆိုး မဝေခွဲတတ်သည့် ကလေးငယ်တစ်ဦးပမာသို့သော အမူအရာမျိုးထင်နေသည်သို့ ရှိချေ၏။ သားဖြစ်သူ ထိုင်နေရာ ကုလားထိုင်ဆီသို့ လျှောက်သွားသော ဒေါ်စိန်မမ၏ ဟန်ပန်မှာ ပေါ့ပါးသွက်လက်လွန်းနေသည်။

“သား”

တစ်ခွန်းခေါ်သည်။ ဦးလွန်းဝေ မတုန်မလှုပ်။

“သား”

အသံကို အနည်းငယ်မြှင့်၍ ထပ်ခေါ်လိုက်သည်။ ဦးလွန်းဝေက တုံ့ဏှိဘာဝေ။

“ဟဲ့ … သားကြီး”

ပါးစပ်မှ ခေါ်သံနှင့်အတူ သားဖြစ်သူလက်မောင်းကို ကိုင်လှုပ် လိုက်မှ ဦးလွန်းဝေ နှုတ်ဖျားပွင့်လာသည်။ “ဟင် … ဆိုသော နိုးထသံနှင့် မိခင်ဖြစ်သူကို ပြန်ကြည့်လိုက်၏။ သည်တော့မှပဲ သူ၏မျက်လုံးများမှာ ပုံမှန်အနေအထားအတိုင်း လှုပ်ရှားလာသည်သို့ ရှိခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"မာမီ နှစ်ခွန်းခေါ်တာတောင် မကြားအောင် ဘာတွေများ အတွေးလွန်နေလို့လဲ သားရယ်"

"မယုံနိုင်လောက်စရာ သားရဲ့ဘဝ အတွေ့အစဉ်ကို ပြန်တွေးနေမိလို့ပါ မာမီ"

"သား သည်နေ့ ထောင်ကလွတ်ပြီလေ"

"အုတ်နံရံတွေကာထားတဲ့ ထောင်က လွတ်ပေမယ့်၊ အကာအရံမရှိတဲ့ ဘဝအကျဉ်းထောင်မှာ ဆက်ခံရဦးမှာပါ မာမီ"

"ဩော် ... သားရယ်။ ကဲ ... ဦးခင်မောင်သန်းကို ကျေးဇူးတင်စကားပြောဖို့ သား မေ့နေပြီလား"

"ဟုတ်ကဲ့ မာမီ"

ဦးလွန်းဝေမှာ သူထိုင်နေရာမှထပြီး သူတို့သားအမိ စကားပြောနေသည်ကို အနှောင့်အယှက်မပေးလိုသဖြင့် ပြုံးပြုံးကြီးရပ်ကြည့်နေသော ဦးခင်မောင်သန်း ကမ်းလာသော လက်ကို သူ၏လက်နှစ်ဖက်ဖြင့် အားရပါးရဆုပ်ကိုင်ပြီး ကျေးဇူးတင်စကားပြောနေစဉ် သူ၏ မျက်နှာပေါ်၌ အပြုံးရိပ်ကလေး လင်းလက်သွား၏။

"ဦးခင်မောင်သန်းကို အထူးပဲကျေးဇူးတင်ရပါတယ်ဗျာ၊ ခင်ဗျားရဲ့ ကျေးဇူးကို ကျွန်တော် ဘယ်လိုနည်းနဲ့ ပြန်ဆပ်ရမှန်းမသိလောက်အောင်ပါပဲ"

"ကျွန်တော့်ထက် ဦးလွန်းဝေရဲ့မာမီကို ပိုပြီး ကျေးဇူးတင်ရမှာပါ၊ ကျွန်တော့်အစွမ်းထက် ဦးလွန်းဝေရဲ့မာမီ အစွမ်းက အလေးပိုသာပါတယ်လေ"

"မာမီကတော့ မိခင်တစ်ယောက်အနေနဲ့ကိုး။ ဦးခင်မောင်သန်းကတော့"

"ကျွန်တော်က အမှုသည်တစ်ယောက်ပေးထားတဲ့ တန်ရာတန်ကြေးကို ယူထားတဲ့ ဥပဒေသမားတစ်ယောက်ပါ ဦးလွန်းဝေ"

"ကျွန်တော် ပြောတာက စေတနာကိုပါ"

"ဦးလွန်းဝေ အသိအမှတ်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဦးခင်မောင်သန်းနဲ့ ကျွန်တော် သီးသန့်တွေ့ပါရစေဦး၊ ကျွန်တော် သီးခြားဝန်ခံစရာရှိပါသေးတယ်"



"အချိန်မရွေးပဲ ဦးလွန်းဝေ၊ ဦးလွန်းဝေလည်း ထောင်ပြန်ရမယ့်ကိစ္စ ရှိနေပါသေးတယ်၊ နောက်မှ တွေ့ကြသေးတာပေါ့"

ဦးခင်မောင်သန်းက ဦးလွန်းဝေနှင့်အတူ အားလုံးကို နှုတ်ဆက်၍ ရုံးခန်းအတွင်းမှ လှမ်းထွက်သွားသည်။

အောင်နိုင်သူ၏ခြေလှမ်းမှာ သွက်သွက်လက်လက်။

တရားရုံးပေါ်မှ ဆင်းလာကြပြီး ထောင်သို့အသွားခရီးမှာ သိုက်သိုက်ဝန်းဝန်းရှိသည်။ ခါတိုင်းလို ဦးလွန်းဝေတစ်ယောက်တည်း ပြန်ရသည်မျိုးမဟုတ်။ မိသားစုများနှင့်အတူ ရုံးသို့လာရောက်နေကြသော ဆွေမျိုးမိတ်သင်္ဂဟများပါ လိုက်ပါခဲ့ကြ၏။

ကားငါးစီးနှင့်လူအပြည့်။

ဦးလွန်းဝေမှာ ရုံးထုတ်လာသော ကားနှင့်မလိုက်ပါတော့ဘဲ သူ၏မာမီနှင့်အတူ ဖိုးယက်ကားဖြူလေးပေါ်တွင် စီးနင်းလိုက်ပါခဲ့၏။

ဦးလွန်းဝေ ထောင်ထဲဝင်သွားသည့်အချိန်တွင် လိုက်ပါလာသူအားလုံးမှာ ထောင်ပြင်မှ စောင့်နေကြ၏။

ကြီးမှကြီးပေ့ဆိုသော သံမှိုကြီးများဖြင့် အမှတ်အသားပြုထားသော ထောင်တံခါးမကြီးနှင့် တစ်သားတည်းဖောက်ထားသည့် အပေါက်ငယ်ကလေးထဲကို အဝင်အထွက်လုပ်ရသည်မှာ ဦးလွန်းဝေအတွက် နောက်ဆုံးအကြိမ်ဖြစ်ရပေတော့မည်။ တကယ်တော့ သည်တံခါးကလေးမှာ အဝင်လွယ်သလောက် အထွက်ရခက်ခဲလှသော တံခါးလေးဖြစ်၏။

အနီတံခါးလေးထဲသို့ ဝင်ရသူများမှာ ရက်ပိုင်းလပိုင်းအတွင်း ပြန်ထွက်ရသူနည်းပါးလှ၏။ တံခါးလေး၏ဟိုမှာဘက်တွင် အနေဆင်းရဲခြင်းဒုက္ခ၊ အစားဆင်းရဲခြင်းဒုက္ခ၊ အအိပ်ဆင်းရဲခြင်းဒုက္ခ၊ ကျင်ငယ်ကျင်ကြီးစွန့်ရသည့်ဒုက္ခကအစ ဒုက္ခပေါင်းစုံ ရောပွန်းတည်းရာ လောကငရဲခန်းရှိနေ၏။

တချို့မှာ ဒုက္ခပေါင်းစုံကို ရက်ရှည်လများ ခံစားပြီး စိတ်ထောင်းကိုယ်ကြေဖြင့် ဘဝကို ကျော်ခိုင်းသွားခဲ့ရ၏။

မည်သို့ပင်ဆိုစေ၊ ခါးတစ်ဆစ်ချိုး ကုန်းဝင်ရသည့် တံခါးပေါက်ကလေးထဲသို့ ဝင်ရသူများမှာ ဘယ်သူမပြု မိမိမှုဆိုသလို ကိုယ်ကမှားမိ၍သာ ဝင်ရောက်ခဲ့ရခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဦးလွန်းဝေမှာ အခြားသော အကျဉ်းခံများလောက် ထောင်၏ ခါးသီးသော အတွေ့အကြုံများကို တွေ့ကြုံမခံစားခဲ့ရစေကာမူ ထောင်ထဲတွင် နေထိုင်ရစဉ် ဆုံးရှုံးခဲ့ရသော မွေးရာပါ လွတ်လပ်ခွင့်ဆုံးရှုံးမှုများကိုပါ ထိထိမိမိကလေး သဘောမူခဲ့ရ၏။

ခုပဲကြည့် ...

လွတ်ဝရမ်းကြီးပါလာသည်သော်မှ အဆင့်ဆင့်စစ်ဆေးမှုများမှာ သည်းမခံနိုင်လောက်အောင် ရှည်လျားထွေပြားလှ၏။

အဆင့်ဆင့်လက်မှတ်ထိုးဖို့ စောင့်ရသည့် အချိန်မှာ ကြာညောင်းလှ၏။

ထောင်ထဲသို့ဝင်စက ယူထားသော အမှတ်အသားကအစ စေ့စေ့စပ်စပ်ပြန်လည်စစ်ဆေးခဲ့ကြ၏။ ဦးလွန်းဝေမှန်းသိနေစေကာမူ အသေးစိတ်လည်း စစ်ဆေးရသည်မှာ ထေအင်၏လုပ်နည်းထုံးစံပင်။

တောထဲသို့ဝင်လာသူကို အလွယ်တကူ လက်ခံနိုင်ကြသော်လည်း ပြန်လည်ထွက်သူကိုမူ အလွယ်တကူ ပြန်ထွက်ခွင့်ပေးဖို့ ထုံးစံမရှိပေ။ လုပ်ထုံးလုပ်နည်းစည်းကမ်းချက်နှင့်အညီ အတိမ်းအစောင်းမရှိအောင် လုပ်ကြရပေသည်။

ဤသည်မှာလည်း အပြစ်ဆိုစရာမဟုတ်ပေ။ ထောင်ထဲဝင်လာသူနှင့်ပတ်သက်၍ အမှားအယွင်းရှိခဲ့သော် အရေးမကြီး။ ထောင်မှထွက်သူအတွက် အမှားအယွင်းရှိခဲ့သော် ထောင်ဝန်ထမ်းတို့၏ ထမင်းအိုးကြီး ဟက်တက်ကွဲသွားမည်ဖြစ်သောကြောင့် တာဝန်ပိုင်းအရ လုပ်သင့်သည်များကို စေ့စေ့စပ်စပ် အလစ်အဟင်းမရှိအောင် လုပ်ကိုင်ကြရပေသည်။

ဒါကြောင့်လည်း အဝင်လွယ်၍ အထွက်ခက်သည့်နေရာကို ထောင်ဟုခေါ်တွင်ကြောင်း အဆိုရှိခဲ့လားမသိ။ အဝင်တွင် ထောင်တံခါးအဖွင့်မြန်သလောက် အထွက်တွင် ထောင်တံခါးအဖွင့်နှေးတတ်ပါလေ၏။

ဦးလွန်းဝေက ထောင်ထဲတွင် သုံးစွဲခဲ့သော အသုံးအဆောင်ပစ္စည်းများကို ဘာတစ်ခုမျှ ပြန်မယူတော့ဘဲ ထောင်ကလွတ်ခြင်းအထိမ်းအမှတ်အဖြစ် ဒါနမျိုးစေ့ကြဲခဲ့၏။

ရုံးထွက်စဉ်က ဝတ်ခဲ့သော အဝတ်အထည်ကောင်းများကိုပင် အဟောင်းနှင့်လဲဝတ် ပေးကမ်းဝေငှပြီး ခါ ဆစ်ချိုး ခေါင်းငုံ့ဝင်ရသည့် ထောင်တံခါးပေါက်ကလေးကို နောက်ဆုံးအကြိမ် ခေါင်းငုံ့ခြင်းအမှတ်ဖြင့် ခေါင်းငုံ့ထွက်ခဲ့၏။

ထောင်အပြင်မှ စောင့်ကြိုနေသူများမှာ အသွင်အပြင်ပြောင်း၍ ထွက်လာသူ ဦးလွန်းဝေကိုကြည့်၍ မျက်လုံးများ ပေကလတ်ပေကလတ် ဖြစ်ကုန်ကြ၏။

တရားခွင်ပေါ်တုန်းက ရေနံရောင် ဗန်ကောက်လုံချည်၊ ကိုကိုးရောင် အပေါ်အင်္ကျီနှင့် ခန့်ခန့်ညားညားရှိခဲ့သော ဦးလွန်းဝေမှာ ထောင်တံခါးလေးထဲမှ ခေါင်းငုံ့၍ ပြန်ထွက်လာသောအခါ ချည်လုံချည်တစ်ပတ်နွမ်းတွန့်ကျေနေသော အင်္ကျီလက်တိုလေး ဝတ်လျက်သား ထွက်လာခဲ့၏။

ဦးလွန်းဝေ ထွက်လာသည်ကို ကားပေါ်မှဆင်း၍ အသင့်ကြိုရန်စောင့်နေသူ ဒေါ်စိန်မမမှာမူ သားဖြစ်သူ ဝတ်စားပုံပြောင်းလဲလာသည်ကိုသော်မှ သတိမမူနိုင်တော့ဘဲ သားဖြစ်သူ၏လက်ကိုဆွဲ၍ ကားပေါ်တက်စေပြီး ထောင်ရှေ့မှ အမြန်ဆုံးမောင်းထွက်ခဲ့တော့၏။

ထောင်သို့အဝင်နှင့် ထောင်မှအထွက် ခြားနားချက်မှာ ဤမျှသာလောဟု ဆိုခဲ့ချေသော် ...။

♦ → ♦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(နှစ်ဆယ့်ခြောက်)

တရားခွင်နှင့် အပြန်လမ်းခရီးတာတွင် ထိန်းချုပ်ထားခဲ့ရသော စကားသံများမှာ အိမ်ပြန်ရောက်သည်နှင့် သောသောညံအောင် စည်ဝေဆူညံသွားခဲ့၏။

လေဖြတ်သောဒဏ်ကြောင့် ဘီးတပ်ကုလားထိုင်ဖြင့် ရွေ့လျားနေရသော ဦးလွန်းဝေ၏ ဖခင်ကြီးမှာ သားဖြစ်သူကို တွေတွေကြီးစူးစိုက်ကြည့်ရင်း မျက်ရည်များဝေ့လည်လာ၏။

သူ၏လက်နှစ်ဖက်ဖြင့် သားဖြစ်သူ၏ လက်များကို အတန်ကြာအောင် ဆုပ်နယ်ကြည့်နေ၏။

"ဒယ်ဒီ ကျန်းမာရေး တော်တော်ကောင်းနေတာပဲ၊ သားထင်တာထက်တောင် ကောင်းနေသေးတယ်"

"အေး ... ပြုပြင်မှုပေါ့ သားရယ်။ ဒါပေမဲ့ တရွေ့ရွေ့ပျက်နေတာကိုတော့ ဒယ်ဒီတို့ သားတို့ မမြင်လွယ်ဘဲကိုး"

"ဟုတ်ပါတယ် ဒယ်ဒီ၊ တရံမနား ပြောင်းလဲဖြစ်ပျက်နေတဲ့ ရုပ်ရဲ့အစဉ်နောက်ကို နာမ်က ထပ်မနားလိုက်နိုင်ရင် မဖြစ်ပျက်တဲ့နယ်ကိုရောက်ပြီပေါ့ ဒယ်ဒီရဲ့ ..."

ဦးဘဝေ၏ မျက်နှာပေါ်တွင် အလွန့်အလွန် အံ့သြရိပ်များထင်ရစ်သွားပြီး ...

"ဒယ်ဒီ ဝမ်းသာလိုက်တာ သားရယ်၊ သားက အရှုံးထဲက အမြတ်ထုတ်နိုင်ခဲ့ပြီကိုး၊ သာဓုကွယ် ... သာဓု ... သာဓု"

ပြင်းပြင်းထန်ထန် ခံစားခဲ့ရသော လှို့ဝှက်ရင်တွင်းဝေဒနာတစ်ရပ်မှာ ဦးလွန်းဝေကို ခြောက်လှန့်နှိုးဆွလျက်ရှိချေ၏။ ခံစားမှု၏ အတိုင်းအတာကို ပြီးမြောက်ပြီဟူ၍ အလွယ်တကူ ဖြေသိပ်လိုက်ရန်မှာ အဘယ်လျှင်လွယ်ကူမှာပါ။



ဦးလွန်းဝေ၏ မျက်နှာပြင်ပေါ်တွင် သိသိထင်းထင်း ထင်ရစ်နေသော ခံစားမှုအရိပ်အဆင်ကို သူ၏အပြုံးက ချေဖျက်ပေးရန် မတတ်စွမ်းပါလေ။

မေသဇင်အပေါ် ဖွဲ့လမ်းတပ်မက်မှုမှာ နင့်နင့်သီးသီး မရှိတော့သော်လည်း စိတ်အစဉ်ထဲသို့ တကျော့ပြန်ဝင်လာတိုင်း သူ၏နှလုံးသားများမှာ နာကျင်ရဆဲပင် ရှိသေး၏။

ဒေါ်စိန်မမက သားဖြစ်သူအတွက် ကားသစ်တစ်စီးဝယ်ပေးခဲ့သော်လည်း၊ ထိုကားမှာ ဂိုဒေါင်ထဲတွင်သာ ငြိမ်သက်နေရသည်။ ဦးလွန်းဝေမှာ အပြင်ကို လုံးဝမထွက်။ စားချိန်သောက်ချိန်မှအပ သူ၏အခန်းထဲမှာသာ တစ်ယောက်တည်းတည်းနေခဲ့သည်။ တစ်ခါတစ်ရံ ဖခင်ကြီးနှင့် တရားအကြောင်း ပြောဆိုသည်မှအပ၊ အခြားစကားများကို အတတ်နိုင်ဆုံးရှောင်နေခဲ့၏။ ထောင်မှထွက်လာပြီးနောက် ဦးလွန်းဝေ၏ အသားအရေမှာ ဆိုပြည်လာသည်။ ဣန္ဒြေမှာ ပို၍ သိပ်သည်း တည်ငြိမ်လာသည်။ ပုထုဇဉ်သားတစ်ယောက်၏ အပြောအဆိုများ ဆိတ်သုဉ်းလာသည်။ သားဖြစ်သူ၏ အနေအထိုင်ကိုကြည့်၍ မချင့်မရဲဖြစ်သူမှာ ဒေါ်စိန်မမပင်ဖြစ်သည်။

မေသဇင်၏အကြောင်းကိုမူ ဦးလွန်းဝေက လုံးဝမေးမြန်းခြင်းလည်းမပြု။ နားထောင်ခြင်းလည်း မရှိတော့ပေ။ မေသဇင်ကမူ လွတ်လပ်မှုအခွင့်အရေးကို အပြည့်အဝအသုံးချလျက် နေချင်သလိုနေသည်။ သွားချင်သလိုသွားသည်။ တွဲချင်သလိုတွဲသည်။ သူမ၏ပုံစံမှာ လုံးဝမပြောင်းလဲ။ ဦးလွန်းဝေကိုအရွဲ့တိုက်သည်ထင်ပ။ အရင်ကထက်ပိုဆိုးနေသည်။ ပြောနိုင်သူရှိသေးသလားဆိုသည့်အချိုးမျိုး ချိုးနေသည်။

ခုအချိန်အထိ သူတို့လင်မယားမှာ တရားဝင်ပြတ်စဲခြင်း မရှိသေးသော်လည်း မေသဇင် လုပ်သမျှ အဖျားခတ်ခံနေရသူမှာ ဦးလွန်းဝေ။

သည်ကိစ္စအတွက် အူနုကျွဲခတ်ခံရသကဲ့သို့ တဖျပ်ဖျပ် လူးမတတ်မခံမရပ်ဖြစ်နေသူမှာ ဒေါ်စိန်မမ။

ဒေါ်စိန်မမက သားဖြစ်သူ၏ သဘောထားကိုမေးရပြီ။ တတိယအကြိမ်သိက္ခာချခံရသည်ထက် ပြတ်ပြတ်သားသားလုပ်ရမည်ဟုဆိုခဲ့၏။ ဦးလွန်းဝေကလည်း ခေါင်းညိတ်လိုက်သည်။ ဒေါ်စိန်မမ၏ သဘောအတိုင်းလုပ်ဖို့ သဘောတူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ထုတ်သတင်းစာများတွင် လင်မယားပြတ်စဲကြောင်း တခမ်းတနား ကြော်ငြာများပါလာခဲ့၏။

မေသဇင်ကလည်း မခံ၊ ချက်ချင်း တုံ့ပြန်ခဲ့သည်။ "ဝမ်းမြောက်ဝမ်းသာ လက်ခံပါသည်"ဟူ၍။

ဒေါ်စိန်မမ အလုပ်များရပြန်ပြီ။ ဦးလွန်းဝေ ထောင်ထဲရောက်နေစဉ် ကားတစ်စီးနှင့် ဟိုပြေးသည်လွှား လှုပ်ရှားခဲ့သလို ယခုလည်း ကားတစ်စီးနှင့် လှုပ်ရှားခဲ့ရပြန်ပြီ။

♦ ↔ ♦

သတို့သမီး ရှာပုံတော်ဖွင့်ခြင်း။

သားဖြစ်သူမှာ ငါးရာနှစ်ဆယ့်ရှစ်သွယ်မေတ္တာ၏ ယုယပိုက်ထွေးမှုကို အပြည့်အဝခံစားခဲ့ရသော်လည်း ထောင့်ငါးရာမေတ္တာ၏ ယုယပိုက်ထွေးမှုကိုမူ လုံးဝနီးပါး မခံစားဖူးသေးသည့်အပြင် ကြမ်းတမ်းခက်မာသောမေတ္တာမဲ့လမ်းမပေါ်တွင် လူးလွန့်ခဲ့ရသည်ကို ရင်ထုမနာဖြစ်၍မဆုံးရှိနေသည်။

ဒေါ်စိန်မမမှာ သူ့စိတ်ကြိုက် သတို့သမီးကို စိန်ထုပ်ပိုက်ပြီး ရှာဖွေခဲ့၏။ ဆန်ကာတင်ရဖို့အတွက် ရွေးရသည်မှာ မလွယ်ကူသလို၊ သားဖြစ်သူနှင့် သက်ရွယ် မယိုးမယိမ်း သတို့သမီးကို ရှာရသည်မှာ ပို၍ခက်ခဲလှပါဘိ။

အသက်အရွယ် မယိုးမယိမ်း သတို့သမီးကိုတွေ့ပြန်တော့လည်း ကယုကယင်လုပ်တတ်ပါ့မလားဟု ပူရပြန်သည်။ မေတ္တာကို ပေးနိုင်သည်ထားဦး၊ ယုယပိုက်ထွေးမှုကို ပေးနိုင်ပါ့မလားဆိုသည်ကိုလည်း စဉ်းစားခန်းဖွင့်ရပြန်သည်။

သည်ကြားထဲ သားဖြစ်သူကိုလည်း နားချရပြန်သေးသည်။ သည်အကြောင်း ပြောလာတိုင်း ဦးလွန်းဝေက အပြုံးနှင့် တုံ့ပြန်တတ်သည်။

"မာမီက သားအတွက် အသက်နှင့်မလိုက်အောင် ပင်ပန်းလွန်းလှပါပြီ၊ သား နှစ်ခါမမိုက်ပါရစေနှင့်တော့။ အပိုဒုက္ခကို မရှာပါနဲ့တော့လား မာမီရယ်"

"သားအကြိုက်ကို မာမီတို့ လိုက်လျောခဲ့ပြီးပြီ၊ သည်တစ်ကြိမ်တော့ မာမီတို့အကြိုက်ကို သား တုံ့ပြန်ဦးမှပေါ့ သားရဲ့"



"လောဘ၊ ဒေါသ၊ မောဟ၊ တဏှာမာန၊ သက္ကာယဒိဋ္ဌိ၊ ထုပ်လျှောက်ဒိုင်းမြားတွေနဲ့ ဆောက်ရတဲ့အိမ်ဟာ ထာဝရခိုင်မြဲတယ်လို့ မရှိနိုင်ပါဘူး မာမီရယ်"

"ဒါဖြင့် သားက ..."

"ကျွန်တော် အေးအေးပဲနေပါရစေလား မာမီရယ်"

"သည်လိုတော့မဖြစ်ဘူး သား။ သားတစ်ယောက်တည်း အခန်းထဲအောင်းနေရင် ရူးသွားလိမ့်မယ်"

"ဒါဖြင့် သားလုပ်ချင်တာကိုကော မာမီ ခွင့်ပြုမလား"

"သားလုပ်ချင်တာကို ပြောဦးမှပေါ့"

"ကဲ ... မာမီပါလာ၊ ဒယ်ဒီ့ရှေ့မှာ သားဆန္ဒကိုပြောမယ်"

ဦးဘဝေမှာ သူ့အတွက် အထူးသီးသန့်ပြုလုပ်ထားသည့် ပက်လက်ကုလားထိုင်ပေါ်၌ တရားစာအုပ်နှင့် မျက်နှာအပ်နေ၏။ ဦးဘဝေအရှေ့တွင် သားအမိနှစ်ယောက် ထိုင်မိကြသည်နှင့် ...

"သားအမိနှစ်ယောက် အကြောင်းထူးပြီထင်တယ်၊ ကဲ ... ဆိုစမ်း"

ဒေါ်စိန်မမက သားဖြစ်သူအတွက် သူမ၏ အစီအစဉ်များကို ပြောပြီး အဖေကြီး၏ စစ်ကူပါတောင်းခံလိုက်၏။

"ကဲ ... သားသဘောကကော"

ဦးလွန်းဝေက သူ၏ဆန္ဒကို ကြောင်းကျိုးပြည့်စုံစွာဖြင့် ဖြည်းဖြည်းလေးလေး ပြောပြခဲ့ရာ ဒေါ်စိန်မမမှာ သူ၏လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တင်ပြီး အသိတ်တလန့်အမူအရာနှင့် နားထောင်ရင်း ခေါင်းတယမ်းယမ်းလုပ်နေခဲ့၏။

ဦးဘဇဝမှာ မေတ္တာထွေးပိုက်မှုအကြည့်နှင့် သားဖြစ်သူကို စူးစူးစိုက်စိုက်ကလေး ကြည့်နေသည်။ ဦးဘဝေ၏နှုတ်ခမ်းလွှာပေါ်တွင် အပြုံးရိပ်များ မကြာခဏ ဖြတ်သန်းသွားလျက်ရှိချေ၏။

"ဘယ့်နှယ်လဲ အဖေကြီး၊ ကျွန်မတော့ ဘယ်နည်းနှင့်မှ ခွင့်မပြုနိုင်ဘူး"

"အေး ... သားဆန္ဒကို ဖေဖေ ဘာမှ ကန့်ကွက်စရာမရှိဘူး၊ ဖေဖေသဘောတူတယ်၊ ခု သားလုပ်နေတာကိုလည်း ဖေဖေ ဆိုတယ်။ ဒါပေမဲ့ သားရဲ့မာမီ သဘောတူအောင်တော့ သားကြိုးစားရလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com

သားအတွက် မင်းမာမီ စိတ်အနှောင့်အယှက်ဖြစ်မယ်ဆိုရင်တော့ ဖေဖေ ကန့်ကွက်ရလိမ့်မယ်”

“ဟုတ်ကဲ့၊ ကျွန်တော် ကြိုးစားပါ့မယ်”

“ကျွန်မတော့ သဘောမတူနိုင်ဘူး၊ အဖေကြီးရဲ့အဆုံးအဖြတ်ကလည်း မပြတ်သားဘူး”

“အေးလေ ... မင်းတို့သားအမိ သဘောတူညီမှုမှ သဘောတူပါမယ်၊ ကိုယ်ပြောခဲ့ပြီပဲ၊ သည်တော့ သည်ကိစ္စကို ခေါင်းအေးအေးထားပြီး ပြန်စဉ်းစားကြပေါ့၊ တစ်ဖက်သတ်အမြင် အတွေးမပါရင် မင်းတို့သား အမိ ပြေလည်ကြမှာပါ”

ပထမတော့ ဒေါ်စိန်မမမှာ ခါးခါးသီးသီး ခါခါယမ်းယမ်းဖြစ်နေသည်။

ဦးလွန်းဝေမှာ မိခင်ကြီးကို စိတ်ရှည်လက်ရှည် ဖျောင်းဖျနားချခဲ့ရ၏။ အကျိုးအကြောင်းပြ တရားများကို မိခင်ကြီးနားထဲသို့ စိမ့်ဝင်အောင် ကြိုးပမ်းခဲ့ရ၏။ သူ၏တွေ့ကြုံခံစားချက်များကို ပမာတင်၍ မိခင်ကြီး၏ သဘောတူညီမှုရအောင် ကြိုးစားခဲ့ရ၏။

သုံးလနှင့် နှစ်ရက်မြောက်နေ့တွင် မိခင်ကြီး၏ သဘောတူညီချက်ကို ရယူနိုင်ခဲ့ရာ ၇ နှစ်နီးပါး ပြင်ပသို့ လုံးဝမထွက်ဘဲ ဘီးတပ်ကုလားထိုင်နှင့် လှုပ်ရှားနေခဲ့ရသော ဦးဘဝေမှာ ထိုတစ်နေ့တွင်မူ ဘီးတပ်ကုလားထိုင်အကူအညီမပါဘဲ ပထမဆုံးအကြိမ်အဖြစ် ပြင်ပသို့ ထွက်နိုင်ခဲ့ပေသည်။

စိမ့်,ဖန့်ဖန့်ဦးပြည်းနှင့် ဝါဝင်းသော သင်္ကန်းတို့မှာ ဖြူသော အသားအရေနှင့် လိုက်ဖက်တင့်မောဖွယ်ရှိဘိ၏။

ဦးပဥ္စင်း ဦးဝိမလစာရ၏ မျက်လုံးများမှာ သန့်စင်ကြည်လင်နေသည်။ မျက်လွှာတစ်လှမ်းသို့ ကြည့်နေသော စက္ခုက္ကန္ဓေမှာ တည်ငြိမ်နေသည်။

◆ → ◆



## နိဂုံး

သတင်းစာထဲမှ သတင်းတစ်ပုဒ်။

(......)ရက်နေ့ည ၁၁ နာရီခန့်တွင် အင်းလျားဂါးဒင်းအကွေ့ရှိ သစ်ပင်ကြီးအား အရှိန်ကုန် ဝင်တိုက်ခဲ့သော ကားပေါ်၌ပါလာသူ အမျိုးသမီးမှာ ထိုနေရာတွင်ပင် ပွဲချင်းပြီး သေဆုံး၍ ကားမောင်းသော အမျိုးသားကိုမူ ပြင်းထန်သော ဒဏ်ရာများကြောင့် ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသထားရကြောင်း။

ထိုအမျိုးသမီးမှာ ... ဒေါ်မေသဇင်။

◆ → ◆

www.burmeseclassic.com

www.burmeseclassic.com

ဝိပဿနာရိပ်သာကြီးတစ်ခုတွင် တည်ငြိမ်အေးသက်သော ဣန္ဒြေနှင့် ရောက်လာသမျှ ယောဂီပုဂ္ဂိုလ်များအား တရားရဲ့အေးအမြိုက်ဆေးကို တိုက်ကျွေးပြီး ခန္ဓာဉာဏ်ရောက် တရားများကို ထဲထဲဝင်ဝင်ပြသနေသော ဦးဝိမလစာရကိုယ်တော်မှာ ယောဂီပုဂ္ဂိုလ်တို့၏ ကြည်ညိုလေးမြတ်မှုကို ခံယူလျက် စစ်မှန်သော အေးချမ်းမှုအရသာကို ခံစားနေပြီတည်း။

သူကား ... ဦးလွန်းဝေ။

နားကြဉ်းစို့

(ကျော်မြသန်း)

BURMESE CLASSIC .com
www.burmeseclassic.com